www.burmeseclassic.com

စာအုပ်တိုက်

# မြတ်ငြိမ်း

## ဖေဖေပေးခဲ့မယ့်အမွေ

BURMESE CLASSIC .com



(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

---

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

---

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

---

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

---

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

# မာတိကာ


ထုတ်ဝေသူအမှာ
စကားဦး
ဖေဖေ့အိတ်ဖွင့်ပေးစာ ၁
ထမြောက်အောင်မြင်သူများ ၄
ဒေါ်သ ၇
နှစ်လိုဖွယ်ကောင်းခြင်း ၁၀
ရိုးရိုးစင်းစင်းကျင့်ကြံနေထိုင်ခြင်း ၁၃
ကောင်းချီးမင်္ဂလာများ ၁၆
ချေးငှားခြင်း ၁၉
မော်တော်ကားများ ၂၀
အခွင့်အလမ်း ၂၅
အပြောင်းအလဲ ၂၈
ကလေးသူငယ်များ ၃၀
ယဉ်ကျေးဖွယ်ရာရှိခြင်း ၃၅
လူလိမ်လူကောက်များ ၃၈
သမီးကညာများ ၄၂
သေခြင်းတရား ၄၆


www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| လင်မယားကွာရှင်းပြတ်စဲခြင်း | ၄၉ |
| အရက်သေစာသောက်စားခြင်း | ၅၃ |
| ပျော်မွေ့စွာအလုပ်လုပ်ခြင်း | ၅၆ |
| မနာလိုစိတ် | ၅၉ |
| လေ့ကျင့်ခန်း | ၆၂ |
| စိတ်တူသဘောတူ မိတ်ဆွေစု | ၆၄ |
| ဖော်ရွေမှု | ၆၈ |
| မိတ်ဆွေများ | ၇၂ |
| ကျောက်မျက်ရတနာများ | ၇၅ |
| လက်ဆောင်များ | ၇၈ |
| ဝေါက်သီးရိုက်ကစားခြင်း | ၈၀ |
| ကျန်းမာရေး | ၈၄ |
| အားလပ်ရက်များ | ၈၇ |
| ရိုကျိုးနှိမ့်ချခြင်း | ၉၀ |
| တစ်ကိုယ်ရေသန့်ရှင်းရေး | ၉၄ |
| ဩဇာလွှမ်းမိုးမှု | ၉၆ |
| အမျိုးကောင်းသမီးများ | ၉၉ |
| ဘာသာစကားများ | ၁၀၂ |
| ရယ်မောခြင်း | ၁၀၅ |
| တရားထိုင်ခြင်း | ၁၀၇ |
| ပိုက်ဆံ | ၁၁၀ |
| ဂီတ | ၁၁၃ |
| သဘာဝတရား | ၁၁၆ |
| သပ်ရပ်မှု | ၁၁၉ |
| တည်မြဲခြင်း | ၁၂၀ |
| မာတ်ပုံရိုက်ခြင်း | ၁၂၄ |
| ဖြစ်နိုင်ခြေစဉ်းစားတွေးခေါ်ခြင်း | ၁၂၆ |
| မိန်းမလှ/အိမ်ထောင်ပြုခြင်း | ၁၂၉ |
| အချိန်တိကျခြင်း | ၁၃၂ |
| စာဖတ်ခြင်း | ၁၃၄ |
| ဘာသာတရားများ | ၁၃၇ |
| ရှိသေလေးစားမှု | ၁၄၁ |
| မှတ်တမ်းစာအုပ်များ | ၁၄၄ |
| လျော့ရဲမှု | ၁၄၆ |
| ဆေးလိပ်သောက်ခြင်း | ၁၄၈ |
| တောင်းပန်ပါတယ် | ၁၅၁ |
| ကျေးဇူးတင်ပါတယ်/ကျေးဇူးပြုပြီး | ၁၅၃ |
| ခေတ် | ၁၅၅ |
| ကိရိယာတန်ဆာပလာများ | ၁၅၇ |
| ဒုက္ခများ | ၁၅၉ |
| နားလည်မှုရှိခြင်း | ၁၆၁ |
| ရေ | ၁၆၅ |
| ချမ်းသာကြွယ်ဝမှု | ၁၆၇ |
| ဉာဏ်အမြော်အမြင် | ၁၇၀ |
| အလုပ်ကျင့်ဝတ်များ | ၁၇၄ |


BURMESE CLASSIC .com

burmeseclassic.com

www.burmeseclassic.com

## ထုတ်ဝေသူအမှာ

'ရည်ရွယ်ချက်ကတော့ မင်းတို့ဘဝမှာ နေပျော်ရေးအတွက် ပဲ့ပြင်လမ်းညွှန်ချက်ကလေးတွေ အရန်သင့်ရှိနေဖို့ပါပဲ' ဟူ၍ စာရေးသူက သူ အမိကရည်ရွယ်သော သားနှစ်ယောက်ကို အသိပေးခဲ့ပါသည်။ ရုတ်တရက်ကြည့်လျှင်တော့ အတော်ယေဘုယျနိုင်သော စကား ဖြစ်သည်ဟု ထင်စရာရှိပါသည်။ သို့သော် 'ဘဝမှာနေပျော်ရေး' ဟူသော အရေးကိစ္စသည် လူသားတိုင်းလိုလို သိသလိုလိုနှင့်မသိ၊ ပြည့်သလိုလိုနှင့် မပြည့်သော အရေးကိစ္စဖြစ်နေသည်ကိုလည်း မေ့မထားသင့်ပါ။

လူတို့သည် အောင်မြင်ခြင်း၊ ချမ်းသာခြင်း၊ ကျော်ကြားခြင်း၊ ဇိမ်ကျကျနေလိုခြင်း၊ လူချစ်လူခင်များခြင်း စသည့် လောက၏ ကောင်းချီးပေးမှုများကို အပြည့်အဝ ရယူခံစားလိုကြသည်။ ထို ကောင်းချီးမင်္ဂလာများကို ရရှိပိုင်ဆိုင်ရလေအောင် အသဲအမဲ ကြိုးစားရှာဖွေကြသည်။ လက်ဝယ်ပိုင်ပိုင်ရရှိနိုင်ကြဖို့ အားထုတ်ဆောင်ရွက်ကြသည်။ ဤသို့ အားထုတ်ကြိုးပမ်းရင်း လို၍မရသော ဆင်းရဲ၊ မလိုဘဲနှင့်ရသောဆင်းရဲတို့ကို ခံစားကြရသောအခါ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်တတ်ကြသည်။ ရရှိထားသော မိမိဘဝကို မကျေမနပ်ဖြစ်လာကြသည်။ ထိုအခါ ထိုသို့သောသူမျိုးကို ဘဝတွင်နေပျော်သူများ ဟူ၍ မည်သို့သတ်မှတ်နိုင်ပါတော့မည်နည်း။

တစ်ဖန် မိမိရည်မှန်းသည်ကို မရရအောင် ကျားကုတ်ကျားခဲ အားထုတ်လုပ်ဆောင်သဖြင့် အန္တိမပန်းတိုင်သို့ ရောက်ရှိခဲ့သည် ဆိုကြပါအံ့။ မရသေးသည်တို့ရအောင် ကြိုးပမ်းဆွတ်ခူးခဲ့ရသော အောင်မြင်မှု၏ရသကို ကောင်းစွာခံစားဖို့ အချိန်များများစားစား မကျန်တော့ဘဲ နွမ်းနယ်မှုများစွာဖြင့် ခြေကုန်လက်ပန်းကျရတော့သည်။ ထိုသို့သောသူမျိုးကိုလည်း ဘဝတွင်နေပျော်သူများ ဟူ၍ ရည်ညွှန်းနိုင်ပါတော့မည်လော။

ထိုသဘောတရားကို ထွင်းဖောက်သိမြင်သော မူရင်းစာရေးသူက သူ့သားနှစ်ယောက်အတွက် ဘဝခရီး ဆက်ပြီးနှင်ရာတွင် မောဟမများ၊ သောကများရလေအောင် အဖိုးတန်အရာရောက်လှသော ဘဝနေနည်းကို လက်ဆင့်ကမ်းခဲ့ခြင်း ဖြစ်ပါသည်။ ထို ဘဝနေနည်းများသည် သူ့သားများအတွက်သာမက လိုက်နာကျင့်ကြံနိုင်သူ လူသားတိုင်းအတွက် နေပျော်သောဘဝ တည်ဆောက်နိုင်ရေး အကျိုးကျေးဇူးကြီးစွာနှင့်အပ်နိုင်သော စာအုပ် ဖြစ်ပေသည်။

တူဒေး စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# စကားဦး

သားနှစ်ယောက်ဖြစ်သော ဂျိုရှုအာနှင့်ဂျိုနာသန်တို့အတွက် ကျွန်တော့်အတွေးများကို စာဖြင့်ရေးချသည့် အလေ့အကျင့်က ကျွန်တော်ရေးပြီးသားစာမူကြမ်းများကို မိတ်ဆွေအပေါင်းအသင်း အတော်များများအား ပေးပြီးဖတ်ဖို့ အကြောင်းဖြစ်ပေါ်စေခဲ့သည်။ သူတို့က ကျွန်တော့်စာမူကြမ်းများကို ဂရုတစိုက်ဖတ်ကြသည်။ ပြီးတော့ စိတ်ကောင်းနှလုံးကောင်းဖြင့် သူတို့၏ထင်မြင်ချက်တွေ၊ အကြံပြုချက်တွေကို ပြောပြကြ၏။ ရလဒ်အဖြစ်ကျွန်တော်သည် ဘာသာတရား၊ အမျိုးကောင်းသမီးများ၊ သမီးကညာများ၊ ကလေးသူငယ်များနှင့်ပတ်သက်သည့် ဆောင်းပါးများကို ဖြည့်စွက်ရေးဖြစ်ခဲ့၏။ မကြာမီအတွင်း ဤစာအုပ်ကို သင်ဖတ်ရသောအခါ သင်လည်းကျွန်တော့်ထံ စာရေးပြီး သင့်အတွေးအမြင်များကို အသိပေးချင်စိတ်ပေါ်လာလိမ့်မည်ဟု ကျွန်တော်ယုံကြည်သည်။ ကျေးဇူးတင်ပါသည် ခင်ဗျား။

ဤစာအုပ်ကို သင် တစ်ထိုင်တည်းဖြင့် အပြီးဖတ်ဖို့မလိုပါ။ မာတိကာစာမျက်နှာကို လှန်လှောကြည့်ပြီး သင့်အတွက် အကြံဉာဏ်လိုအပ်မည့်ခေါင်းစဉ်များကို ရွေးပြီးဖတ်ရုံသာဖြစ်၏။ လင်မယားကွာရှင်းပြတ်စဲခြင်းနှင့်မိန်းမလှ/အိမ်ထောင်ပြုခြင်းဆောင်းပါးများကို ဖတ်ပြီး လူအတော်များများအတွက် အထောက်အကူရသွားသည်ဟု သိရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း ဖော်ပြလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်အကောင်အထည်ပေါ်လာစေရေးအတွက် ကူညီခဲ့သူများ၊ အားပေးခဲ့သူများအား အထူးကျေးဇူးတင်ကြောင်း ဖော်ပြပါရစေ။ ဤစာအုပ်မျိုးကို ရေးနိုင်ဖို့ ဤကမ္ဘာပေါ်တွင် အလားအလာအနည်းဆုံး လူတစ်ယောက်မှာ ကျွန်တော်ဖြစ်ခဲ့ကြောင်း သင်တို့ သတိရပါလိမ့်မည်။ ပြီးတော့ ပြုံးယောင်ပြုံးတုံ့ဖြစ်မိမည်ဆိုတာလည်း ကျွန်တော်သိနေပါသည်။ ဘာပဲဖြစ်ဖြစ် 'ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်' စိတ်ထားမျိုး မွေးနိုင်လျှင် အခက်အခဲပေါင်းများစွာကြုံရသော်လည်း ကျွန်တော်တို့အားလုံး ကြီးမားသော အောင်မြင်မှုများ ရနိုင်ကြောင်း ကမ္ဘာကြီးအား အသိပေးခွင့်ရခြင်းမှာ ကောင်းသောအခြင်းအရာ ဖြစ်သည်ဟု ကျွန်တော် ယုံကြည်ပါသည်။

ဟိုကေဗိုတက္ကသိုလ်မှ ပါမောက္ခ ကူနီယိုဝါကေ၏ စကားအတိုင်းပြောရလျှင် ဤစာအုပ်သည် '၂၁ ရာစုနှစ်ထဲတွင် ကမ္ဘာကြီးကို မလွဲမသွေ ပခုံးပြောင်းတာဝန်ယူကြရမည့် လူငယ်များအတွက် အရေးပါအရာရောက်သည့် စာအုပ်' ဖြစ်ပါလိမ့်မည်။ သူ့အယူအဆအတိုင်းဖြစ်မည်ဟု ကျွန်တော်မျှော်လင့်သည်။ ဤစာအုပ်ကို လူတိုင်းဖတ်ရပါမည်။ ဤစာအုပ်တွင် ဖြည့်ဆည်းရမည့် ဘဝပေးတာဝန်တစ်ရပ်ပါရှိနေသည်။

ဤစာအုပ်ပါဆောင်းပါးများကို ဖတ်ရှုခံစားပါ။ ပြီးတော့ သင့်မိတ်ဆွေများအား ပေးဖတ်ပါ။

ဂျင်မီအင်န်အိပ်ချ်တီယို

## ဖေဖေ့အိတ်ဖွင့်ပေးစာ

သားတို့ရေ

ဖေဖေဟာ မင်းတို့နှစ်ယောက်စလုံးနဲ့ အတူနေဖို့ အချိန်နည်းနည်းလေးပဲ ပေးခဲ့တယ်နော် ဖေဖေစိတ်မကောင်းပါဘူးကွယ်။

ဒီစာအုပ်ကို မင်းတို့အတွက်ရည်စူးပြီးရေးထားတယ်။ တစ်ဆိတ်လောက် ဂရုတစိုက်နဲ့အကြိမ်ကြိမ်အခါခါဖတ်ကြည့်ကြပါ။ ဒီစာအုပ်ကို ဖေဖေစေ့စေ့စပ်စပ်နဲ့ နှိုက်နှိုက်ချွတ်ချွတ်လေ့လာပြီးမှရေးခဲ့တာ။ ဒီအထဲမှာ ဖေဖေ့ရှုံးနိမ့်မှုတွေနဲ့အောင်မြင်မှုတွေကနေပြီး ဖြစ်ထွန်းလာတဲ့ ဘဝအသိတွေပါတယ်။ ဖေဖေက မင်းတို့ကို ဘဝရဲ့ချောက်ပေါက်တွေနဲ့ကင်းဝေးစေချင်တယ်။ မင်းတို့ကို ဖေဖေ ကိုယ်တိုင်ကိုယ်ကျ ပြောမပြဖြစ်ခဲ့တာတွေကို ပေါ့ပေါ့ပါးပါး ဖတ်လို့ရတဲ့ပုံစံနဲ့ ရေးထားတဲ့ ဒီစာအုပ်ထဲမှာ ရေးပြထားတယ်။ ရည်ရွယ်ချက်ကတော့ မင်းတို့ဘဝမှာ နေပျော်ရေးအတွက် ပဲ့ပြင်လမ်းညွှန်ချက်ကလေးတွေ အရန်သင့်ရှိနေဖို့ပါပဲ။

ဒီစာတွေကို ဖေဖေရေးနေဆဲကာလမှာပဲ ဒီစာတွေကိုစာအုပ်အဖြစ်ထုတ်ဝေဖို့ နိုင်ငံအသီးသီးမှာရှိတဲ့ ဖေဖေ့မိတ်ဆွေအတော်များများက မေတ္တာရပ်ခံခဲ့ကြတယ်။ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ တခြားမိဘတွေနဲ့ ကလေးသူငယ်တွေပါ အကျိုးရှိအောင်ပေါ့။ ဒီတော့ တစ်နေ့ အရွယ်ရောက်လာတဲ့အခါ စံပြ ခေါင်းဆောင်တွေဖြစ်လာမယ့် လူတော်လူကောင်းကလေးတွေ ပေါ်ပေါက်လာပြီး ဒီကမ္ဘာကြီးဟာ ပိုပြီးနေပျော်စရာကောင်းတဲ့နေရာဌာနကြီး ဖြစ်လာအောင် ဒီစာအုပ်က အထောက်အကူပြုနိုင်ပါစေကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီစာစုဟာ နည်းပေးလမ်းညွှန်ချက်တွေရယူရာဌာန ဖြစ်ပါစေ။ ဒီစာစုဟာ လူ့အလွှာအသီးသီး၊ အထူးသဖြင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းတွေမှာ အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုတွေ အများအပြားပြုလုပ်ရမယ့် အကြောင်းအရာတစ်ရပ် ဖြစ်ပါစေ။

ပူပန်ကြောင့်ကြတတ်တဲ့မိဘအားလုံးဟာ သူတို့ရဲ့သားသမီးတွေကို ပျော်ရွှင်ချမ်းမြေ့ပြီးကျေနပ်နှစ်သိမ့်မှုရှိတဲ့ဘဝမျိုး ရစေချင်ကြတယ်။ မင်းတို့အပေါ်ထားတဲ့ ဖေဖေ့စေတနာဟာလည်း ဒီအတိုင်းပါပဲကွယ်။

ဂျင်မီ အင်န် အိပ်ချ် တီယို

■

BURMESE CLASSIC .com

# ထမြောက်အောင်မြင်သူများ

ကမ္ဘာမြေကြီးပေါ်မှာ ဖေဖေတို့နေရမယ့်သက်တမ်းဟာ နှစ်ပေါင်း ၈၀ လောက်ရှိတယ်။ အဲဒီနှစ်တွေကိုနေ့ရက်တွေအဖြစ် ပြောင်းဖွဲ့လိုက်ရင် ရက် ပေါင်း ၂၉,၂၁၈ ရက်ပဲရှိတာယ်။ အချိန်ဟာယ်ကတော့ ကုန်လွန်သွားတဲ့ တစ်နေ့ တစ်ရက်တိုင်းဟာ တို့တစ်တွေအဖို့ တို့များရဲ့သင်္ချိုင်းနဲ့တစ်ရက် ပိုနီးလာပြီဆိုတာကို ဖော်ပြနေတာပဲ။ တို့တစ်တွေဟာ ခရီးသွားဧည့်သည်တွေလိုပါပဲ။ ဒီလိုဖြစ်တာတောင် လောကမှာ သင်ယူဆည်းပူးစရာတွေနဲ့ ပျော်ရွှင်ခံစား စရာတွေ အများကြီးရှိနေတယ်။ ပျော်ရွှင်ကြည်နူးမှုရဲ့အလယ်မှာ ဝမ်းနည်း ကြေကွဲမှုလည်း ရှိနေလေရဲ့။ ဒါကြောင့် တို့တစ်တွေ ဒီလောကကြီးမှာ အသက်ရှင်နေထိုင်ရစဉ် အတောအတွင်း လောကီအရသာတွေကို အပြည့်အဝခံစားနိုင်ရေးအတွက် လျှို့ဝှက်ချက်နည်းနည်းပါးပါးလောက်ကို သင်ယူ ဆည်းပူးဖို့ လိုအပ်လာတယ်လေ။

ငယ်စဉ်တောင်ကျေးကလေးဘဝတုန်းကဆို ဖေဖေဟာ ကြယ်တွေကို မော့ကြည့်ပြီးအံ့သြနေလေ့ရှိတယ်။ ကြယ်တွေက နည်းနည်းနောနောမှ မဟုတ်ဘဲ။ တိုးမိုးမြင့်ယံဆီက သူတို့ရဲ့မှိတ်တုတ်မှိတ်တုတ်လင်းလက်မှုကလေးတွေက ဖေဖေ့ကိုညို့ယူဖမ်းစားခဲ့တယ်။ အခု အသက်ငါးဆယ်နားကပ်လာပေမယ့်လည်း အဲဒီအံ့သြစိတ်က ဖေဖေ့ရင်ထဲမှာလှုပ်ခတ်နေတုန်းပဲ။ တို့များရဲ့ နဂါးငွေ့တန်း ကြယ်စင်စုကြီးထဲမှာကိုပဲ ကြယ်ပေါင်းကုဋေနှစ်သောင်းကျော်ရှိပြီးနေနဲ့ ပတ်သက်တဲ့ အစိုင်အခဲပေါင်း ကုဋေနှစ်သိန်းတစ်သောင်း ရှိသတဲ့လေ။ ဖေဖေတို့ရဲ့ စကြဝဠာကြီးထဲမှာ နဂါးငွေ့တန်းဆိုတာ ကြယ်စင်စုတစ်ခုပဲရှိ သေးတာ။ ဒီစကြဝဠာကြီးထဲမှာ အဲဒီလို

www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်စုပေါင်းသန်းနှစ်ရာကျော် ရှိသတဲ့။ တို့များရဲ့ 'ဖန်ဆင်းရှင်' တကယ့်ကိုကြီးမားတဲ့တန်ခိုးရှင်ပါပဲ။ သူက တို့များကို ကမ္ဘာမြေကြီးပေါ်ကနေပြီး အဲဒီကြယ်တွေထဲက တချို့တစ်ဝက်ကို ကြည့်ခွင့်မြင်ခွင့်ပြုတယ်။ ပြီးတော့ အနည်းအကျဉ်းကို လေ့လာခွင့်ပြုတယ်လေ။

ဖေဖေတို့ အသေးငယ်ဆုံးဒြပ်စင်တစ်ခုကိုယူပြီး ပုံကြီးချဲ့ကြည့်ရင် အဲဒီဒြပ်စင်ဟာ စကြဝဠာအသေးစားကလေးဖြစ်နေတာတွေ့ကြရမယ်။ အဲဒါကိုသိမြင်သဘောပေါက်လာတဲ့အခါ ဖေဖေ့မှာ ပိုပြီးအံ့ဩတကြီး ဖြစ်ရတာပေါ့ကွယ်။ အဲဒီဖန်ဆင်းမှုတွေရဲ့နောက်ကွယ်က အံ့ချီးဖွယ်ကျွမ်းကျင်လိမ္မာမှုတွေကို နားလည်သဘောပေါက်ဖို့ဆိုတာတော့ ဖေဖေတို့ရဲ့ ဉာဏ်ပညာနဲ့ လိုက်မမီလောက်အောင်ပါပဲ။ တို့များအနေနဲ့ ဒီ့ထက်နက်နက်နှိုက်ပြီး သင်ယူ ဆည်းပူးခြင်းဆိုတဲ့ ယမကာကို ချိုမြိန်စွာသောက်သုံးရုံပဲပေါ့။

တို့များရဲ့လူသားဦးနှောက်ကို ဘယ်ကွန်ပျူတာမှ မယှဉ်နိုင်ဘူး။ လောကမှာ စိတ်စွမ်းအင်ဆိုတာရှိနေတယ်။ လောကမှာ 'သက်ဝင် ယုံကြည်မှု' ဆိုတာရှိနေတယ်။ ဘယ်ကိစ္စမျိုးမှာမဆို ပြင်းပြတဲ့ယုံကြည်ချက်နဲ့ ယုံကြည်စိတ်ချ မှုဆိုတာလိုအပ်တယ်ကွယ်။ ကမ္ဘာ့အထက်မြက်ဆုံးဦးနှောက် တစ်ခုဟာ သူ့စွမ်းအားရဲ့ဆယ်ပုံတစ်ပုံပဲ အသုံးချတယ်လို့ ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး 'အဲလ်ဘတ်အိန်စတိန်း' ကပြောခဲ့တယ်။ အဓိပ္ပာယ်က တို့တစ်တွေဟာ တို့ရဲ့ဦးနှောက်ကို ထိုက်သင့်သလောက်အသုံးမချကြဘူးလို့ ပြောတာပေါ့ကွယ်။ လျှို့ဝှက်ချက်ကတော့ **စိတ်ဖိစီးမှုနည်းနိုင်မျှအနည်းဆုံးနဲ့** ဦးနှောက်ရဲ့ စွမ်းအားကို ဘယ်လိုအထိရောက်ဆုံးအသုံးချရမယ်ဆိုတာ သိထားဖို့ပါပဲ။

ကုန်လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာအတွင်း ပညာတတ်တချို့ဟာ ထမြောက် အောင်မြင်မှုမရှိသူတွေ ဖြစ်နေတာ ဖေဖေတွေ့ခဲ့ရတယ်။ သူတို့တစ်တွေထဲက အများစုဟာ စီးပွားရေးလုပ်ငန်းတွေကို စွန့်စွန့်စားစား မလုပ်ဝံ့ကြဘူး။ ဒီတော့ သူတို့ဟာ အငြိမ်းစားယူချိန်ထိ၊ ဒါမှမဟုတ် ကွယ်လွန်ချိန်ထိ သူတစ်ပါး လက်အောက်ခံအမှုထမ်းအဖြစ် အလုပ်လုပ်



သွားကြရတာပေါ့ကွယ်။ ဒီနေရာမှာ ယုန်နဲ့လိပ်ပုံပြင်ကလေးကို ဖေဖေ သတိရမိတယ်။ ယုန်ကလေးက တာထွက်ကတည်းက တစ်ဟုန်ထိုးပြေးပြီး ဟိုးရှေ့အဝေးကြီးကို ရောက်သွားတော့ သူနိုင်ပြီဆိုပြီး တစ်ရေးတစ်မောအိပ်ပစ်လိုက်တယ်လေ။ လိပ်ကလေးကတော့ တဖြည်းဖြည်းတအိအိနဲ့သွားတယ်။ ဒါပေမဲ့ မရပ်မနားသွားတယ်။ ပြိုင်ပွဲမှာ လိပ်ကလေးနိုင်သွားတယ်။ ဒါကြောင့် မင်းတို့ရဲ့ခွန်အားကို အနိုင်မခံအရှုံးမပေးစိတ်ဓာတ်နဲ့ ကျားကန်ပေးထားရမယ်။ ဘယ်တော့မှ လက်မလျှော့ရဘူး။ ဘယ်တော့မှ ကျေနပ်ရောင့်ရဲမနေရဘူး။ အကောင်းတွေတော့ဖြစ်လာမှာပဲလို့ ယုံမှတ်မထားရဘူး။ ပေါ်ပေါက်လာနိုင်စရာရှိတဲ့ အရေးပေါ်ကိစ္စအများစုကို ရင်ဆိုင်နိုင်အောင် မင်းတို့အသင့်ပြင်ထားရမယ်။

တို့တစ်တွေအားလုံးဟာ ထမြောက်အောင်မြင်သူတွေဖြစ်ဖို့ မွေးဖွားလာကြတာချည်းပဲ။ တာရှည်ခံတဲ့ ထမြောက်အောင်မြင်မှုကို သေချာပေါက်ရစေတာကတော့ **ရိုကျိုးနှိမ့်ချမှုပဲ** သားတို့ရေ။ ဂုဏ်မောက်ခြင်းကတော့ ဘယ်တော့မဆို အချိန်တန်ရင် ဂုဏ်သိက္ခာညှိုးနွမ်းမှုကို ဖြစ်ပေါ်စေတာပါပဲ။ မင်းတို့ရဲ့ စက်ယန္တရားတစ်ခု တိုက်စားမှုအနည်းဆုံးနဲ့ ယိုယွင်းပျက်စီးမှု သက်သာအောင် စက်ထဲကို ချောဆီထည့်ပေးကြရတယ်မဟုတ်လား။ ရိုကျိုးနှိမ့်ချခြင်းဟာ ချောဆီပဲပေါ့။ မင်းတို့မှာရိုကျိုးနှိမ့်ချမှုများများရှိလေ မင်းတို့ရဲ့ စက်ယန္တရား ပိုပြီးကြာရှည်ခိုင်ခံလေပေါ့။

တို့များရဲ့ 'ဖန်ဆင်းရှင်' လိုပဲ ကြီးမြတ်ပြီး အံ့မခန်းလောက်တဲ့ အခြင်းအရာတွေကို ပြုလုပ်ဖို့ကြိုးစားအားထုတ်ပါ။ မင်းတို့ရဲ့အတွေးတွေကို ပျော်စရာ ကောင်းတဲ့အတွေးတွေ၊ လှပတဲ့အတွေးတွေ ဖြစ်အောင် လုပ်ကြပါ။ ကောင်းတာကိုတွေးပြီး ကောင်းတာကိုလုပ်ကြပါ။ တက်တက်ကြွကြွနဲ့ရွှင်ရွှင်ပျပျနေကြပါ။ အဲဒါဆိုရင် သကြားကို ပုရွက်ဆိတ်တွေမက်မောသလို လူတွေက မင်းတို့ကိုမက်မောလာလိမ့်မယ်။ မင်းတို့ဟာ နည်းပေးလမ်းညွှန်မှုနဲ့ အလင်းရောင်ကိုဖြန့်ဖြူးပေးသူတွေ ဖြစ်လာနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြယ်တွေကိုကြည့်ပါ။ ပြီးတော့ တို့တစ်တွေ သဘောပေါက်နားလည် နိုင်စွမ်းမရှိလောက်အောင် ထူးဆန်းအံ့သြစရာကောင်းတဲ့ အခြင်းအရာတွေကို ဖန်တီးထားတဲ့ 'ဖန်ဆင်းရှင်' တစ်ဦး ရှိတယ်ဆိုတာ သဘောပေါက်ပါ။ နောက်ပြီး တို့တစ်တွေဟာ ထမြောက်အောင်မြင်သူတွေ ဖြစ်ရမယ်ဆိုပြီး တယ်ပြသနာမျိုးကိုမဆို အဖြေရှာလို့ရအောင်၊ အခက်အခဲတွေကို ကျော်လွှားနိုင်အောင် တို့တစ်တွေကို သူ့ရဲ့ဖန်တီးမှုစွမ်းရည်မျိုး ပေးအပ်ထားတယ်ဆိုတာလည်း သဘောပေါက်ပါ။

■

BURMESE CLASSIC .com

## ဒေါသ

ဒေါသက သာမန်အသိဉာဏ်ကို 'ကန်း'သွားစေတယ်။ သမိုင်းဝင်ဘေးဒုက္ခဆိုးကြီးတွေကျရောက်မှုအတော်များများကို တကယ်တမ်း ရှောင်ကွင်းမယ်ဆို ရှောင်ကွင်းလို့ရတာပေါ့ကွယ်။ ဒေါသထွက်နေတဲ့ အခိုက်အတန့်အတွင်း လုပ်ရှားလုပ်ဆောင်မှုတွေက ပြန်ပြင်လို့မရလောက်တဲ့ ဆုံးရှုံးပျက်စီးမှုတွေကို ဖြစ်ပေါ်စေတာပေါ့။

ဒေါသဟာ မင်းတို့ရဲ့ကျန်းမာရေးအတွက်လည်း မကောင်းဘူး။ ဒေါသကြီးတဲ့လူတစ်ယောက်ဟာ ဟောင်စော်နံနေတဲ့ တိရစ္ဆာန်တစ်ကောင်နဲ့ အတူတူပဲ။ လူတွေဟာသူ့အနားကခွာသွားကြလိမ့်မယ်။ အဲဒီလိုလူစားတွေဟာ သာမန်အားဖြင့် ခေါင်းတစ်ခြမ်းကိုက်ရောဂါနဲ့သွေးတိုးရောဂါကို ခံစားကြရတတ်တယ်။

ဘာပဲဖြစ်ဖြစ်၊ တစ်ခါတလေမှာတော့ တို့တစ်တွေ ဒေါသမထွက်ဘဲ မနေနိုင်ကြဘူး။ အဲဒီလိုဒေါသမထွက်ဘဲ မနေနိုင်တဲ့ အခိုက်အတန့်မျိုး ကြုံလာပြီဆိုရင် အောက်ပါကုစားနည်းကလေးတွေ သုံးကြည့်ပါလို့ ဖေဖေ အကြံပေးပါရစေ။

- ❖ အဲဒီလိုအခြေအနေမျိုးကို မလွှဲသာမရှောင်သာကြုံလာရပြီဆိုရင် အဲဒီနေရာကနေ အမြန်ထွက်ခွာသွားပြီး ဘုရားသခင်ဆီမှာ ဝတ်ပြုဆုတောင်းလိုက်ပါ။ မင်းတို့ကိုကူညီစောင့်ရှောက်ဖို့နဲ့ သည်းခံစိတ်ကို ပေးသနားဖို့ ဘုရားသခင်ဆီမှာ တောင်းခံပါ။
- ❖ မင်းတို့ယုံကြည်စိတ်ချပြီး အကြံကောင်းဉာဏ်ကောင်းပေးလေ့ရှိသူ တစ်ဦးကို ရှာပါ။ 'အကြံဉာဏ်ကောင်းပေးသူတွေရဲ့ အလယ်မှာနေရင် အန္တရာယ်ကင်းတယ်' ဆိုတဲ့ ဆိုရိုးစကားရှိတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



- တစ်နေရာရာကို သွားပြီး ကစားပွဲတစ်ခုခုနွှဲပစ်လိုက်ပါ။ ဒါမှမဟုတ် တူရိယာပစ္စည်းတစ်ခုခုကို တီးမှုတ်နေလိုက်ပါ။ အဲဒီနည်းတွေက မင်းတို့ရဲ့ ဒေါသစိတ်ကို ပြေပျောက်စေလိမ့်မယ်။
- ရေကို တဝကြီးချိုးပစ်လိုက်ပါ။ အညစ်အကြေးအားလုံးကို ဆေးကြော သန့်စင်ပစ်လိုက်ပါ။ မင်းတို့စိတ် ပေ့ါပါးလန်းဆန်းလာလိမ့်မယ်။
- 'နော်မန် ဗင်းဆင့်ပီးလ်'၊ ဒါမှမဟုတ် 'ရောဘတ် အိပ်ချ်ရှူလာ' ရဲ့ ဂုဏ်ဝင်မြောက် စာအုပ်တွေထဲက အခန်းတစ်ခန်းလောက် ဖတ်လိုက်ပါ။ သူတို့ရဲ့စာတွေက ရင်ကို အေးမြစေတယ်။ ပြီးတော့ မြင့်မြတ်တဲ့ စာနာနားလည်မှုအကြောင်း၊ မေတ္တာတရားအကြောင်းတွေနဲ့ ထုံမွမ်းနေတယ်။ အဲဒီစာတွေကို ဖတ်ရုံလောက်နဲ့ မင်းတို့ရင်ထဲက တင်းမာမှုတွေ လျော့ပါးသွားလိမ့်မယ်။
- ဆုံးဖြတ်ချက်တစ်ခုကို မြန်မြန်ဆန်ဆန်ချရတော့မယ်ဆိုရင်တောင် တစ်ထိုင်တည်းမဆုံးဖြတ်လိုက်လေနဲ့။ ဝတ်ပြုဆုတောင်းဖို့နဲ့ ဒေါသတွေပြေပျောက်သွားအောင် အနည်းဆုံး ခုနစ်ရက် အချိန်ယူပါ။ အဲဒီလို အချိန်ယူလိုက်တဲ့အတွက် မင်းတို့ဝမ်းမြောက်ရမှာပါ။
- ဘိုးဘွားရိပ်သာ၊ ဒါမှမဟုတ် မိဘမဲ့ကလေးများကျောင်းကိုသွားပြီး ကူညီပါ။ အောက်ခြေသိမ်းအလုပ်တွေကို လုပ်ပါ။ မင်းတို့နဲ့ အနီးဆုံး ဆေးရုံက အချိန်ပြည့်အနီးကပ်စောင့်ကြည့်လူနာခန်းကို သွားကြည့်ပါ။ အဲဒီခါကျ မင်းတို့ ဘယ်လောက်ဘဝအကျိုးပေးကောင်းတယ်ဆိုတာ သဘောပေါက်လာလိမ့်မယ်။ အဲဒီခါကျ မင်းတို့လူလောကကြီးမှာ ဆက်ပြီး အသက်ရှင်နေထိုင်ချင်လာလိမ့်မယ်။ တခြားလူတွေက သေခြင်းတရားကို ငံ့မျှော်နေရတဲ့အချိန်၊ ဒါမှမဟုတ် သူတို့ရဲ့ ခန္ဓာကိုယ်တွေပေါ်မှာ ခွဲစိတ်ကုသမှုကို စောင့်စားနေရတဲ့ အချိန်မှာ မင်းတို့က ကျန်းကျန်းမာမာနဲ့ အသက်ရှင်နေထိုင်ခွင့်ရတာကို ဝမ်းမြောက်ဝမ်းသာဖြစ်လာလိမ့်မယ်။



မင်းတို့ပျော်ရွှင်နေရင် ဒေါသထွက်ခဲမယ်၊ ဒီလိုမှမဟုတ်ဘဲ ဒေါသထွက်နေပြီဆိုရင်တော့ မင်းတို့စိတ်အစာဆာလောင်မွတ်သိပ်နေပြီ၊ စိတ်အစာပြန်လည်ဖြည့်ဆည်းပေးဖို့နဲ့ စိတ်ကိုဆုံးမပဲ့ပြင်ပေးဖို့ လိုအပ်နေပြီလို့ သဘောပေါက်ပေတော့၊ အဲဒီအခါမျိုးကျရင် သဘာဝတရားကြီးနဲ့ နီးနီးစပ်စပ်နေဖို့နဲ့ ဘုရားရဲ့ အရိပ်အာဝါသကို ခိုလှုံဖို့ ခဏတစ်ဖြုတ် အနားယူလိုက်ပါ၊

■

www.burmeseclassic.com

www.burmeseclassic.com

## နှစ်လိုဖွယ်ကောင်းခြင်း

တို့တစ်တွေ လူစုလူဝေးတစ်ခုထဲမှာ လူတွေကိုတွေ့ကြဆုံကြရတယ်။ ခဏတစ်ဖြုတ်လောက်နေပြီးတာနဲ့ တချို့လူတွေကို သဘောကျသွားတယ်။ ခင်မင်နှစ်သက်သွားတယ်။ တချို့လူတွေကိုတော့ သဘောမကျဘူး။ မခင်မင်မနှစ်သက်ဘူး။ ဒါသဘာဝပဲ။ တချို့လူတွေက မိတ်ဆွေအပေါင်းအသင်းဖြစ်ဖို့ အရမ်းလွယ်တယ်။ အဲဒီလိုလူမျိုးတွေကို တို့တစ်တွေ ခင်မင်နှစ်သက်သွားတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့အပြုံးတွေ၊ သူတို့ရဲ့ အကြင်နာကိုယ်-နှုတ် အမူအရာကလေးတွေနဲ့ သူတို့ရဲ့ချိုသာမှုကလေးတွေကြောင့်ပဲပေါ့။ အဲဒီလိုလူမျိုးတွေ ကိုယ့်ဝန်းကျင်မှာ အမြဲရှိနေရင်သိပ်ကောင်းတာပေါ့ကွယ်။ တို့တစ်တွေလည်း သူတို့လို ခင်မင်နှစ်လိုဖွယ်ကောင်းသူတွေဖြစ်နိုင်မယ်ဆိုရင် အတိုင်းထက်အလွန်ပေါ့။

အောက်မှာဖော်ပြထားတဲ့ ဂုဏ်အင်္ဂါရပ်တွေကို ပြုစုပျိုးထောင်နိုင်မယ်ဆိုရင် ကောင်းလိမ့်မယ်လို့ ဖေဖေယူဆတယ်ကွဲ့။

- ❖ အဝတ်အစားကို သပ်သပ်ရပ်ရပ်နဲ့ စနစ်တကျ ဝတ်စား ဆင်ယင်ပါ။ ကိုးရိုးကားရားအဝတ်အစားတွေ မဝတ်ဆင်ပါနဲ့။
- ❖ ဆံပင်တိုတိုထားပါ။ ဆံရှည်ကိုယ်တော်တွေကျတော့ ဂျစ်တီးဂျစ်ကန်လူ၊ သေသေသပ်သပ်မရှိတဲ့လူဆိုတဲ့ ပုံရိပ်မျိုး ဖြစ်ပေါ်စေတယ်။ နောက်ပြီး တာဝန်မဲ့တဲ့လူ၊ ကိုယ်ကျင့်တရားပျက်ပြားနေတဲ့လူ လို့တောင် ထင်မြင်သွားစေနိုင်တယ်။
- ❖ မင်းတို့ကိုယ်က သင်းရနံ့ကလေးထွက်နေရင် မဆိုးဘူး၊ ချွေးနံ့ပျောက်ဆေး၊ ဒါမှမဟုတ် အနံ့မပြင်းတဲ့ရေမွှေးဆွတ်ပါ၊



ဟောင်စော်နံနေတဲ့ လူတစ်ယောက်ဟာ ဘယ်သူ့ကိုမဆို စိတ်အနှောင့်အယှက် ဖြစ်စေတယ်၊ နည်းနည်းလေးကရိကထခံပြီး မင်းတို့ကိုယ်မင်းတို့ လတ်ဆတ်ပြီး ရနံ့ကလေးသင်းနေအောင် လုပ်ကြပါ၊ ကောင်းတာကတော့ ဘယ် ပွဲလမ်းသဘင်ကိုပဲ သွားသွား မသွားခင် စိတ်ကြိုက် ရေမိုးချိုးသန့်စင်ပြီးမှ သွားပါ၊ အဲဒီလိုလုပ်ဆောင်တာဟာ မင်းတို့ကိုယ်မင်းတို့လည်း ဂရုစိုက်တယ်၊ တခြားလူတွေ စိတ်ကသိကအောက်မဖြစ်အောင်လည်း ဂရုစိုက်တယ်လို့ ပြသရာရောက်တဲ့အထိ တာသွားပါတယ်။

- ❖ လှိုက်လှိုက်လှဲလှဲပြုံးပါ၊ မျက်မှောင်ကြုတ်ရတာ ပိုပြီးခက်ပါတယ်။ မျက်နှာသေကြီးနဲ့လူတစ်ယောက်ကို ဘယ်သူမှ အပေါင်းအသင်း မလုပ်ချင်ကြဘူး။
- ❖ စကားကို ရှင်းရှင်းလင်းလင်းနဲ့ လိုရင်းကိုပဲပြောပါ။ လေကြောရှည်မှုကို ရှောင်ပါ။ ယဉ်ကျေးဖွယ်ရာစကားပြောပါ။ မင်းတို့ရဲ့စကားတွေထဲမှာ "ကျေးဇူးအများကြီးတင်ပါတယ်"၊ "တယ်ဟုတ်ပါလား"၊ "ခွင့်ပြုပါနော်"၊ "တစ်ဆိတ်လောက်"၊ "သတိထားနော်"၊ "သိပ်ကောင်းတာပေါ့"ဆိုတဲ့ စကားတွေအပြင် တခြား အကောင်းမြင် စကားလုံးတွေသုံးပြီး ဖွယ်ဖွယ်ရာရာ ဖြစ်အောင် ပြောပါ။
- ❖ တခြားလူတွေနဲ့ စကားပြောတဲ့အခါ သူတို့ရဲ့မျက်လုံးကို တည့်တည့်ကြည့်ပြီးပြောပါ။ မျက်နှာကြက်ကိုမော့ကြည့်ရင်းပြောတာတို့၊ ကြမ်းပြင်ကို ငုံ့ကြည့်ပြီးပြောတာတို့ မလုပ်ပါနဲ့။ မဟုတ်ရင် မင်းတို့မှာ မျက်စိရောဂါတစ်ခုခု ရှိနေတယ်၊ ဒါမှမဟုတ် ရူးကြောင်ကြောင် ဖြစ်နေတယ်လို့ သူတို့က ထင်သွားလိမ့်မယ်။
- ❖ စိတ်ရင်းမှန်နဲ့ ချီးမွမ်းပါ။ မင်းတို့ကိုဖိတ်ခေါ်တဲ့ အိမ်ရှင်တွေ၊ ဒါမှမဟုတ် သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ ပတ်သက်တဲ့ ကောင်းကွက်လေးတွေကို ရှာကြံပြီးပြောပါ။ ဒါဆိုရင် သူတို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကွက်တွေကို အသိ အမှတ်ပြုတဲ့လူ ရှိသားပဲ၊ သူတို့ကို ချီးမွမ်းတဲ့သူရှိသားပဲဆိုပြီး သူတို့ ကျေးဇူးတင်ဝမ်းမြောက်ကြလိမ့်မယ်။

- ❖ ဘယ်သူနဲ့ပဲတွေ့တွေ့ အရင်စပြီး နှုတ်ဆက်သူက မင်းတို့ ဖြစ်ပါစေ။ တခြားလူတွေကို ဘယ်လို လိုက်လျှော့ပျူငှာနှုတ်ဆက်ရမယ်ဆိုတာ သိနေတဲ့ လူတွေ ရှိနေရင် ဒီကမ္ဘာလောကကြီးဟာ ပိုပြီးနေချင့်စဖွယ်ကောင်းတဲ့ ကမ္ဘာကြီး ဖြစ်လာမှာအမှန်ပဲ။
- ❖ ဘယ်သူ့ကိုမဆို ကူညီဖို့အသင့်ဖြစ်နေပါ၊ လက်မတွန့်ပါနဲ့။ လောကမှာ ကောင်းတဲ့အပြုအမူလေးတွေ ပြုလုပ်ဖို့ အခွင့်အလမ်းကလေးတွေ အမြဲတမ်းရှိနေပါတယ်။

လူတွေက မင်းတို့ကို ခင်မင်နှစ်လိုလာပြီဆိုရင် မင်းတို့ဟာ အောင်မြင်မှု လှေကားမှာ လှေကားထစ်နည်းနည်းလောက် တက်လှမ်းရောက်ရှိနေပြီလို့ ဆိုရမယ်။

**နှစ်သက်သဘောကျခံရခြင်းဆိုတာ မုန်းတီးရွံရှာခံရခြင်းနဲ့ ပြောင်းပြန်ဖြစ်တယ်၊ ဒီတော့ တို့တစ်တွေ အမုန်းမခံချင်ရင် အခင်မင်ခံရအောင် ဘယ်လိုလုပ်ရမယ်ဆိုတာကို လေ့လာဆည်းပူးရမယ်၊ တကယ်လို့တို့တစ်တွေအားထုတ်ကြိုးစားမယ်ဆိုရင် ချစ်သူခင်သူပေါလာအောင်လုပ်ဖို့ ဆိုတာ မခဲယဉ်းပါဘူး။**

■

## ရိုးရိုးစင်းစင်းကျင့်ကြံနေထိုင်ခြင်း

ဖေဖေ ကျောင်းသားအရွယ်ကလေးငယ်ဘဝကတည်းက ခေါင်းထဲစွဲနေတဲ့ ဆောင်ပုဒ်ကလေး ရှိတယ်ကွဲ့။ ဖေဖေ ပစ္စည်းတစ်ခုခုကို လိုချင်စိတ်ပေါက်လာတိုင်း အဲဒီဆောင်ပုဒ်ကလေးကို ကိုက်တံအဖြစ်သုံးပြီး ချင့်ချိန်တိုင်းထွာကြည့်တာ အကျိုးရှိကြောင်း တွေ့ရတယ်။

*ဆုံးခန်းတိုင်အောင်သုံး၊ သုံးလို့ရအောင်ပြင်၊*
*မသုံးဘဲဖြစ်အောင်နေ ပေးကမ်းစွန့်ကြဲ*

❖ ***ဆုံးခန်းတိုင်အောင်သုံး***

မင်းတို့ ပစ္စည်းတစ်ခုခု (ဥပမာ- ဖိနပ်၊ ကွန်ပျူတာ၊ အိမ်ထောင်ပရိဘောဂ၊ ဒါမှမဟုတ် အဝတ်အစား)ဝယ်တော့မယ်ဆိုရင် မင်းတို့မှာရှိပြီးသားဖြစ်တဲ့ပစ္စည်းတွေကိုကော ဆုံးခန်းထိတိုင်သုံးပြီးပြီလား ဆိုတဲ့မေးခွန်းကို မေးကြည့်ပါ။ တို့တစ်တွေဟာ တို့မှာရှိပြီးသားဖြစ်တဲ့ ပစ္စည်းတွေကို သုံးလို့မရတော့တဲ့အထိသုံးစွဲတတ်ဖို့ အကျင့်လုပ်ရမယ်။ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ ပစ္စည်းအသစ်အဆန်းတွေနဲ့ ဝင့်ဝါပလွှားမှု မလုပ်ကြတာဘာကြောင့်လဲလို့ မင်းတို့ တစ်ခါတလေ မအံ့ဩမိကြဘူးလား။ ရှေးဆန်တဲ့လူတွေဟာ အမြဲတမ်းတစ်သမတ်တည်း ချမ်းသာကြွယ်ဝနေကြပြီး ဝင့်ဝါပလွှားသူတွေကတော့ အနေးနဲ့အမြန် ဆင်းရဲမွဲတေ သွားကြတာ မကြာခဏတွေ့ရတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



### ❖ သုံးလို့ရအောင်ပြင်

လူအတော်များများဟာ သူတို့ရဲ့ပစ္စည်းအဟောင်းတွေကို လိုအပ်သလို နည်းနည်းပါးပါးပြင်လိုက်ရင် ပြန်သုံးလို့ရနိုင်သားနဲ့ အဲဒီပစ္စည်းအဟောင်းတွေကို လွှင့်ပစ်ပြီး အသစ်တွေကို ဝယ်တတ်ကြတယ်။ဂျပန်ပြည်ကကုန်တိုက်ကြီးတွေရှေ့မှာဆိုရင် ရဲတပ်ဖွဲ့ကနောက်မှလာပြီးသိမ်းဖို့ စာကပ်ထားတဲ့ စက်ဘီးတွေကို မြင်တွေ့ရတာ သမားရိုးကျမြင်ကွင်းဖြစ်နေပြီ။ လူတွေက စက်ဘီးအသစ်တွေ ဝယ်ပစ်လိုက်ကြတာပဲ။ ပြီးတော့ စီးမယ်ဆိုစီးလို့ရနိုင်သေးတဲ့ စက်ဘီးအဟောင်းတွေကို စွန့်ပစ်ခဲ့ကြတယ်လေ။ အဲဒါဟာဖြုန်းတီးမှုသက်သက်ပဲ။ တို့တစ်တွေအနေနဲ့ တို့မှာရှိထားတဲ့ပစ္စည်းတွေကိုတန်ဖိုးထားထိန်းသိမ်းပြီး ပြင်လို့ရသလောက်ပြင်ပြီးသုံးဖို့ အကျင့်လုပ်ကြရမယ်။

### ❖ မသုံးဘဲဖြစ်အောင်နေ

လူများစုဟာ စိတ်နောက်ကိုယ်ပါ မဆင်မခြင်ဝယ်နေတတ်ကြတယ်။ ရလဒ်ကတော့ သူတို့မသုံးတဲ့ပစ္စည်းတွေ သူတို့လက်ထဲမှာ သောင်တင်နေတာပဲပေါ့။ ဒီတော့ ပစ္စည်းတစ်ခုခုမဝယ်ခင် ဒီပစ္စည်းကို မင်းတို့ တကယ်လိုအပ်ရဲ့လားဆိုတာ ဆန်းစစ်ကြည့်ရမယ်။ တကယ်လို့ အဲဒီပစ္စည်းမရှိလည်း သက်သောင့်သက်သာနေလို့ထိုင်လို့ ရနိုင်တယ်ဆိုရင် မဝယ်ဘဲနေပါ။ အဲဒီပစ္စည်းကိုမသုံးဘဲ ဖြစ်အောင်နေပါ။

### ❖ ပေးကမ်းစွန့်ကြဲ

အစားထိုးပစ္စည်းတွေ ဝယ်ယူမယ့်အစား လိုအပ်နေသူတစ်စုံတစ်ဦးကို ပေးကမ်းစွန့်ကြဲဖို့ စဉ်းစားပါ။ ဆင်းရဲနွမ်းပါးသူတွေကို ကြည့်တဲ့ မင်းတို့ရဲ့မျက်လုံးတွေနဲ့ နှလုံးသားမှာ ကရုဏာတရားပြည့်လျှမ်းနေရမယ်။ ကလေးများ ဂေဟာကိုသွားကြည့်ပါ။ ကလေးသူငယ်တွေနဲ့စကားစမြည် ပြောကြည့်ပါ။ မင်းတို့ ဘယ်လောက်ကံကောင်းတယ်ဆိုတာ သဘောပေါက်လာလိမ့်



မယ်။ မင်းတို့မှာပိုနေတဲ့ပစ္စည်း၊ ဒါမှမဟုတ် မလိုချင်တော့တဲ့ပစ္စည်းတွေကို ပေးကမ်း စွန့်ကြဲပါ။ သေသေချာချာဆန်းစစ်ပြီး ပေးကမ်းစွန့်ကြဲတဲ့ပညာကို တတ်သွားရင် မင်းတို့ဟာလူ့လောကမှာနေရတာ ကျေနပ်နှစ်သိမ့်စရာကောင်းတဲ့လူတွေ ဖြစ်လာလိမ့်မယ်။

ဝင့်ဝါမောက်ကြွားမှုကင်းစွာနဲ့ ရိုးရိုးစင်းစင်းကျင့်ကြံနေထိုင်ပါ၊ ဆင်းရဲနွမ်းပါးသူတွေကို ညှာတာထောက်ထားပါ၊ အဲဒီအခါ မင်းတို့ဘဝမှာ ဖူးပွင့်လန်းဆန်းလာတဲ့ နှလုံးသားနဲ့ စိတ်ထားဟာ စစ်မှန်ပြီး ကျေနပ်နှစ်သိမ့်စရာကောင်းတဲ့ လုပ်တင့်တယ်မှုတွေနဲ့ ထုံမွှမ်းနေလိမ့်မယ်၊

■

www.burmeseclassic.com

www.burmeseclassic.com

## ကောင်းချီးမင်္ဂလာများ

ဖေဖေ လူငယ်ကလေးဘဝတုန်းက တနင်္ဂနွေဘာသာရေးသင်တန်းမှာ 'ဖေဖေရရှိခံစားနေရတဲ့ ကောင်းချီးမင်္ဂလာတွေကို နာမည်တပ်ပြီး တစ်ခုချင်း ရေတွက်ပြဖို့' ခိုင်းစေတာ ခံခဲ့ရဖူးတယ် သားတို့ရေ။ ခုတော့ ဖေဖေ အသက် ၄၆ နှစ် ရှိနေပြီ။ ဖေဖေရရှိခံစားခဲ့ရတဲ့ကောင်းချီးမင်္ဂလာတွေ များလွန်းလို့ ရေတွက်လို့တောင်မရနိုင်တော့ဘူး။ အဲဒီကောင်းချီးမင်္ဂလာတွေကို ခံစားနိုင်အောင် အသက်ရှင်နေထိုင်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ဝမ်းမြောက်ရုံပဲ ရှိတော့တယ်။

ဖေဖေ့အမေက ဖေဖေ့ကိုပြောခဲ့ဖူးတယ်။ 'လူသားမျိုးနွယ်အတွက် အကြီးမြတ်ဆုံးကောင်းချီးမင်္ဂလာနှစ်ခုကတော့ စားသောက်နိုင်စွမ်းရှိခြင်းနဲ့ အိပ်စက်နိုင်စွမ်းရှိခြင်းပဲ။ မင်းတို့မှာ အဲဒီစွမ်းရည်နှစ်မျိုးစလုံးရှိတာနဲ့တစ်ပြိုင်နက် မင်းတို့ဟာကျန်းကျန်းမာမာနဲ့သက်တမ်းရှည်စွာနေနိုင်ပြီး လောကီစည်းစိမ်တွေကိုခံစားရမယ်' တဲ့။ ဘယ်လောက်မှန်လိုက်သလဲနော်လူအတော်များများဟာ အိပ်ဆေးသောက်နေကြရတယ်။သူတို့အိပ်မပျော်ကြဘူးလေ။ အစားအစာကောင်းကောင်းမစားနိုင်တဲ့လူတွေလည်း အများကြီးရှိတာပေါ့ကွယ်။

၁၉၈၂ ခုနှစ်ထဲတုန်းက လာစ်ဗေးဂတ်စ်မှာ အသက် ၇၀ လောက်ရှိတဲ့ ရည်ရည်မွန်မွန်အဘွားကြီးတစ်ယောက်ကို တွေ့ခဲ့ဖူးတယ်။ သူက ကွယ်လွန်သူ ရယ်ဗလွန်အလှကုန်ပစ္စည်းတွေ စတင်ထုတ်လုပ်ခဲ့သူရဲ့ ဇနီးပေါ့။ သူဟာ ခင်မင် နှစ်လိုချင်စရာအကောင်းဆုံးနဲ့ သဘောကောင်း မနောကောင်းအမျိုးသမီးကြီးပဲ။ သူက ဖေဖေနဲ့ တွေ့တွေ့ချင်းပဲ ဖေဖေ့ကို



ပွေ့ဖက်နှုတ်ဆက်တယ်။ ပြီးတော့ ဖေဖေနဲ့ဖေဖေ့မိတ်ဆွေတွေအားလုံး သူ့အိမ်ကိုလာလည်ဖို့ဖိတ်ခေါ်တယ်။ သူ့အိမ်ကမြေအောက်ပေ ၃၀ အနက်လောက်မှာဆောက်ထားတယ်။ တည်ဆောက်ခဲ့သူကတော့ ကွယ်လွန်သူသူ့ခင်ပွန်းပဲပေါ့။

သူ့အိမ်ကိုရောက်အောင် ဖေဖေတို့ ဓာတ်လှေကားနဲ့ဆင်းကြရတယ်လေ။ သူ့ခြံထဲရောက်သွားတာနဲ့တစ်ပြိုင်နက် ဖေဖေတို့ နိဗ္ဗာန်ဘုံကလေးတစ်ခုကို ရောက်သွားသလိုပါပဲ။ ခြံထဲမှာ ဂေါက်သီးရိုက်လေ့ကျင့်ကွင်းအသေးစားကလေးတစ်ကွင်း ရှိတယ်။ ဒါ့ပြင် ရေတံခွန်တွေလည်းရှိရဲ့။ သူ့အိမ်ထဲကိုလှည့်လည်ကြည့်ရှုပြီးတဲ့အခါ ဖန်သားဖလားခွက်ကြီးထဲမှာ ထည့်ထားတဲ့ အခွံမာမာနဲ့ အသီးကလေးတွေ (အားလုံးပျော့နေပြီ) တွေ့ရတယ်။ ဒါနဲ့ 'အဲဒီအသီးကလေးတွေက ဘာလုပ်ဖို့လဲ' လို့ ဖေဖေကမေးကြည့်တယ်။ အမျိုးသမီးကြီးရှင်းပြတာက သူဟာ ကင်ဆာရောဂါကြောင့် လျှာနဲ့လည်ချောင်းကို ခွဲစိတ်ကုသထားရတယ်တဲ့။ အဲဒီလိုခွဲစိတ်ကုသခဲ့ရတဲ့အတွက် သူ့လျှာပေါ်က အရသာခံစားတဲ့ အဖုကလေးတွေမရှိတော့ဘူး တဲ့။ ဒါကြောင့် သူဟာ ဘာကိုမှ အရသာခံလို့မရတာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီတဲ့ကွယ်။ အဲဒီအခိုက်အတန့်ကလေးမှာ ဖေဖေဟာ ကောင်းကောင်းစားနိုင်သောက်နိုင်၊ အရသာခံနိုင်တဲ့အတွက် ကျေးဇူးတင်ဝမ်းမြောက်မိပါတယ်။ စဉ်းစားကြည့်ကြစမ်း။ ဒီအမျိုးသမီးကြီးဟာ ကျိကျိတက်ချမ်းသာကြွယ်ဝတယ်။ ဒါပေမဲ့ သူ့ခမျာ စားတဲ့သောက်တဲ့အခါ ချိုချဉ်ဖန်ခါးအရသာတွေကို ခံစားလို့မရရှာတော့ဘူးလေ။

ဖေဖေတော့ ပင်ပန်းနွမ်းနယ်လာတဲ့အခါ ဖြစ်နိုင်ရင်တစ်ရေးတစ်မော အိပ်ပစ်လိုက်တာပဲ။ ဒါဟာ ဖေဖေ့ခန္ဓာကိုယ်က အနားယူဖို့အမိန့်ပေးတာကို နာခံလိုက်တာပဲ။ မင်းတို့ဂရုစိုက်ရမှာက နှစ်နှစ်ခြိုက်ခြိုက်နဲ့အိပ်ရေးဝအောင် အိပ်ဖြစ်ဖို့ပဲ။ အဲဒီလို အအိပ်ကိုဂရုစိုက်ရင် မင်းတို့ရဲ့ကျန်းမာရေးနဲ့ နုပျိုလန်းဆန်းမှုကို ထိန်းထားနိုင်လိမ့်မယ်။ ဖေဖေ့ မိတ်ဆွေတချို့ကပြောကြတယ်၊ သူတို့ တစ်နေ့ကို နှစ်နာရီကနေလေးနာရီလောက်ပဲ

www.burmeseclassic.com

www.burmeseclassic.com



အိပ်ကြတယ်။ ဒါပေမဲ့ သူတို့ရဲ့ ကျန်းမာရေးက ဒေါင်ဒေါင်မြည်နေတာပဲတဲ့။ ဖေဖေကတော့သူတို့ ပြောတာကို လက်မခံဘူး။ သူတို့ရဲ့ခန္ဓာကိုယ်တွေဟာ မကြာခင်အတွင်း အနာရောဂါတွေကို မခုခံမကာကွယ်နိုင်တော့ဘဲ အရှုပ်ကြိုးပြတ်ဖြစ်သွားကြလိမ့်မယ်။ စက်ယန္တရားတွေတောင် အနားပေးဖို့နဲ့ ကြံ့ခိုင်ရေးလုပ်ပေးဖို့ လိုအပ်တယ်ဆိုတာ သတိရပါ။ အဲဒီလိုမှမလုပ်ရင် အဲဒီ စက်ယန္တရားတွေ ပျက်စီးကုန်မှာပေါ့။ ဆေးရုံတက်တယ်ဆိုတာ ငွေကုန်ကြေးကျများတဲ့ကိစ္စ။ နောက်ပြီး စောစောစီးစီးသေတယ်ဆိုတာ အလွန်အင်မတန်နှမြောစရာ ကောင်းတဲ့ကိစ္စ။ ဒီတော့သင့်တင့် လျောက်ပတ်စွာ အိပ်ဖြစ်အောင် ဂရုစိုက်ပါ။ ဖြစ်နိုင်ရင် ညဥ့်နက်သန်းခေါင်ထိနေတာမျိုးကို ရှောင်ကြဉ်ပါ။

ဒါ့ကြောင့် အစားအသောက်ကို သင့်တင့်မျှတစွာစားသောက်ပါ။ ပြီးတော့ အိပ်ရေးဝအောင်အိပ်ပါ။

**မင်းတို့ရဲ့ဘဝနဲ့ မိသားစုသက်တမ်းကို ဆွဲဆန့်နိုင်ဖို့ သင့်တင့်စွာ၊ ငြိမ်းချမ်းစွာ၊ ချမ်းသာသုခပြည့်စုံစွာ စားပါ။ အိပ်ပါ။**

■

## ချေးငှားခြင်း

တိုရန်တိုက ဖေဖေ့မိတ်ဆွေတစ်ဦး မကြာမီကလေးက ဖေဖေ့ဆီ လာလည်တယ်ကွဲ့။ ဒီလိုမလာခင်ကလေးမှာပဲ သူဟာ အကြီးအကျယ် စီးပွားပျက် သွားခဲ့တယ်။ သူ့မှာ သုံးပိုင်ပစ္စည်းဆိုလို့ ငွေအနည်းအကျဉ်းနဲ့ ပေါင်နှံထားတဲ့ အိမ်တစ်လုံးပဲရှိတယ်။ သူ့ရဲ့ငွေကြေးဥစ္စာတွေ ကုန်ဖောက် စရာမရှိလောက်အောင်ဆုံးရှုံးသွားပေမဲ့ အိမ်ပေါင်ထားတဲ့အကြွေးကလေး အနည်းအကျဉ်းကလွဲပြီး သူ့မှာ ကြွေးမြီမရှိတော့ဘူးလို့ သူက ဝင့်ကြွား ဂုဏ်ယူစွာကြေညာခဲ့တယ်။ ဒါဟာ ချီးကျူးဂုဏ်ပြုစရာကောင်းလောက်တဲ့ အနေအထားမျိုးပဲ။ သူ့မှာ စိတ်ငြိမ်းချမ်းမှုရှိတယ်လေ။

ဖေဖေတို့ရဲ့လက်ရှိလူ့အဖွဲ့အစည်းဟာ ကြွေးဝယ်ကတ်ပြားစနစ်ပေါ် အခြေပြုထားတယ်နော်။ ကြွေးဝယ်ကတ်ပြားစနစ်က သုံးစွဲရလွယ်တယ်၊ ကရိကထမများဘူး၊ လုပ်ငန်းနဲ့ပတ်သက်တဲ့ ဧည့်ခံဖြေဖျော်မှုတွေအတွက် အသုံးတည့်တယ်၊ ဒါပေမဲ့ မချိန်မီငွေမသွင်းနိုင်ရင်တော့ ပေးရမယ့် အတိုးနှုန်းကမြင့်တယ်။ ဒါကြောင့် ပေးချေစရာရှိတဲ့ငွေတောင်းခံလွှာ အားလုံးကို အချိန်မီ ပေးသွင်းတတ်အောင် အကျင့်လုပ်ပါ။

မဆင်မခြင်ချေးဝယ်တာကို တားဆီးဖို့အတွက် ကြွေးဝယ်ကတ်ပြားနဲ့ မဝယ်ဖြစ်အောင်ကြိုးစားပါ။ ကြွေးဝယ်ကတ်ပြားနဲ့ချေးဝယ်ရတာ သိပ်လွယ်ကူလွန်းတယ်။ ပစ္စည်းတစ်ခုကို ကောက်ကာငင်ကာမဝယ် ဖြစ်အောင်အားထုတ်။ ဆုံးဖြတ်ချက်ချဖို့ကို ရက်အနည်းငယ်လောက်အချိန် ပေးပြီးစဉ်းစား။ အဲဒီလောက်ကြာသွားတဲ့အခါကျ ဝယ်ချင်စိတ်မရှိတော့ဘဲ ဖြစ်ချင်ဖြစ်နေလိမ့်မယ်။

အိမ်ရာခြံမြေတွေထဲမှာ ရင်းနှီးမြှုပ်နှံပါ။ အဲဒီရင်းနှီးမြှုပ်နှံမှုဟာ

www.burmeseclassic.com

www.burmeseclassic.com



မြိုးမြိုးမြက်မြက်အမြတ်ရဖို့ အသေချာဆုံးနဲ့ စိတ်အချရဆုံးပဲ။ ဘိုးဘွားပိုင်မြေပေါ်က အဆောက်အအုံမျိုးကို ဝယ်နိုင်အောင်ကြိုးစား။ ကမ္ဘာပေါ်မှာ လူဦးရေက တစ်နေ့တခြားတိုးပွားလာနေတယ်။ ဒါပေမဲ့ မြေအကျယ်အဝန်းက ဒီအတိုင်းပဲ ရှိနေတယ်။ လူတိုင်း လူတိုင်း အိမ်တစ်လုံးတော့ လိုတာပဲ။ စင်ကာပူမှာရှိတဲ့ အိမ်ရာခြံမြေတွေဟာ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်တုန်းကထက် တစ်ထောင်ရာခိုင်နှုန်းတန်ဖိုးတက်သွားတယ်။ ပြည်ပမှာရင်းနှီးမြှုပ်နှံမယ်ဆိုရင် တည်ငြိမ်မှုရှိတဲ့နိုင်ငံတွေ၊ ဒါမှမဟုတ် စွမ်းရည်ထက်မြက်တဲ့အစိုးရအုပ်ချုပ်နေတဲ့ နိုင်ငံတွေကို သွားပါ။ ရင်းနှီးမြှုပ်နှံဖို့အတွက် ငွေကြေးချေးငှားရမယ်ဆိုရင် အနိမ့်ဆုံးငွေကြေးပမာဏကိုပဲ ယူပါ။ အမြင့်ဆုံးငွေကြေးပမာဏကိုယူဖို့ မကြိုးစားပါနဲ့။

ငွေကြေးချေးငှားတာဟာ ရောဂါတစ်ခုဖြစ်သွားနိုင်တယ်။ ငွေကြေးစုလို့ ဆောင်းလို့ရတာနဲ့ ချက်ချင်းပြန်ဆပ်ပါ။

ဖေဖေ့အကြံပေးချက်ဟာ တင်းကြပ်လွန်းသယောင်ရှိကောင်းရှိမယ်။ စီးပွားရေးကျပ်တည်းတဲ့ ခေတ်ကာလတွေအကြောင်း ပြန်လှန် စဉ်းစားသုံးသပ်ကြည့်ရင် အထက်မှာဖေဖေပြောခဲ့တာတွေကို မင်းတို့သတိရလိမ့်မယ်ထင်ပါတယ်။ အခွင့်အလမ်းကိုရတုန်းယူပါ။ စီးပွားရေးကျပ်တည်းနေတဲ့ကာလမျိုး၊ အိမ်ရာခြံမြေတွေဈေးကျနေတဲ့အချိန်မျိုးမှာ အိမ်ရာခြံမြေတွေကို မင်းတို့ တတ်နိုင်တဲ့ငွေအင်အားအတွင်းက တတ်နိုင်သလောက်သာဝယ်ပစ်။ အချိန်တန်ရင် တိုးပွားလာတဲ့ဆုလာဘ်တွေကို မင်းတို့ရလာလိမ့်မယ်။

ငွေကြေးအကြွေးမတင်ပါစေနဲ့ ၊ မဟုတ်ရင် မင်းတို့ဟာ ငွေဝယ်ကျွန်လိုဖြစ်လာပြီး မင်းတို့ရဲ့ စဉ်းစားတွေးခေါ်မှုနဲ့ပျော်ရွှင်မှုကို အနှောင့်အယှက်ဖြစ်စေလိမ့်မယ်၊ ပြီးတော့ မင်းတို့ရဲ့ မိတ်ဆွေတွေတောင် ရန်သူဖြစ်သွားစေနိုင်တယ်၊

■

## မော်တော်ကားများ

စွမ်းဆောင်ရည်ထက်မြက်တဲ့ ဘတ်စကားတွေ၊ မီးရထားတွေနဲ့မှ အလုပ်မဖြစ်ဘူးဆိုရင်တော့ ဒီခေတ်မှာ မော်တော်ကားဟာ လိုအပ်ချက်တစ်ခုပဲ။ မင်းတို့ရဲ့သက်တမ်းတစ်လျှောက်အတွင်းမှာ မင်းတို့ ကားပေါင်းများစွာ ပိုင်ဆိုင်ကြလိမ့်မယ်။ မင်းတို့ဘဝမှာ တစ်ချိန်မဟုတ်တစ်ချိန်ချိန် မင်းတို့မိတ်ဆွေတွေဆီက မော်တော်ကားတွေ ငှားစီးဖြစ်မယ့်အလားအလာလည်းရှိတာပဲ။ မင်းတို့ သင်ခန်းစာတွေလည်း အများကြီးရကြမှာပဲ။ ကားမှာချို့ယွင်းချက်တွေတွေ့တာ၊ ပေါက်သွားတဲ့ဘီးကို လဲတပ်ရတာ၊ ကားဝပ်ရှော့ကိုသွားရတာ၊ ကားရေဆေးရတာ၊ ကားကို အရောင်တင်ဆီနဲ့တိုက်ရတာအပြင် တခြားတာဝန်ဝတ္တရားတွေလည်း အများကြီးလိုတယ်နော်။ မော်တော်ကားတစ်စီးကို ပိုင်ဆိုင်ပြီဆိုရင် စိတ်ရှည်ဖို့လိုမယ်။ အလေးထားဂရုစိုက်တတ်ဖို့လိုမယ်။ မင်းတို့ရဲ့အသက်ဟာ အဲဒီကားပေါ်မှာ တည်မှီနေတယ် မဟုတ်လား။

မင်းကားမောင်းနေတဲ့အခါ မင်းအသက်ဟာ ဘီးလေးဘီးပေါ်မှာတည်မှီနေတယ်ဆိုတာ အမြဲတမ်းသတိရနေပါလို့ ဖေဖေ့မေမေပြောခဲ့ဖူးတာ ဖေဖေ မှတ်မိနေတယ်။ တကယ်လို့ဘီးလေးဘီးထဲက တစ်လုံးလုံးပြဿနာပေါ်တာနဲ့ ဖေဖေ ထိခိုက်ဒဏ်ရာရသွားနိုင်တယ်။ ဒါမှမဟုတ် အသက်ဆုံးရှုံးသွားနိုင်တယ်လေ။ သေဆုံးခြင်းအကြောင်းပြောရင်းနဲ့ တစ်ဆက်တည်းပြောရရင် ယာဉ်တိုက်မှုတွေကြောင့် သေဆုံးသွားတဲ့ မိတ်ဆွေအတော်များများရဲ့ အသုဘတွေကို ဖေဖေ လိုက်ပို့ခဲ့ရပြီးပြီ။ ဒီတော့ မော်တော်ကားဟာတို့များအတွက် သွားရေးလာရေးအဆင်ပြေဖို့ အရေးပါရာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်တဲ့ ယာဉ်တစ်ခု ဖြစ်နေသလို ဝမ်းနည်းကြေကွဲမှု ဖြစ်ပေါ်စရာ အကြောင်းရင်းတစ်ခုလည်း ဖြစ်သွားနိုင်တယ်သားတို့ရေ။ ဒါကြောင့် ခုပြောမယ့် အကြောင်းအချက်တွေကို သိနားလည်ထားအောင် အားထုတ်ကြရမယ်။

❖ မော်တော်ကားကို အချိန်မှန် ပြုပြင်ထိန်းသိမ်းပေးရမယ်။ ပလတ်တွေက အသစ်ဟုတ်ရဲ့လား၊ ဒါမှမဟုတ် သန့်ရှင်းရဲ့လား၊ စက်ဆီချောဆီဖြည့်ထားသလား၊ ကားဘီးတွေ ချိန်သားကိုက်အောင် စနစ်တကျ ချိန်ထားရဲ့လား၊ ဘရိတ်ကောင်းရဲ့လား၊ ရေတိုင်ကီတို့ လေအေးပေးစက်တို့ ကောင်းကောင်းမွန်မွန် အလုပ်လုပ်ရဲ့လား ဆိုတာတွေကို သေသေချာချာ စစ်ဆေးကြည့်ရှုရမယ်။ အဲဒါတွေကို အချိန်မှန်ပြုလုပ်တဲ့အတွက် ငွေကြေး အကုန်အကျသိပ်မများပါဘူး။ မော်တော်ကားလည်း ကြာရှည်အသုံးခံလာမယ်။

❖ အန္တရာယ်ကင်းတယ်လို့နာမည်ရထားတဲ့ ကားမျိုးကို ဝယ်ပါ။ ဂုဏ်ရှိန်မြင့်မားစေဖို့အတွက် ကားဝယ်တာမျိုးကတော့ သိပ်ပြီးအမြော်အမြင်ကြီးရာ မရောက်ဘူး။ မကြာခင်ကလေးကမှကွယ်လွန်သွားတဲ့ ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင် ပုဂ္ဂိုလ်ကြီးတစ်ဦးဟာ အလုပ်လုပ်ဖို့အတွက် ကုန်တင်ကားကြီးတစ်စီးကိုပဲ မောင်းခဲ့သတဲ့။ သူက နာမည်ကျော် 'ဝေါလ်တန်' ကုန်ပစ္စည်းအရောင်းဆိုင်တွေကို ပိုင်ဆိုင်သူကြီးပေါ့။

❖ ဆီတိုင်ကီထဲမှာ အမြဲတမ်း ဆီအပြည့်ထည့်ပါ။ တိုင်ကီထဲမှာ ဆီတစ်ဝက်ပဲ ရှိတာ မကောင်းဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဆီတွေ အငွေ့ပြန်ဖို့ နေရာလပ်ရှိနေလို့ပဲ။ ဆီတွေအငွေ့ပြန်ကုန်တယ်ဆိုတော့ အကျိုးမဲ့ ဖြုန်းတီးရာရောက်တာပေါ့။

❖ မင်းတို့ တစ်ဦးတစ်ယောက်ရဲ့ကားကိုငှားပြီးသုံးပြီဆိုရင် ဆီအပြည့်ဖြည့်ပြီး ပြန်ပေးရမယ်။ ကားကို ဆေးကြောသန့်စင်ပြီးကားအတွင်းမှာ ဖုန်မရှိအောင် လေစုပ်စက်နဲ့ စုတ်ပစ်ရမယ်။ ဒီလုပ်ရပ်က မင်းတို့ဟာ ယဉ်ကျေးတဲ့လူ၊ စိတ်ကောင်းရှိတဲ့လူ ဆိုတာကို ပြသလိုက်တာပဲ။



❖ မင်းတို့ကားထဲမှာ ရေမွှေး၊ ဒါမှမဟုတ်၊ အနံ့ပျောက်ဆေး အမြဲဖျန်းဆွတ်ထားပါ။ ကားမောင်းနေခိုက်မှာပေမယ့်လည်း ကိုယ့်ပတ်ဝန်းကျင်မှာ ရနံ့သင်းသင်းကလေး မွှေးပျံ့နေတော့ ကောင်းတာပေါ့။ တစ်ခါတလေ မင်းတို့ရဲ့ဧည့်သည်တွေက အနံ့ဆိုးတွေ ထွက်ကောင်း ထွက်နေနိုင်တယ်။ အဲဒီအခါမျိုးကျ ကိုယ့်ကားထဲမှာ ရေမွှေးကလေးဖျန်းထားတော့ စိတ်အနှောင့်အယှက်မဖြစ်ရတော့ဘူးပေါ့ကွယ်။

❖ ကိုယ့်ကားထဲမှာ ဆောင်ထားတဲ့ အပိုဘီးမှာ လေအပြည့်ရှိရဲ့လား ဆိုတာ ပုံမှန်စစ်ဆေးပါ။ တချို့ဆို ကားဘီးပေါက်သွားလို့ အပိုဘီးနဲ့လဲတပ်မယ်လည်းဆိုရော အပိုဘီးကလည်း သုံးမရတဲ့အနေအထားမျိုးဖြစ်နေတာ ကြုံကြရတယ်လေ။

❖ သာမန်ချို့ယွင်းမှုကလေးတွေကို ပြင်ဆင်နိုင်အောင် ကားထဲမှာ ပစ္စည်းအစုံအလင်ပါတဲ့ တန်ဆာပလာသေတ္တာ ဆောင်ထားရမယ်။ အဲဒီအထဲမှာ နန်းကြိုးကလေးတွေလည်းပါဝင်အောင် ဂရုစိုက်ပါ။

❖ ရေနည်းနည်းပါးပါးဆောင်ထားတာ မမှားဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ လူနေအိမ်ခြေတွေနဲ့အလှမ်းဝေးတဲ့ နေရာမျိုးမှာ ကားရေတိုင်ကီကို ရေဖြည့်ပေးဖို့ ရေရှာရတာ အခက်အခဲတွေ့ရတတ်လို့ပဲ။

ကားမောင်းရင်း ပျော်ရွှင်မှုကိုရှာပါ။ ဒါပေမဲ့ တရားဝင် ကန့်သတ်ထားတဲ့ မိုင်နှုန်းအတွင်းမှာပဲ မောင်းပါ။ အရက်သေစာသောက်စားထားရင် ကားမမောင်းနဲ့။ အရက်သေစာမသောက်တဲ့ သူငယ်ချင်းတစ်ဦးဦးကို မောင်းခိုင်းပါ။ ဒါမှမဟုတ် လုံခြုံစိတ်ချရတဲ့ တစ်နေရာရာမှာ မင်းတို့ ကားကို ရပ်ပစ်ခဲ့။ အိမ်ကို အငှားကားနဲ့ပြန်။ 'တဒင်္ဂပျော်ရွှင်မှုဟာ တစ်သက်တာ ယူကျုံးမရစရာ ဖြစ်သွားနိုင်တယ်' ဆိုတဲ့ဆိုရိုးစကား ရှိတယ်မဟုတ်လား။ အရှိန်ပြင်းစွာ မောင်းလာတဲ့ကားတွေကို ဘယ်တော့မဆို လမ်းဖယ်ပေးပါ။ ကားမောင်းနေခိုက်မှာ မောက်မာဝင့်ကြွားဖို့မလိုဘူး။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဖော်ပြချက်တွေဟာ စိတ်ပင်ပန်းစရာကောင်းလှတယ်လို့ ထင်ရပေမယ့်လည်း တကယ်တမ်းကျတော့ မော်တော်ကားတစ်စီးကို ပိုင်ရတာ၊ မောင်းရတာဟာ ပျော်စရာ၊ ကြည်နူးစရာ ကောင်းပါတယ်။ ဒါကြောင့် မော်တော်ကားတစ်စီးပိုင်ဆိုင်ရတာကို မင်းတို့ရဲ့ပျော်ရွှင်ကြည်နူးမှု ဖြစ်အောင် လုပ်ပါ။

■

## အခွင့်အလမ်း

ဖေဖေရောက်နေတဲ့ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့မှာ ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့က မနက်ပိုင်းရုပ်မြင်သံကြားအစီအစဉ်ကို ဖွင့်ကြည့်မိတဲ့ အတွက် ပီတိဖြာသွားခဲ့တယ်။ အဲဒီတုန်းကမလေးရှားနိုင်ငံရဲ့ 'အမျိုးသား ငွေစုဘဏ်' လက်ရှိဥက္ကဋ္ဌကို တွေ့ဆုံမေးမြန်းခန်းအစီအစဉ် ထုတ်လွှင့်နေတဲ့အချိန်ပေါ့။ ဒီလူ အသက် ၄၀လောက်ပဲ ရှိဦးမယ်။ ဒါပေမဲ့ သူ့ရဲ့ ရိုကျိုးနှိမ့်ချမှုနဲ့ ဉာဏ်ရည်ထက်မြက်မှုတွေ၊ အပြောအဆိုညက်ညော မှုတွေကို ကြည့်ပြီး ဖေဖေ တအံ့တဩဖြစ်ခဲ့ရတယ်။ သူဟာ စီးပွားရေး လုပ်ငန်းပေါင်းများစွာမှာ ပါဝင်နစ်မြုပ်နေတယ်။ ဒါပေမဲ့ သူ့မှာ နိုင်ငံရေး အတွက် အချိန်ပေးနိုင်သေးတယ်။ ဖေဖေ ရုပ်မြင်သံကြားစက်ပေါ်မှာ တွေ့မြင်ခဲ့ရတဲ့အတိုင်း ဆက်ပြီး ရိုရိုကျိုးကျိုးနှိမ့်နှိမ့်ချချ နေထိုင်ကျင့်ကြံ သွားမယ်ဆိုရင် သူဟာ လာမယ့်နှစ်တွေအတွင်းမှာ ထိပ်တန်းနိုင်ငံရေး ခေါင်းဆောင်တစ်ဦး ဖြစ်သွားမှာပဲ။ 'ညီညွတ်သော မလေးအမျိုးသားအဖွဲ့' (ယူအမ်အင်အို) ရဲ့ လူငယ်အဖွဲ့အစည်းမှာ အကြီးအကဲဖြစ်လာမယ့် အလား အလာကိုမေးတော့ သူက နှိမ့်ချရိုကျိုးမှုအပြည့်နဲ့ ရယ်မောလိုက်တယ်။ ပြီးတော့ ဒီအကြောင်းကိုပြောရလောက်အောင် အချိန်မတန်သေးပါဘူးလို့ ဖြေတယ်။ သူ ထပ်ဖြည့်ပြီးပြောလိုက်တာကတော့ အရာရာတိုင်းမှာ သူ့ဟာနဲ့သူ 'အချိန်အခါ' နဲ့ 'အခွင့်အလမ်း' ဆိုတာ ရှိပါတယ် တဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com



ဆော်လမွန်ဘုရင်ကြီးဟာ အောက်ဖော်ပြပါ အစွန်းရှည်မယ့်ရှုမြင်ချက်တွေကို ပြုလုပ်ခဲ့တယ်။

**ဒီကမ္ဘာလောကကြီးမှာ တစ်စုံ တစ်ရာကို ငါ တွေ့ခဲ့တယ်။**
**လျင်မြန်သူမှ အပြေးပြိုင်ပွဲမှာ နိုင်တာ မဟုတ်သလို**
**အားကြီးသူမှ တိုက်ပွဲမှာ နိုင်တာ မဟုတ်။**
**အဲဒီလိုပဲ ....**
**စားနပ်ရိက္ခာက အမြော်အမြင်ကြီးသူဆီကိုမှ လာတာ မဟုတ်သလို**
**စည်းစိမ်ဥစ္စာက ဉာဏ်ထက်သူဆီကိုမှ လာတာ မဟုတ်သလို**
**အခွင့်သာမှုက ပညာရှိသူဆီကိုမှ လာတာမဟုတ်။**
**ဒါပေမဲ့ အချိန်အခါနဲ့ အခွင့်အလမ်းက**
**အဲဒါတွေအားလုံးကို ဖြစ်ပေါ်နေစေတာပဲ။**

လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ အတွင်းမှာ အိမ်ရာခြံမြေတွေရဲ့တန်ဖိုးဟာ တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာကို ဖေဖေ အကဲခတ်ရှုမြင်ခဲ့ရတယ်။ ကျပ်တည်းခက်ခဲတဲ့အခြေအနေတွေကြောင့် ဈေးနှုန်းတွေထိုးကျသွားတယ်။ ဒါပေမဲ့ မလွဲမသွေပြန်တက်လာတာပဲ။ ဖေဖေ ၁၉၇၃ ခုနှစ်ကနေ ၁၉၈၃ ခုနှစ်အတွင်း နေခဲ့တဲ့အိမ်ကို လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ တုန်းက စင်ကာပူဒေါ်လာ သုံးသောင်းနဲ့ဝယ်ခဲ့တယ်။ ဒီကနေ့ အဲဒီအိမ်ဟာ စင်ကာပူဒေါ်လာ ၈,၄၀၀,၀၀၀ တန်နေပြီ။ တန်ဖိုးဟာ အံ့အားသင့်စရာကောင်းလောက်အောင် အဆပေါင်း ၂၈၀ မြင့်တက်သွားတယ်။ အတိုးနှုန်းနဲ့ တွက်ချက်ကြည့်ရင် တစ်နှစ်အတွက် အတိုးနှုန်း ခုနစ်ထောင် ရာခိုင်နှုန်းရှိတယ်။ ငွေကြေးအဖွဲ့အစည်းတွေမှာ မင်းတို့ငွေကို ပုံသေအပ်နှံငွေအဖြစ် အပ်နှံထားရင် တစ်နှစ်ကို အတိုး ၅ ရာခိုင်နှုန်းကနေ ၆ ရာခိုင်နှုန်းအထိပဲရမယ်။

အိမ်ရာခြံမြေတွေကို လူတွေမဝယ်တော့ဘဲ ဈေးနှုန်းတွေကျနေချိန်မှာ ဝယ်။ လူတွေအလုအယက်ဝယ်နေချိန်မျိုးမှာမဝယ်နဲ့။ မင်းတို့ဝယ်ပြီးနောက်ပိုင်း ဈေးမလှုပ်သေးလည်း လက်ထဲမှာထိန်းထား။ ဒါမှမဟုတ် ငှားထားပေါ့။ တကယ်လို့ ဘိုးဘွားပိုင်မြေအမျိုးအစားကို ဈေးနှုန်းချိုချိုသာသာနဲ့ဝယ်ထားနိုင်လို့ကတော့ အိမ်ရာခြံမြေ ဝယ်-ရောင်း အလုပ်ဟာ ဘယ်တော့မှ မမှားနိုင်ဘူး။



ဖေဖေဆိုရင် စတော့ဈေးကွက်မှာလည်း အဲဒီအခြေခံသဘောတရားကိုပဲအသုံးပြုတယ်။ စတော့တစ်ခုအကြောင်း လူတိုင်းပါးစပ်ဖျားမှာပြောနေပြီး ဆင်ကန်းတောတိုးဝယ်နေချိန်မျိုးမှာ ဖေဖေ လက်ရှောင်နေတယ်။ ဈေးကွက် ထိုးကျသွားပြီဆိုရင်တော့ ဖေဖေ တက်တက်ကြွကြွလှုပ်ရှားပြီသာမှတ်။ ဖေဖေ ကောင်းကောင်းရင်းနှီးကျွမ်းဝင်နေတဲ့ အစုရှယ်ယာတွေကို ဖျူးခနဲဖျပ်ခနဲ ကောက်ဝယ်ပစ်တယ်။ ပြီးတော့ လက်ထဲမှာ ကိုင်ထားလိုက်တယ်။ ဒီအစုရှယ်ယာတွေရဲ့တန်ဖိုးဟာ ပြန်ပြီးတက်ဖို့ပဲ ရှိတော့တယ်လေ။

မင်းတို့ရဲ့အဘွား (ဖေဖေ့ယောက္ခမ) က ပြောဖူးတယ်။ ပိုက်ဆံမှာခြေလေးချောင်းရှိတယ်တဲ့၊ မင်းဘက်ကသာ အဆင်သင့်ဖြစ်နေရင် ပိုက်ဆံကမင်းဆီပြေးလာလိမ့်မယ်တဲ့။ ဒီအဆုံးအမကို သူက သူ့ဘိုးအေဆီက ဆည်းပူးခဲ့ရတာလေ။ သူ့ဘိုးအေက တရုတ်ပြည်မှာ မဆိုစလောက်ကလေးပဲ ကျောင်းပညာကို ဆည်းပူးခဲ့ရပေမဲ့ စီးပွားရေးနဲ့ ဘာသာရေးလုပ်ငန်းတွေမှာ အရမ်းအောင်မြင်ခဲ့သူပေါ့။ သူဟာ လူအတော်များများက တလေးတစားဖတ်ရတဲ့ စာအုပ် နည်းနည်းပါးပါးရေးခဲ့တယ်။ သူ့သားတွေထဲက နှစ်ယောက်ဟာ လူသိများတဲ့ဒေါက်တာဘွဲ့တွေရသွားကြတယ်။ အဘိုးကြီးဟာ သွားရောဂါကုပညာ၊ ကြက်ဘဲမွေးမြူရေးပညာ၊ ဓာတ်ပုံပညာနဲ့ ထာဝရဘုရားလေ့လာရေးပညာရပ်တို့ကိုလည်း စမ်းသပ်လေ့လာခဲ့တယ်။ သူဟာ သူ့အတွက်ပေါ်ပေါက်လာတဲ့ အခွင့်အလမ်းအားလုံးကို အရယူခဲ့တယ်။ မင်းတို့ဟာ သူ့မြေးတွေ။ ဒီတော့ မင်းတို့လည်း သူ့ခြေရာအတိုင်း လိုက်နင်းသင့်တယ်။

**အချိန်အခါနဲ့ အခွင့်အလမ်းက အားလုံးဆီကိုလာလိမ့်မယ်၊**
**အဲဒီနှစ်မျိုးစလုံးကို အရယူဖို့ အသင့်ဖြစ်နေပါစေ၊**

■

www.burmeseclassic.com

www.burmeseclassic.com



# အပြောင်းအလဲ

ဘယ်သူပဲဖြစ်ဖြစ်၊ သူ့ဘဝမှာ အောင်မြင်မှုတွေရပြီး အသက် ၅၀ ဝန်းကျင်လောက်ရောက်လာပြီဆိုရင် လောကမှာ 'ဘယ်အရာမှမတည်မြဲဘူး'၊ ဒါကြောင့် 'အပြောင်းအလဲတွေကို မျှော်လင့်ထားရမယ်'ဆိုတဲ့ အယူအဆ မှန်ကန်ကြောင်း ထောက်ခံပြောဆိုလိမ့်မယ်။ အရာရာတိုင်းဟာ ဆက်လက် ရွေ့လျားနေရမယ်။ ခြောက်သွေ့တဲ့ ရာသီဥတုနဲ့ စိုစွတ်တဲ့ ရာသီဥတုတွေ၊ လူသားတွေရဲ့ စိတ်လှုပ်ရှားမှုတွေ၊ မွေးဖွားခြင်း၊ သေဆုံးခြင်းစတာတွေပေါ့။ နောက်ပြီး မကြာမတင်အတွင်း တို့များလည်း ဒီအထဲမှာ အကျုံးဝင်သွားမယ် လေ။ တို့တစ်တွေဟာ တို့များထိန်းချုပ်နိုင်စွမ်းရဲ့ ပြင်ပက ဖြစ်ပေါ်လာတဲ့ ဖြစ်ရပ်တွေကြောင့် ပြောင်းလဲကြရလိမ့်မယ်။ လျှို့ဝှက်ချက်ကတော့ ကိုယ့် အကျိုးရှိဖို့အတွက် ပြောင်းလဲမှုဖြစ်ရပ်တွေကို ဘယ်လိုအသုံးချရမလဲ ဆိုတာ သိထားဖို့ပဲ။

တို့တစ်တွေဟာ ချောင်ပိတ်အဖမ်းခံရပြီး ရှင်သန်ရပ်တည်နိုင်ရေး အတွက် အလောင်းအစားလုပ်ရတော့မယ့် အနေအထားမျိုး ရောက်လာရင် ရှိသမျှ ကိုယ်တွင်းအင်အားကို ညှစ်ထုတ်ပြီး ရုန်းကန်တိုက်ခိုက်တတ် ကြတယ်။ တချို့လူတွေကျတော့ အဲဒီလို ဖိနှိပ်အကျပ်ကိုင်မှုမျိုးနဲ့ ကြုံလာရင် ပိုပြီးထက်မြက်ထူးချွန်လာပြီး ပိုအောင်မြင်ကြီးပွားလာတတ်ကြတယ်။ ဗိုလ်မှူးကြီးဆင်းဒါး ဆိုတဲ့ပုဂ္ဂိုလ် ပိုင်တဲ့ စားသောက်ဆိုင်ဟာ လမ်းဖောက် လုပ်ရေးမှာ မလွတ်ကင်းတဲ့အတွက် ဖြိုချဖျက်ဆီးပေးလိုက်ရတယ်။ ဒါကြောင့် ဘဝရဲ့ နှောင်းပိုင်းအရွယ် အသက် ၆၅ နှစ်ကျမှ 'ကင်တပ်ကီကြက်ကြော်' ကို စတင်ဈေးကွက်တင်ခဲ့တယ်။ ဒီကနေ့ဆိုရင် သူ့ရဲ့ 'ကင်တပ်ကီကြက်ကြော်' ဟာ ကမ္ဘာကျော်ဖြစ်နေပြီ။ တကယ်လို့လမ်းဖောက်လုပ်ရေးက သူ့လက်ရင်း စီးပွားရေးအလုပ်ကို ဖျက်ဆီးမပစ်ခဲ့ဘူးဆိုရင် 'ကင်တပ်ကီ ကြက်ကြော်' ဆိုတာ ဖြစ်ပေါ်လာမှာ မဟုတ်ဘူး။

ဝေါ့ဒစ်စနေဟာ အကြိမ်ပေါင်းများစွာ ရှုံးနိမ့်ခဲ့တယ်။ ငွေကြေး ချတ်ခြုံကျပြီး လူမွဲစာရင်းတောင် အသွင်းခံခဲ့ရတယ်။ ဒါပေမဲ့ သူဟာ ဇွဲခတ်ပြီး တောင့်ခံခဲ့တယ်။ နောက်ဆုံးအကြိမ် ကြိုးစားအားထုတ်ချိန်မှာ သူဟာ အိမ်တစ်အိမ်ရဲ့အပေါ်ဆုံးထပ်က အထပ်ခိုးကလေးပေါ်မှာ ကြွက်ကလေး တစ်ကောင်နဲ့အတူ ထမင်းစားနေတယ်။ ဒါနဲ့ ဒီနောက်ဆုံး အကြိမ်အားထုတ်မှုမှာအောင်မြင်ခဲ့ရင် ဒီကြွက်ကလေးကို နာမည် ကျော်အောင် လုပ်ပေးမယ်လို့ တစ်ကိုယ်တော်သစ္စာဆိုလိုက်တယ်။ ဒါကြောင့် ဒီနေ့တို့များ 'မစ်ကီးမောက်စ်' ကိုကြည့်ရှုနေကြရတာဖြစ်ပြီး ဝေါ့ဒစ်စနေဟာ လည်း လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားပြီး ချမ်းသာကြွယ်ဝတဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်လာတာပေါ့။ ဒါကြောင့် 'အပြောင်းအလဲ' ဆိုတာ အောင်မြင် ရေးအတွက် အထောက်အကူပေးတဲ့ အကြောင်းရင်းတစ်ရပ်သာ ဖြစ်တယ်။ လူတွေရဲ့ သမာသမတ်မကျတဲ့ နည်းနဲ့ တိုက်ခိုက်မှုကြောင့်ဖြစ်ဖြစ်၊ သူတို့ရဲ့ မနာလို ဝန်တိုမှုကြောင့်ဖြစ်ဖြစ် မလွှဲသာမရှောင်သာ အလုပ်အကိုင် ပြောင်းလဲလုပ်ကိုင်ရတော့မယ်ဆိုရင် စိတ်မညစ်ပါနဲ့။ စိတ်မဆင်းရဲပါနဲ့။ ရှေ့ကိုတက်လှမ်းနိုင်ရေးအတွက် တည်တည်ငြိမ်ငြိမ်နဲ့ ကိုယ့်အလုပ်ကိုသာ အကောင်းဆုံးဖြစ်အောင်လုပ်။ ဟောဒီ မိခင်ကမ္ဘာကြီးက သူ့ရဲ့ဝမ်းဗိုက်ထဲမှာ မင်းတို့အတွက် အံ့ဩစရာ ကောင်းပြီး ကြီးမားခမ်းနားတဲ့ဆုလာဘ်တွေ ဆောင်ကြဉ်းထားတယ်။ တစ်ခုတော့ရှိတယ်၊ မင်းတို့ကလည်း အဲဒီဆုလာဘ် တွေကို ရယူခံစားရလောက်အောင် ထိုက်တန်ရမယ်။ ဒီတော့ 'အပြောင်း အလဲ' ကို လက်သင့်ခံဖို့ လိုလိုချင်ချင်ရှိကြောင်း ပြသကြပါ။

'အပြောင်းအလဲ' ကို လှိုက်လှဲစွာ ကြိုဆိုပါ။

ဘုရားကျောင်းတွေမှာသုံးတဲ့ လေမှုတ်သစ်သားအော်ဂင်တစ်လုံးကို ဖေဖေ သတိရတယ်။ အဲဒီအော်ဂင်ကို တီးတဲ့အခါ လိုချင်တဲ့အသံကို

www.burmeseclassic.com

www.burmeseclassic.com



ရအောင် လေမှုတ်သွင်းဖို့ ခြေနင်းကိရိယာကို ဖေဖေ ခက်ခက်ခဲခဲနင်းခဲ့ရတယ်လေ။ ဒီခေတ်မှာတော့ လျှပ်စစ်အော်ဂင်တွေဟာ အိမ်တွေမှာသုံးဖို့၊ ဘုရားကျောင်းတွေမှာသုံးဖို့ သာမန်ပစ္စည်းတစ်မျိုးဖြစ်နေပြီ။ ကွန်ပျူတာတွေ၊ ရုပ်မြင်သံကြား စက်တွေ၊ ကင်မရာတွေ၊ ဗီသုကာလက်ရာတွေ၊ တယ်လီဖုန်းတွေမှာ တပ်ဆင် အသုံးပြုတဲ့ နည်းပညာတွေ တိုးတက်ထွန်းကားလာတယ်။ ဒါတွေဟာ တောင်းဆိုမှုကြောင့် လူသားမျိုးနွယ်က ပြုလုပ်လာတဲ့ ပြောင်းလဲမှုတွေပဲ။ လူတွေဟာ အလုပ်အကိုင်တွေလုပ်ဖို့၊ ကုန်ပစ္စည်းတွေထုတ်လုပ်ဖို့ ပိုမို ကောင်းမွန်တဲ့နည်းလမ်းတွေကို အမြဲတမ်း ရှာဖွေ ကြံဆနေကြတယ်။ အယ်ဒီဆင်ဆိုရင် လျှပ်စစ်မီးလုံးကို တီထွင်ပြုလုပ်ဖို့ ကြိုးပမ်းတဲ့အခါ အကြိမ်ပေါင်း သုံးထောင်တိတိ မအောင်မမြင်ဖြစ်ခဲ့ရသတဲ့။ ဒါပေမဲ့ နောက်ဆုံးမှာတော့ သူ အောင်မြင်သွားတာပဲလေ။ မင်းတို့ အကောင်အထည်ဖော်ဖို့ကြိုးစားနေတဲ့ စီမံကိန်းတွေမှာကော မင်းတို့ ဘယ်နှကြိမ်ဘယ်နှခါလောက် မအောင်မမြင်ဖြစ်ခဲ့ဖူးပြီလဲ။ မင်းတို့ရဲ့ စီမံကိန်းဟာ လူသားမျိုးနွယ်အတွက် သင့်မြတ်တယ်၊ ကောင်းတယ်လို့သိထားရင် အဲဒီစီမံကိန်းကို ဆက်ပြီးအားထုတ်သင့်တယ်။ မင်းတို့လိုချင်တဲ့ရည်မှန်းချက်တွေ မပေါက်မြောက်မချင်း အပြောင်းအလဲတွေပြုလုပ်ဖို့ ပြင်ဆင်ထားပါ။

**ရှေ့ကိုတရွေ့ရွေ့တက်လှမ်းနိုင်ဖို့၊ တို့တစ်တွေ အရင်က အိပ်မက်တောင်မမက်ခဲ့ဖူးတဲ့ ရှာဖွေတွေ့ရှိချက်အသစ်တွေ ဖော်ထုတ် တွေ့ရှိနိုင်ဖို့ ဆိုတာ စွမ်းအားတွေရှိမှဖြစ်မယ်၊ အဲဒီစွမ်းအားတွေ ဖြစ်ထွန်းလာရေးအတွက် မင်းတို့၊ ဖေဖေတို့ လိုအပ်တာကတော့ အပြောင်းအလဲပဲ၊ အပြောင်းအလဲကို လိုလိုလားလားအသုံးချပြီး တို့တစ်တွေကော တခြားလူတွေပါ အကျိုးအမြတ် ရှိလာအောင် တို့များရဲ့ စိတ်ကူးတွေနဲ့ လုပ်ဆောင်မှုတွေကို ပြုပြင်ပြောင်းလဲပစ်ပါ။ ဒီတော့ အပြောင်းအလဲကို လှိုက်လှဲစွာကြိုဆိုပါ။**

■

## ကလေးသူငယ်များ

ဖခင်တစ်ဦးဖြစ်ရတယ်ဆိုတာ အံ့ဩဖွယ်ကောင်းဆုံး မင်္ဂလာတစ်ပါးပဲ။ မင်းတို့ကြည့်လေ၊ ဒီကမ္ဘာလောကကြီးထဲကို မင်းတို့လို လူသားကလေးတစ်ယောက် မွေးဖွားဝင်ရောက်လာတယ်၊ ပြီးတော့ သူကလေးဟာ မင်းတို့နဲ့လည်း တစ်စိတ်တစ်ပိုင်းတူပြီး မင်းတို့ရဲ့ ဇနီးမယားနဲ့လည်း တစ်စိတ်တစ်ပိုင်းတူနေလေရဲ့။ မင်းတို့ဟာ မင်းတို့ရဲ့ကလေးတွေအတွက် အုပ်ထိန်းစောင့်ရှောက်သူဖြစ်ရတော့မယ်။ သူတို့လေးတွေ ပျော်ရွှင်ချမ်းမြေ့ပြီးကျေနပ်နှစ်သိမ့်တဲ့ဘဝကို ရဖို့ မင်းတို့ နည်းပေါင်းစုံနဲ့ ကြိုးစားကြရတော့မယ်။ ဒီတာဝန်တွေကို မင်းတို့ တမလွန်ဘဝ ကူးပြောင်းချိန်ထိ ထမ်းဆောင်ကြရလိမ့်မယ်။ ဒါပေမဲ့ အဲဒီလို သူတို့လေးတွေကို ပြုစုပျိုးထောင်နေတဲ့ ကာလအတွင်း မင်းတို့အတွက် အကူအညီနဲ့ ပဲ့ပြင်လမ်းညွှန်မှုတွေ လိုအပ်မယ့် အနေအထားမျိုးတွေ အများအပြားပေါ်ပေါက်လာလိမ့်မယ်။

❖ ကလေးတွေဟာ မိခင်ရဲ့ဝမ်းဗိုက်ထဲမှာပဲရှိနေသေးတာတောင် မင်းတို့ရဲ့ အသံကိုကြားနိုင်တယ်။ ဒီအချက်မှန်ကန်ကြောင်း သိပ္ပံပညာဆိုင်ရာ လေ့လာတွေ့ရှိချက်တွေက အတည်ပြုထားတယ်။ အဲဒီအခွင့်အရေးကိုယူပြီး မင်းတို့ရဲ့သားသမီးတွေအပေါ် ချစ်ကြောင်းနဲ့ လိုလိုလားလားရှိကြောင်း ဖွင့်ဟပြောဆိုသင့်တယ်။ ဖေဖေ့မိတ်ဆွေတချို့ဆိုရင် သူတို့ရဲ့ကလေးတွေ မိခင်ဝမ်းဗိုက်ထဲမှာ ရှိနေစဉ်မှာပဲ သီချင်းဆိုပြကြသတဲ့။ ဒီတော့ မွေးလာတဲ့ကလေးတွေဟာ ကျောင်းမှာ ပိုပြီးစာတော်ကြတယ်၊ ပိုပြီးဖေးဖေးမမရှိတယ်၊ ပိုပြီးပျော်ပျော်နေတတ်ကြတယ်ဆိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



❖ သူတို့လေးတွေငယ်ရွယ်စဉ်ကတည်းက ပညာသင်ကြားနိုင်အောင် သူတို့ကိုမမွေးခင်ကတည်းက ပညာသင်စရိတ်အတွက် ဘဏ်မှာ ငွေစာရင်းဖွင့်ပြီး ကြိုတင်ပြင်ဆင်ထားသင့်တယ်။ တခြားနည်းကောင်း တစ်ခုကတော့ သူတို့အတွက် အသက်အာမခံထားပေးတဲ့နည်းပဲ။

❖ သူတို့ လိုချင်တာ မှန်သရွေ့ လိုလေသေးမရှိအောင်ဆောင်ကြဉ်းပေးပြီး အကျင့်ဖျက်တာမျိုး ဘယ်တော့မှ မလုပ်လေနဲ့။ သူတို့ကို ဝေဒနာ ခံစားရခြင်းနဲ့ ဆာလောင်မွတ်သိပ်ခြင်းဆိုတဲ့ အရှိတရားတွေနဲ့ ရင်မဆိုင်ရအောင် တစ်သက်လုံး ကာကွယ်စောင့်ရှောက်ထားတာမျိုး မလုပ်ရဘူး။ သူတို့ကို ကလေးများဂေဟာ၊ ဒါမှမဟုတ် မိဘမဲ့ကလေးများကျောင်းကို ခေါ်သွားပါ။ သူတို့ရင်ထဲမှာ တန်ဖိုးရှိတဲ့ ကရုဏာနှလုံးသားကလေး ဖူးပွင့်ပါစေ။ ပြီးတော့ ဆင်းရဲနွမ်းပါးသူတွေ၊ ခိုကိုးရာမဲ့သူတွေကို လှူဒါန်းဖို့ စားသောက်ဖွယ်ရာနဲ့ တခြားအသုံးအဆောင်ပစ္စည်းတွေကို သူတို့ရဲ့ကိုယ်ပိုင်ငွေနဲ့ ဝယ်ယူခွင့်ပြုပါ။

❖ ဘယ်တော့မဆို မင်းတို့ရဲ့သားသမီးတွေနဲ့ ပွင့်ပွင့်လင်းလင်းဆွေးနွေးပါ။ သူတို့ကို မင်းတို့မိတ်ဆွေတွေလိုသဘောထားပြီး စကားပြောပါ။ သူတို့နဲ့အတူ နောက်ပြောင် ကျီစယ်ပါ၊ ရယ်မောပါ၊ ကစားပါ၊ ငိုစရာရှိရင်တောင် ငိုပစ်လိုက်ပါ။ အရာရာတိုင်းအတွက် အချိန်အခါဆိုတာ အမြဲတမ်း ရှိတယ်။ သူတို့လေးတွေငယ်ရွယ်စဉ်မှာ တန်ဖိုးထားမြတ်နိုးပါ။ သူတို့ကြီးလာလို့ အိမ်ထောင်ရက်သားကျပြီး သားတွေသမီးတွေနဲ့ ဖြစ်လာတဲ့အခါကျတော့ မင်းတို့ အဲဒီလိုမြတ်နိုးယုယနေဖို့ အခွင့် အရေးရမှာ မဟုတ်တော့ဘူး။

❖ သားသမီးတွေ ကြီးပြင်းလာတဲ့ သက်တမ်းအဆင့်ဆင့်မှာ ဓာတ်ပုံတွေ ရိုက်ထားပါ။ အဲဒီဓာတ်ပုံတွေကို သူတို့ တန်ဖိုးထားကြမှာပါ။ ပွားစည်းလာတဲ့ သူတို့သားသမီးတွေကို ပြန်ပြနိုင်တာပေါ့။ သူတို့နဲ့အတူ တွဲပြီး မိသားစုဓာတ်ပုံတွေလည်း ရိုက်ထားပါ။



❖ သူတို့နဲ့အတူ အားလပ်ရက် အပန်းဖြေခရီးတွေ ပုံမှန်ထွက်ပေးပါ။ သူတို့ရဲ့ အချိန်တွေကိုတော့ သိပ်များများမယူမိအောင် သတိထားပေါ့။ သီတင်းတစ်ပတ်လောက်ဆိုရင်တောင် လိုတာထက်ပိုများနေပြီထင်တာပဲ။ မင်းတို့ဟာ သူတို့ရဲ့မိတ်ဆွေဖြစ်နေတာတောင် 'ဖက်လဲတကင်းနေထိုင်ခြင်းက မထီမဲ့မြင်ပြုမှုကို ပေါက်ဖွားစေသည်' ဆိုတဲ့ဆိုရိုးစကားဟာ အမှန်တကယ် ဖြစ်လာနိုင်တယ်။

❖ သူတို့ကို လွတ်လွတ်လပ်လပ်နေထိုင်ကျင့်ကြံတတ်အောင်နဲ့ ကိုယ့်အားကိုယ်ကိုးတတ်အောင်သင်ကြားပေးပါ။ မင်းတို့ဟာ သူတို့ကို 'အားပေးအားမြှောက်ပြုသူ' ဖြစ်ရမယ်။ ပြီးတော့ လိုအပ်ရင် လိုအပ်သလို ကူညီရမယ်၊ တကယ်လို့ သူတို့အတွက်အမွေအဖြစ် ပိုက်ဆံတွေထားခဲ့မယ်ဆိုရင် ခိုင်မာစိတ်ချရတဲ့ လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံတတ်အောင် လမ်းညွှန်ပေးသင့်တယ်၊ အထူးသဖြင့် အမြတ်ရဖို့ သေချာတဲ့ နေရာအကွက်အကွင်းတွေမှာရှိတဲ့ ဘိုးဘွားပိုင်မြေတွေကို ဝယ်ပြီး ရင်းနှီးမြှုပ်နှံဖို့ သွန်သင်ညွှန်ကြားပါ။

❖ ဘုရားသခင်မပါရှိရင် အရာရာတိုင်းဟာ အကျိုးမဲ့အချည်းနှီးဖြစ်မှာပဲ၊ သူတို့ငယ်ရွယ်စဉ်ကတည်းက သူတို့နဲ့အတူ ဝတ်ပြုဆုတောင်းတတ်အောင် အကျင့်လုပ်ပါ။ မင်းတို့ အခက်အခဲတစ်ခုခုနဲ့ ကြုံနေရတဲ့အခါမျိုးမှာ သူတို့ကိုလည်း ကူပြီးဆုတောင်းပေးခိုင်းပါ။ တို့တစ်တွေအားလုံး ဘုရားသခင်ရှေ့တော်မှောက်ကို မဖြစ်မနေလာကြရပြီး ကူညီစောင့်မဖို့တောင်းခံရတဲ့ သာဓကတွေ အများကြီးရှိပါတယ်။ ကောင်းကင်ဘုံရဲ့စောင့်ရှောက်မှု မပါရင် ဒီကမ္ဘာကြီးဟာ အတော့်ကို အံ့အားသင့်စရာကောင်းတဲ့နေရာဌာနကြီး ဖြစ်သွားနိုင်တယ်။

❖ သူတို့လေးတွေကို ခေါက်ရိုးကျိုးအောင် သင်ကြားလေ့ကျင့်ပေးရမှာတွေကတော့ သန့်ရှင်းသပ်ရပ်စွာ နေထိုင်တတ်ဖို့၊ အချိန်တိကျဖို့၊ ဂါရဝတရားရှိဖို့၊ ရိုးရိုးစင်းစင်းနေထိုင်ကျင့်ကြံဖို့၊ ဖြောင့်မတ် မှန်ကန်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ရှိသားစင်ကြယ်ဖို့၊ မိဘဘ၀၊ ပညာရေး၊ ဘာသာရေး၊ ဖွဲ့သတ္တိနဲ့ သိရှိနားလည်နိုင်စွမ်းရှိဖို့တို့ပဲ ဖြစ်တယ်။

ကလေးသူငယ်တွေဆိုတာ ဘုရားသခင်က လူသားမျိုးနွယ်အတွက် ပေးသနားတော်မူတဲ့ လက်ဆောင်တွေပဲ ဖြစ်တယ်၊ သူတို့ မွေးဖွားလာချိန်ကစပြီး တို့များ ခွဲခွာသွားရတဲ့ အချိန်ထိ သူတို့ကို ထိုက်ထိုက်တန်တန် ပြုစုစောင့်ရှောက်သွားမယ်ဆိုရင် သူတို့ဟာတို့များရဲ့ မိတ်ဆွေတွေ ဖြစ်လာမှာပါ။

■

## ယဉ်ကျေးဖွယ်ရာရှိခြင်း

နေအိမ်အများစုမှာ၊ ဟိုတယ်တွေမှာ၊ ရုံးခန်းတွေမှာ ပန်းတွေကို မြင်တွေ့နိုင်တယ်။ ဒီပန်းကလေးတွေက သူတို့ရဲ့ ပတ်ဝန်းကျင်ကို တန်ဖိုးတိုးစေတယ်။ ဆွဲဆောင်မှုအားကောင်းစေတယ်။ သူတို့ရဲ့အရောင်တွေ၊ ရနံ့တွေနဲ့ အရွယ်အစားတွေက တို့များရဲ့ အာရုံတွေကို နိုးကြွစေတယ်။ တကယ်လို့ တို့တစ်တွေသာ အားထုတ်ကြိုးပမ်းမယ်ဆိုရင် လူ့ဘဝဟာ အဓိပ္ပာယ်ရှိပြီး နှစ်လိုပျော်မွေ့ဖွယ်ကောင်းတယ် ဆိုတာကို ဒီပန်းပွင့်ကလေးတွေက သိသာထင်ရှားစေတယ်။ ပတ်ဝန်းကျင်တိုးတက်သာယာစေဖို့အတွက် ဒီပန်းပွင့်ကလေးတွေကို အသုံးချကိရိယာတွေအဖြစ် အသုံးချတတ်တဲ့ လူတွေကတော့ ဘဝကို ဘယ်လို အဓိပ္ပာယ်ရှိရှိနေထိုင်ရမယ် ဆိုတာ သဘောပေါက်ကြတယ်။

ယဉ်ကျေးဖွယ်ရာရှိခြင်းဆိုတာ ဘဝရဲ့ အမွှန်မြတ်ဆုံးပန်းပွင့်ပဲ။

***သက်ရှိယဉ်ကျေးဖွယ်ရာအပြုအမူများ***

- မင်းတို့ကို ညည့်ခံပွဲတစ်ခုခုထက် ဖိတ်ကြားခြင်းခံရတဲ့အခါ အသက်အကြီးဆုံး လူတစ်ဦး စတင်မစားမသောက်မချင်း အစားအစာ၊ ဒါမှမဟုတ် ယမကာကို မတို့မထိပါနဲ့။ မင်းတို့ထက် အသက်အရွယ်ကြီးရင့်သူဆိုရင် ဘယ်သူ့ကိုမဆို ဂါရဝတရားထားရမယ်။ ရာထူးဌာနန္တရနဲ့ ဆုံးဖြတ်ဖို့ မလိုဘူး။

www.burmeseclassic.com

www.burmeseclassic.com



- အများပြည်သူစီးတဲ့ယာဉ်၊ ရထားတွေပေါ်မှာ သက်ကြီးရွယ်အိုတွေ၊ ကိုယ်ဝန်ဆောင်မိန်းမ၊ မစွမ်းမသန်ဖြစ်နေသူတွေကို ဦးစားပေးပါ။ နေရာပေးပါ။ တခြားလူတွေက အဲဒီလိုဦးစားမပေးလည်း စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့။ **လောကမှာ လူတော်လူကောင်းတွေလည်း ရှိနေပါသေးတယ်** ဆိုတာကို မင်းတို့ရဲ့ အပြုအမူနဲ့ ပြသပါ။
- နှုတ်ခွန်းဆက်စကားတွေကို စတင်ပြောဆိုနှုတ်ဆက်သူဟာ မင်းတို့ ဖြစ်ပါစေ။ စတင်ပြုံးပြသူဟာ မင်းတို့ ဖြစ်ပါစေ။ မင်းတို့ ခုချိန်ထိ ကျန်းကျန်းမာမာနဲ့ အသက်ရှင်နေထိုင်ခွင့်ရတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါ။ မင်းတို့ရဲ့ ကြည်လင်ဝင်းပမှုတွေ တခြားလူတွေဆီ ကူးစက်ပျံ့နှံ့ပါစေ။ တစ်ဦးတစ်ယောက်ရဲ့ဘဝကို ပိုပြီး သာယာ ကြည်လင်လာအောင် ပြုလုပ်ပေးပါ။
- ယဉ်ကျေးဖွယ်ရာရှိခြင်းဟာ ယာဉ်ရထားပါပဲ။
- ကိုယ်သွားရာလမ်းမှာ ကားပျက်ပြီးဒုက္ခရောက်နေသူတွေကို တွေ့ရင် အကူအညီပေးပါ။ မင်းတို့မှာအချိန်မရဘူး၊ ဒါမှမဟုတ် အရေးတကြီး သွားစရာရှိနေတယ်ဆိုရင် သူတို့အကူအညီရအောင် စီစဉ်ပေးပါ။ အကြောင်းကြားပေးပါ။
- လမ်းဖြတ်ကူးတဲ့အခါ သက်ကြီးရွယ်အိုတွေနဲ့ အားနွဲ့သူတွေ အရင်ဖြတ်ပါစေ။ သူတို့ အကူအညီလိုအပ်လိုလိုအပ်ငြား သူတို့နံဘေးကနေပြီး လျှောက်သွားပါ။
- သူများတွေ တန်းစီစောင့်နေတဲ့ တန်းထဲကို ကြားဖြတ်မဝင်ပါနဲ့။
- လက်ဆေးကြွေခွက်နဲ့ ကြည့်မှန်ကို အသုံးပြုပြီးတိုင်း တိုက်ချွတ်သန့်စင်ပစ်ခဲ့ပါ။
- မင်းတို့ရဲ့ ကားထဲမှာ ရန့်သင်းသင်းကလေး ဖျန်းဆွတ်ထားပါ။ ကားထဲမှာကော အိမ်ထဲမှာပါ လေသန့်ဆေးဘူး ဆောင်ထားပါ။



- အိမ်သာကိုသုံးပြီးတိုင်း ရေလောင်းခဲ့ပါ။
- ကိုယ့်ထက်ကြီးတဲ့လူ (အသက်အရွယ်အရဖြစ်ဖြစ်၊ ရာထူးအရဖြစ်ဖြစ်)ကို အစားအစာ၊ ဒါမှမဟုတ် ယမကာ ကမ်းလှမ်းမယ်ဆိုရင် ဘယ်တော့မဆို လက်နှစ်ဖက်နဲ့ကိုင်ပြီး ကမ်းလှမ်းပါ။ ဒါဟာ ဂါရဝတရားကိုပြသတဲ့ အာရှ ယဉ်ကျေးမှုပဲ။ လက်ဆွဲနှုတ်ဆက်တဲ့အခါမှာလည်း လက်နှစ်ဖက်စလုံးနဲ့ ဆုပ်ကိုင်ပြီး နှုတ်ဆက်ပါ။ လက်တစ်ဖက်တည်းနဲ့ ဆွဲကိုင်နှုတ်ဆက်တာဟာ ကိုယ့်ထက်ကြီးတဲ့လူအပေါ် လေးစားမှုကင်းမဲ့ရာရောက်ပြီး မောက်မာဝင့်ကြွားတဲ့သဘော သက်ရောက်တယ်။

**ယဉ်ကျေးဖွယ်ရာရှိခြင်းဟာ လူသားဆန်တယ်၊ ဆိုလိုတာကတော့ ရိုင်းစိုင်းခြင်းဟာ တိရစ္ဆာန်ဆန်တယ် ဆိုတဲ့သဘောပဲ၊**

■

www.burmeseclassic.com

www.burmeseclassic.com

## လူလိမ်လူကောက်များ

လောကမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုအပြည့်ရှိတဲ့ လူလိမ်လူညာတွေ အများကြီးရှိတယ်။ သူတို့က လိမ်လို့ညာလို့လွယ်မယ့် 'အချဉ်' တွေကို လိုက်ရှာနေကြတာ။ သူတို့အထဲက တချို့ဆိုရင် သိပ်ပြီး အလုပ်သဘောဆန်ကြတယ်။ သူတို့ရဲ့ လိမ်ကွက်ညာကွက်တွေ ယုတ္တိရှိရှိနဲ့ ပိပိရိရိရှိဖို့ သူတို့ရဲ့ ပစ်မှတ်တွေကို ကြိုတင်လေ့လာသုတေသနပြုကြတယ်။ ဖေဖေဆိုရင် နှစ်ကြိမ်တိတိ အလိမ်ခံခဲ့ရတယ်။ ဒါပေမဲ့ ပါသွားတဲ့ ငွေကြေး ပမာဏကတော့ မပြောပလောက်ပါဘူး။ ဖေဖေဟာ ငွေကြေးလောကမှာ ကျင်လည်ကျက်စားပြီး ကျင့်သားရလာသူဆိုတော့ ဖေဖေ့ကို အာရုံ ထက်မြက်သူ၊ သတိဝီရိယရှိသူလို့ သတ်မှတ်ကြတယ်။ ဒါတောင် ဖေဖေဟာ လူလိမ်တွေရဲ့ သားကောင်ဘဝကို ရောက်သွားသေးတယ်။ ဒါကြောင့် မင်းတို့ကို တပ်လှန့်နိုးဆော်ထားဖို့ ဒီဆောင်းပါးကို ရေးနေတာပဲ။

ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ဖေဖေ့မိတ်ဆွေ အင်ဒိုနီးရှားလူမျိုးဟာ တိုရန်တိုမြို့မှာ အမေရိကန်ဒေါ်လာ ငါးသိန်း ငွေညှစ်ခံခဲ့ရတယ်။ တစ်နေ့မှာ အမျိုးသမီးတစ်ယောက်ကို သူ့အိမ်ပြန်အပို့မှာ ယောင်ချောက်အဆင်ခံလိုက်ရတယ်။ လူဆိုးအဖွဲ့က သူ့ကားထဲမှာ ဘိန်းဖြူတစ်ထုပ်ကို စနစ်တကျထည့်ထားခဲ့ကြတယ်လေ။ ဆင်ကွက်ကို လူတစ်စုရဲ့ ပူးပေါင်းကူညီမှုနဲ့ ပိပိရိရိကြိုတင်စီစဉ်ထားကြတယ်။ ဖေဖေ့မိတ်ဆွေရဲ့ ရှေ့နေကတောင် ပြောတယ်။ အဲဒီလိုဆင်ကွက်တွေဟာ သူတို့ဆီမှာ အတော့်ကို ရှိးနေပါပြီတဲ့။ အထူးသဖြင့် ခုမှရောက်လာတဲ့ လူသစ်တွေကို အဲဒီလို အကွက်ဆင်တတ်ကြတယ်ဆိုပဲ။ ဒီတော့ သူ့အနေနဲ့ ငွေပေးမလား၊ ဒါမှမဟုတ် သူ့မိန်းမကော



တက္ကသိုလ်တက်နေဆဲ သမီးနှစ်ယောက်ပါ အင်ဒိုနီးရှားကိုပြန်ပို့တာခံမလား။ ဘာဖြစ်လို့ဆိုတော့ သူတို့တိုင်းပြည်မှာလာနေတဲ့လူသစ်တွေ ရာဇဝတ်မှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားရင် မိခင်နိုင်ငံကိုပြန်ပို့ရမယ်ဆိုတဲ့ ဥပဒေရှိနေတာကိုး။ ဖေဖေ့မိတ်ဆွေက ငွေပေးလိုက်ပါတယ်။ နောက်ပိုင်းမှာ သူ့ခမျာ နှလုံးရောဂါနဲ့ ကွယ်လွန်သွားရှာတယ်။ သူ အဲဒီလိုဖြစ်ရတဲ့ အဓိကအကြောင်းရင်းက ဘာလဲဆိုတော့ သူ့မှာ ငွေကြေးအမြောက်အမြားရှိတယ်လို့ ထင်သွားကြလို့ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီလူက အိမ်တွေလျှောက်ဝယ်တယ်။ ပြီးတော့ အပျံစားမော်တော်ကားကိုမှ စီးတယ်လေ။

လောဘမသတ်နိုင်သူတွေကို ဖြားယောင်းလှည့်စားပြီး 'အချဉ်ဖမ်း' ကြတဲ့ လောင်းကစားသမားအုပ်စုတွေ ရှိတယ်။ ဂျင်ကလေးတွေကို လိုသလိုထိန်းချုပ်လို့ရအောင် ဂျင်လှည့်တဲ့စားပွဲအောက်မှာ သံလိုက်တွေ တပ်ဆင်ထားတာ ဖေဖေကိုယ်တိုင် မြင်တွေ့ခဲ့ဖူးတယ်။ မင်းတို့ဆီမှာ ပိုက်ဆံရှိမှန်းသိရင် မင်းတို့ကို အပိုင်ကြံဖို့နည်းလမ်းတွေ ရှာကြံကြတော့တာပဲ။ သူတို့ကို ရှောင်ကွင်းနိုင်ဖို့အတွက် လောင်းကစားမှုမလုပ်ပါနဲ့၊ ဒါမှမဟုတ် လောဘမကြီးပါနဲ့။ ငွေရမြန်တဲ့ဖြတ်လမ်းနည်းကိုရှောင်ပါ။ ဖြတ်လမ်းနည်းနဲ့ သူဌေးဖြစ်စေရမယ်လို့ မင်းတို့ကို အာမခံတဲ့လူတွေဟာ ပုံမှန်အားဖြင့် 'ဘိုင်' တွေချည်းပဲ။ ဒါပေမဲ့ သူတို့က ချမ်းသာကြွယ်ဝသူတွေဂိုက်မျိုး ဖမ်းတတ်ကြတယ်။

မကြာသေးခင်ကလေးကပဲ အင်ဒိုနီးရှားလူမျိုး စီးပွားရေးသမားတစ်ယောက်က သူ့ကို အမေရိကန်ဒေါ်လာ သန်းငါးရာ ချေးပါ။ သူ့ဘဏ်က အာမခံအဖြစ် အဲဒီတန်ဖိုးနဲ့ညီမျှတဲ့ ဘဏ်အာမခံစာချုပ်တစ်စောင် ထုတ်ပေးထားပါမယ်လို့ပြောတယ်။ ဒီတော့ 'ပရိုင်းဘဏ်' က အာမခံစာချုပ်တောင် ထုတ်ပေးနိုင်မှတော့ အဲဒီငွေကိုလည်းထုတ်ချေးနိုင်မှာပေါ့လို့ ဖေဖေက ပြန်ပြောလိုက်တယ်။ ဖေဖေ့ကို ကြားပွဲစားအဖြစ်ထားနေဖို့ မလိုဘူးလေ။ ရယ်စရာကောင်းတာက အဲဒီ 'ဘဏ်အာမခံစာချုပ်

www.burmeseclassic.com



လိမ်ဆင်တွေအကြောင်း လွန်ခဲ့တဲ့ ၂၅ နှစ်လောက်ကတည်းက စီးပွားရေးသမား အတော်များများဆီက ကြားနေရတာ ဖန်တစ်ရာတေနေပြီ။ အဲဒီအထဲမှာ အများစုဟာ ဘဏ်အာမခံစာချုပ် အတုတွေချည်းပဲ။

ဒီကမ္ဘာပေါ်မှာ လိမ်လို့ညာလို့လွယ်တဲ့လောဘသားတွေ အများကြီးရှိလေရဲ့။ သူတို့ဟာ ငွေရလွယ်မယ်ဆိုရင် ဘယ်လိုစီမံကိန်းမျိုးကိုမဆို ဘယ်လောက်ပဲ သံသယဝင်စရာကောင်းနေပေမယ့်လည်း ယုံကြည်လက်ခံလိုက်ကြတာပဲ။ လူသိများတဲ့ စင်ကာပူလူမျိုး ငွေကြေးကုမ္ပဏီတစ်ခုရဲ့ အထွေထွေ မန်နေဂျာတစ်ဦးဆိုရင် အဲဒီလို စီမံကိန်းမျိုးထဲမှာ ရင်းနှီးမြှုပ်နှံဖို့ သူ့အိမ်ကိုတောင် ရောင်းလိုက်တယ်။ သူ့ခမျာ အစစအရာရာဆုံးရှုံးသွားတယ်။ အဲဒီအထဲမှာ သူ့မိသားစုတောင်ပါသွားတယ်လေ။ နောက်ပြီး သူ့မှာ ကြွေးတွေလည်း တင်သွားတယ်။ အဲဒီအချိန်ကစပြီး သူလည်း စင်ကာပူကနေ ပျောက်သွားတော့တယ်။ ဒီတော့ လူလိမ်လူကောက်တွေကို သတိကြီးကြီးထားပါ။ သူတို့က မင်းတို့ရဲ့ ပိုက်ဆံတွေကို မသမာတဲ့နည်းနဲ့ ယူချင်ကြတာပေ့ါ။

မင်းတို့မှာ ငွေကြေးရှိကြောင်း လူတွေ မသိပါစေနဲ့။ မင်းတို့ ချမ်းသာကြွယ်ဝကြောင်း လူတွေသိအောင် ကြွားဝါစရာအကြောင်း ဘာမှမရှိဘူး။ ရဟတ်ယာဉ်နဲ့ ရေငုပ်သင်္ဘောက ကွာခြားတယ်။ အဲဒီယာဉ်နှစ်မျိုးစလုံးဟာ လိုရာအရပ်ကိုရောက်အောင် သွားနိုင်တာချည်းပဲ။ ဒါပေမဲ့ ရဟတ်ယာဉ်က သူလာပြီဆိုတာ အဝေးကြီးကတည်းက ကြေညာလာတယ်။ ရေငုပ်သင်္ဘောကတော့ လိုရာအရပ်ကို ရောက်အောင်အသံတိတ်သွားတယ်လေ။

ကိုယ်က လူလိမ်လူကောက်တွေထက် ပိုပြီး 'လျင်' ပါ။ နည်းလမ်းရှိရင် သူတို့ကို ဖော်ထုတ်ပါ။ တစ်ချိန်တည်းမှာ မင်းတို့ရဲ့ ပကတိအသိဉာဏ်ကို လောဘဇောတိုက်မှုက မလွှမ်းမိုးရအောင် သတိထားပါ။ 'ဖြတ်လမ်းနည်းနဲ့ သူဌေးဖြစ်ဖို့ 'ကမ်းလှမ်းချက်ဆိုရင် ဘယ်ကမ်းလှမ်းချက်မျိုးကိုမှ လက်မခံပါနဲ့။



မြန်မြန်ပိုက်ဆံရတယ်ဆိုတာ မြန်မြန်ဒုက္ခရောက်တော့မယ် ဆိုတဲ့ အဓိပ္ပာယ်ပဲ၊ ဒီတော့ နိုမ့်ချစွာ၊ ရောင့်ရဲစွာ၊ လောင်းကစားခြင်းကင်းစွာ နေထိုင်ပြီး မင်းတို့ဘဝထဲကို လူလိမ်လူကောက်တွေ ဝင်ရောက်နှောင့်ယှက်ခွင့် မပေးပါနဲ့၊

■

www.burmeseclassic.com

www.burmeseclassic.com

## သမီးကညာများ

'ဂျဝါဟာလာနေရူးတက္ကသိုလ်' က ဂုဏ်ထူးဆောင်ပါမောက္ခ မို့ဒ်ဟာဆန် (အမ်အေ၊ အယ်လ်အယ်လ်ဘီ၊ ပီအိပ်ချ်ဒီ) က ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့မှာ ဖေဖေ့ကို နှစ်ကြိမ်တိုင်တိုင်တိုက်တွန်းခဲ့တာကတော့ ဖေဖေ့အတွေး အမြင်တွေကို ရေးနေတဲ့အထဲမှာ သမီးကညာတွေအကြောင်းလည်း ထည့်သွင်းရေးသားပါတဲ့။ ခု ဖေဖေ့ရဲ့ 'ချွေးမလောင်းတွေ' နဲ့ မြေးမလောင်းတွေကို ရည်စူးပြီး ဆောင်းပါးရေးလိုက်တယ်။ မင်းတို့မှာ သမီးကညာတွေများ မွေးလာခဲ့ရင် သူတို့ကို ဒီဆောင်းပါး ဖတ်ကြည့်ခိုင်းရင် ကောင်းမယ်ထင်တယ်။

- ဘုရားသခင်က လူတိုင်းကို တူညီစွာဖန်ဆင်းပေးမထားဘူး ဆိုတာ မိန်းကလေးတစ်ယောက်အနေနဲ့ သမီးတို့ သိထားရမယ်။ ယောကျ်ားတွေက ကလေးမမွေးနိုင်ကြဘူး။ သမီးတို့က ကလေးမွေးနိုင်ကြတယ်ဆိုတာ သမီးတို့ ကောင်းကောင်းသိပြီးသားနော်။ ဘုရားသခင်က သမီးတို့ကို သမီးတို့ခင်ပွန်းသည်ရဲ့ အဖော်မွန်အဖြစ် ပါရမီဖြည့်ဖက်အဖြစ် ဖန်ဆင်းပေးထားတယ်။ သူတို့ရဲ့ အောင်မြင်မှုဟာ သမီးတို့အပေါ်မှာ အများကြီးမူတည်နေတယ်ကွဲ့။
- သမီးတို့ သိပြီးတဲ့အတိုင်း လောကမှာ ပြီးပြည့်စုံတဲ့လူရယ်လို့ ဘယ်သူမှ မရှိဘူး။ ဒီတော့ ဘဝမှာ ပျော်ရွှင်ချမ်းမြေ့စွာနဲ့ ငြိမ်းအေးသာယာစွာနေနိုင်ဖို့အတွက် သမီးတို့မှာ ကရုဏာနှလုံးသားနဲ့ သည်းခံခွင့်လွှတ်စိတ်ရှိနေရမယ်။ သမီးတို့ရဲ့ ခင်ပွန်းသည် စီးပွားရေးအရ၊ ဒါမှမဟုတ်



လုပ်ငန်းပိုင်းအရ 'အဆင်မပြေ' ချိန်မှာ သူ့ကို အားပေးပါ။ အားဖြည့်ပါ။ သမီးတို့ တတ်နိုင်သမျှ နည်းပေါင်းစုံနဲ့ ကူညီပါ။ သူ့အတွက် အကူအညီလိုနေချိန်မှာ သူနဲ့ အလှမ်းဝေးအောင်လုပ်ဖို့ မကြိုးစားပါနဲ့။ သူ့ကို 'ထုထောင်း' ဖို့ အခွင့်အရေးမယူပါနဲ့။ ဖေဖေ့မှာ မိတ်ဆွေ တစ်ယောက်ရှိတယ်။ သူဟာ သူ့အဖေဆီက ဒေါ်လာ သန်းသုံးရာလောက် ဆက်ခံအမွေရစရာရှိတယ်။ ဒါပေမဲ့ ထင်ရှားကျော်ကြားတဲ့ သူ့အဖေနဲ့ စကားများရန်ဖြစ်ပြီး သူ့အဖေပိုင်တဲ့ စီးပွားရေးလုပ်ငန်းကို ကျောခိုင်းလိုက်ရတယ်။ အဲဒီလို အကျပ်အတည်းတွေ့ပြီး စိတ်ထိခိုက် နေရတဲ့ကာလမျိုးမှာ သူ့ကို အားပေးကူညီမယ့်အစား သူ့မိန်းမက သူနဲ့ အဆက်ဖြတ်လိုက်တယ်။ ပြီးတော့ ကွာရှင်းပြတ်စဲလိုက်တယ်။ သူဟာ စိတ်ဆင်းရဲလွန်းလို့ ကိုယ့်ကိုယ်ကိုယ်သတ်သေမိမတတ်ခံစားခဲ့ရတယ်လို့ ဖေဖေ့ကို ပြောပြတယ်။

- ဖေဖေ အုံ့ဩတကြီးနဲ့ တုန်လှုပ်ရတာကတော့ ခေတ်သစ်မိန်းကလေးတချို့ဟာ ထမင်းဟင်းမချက်မပြုတ်တတ်ဘူးဆိုတာသိရလို့ပဲ။ သမီးတို့ ထမင်းဟင်းချက်ပြုတ်တာမှာ ပျော်မွေ့ရမယ်နော်။ ကိုယ့်လင်ယောကျ်ားက ကိုယ်ချက်ပြုတ်ကျွေးတဲ့ ထမင်းဟင်းကို ကိုယ့်အိမ်မှာ မြိန်ရေရှက်ရေစားချင်လာအောင် သမီးတို့ အချက်အပြုတ်ကောင်းရမယ်။ ကိုယ့်ယောကျ်ားက တခြားသူတစ်ဦးဦးအိမ်မှာ သွားပြီး စားသောက်တာမျိုးကို ညည်းတို့ လိုလားမှာမဟုတ်ဘူးဆိုတာ ဖေဖေ သိတာပေါ့။ သူဟာ 'ဒုတိယနေအိမ်' ကို တွေ့သွားနိုင်တယ်လေ။
- ဖေဖေ့မိတ်ဆွေ သွားရောဂါကုဆရာဝန်တစ်ယောက်က သူ့မိန်းမဟာ ကလေးမွေးရမှာကို သိပ်ကြောက်တယ်လို့ ညည်းညူဖူးတယ်။ အဲဒီတော့ ဘာဖြစ်သလဲ။ ခု သူတို့ အသက်လေးဆယ်နားကပ်နေပြီ၊ သားသမီးတစ်ယောက်မှ မရှိဘူး။ 'ရှေ့ဆက်ပြီး ပွားစည်းစေပါ' ဆိုတာ ဘုရားသခင်ရဲ့ မိန့်မှာချက်ပဲ။ သမီးတို့ တတ်နိုင်မယ်ဆိုရင် သားသမီးသုံး

www.burmeseclassic.com

www.burmeseclassic.com



ယောက်ထက်ပိုယူပါ။ နှစ်ယောက်ဆိုတာကတော့ နည်းလွန်းတာ အမှန်ပဲ။ အသက်ခြောက်ဆယ်ကျော်၊ အောင်မြင်တဲ့ စီးပွားရေးသမားကြီးတစ်ယောက်က ဖြစ်နိုင်ရင် နောက်ထပ် သားသမီးတွေ လိုချင်သေးကြောင်း ဖေဖေ့ကို ပြောတယ်။ သူ့မှာ လောလောဆယ်ကိုပဲ သားသမီး ငါးယောက်ရှိနေပြီ။ ဒါတောင် သူက နောက်ထပ်လိုချင်သေးသတဲ့လေ။

◆ သမီးတို့ရဲ့ လင်ယောကျ်ားနဲ့ သားသမီးတွေကို ကြင်နာပါ၊ ယုယပါ။ အဲဒါဆို သူတို့က သမီးတို့ကို ဒီ့ထက်မကတောင် တုံ့ပြန်ကြင်နာယုယလာကြလိမ့်မယ်။ တချို့မိခင်တွေဆို သူတို့ရဲ့ သားသမီးတွေကို ကြမ်းတမ်းရင့်သီးတဲ့ စကားလုံးတွေနဲ့ ဆူပူကြိမ်းမောင်းနေတာ 'သေပါစေ' လို့ ကျိန်ဆဲနေတာ ဖေဖေကိုယ်တိုင်မြင့်တွေ့ခဲ့ရတယ်။ တကယ်တော့ သူတို့ စိတ်ထဲကပါလို့ပြောတာ မဟုတ်ဘူးဆိုတာ ဖေဖေသိတယ်။ သူတို့ဟာ သူတို့ရဲ့ ဒေါသကို ထုတ်ဖော်ပြသနေတာပါ။ ဒီနေရာမှာ ဖေဖေ ပြောချင်တာကတော့ ကလေးတွေနားကြည်းသွားစေမဲ့ စကားလုံးမျိုးတွေ သုံးနှုန်းပြောဆိုတာ မှားတယ်၊ အဲဒီလိုသုံးနှုန်းပြောဆိုတာဟာ ကိုယ့်ကိုယ်ကိုယ် သတ်သေမှုမျိုးတောင်ဖြစ်ပေါ်စေနိုင်တယ်ဆိုတာပါပဲ။ ဒီတော့ ကြမ်းတမ်းရင့်သီးတဲ့ စကားလုံးတွေ မသုံးပါနဲ့။ အဲဒီစကားလုံးတွေကို သမီးတို့ရဲ့ ဝေါဟာရစာရင်းထဲက ဖျက်ထုတ်ပစ်လိုက်ပါ။

◆ ဖေဖေရေးထားတဲ့ 'လင်မယားကွာရှင်းပြတ်စဲခြင်း' ဆောင်းပါးကို ဖတ်ကြည့်ပါ။ သွက်လက်မြန်ဆန်တဲ့ ဒီခေတ်သစ်ကြီးထဲမှာ လင်မယားကွာရှင်းပြတ်စဲမှုဆိုတာ အချိန်တိုတိုအတွင်း ပြီးပြတ်သွားနိုင်ပြီး ပြန်ပြင်လို့မရတော့တဲ့ ဆုံးရှုံးပျက်စီးမှုကို ဖြစ်ပေါ်စေတယ်။ ထင်ရှားကျော်ကြားတဲ့ စီးပွားရေးသမားတစ်ယောက်ဟာ သူ့မိန်းမရဲ့ မိသားစုအသိုင်းအဝိုင်းက အတင်း အကျပ်ကိုင်တာနဲ့ သူ့မိန်းမကို ကွာရှင်းပေးလိုက်ရတယ်။ နောက်ပိုင်းကျတော့ ဒီလိုလုပ်လိုက်တာ မှားတယ်ဆိုပြီး



သူ့မိန်းမက နောင်တရတယ်။ ဒါနဲ့ သူ့ခင်ပွန်းဟောင်းဆီ သွားပြီး ကွာရှင်းပြတ်စဲမှုကို ရုပ်သိမ်းပေးဖို့ ဒူးထောက်တောင်းပန်တယ်။ ဒါပေမဲ့ အချိန်သိပ်နှောင်းသွားပြီလေ။ အဲဒီအချိန်မှာ အဲဒီလူက နောက်အိမ်ထောင်ပြုထားပြီကိုး။

ခုပြောခဲ့တဲ့အကြောင်းအရာတွေကို ဖေဖေရေးပြနေရတာဟာ သမီးတို့အနေနဲ့ စိတ်ဆင်းရဲစရာအကောင်းဆုံး ဆုံးရှုံးနစ်နာမှုတချို့ကို ရှောင်ကွင်းနိုင်အောင်လို့ပါ။ ကမ္ဘာကြီးကို အလှဆင်ဖို့နဲ့ အကြင်နာ တရားလွှမ်းခြုံပေးဖို့ သမီးတို့ လူဖြစ်လာကြရတာလေ။

■

www.burmeseclassic.com

www.burmeseclassic.com

## သေခြင်းတရား

ပညာရေးဝန်ကြီးဌာန၊ အကြီးတန်းဝန်ကြီး ဒေါက်တာတေအင်ဆွန်းဟာ ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့ နှလုံးရောဂါနဲ့ ကွယ်လွန်သွားရှာတယ်။ သူဟာ အသက် ၅၃ နှစ်ပဲ ရှိသေးတယ်။ ကင်ဆာရောဂါခံစားနေရရာက သက်သာပျောက်ကင်းလာတာ နှစ်အနည်းငယ်ပဲ ရှိသေးတယ်။

သေခြင်းတရားဟာ လူတိုင်းဆီကိုလာတယ်။ တို့များ သေခြင်းတရားကို နိုင်အောင် မတိုက်နိုင်ဘူး။ သူက အနေးနဲ့အမြန် ဆိုသလို အရောက်လာမှာပဲ။ ဒါပေမဲ့လည်း တစ်ဦးတစ်ယောက်ဟာ ပုံမှန်လူ့သက်တမ်း နှစ်ပေါင်း ၇၀ မတိုင်ခင် သေဆုံးရတာကတော့ ကြေကွဲစရာပေါ့လေ။ နာရေးကြော်ငြာတွေထဲမှာ အသက်ငယ်ငယ်နဲ့ ကွယ်လွန်သူတွေအကြောင်း ဖတ်ရတာ အထူးအဆန်း မဟုတ်တော့ဘူး။ သူတို့မိသားစုတွေ အတွက်တော့ အလွန်ကြေကွဲစရာကောင်းတဲ့ အဖြစ်သနစ်တွေပေါ့ကွယ်။

ဖေဖေဆိုရင် ကွယ်လွန်သူတွေအတွက် ဝတ်ပြုဆုတောင်းပွဲတွေကို ပုံမှန်သွားရောက်လေ့ရှိတယ်။ တချို့ပွဲတွေက ဖေဖေ့ မိတ်ကောင်းဆွေကောင်းတွေအတွက် လုပ်တဲ့ ပွဲတွေပါ။ သူတို့တစ်တွေ သေဆုံးရတာရဲ့ အဓိကအကြောင်းရင်း နှစ်ရပ်ကတော့ ကင်ဆာရောဂါနဲ့ နှလုံးရောဂါပဲ။ ဖြစ်နိုင်မယ်ဆိုရင် သူတို့လည်း ဒီ့ထက် သက်တမ်းရှည်ရှည် အသက်ရှင်နေထိုင်ချင်ကြမှာပဲဆိုတာ ဖေဖေသိတာပေါ့။ တကယ်တော့ သူတို့တစ်တွေ ဆေးလိပ်သောက်တဲ့အကျင့်ကို စွန့်လွှတ်ခဲ့ကြသင့်တယ်။ သူတို့တစ်တွေ တက်တက်ကြွကြွလှုပ်ရှားရတဲ့ အားကစားနည်းတချို့ကို ကစားခဲ့ကြသင့်



တယ်။ သူတို့ တစ်တွေ အစားအသောက်ကိုဂရုတစိုက်နဲ့ ဆင်ဆင်ခြင်ခြင် စားသောက်ခဲ့ကြသင့်တယ်။ ဒါပေမဲ့ သူတို့တစ်တွေ နောက်ကျလွန်းမကနောက်ကျသွားကြပြီလေ။

အရွယ်မတိုင်ခင်သေဆုံးရတဲ့အတွက် သက်တမ်းနုနုအိမ်ထောင်စုကိုထားရစ်ခဲ့ရတယ်ဆိုတာ တကယ့်ကို ကြေကွဲစရာကောင်းတဲ့ ဖြစ်ရပ်ပါ။ ဒါ့ကြောင့် အောက်ပါအချက်ကလေးတွေကို ဖေဖေ အကြံပေးပါရစေ။

- ❖ တစ်နေ့၊ တစ်ရက်တိုင်းကို ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကုန်လွန်စေပါ။ မင်းတို့အတွက် မနက်ဖြန် ရှိသေးသလား၊ မရှိတော့ဘူးလား ဆိုတာကို မင်းတို့ မသိနိုင်ဘူး။
- ❖ ပူပင်ကြောင့်ကြမှုတွေက မင်းတို့ကို ဒုက္ခမပေးပါစေနဲ့။ ပူပန်သောကတွေဟာ မကြာခင်ပျောက်ကွယ်သွားမှာပါ။ မင်းတို့ သောကတွေကို သေအောင်သတ်ရင်သတ်၊ မသတ်ရင် မင်းတို့ မြန်မြန်သေမှာပဲ။
- ❖ သင့်မြတ်လျော်ကန်တဲ့ ဖြည့်စွက်အစားအစာတွေ စားသောက်တဲ့နည်းနဲ့ အရွယ်ကျတာကို ကာကွယ်ပါ။ ဖေဖေဆိုရင် အောက်ပါ ဖြည့်စွက်အစားအစာတွေကို နေ့စဉ်ပုံမှန် စွဲစွဲမြဲမြဲစားတယ်။ ပျားဝတ်မှုန်၊ ကြက်သွန်ဖြူ ဆေးတောင့်၊ ငါးကြီးဆီဆေးတောင့်၊ ဗီတာမင်ဓာတ်မျိုးစုံနဲ့ သတ္တုဓာတ်ပါတဲ့ ဆေးလုံးတွေပဲ။ အသက် ၆၀ နားကပ်နေတဲ့ ဖေဖေ့ မိတ်ဆွေတချို့ဆိုရင် အရွယ်တင်လိုက်တာ အသက် ၄၀ လောက်လို့ ထင်ကြရတယ်။ သူတို့အားလုံး ပျားဝတ်မှုန်နဲ့ကြက်သွန်ဖြူကို နေ့စဉ်ပုံမှန်စားကြတယ်တဲ့။
- ❖ လေ့ကျင့်ခန်း မပြတ်လုပ်ပါ။ မင်းတို့ရဲ့နှလုံး အားကောင်းလာလိမ့်မယ်။
- ❖ ရေအများကြီးသောက်ပါ။ ကျောက်ကပ်တွေကို ထာဝစဉ် ဆေးကြောသန့်စင်ပြီးသားဖြစ်နေမယ်။
- ❖ ပြောင်မြောက်တဲ့ပြက်လုံးတွေကို နားထောင်ပါ။ ပြောင်မြောက်တဲ့ပြက်လုံးတွေကို ပြောပါ။ ရယ်မောတာဟာ အထက်မြက်ဆုံးဆေးစွမ်းကောင်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



- ကိုယ့်ထက်အသက်ကြီးသူအားလုံးကို ရိုသေလေးစားပါ။ အဲဒီလို ဂါရဝတရားထားတဲ့အတွက် မင်းတို့မှာ အသက်ရှည်စေတယ်လို့ သမ္မာကျမ်းစာက ဟောကြားတယ်။

ဘဝအရသာကို ပျော်ရွှင်နှစ်သက်စွာခံစားပါ၊ သေခြင်းတရားကို မမေ့ပါနဲ့၊ အချိန်ကိုဝယ်ယူလို့မရဘူး။ နောက်ပြီး မင်းတို့ ကျန်းကျန်းမာမာနဲ့ အသက်ရှည်နေထိုင်ခွင့်ရတာကို ကျေးဇူးတင်ပါ၊ ဒါကြောင့် တခြားလူတွေကော မင်းတို့ပါ ပျော်ပျော်ရွှင်ရွှင် ကျန်းကျန်းမာမာနေနိုင်အောင် အားထုတ်တဲ့နည်းနဲ့ တစ်နေ့တစ်ရက်ချင်းကို ချမ်းသာသုခအပြည့်ဝဆုံးဖြစ်အောင် ပြုလုပ်နေထိုင်ပါ၊

■

## လင်မယားကွာရှင်းပြတ်စဲခြင်း

လင်မယားကွာရှင်းပြတ်စဲခြင်းဆိုတာ နုတ်မရသိမ်းမရနိုင်လောက်အောင် လက်တွေ့ကျလွန်းတယ် သားတို့ရေ။ ပြန်ပြီး ရင်ကြားစေ့ သင့်မြတ်သွားတဲ့ ပြတ်တောက်ကင်းကွာပြီးသား အိမ်ထောင်ရေးမျိုးကတော့ နည်းပါတယ်။

မင်းတို့ရဲ့အနာဂတ်အရေးကို ဖေဖေ အရမ်းစိုးရိမ်တယ်။ အထူးသဖြင့် မင်းတို့ရဲ့ဇနီးမယားနဲ့ ပတ်သက်လို့ပေါ့။ ဒါကြောင့် နောက်ဆက်တွဲဆောင်းပါးကလေးကို ရေးလိုက်ရပြန်တယ်။

- အမှားအားလုံးကို အချစ်ကဖုံးလွှမ်းပစ်တယ် တဲ့။ ဒီအဆိုအမိန့်ဟာ သိပ်ကိုမှန်ကန်တဲ့ အဆိုအမိန့်ပေါ့။ ဖေဖေ့မိတ်ဆွေတစ်ယောက်က ပြောပြတယ်။ သူဟာ လူမှုရေးအရကော ရုပ်ပိုင်းအရပါ အရိုးစွဲနေတဲ့ ပြဿနာတွေရှိတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ခဲ့တယ်တဲ့။ သူတို့လက်ထပ်ပြီးတဲ့ နောက်ပိုင်းမှာ အဲဒီအမျိုးသမီးက ဒီလူ့ကို အတော့်ကို ဒုက္ခပေးခဲ့ ဆိုပဲ။ ဖေဖေကတော့ ဒီလူရဲ့ သည်းခံနိုင်စွမ်းနဲ့ အချစ်စိတ်ကို လေးစားအားကျမိတယ်။ ဒီလူ ဒီမိန်းမကို ဘာဖြစ်လို့ လက်ထပ်ယူခဲ့ပါလိမ့် လို့လည်း ဖေဖေ မကြာမကြာ အတွေးကြွယ်မိတယ်။
ဖေဖေ့မိတ်ဆွေ နောက်တစ်ယောက်ကတော့ စိတ်ရောဂါရှင် အမျိုးသမီးတစ်ယောက်နဲ့ လက်ထပ်ခဲ့တယ်။ ဒီလူဟာ ခုချိန်ထိ သူ့မိန်းမကို ပြုစုစောင့်ရှောက်ဖို့ သူ့အချိန်တွေ အများကြီးပေးခဲ့တာကလား။ စိတ်ရှည်ဖို့၊ သည်းခံဖို့၊ တယုတယပြုစုစောင့်ရှောက်ဖို့ အများကြီးလိုတာပေါ့ကွယ်။ အဲဒီလို လူမျိုးတွေကို ဖေဖေ ဦးညွှတ် အလေးပြုမိ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ အချစ်စစ်အချစ်မှန်ဆိုတာ ကောင်းကင်ဘုံကလာတာပါ။ အချစ်စစ်အချစ်မှန်တွေ အများကြီးပိုင်ဆိုင်ခွင့်ရဖို့ မင်းတို့ ဘုရားသခင်ဆီမှာ တောင်းခံရမယ်။

တကယ်လို့မင်းတို့ဟာ မင်းတို့မိန်းမကို တကယ်ချစ်တယ်ဆိုရင် သူ့ရဲ့ နောက်ကြောင်းရာဇဝင်ကို မမေးရဘူး။ နောက်ကြောင်းရာဇဝင်ဆိုတာ များသောအားဖြင့် မကောင်းဘူး။ နောက်ကြောင်းရာဇဝင်ကို နည်းနည်းသိလေ ပိုကောင်းလေပဲ။ ဒါမှ ခိုက်ရန်ဒေါသဖြစ်ရတဲ့ အခါမျိုးတွေမှာ မခံချိမခံသာ ဖြစ်စေမယ့် စကားမျိုးတွေ မပြောဖြစ်တော့မှာပေါ့။

❖ မင်းတို့ရဲ့ ဇနီးမယားက ဘုရားသခင်အကြောင်းကိုသိတယ်၊ ဘယ်လို ဝတ်ပြု ဆုတောင်းရမယ်ဆိုတာကိုသိတယ်ဆိုရင် အနာဂတ်ကာလမှာ မင်းတို့ ဒုက္ခကြီးကြီးကျယ်ကျယ်တွေ့မှာ မဟုတ်ဘူး။ သူဟာ မင်းတို့ရဲ့ ခွန်အားနဲ့ ပျော်ရွှင်မှု ဖြစ်နေလိမ့်မယ်။ အလှအပထက် ဘုရားသခင်ကို ပိုပြီးဆည်းကပ်ကိုးကွယ်ပါ။ တကယ်လို့ မင်းတို့ရဲ့ဇနီးမယားဟာ ဘယ်လိုဝတ်ပြုဆုတောင်းရမယ်ဆိုတာကို မသိဘူး၊ ဝတ်ပြုဆုတောင်းတာနဲ့ ပြဿနာတွေကိုဖြေရှင်းကျော်လွှားနိုင်တယ်ဆိုတာလည်း မသိဘူးဆိုရင် သူဟာ နောင်တစ်ချိန်မှာ ဆင်းရဲဒုက္ခတွေနဲ့ ကောလာဟလသတင်းတွေကို လက်လျှော့အရှုံးပေးသွားလိမ့်မယ်။

❖ အောင်မြင်တဲ့ယောကျ်ားတိုင်းရဲ့ နောက်ကွယ်မှာ မိန်းမတစ်ယောက်ရှိနေတယ်။ အဲဒီအတိုင်းပဲ။ မအောင်မြင်တဲ့ ယောကျ်ားတိုင်းရဲ့ နောက်ကွယ်မှာ ရှိနေတာလည်း မိန်းမပါပဲ။ ဇနီးမယားရွေးတဲ့အခါ ဂရုတစိုက် ရွေးချယ်ပါ။ သူ့ရဲ့ ဝတ်စားဆင်ယင်ပုံနဲ့ စားပုံသောက်ပုံမလေ့စရိုက်တွေကို လေ့လာပါ။ အကဲခတ်ပါ။ သူ့အပေါင်းအသင်းတွေ၊ သူ့မိတ်ဆွေတွေဟာ ဘယ်သူတွေလဲဆိုတာကိုကြည့်ပါ။ ဖော်ထုတ်ပါ။ တကယ်လို့ ဒီမိန်းကလေးဟာ ပေါ့ပြက်ပြက်မိန်းကလေးမျိုး ဖြစ်နေရင်၊ ပြီးတော့



သူပေါင်းတဲ့သင်းတဲ့ သူတွေကလည်း မကောင်းဘူးဆိုရင်တော့ သားတို့ရေ . . . . ဝေးရာကိုသာ ပြေးကြပေတော့။

❖ လက်ထပ်ထိမ်းမြားပြီးတဲ့ နောက်ပိုင်းကျတော့ မင်းတို့ ကွာရှင်းပြတ်စဲရေးဆိုကို စဉ်းစားချင်စိတ် ပေါက်လာလောက်တဲ့ အနေအထားတချို့တွေ့လာလိမ့်မယ်။ အထင်အမြင်လွဲတဲ့ အခိုက်အတန့်ကလေးတွေ မလွှဲသာမရှောင်သာ ပေါ်ပေါက်လာမှာပဲ။ အဲဒီအခါမျိုးမှာ ခက်ထန်မာကျောတဲ့ ဆုံးဖြတ်ချက်မျိုးတွေကို စိတ်လိုက်မာန်ပါ မဆုံးဖြတ်ပါနဲ့။ အဲဒီလိုဆုံးဖြတ်ချက်မျိုးချမှတ်ဖို့ အနည်းဆုံး ခြောက်လကနေ သုံးနှစ်အထိ အချိန်ပေးပါ။ မိဘနှစ်ပါးစလုံးဟာ ရင့်ကျက်တဲ့ သဘောထားရှိပြီး စာနာထောက်ထားတတ်တဲ့စိတ်မျိုးရှိရင် အိမ်ထောင်ရေးပြဿနာတွေကို ဘယ်လောက်မြန်မြန်ဆန်ဆန် ဖြေရှင်းကျော်လွှားနိုင်တယ်ဆိုတာ မင်းတို့ တအံ့တသြတွေ့ကြရလိမ့်မယ်။

❖ လုပ်စရာရှိတာကို မြန်မြန်ဆန်ဆန်လုပ်ပစ်ဖို့ အကြံပေးလာတဲ့ အပေါင်းအသင်းတွေရဲ့စကားကို မနာခံပါနဲ့။ ကွာရှင်းဖို့၊ ပြတ်စဲဖို့ ရှေ့နေလိုက်တဲ့လူတွေကို ကြည့်လိုက်၊ အများစုဟာ သူတို့ကိုယ်တိုင်က ကွာရှင်းပြတ်စဲထားသူ၊ လင်မယားကွဲနေသူ၊ အိမ်ထောင်မရှိသူ၊ မိန်းမလျာ၊ ဒါမှမဟုတ် ယောကျ်ားလျာတွေ ဖြစ်နေတာ တွေ့ရလိမ့်မယ်။

❖ လင်မယားကွာရှင်းပြတ်စဲတာကို ဘုရားသခင်က စက်ဆုပ်တော်မူတယ်။ ဒီတော့ ဘဝကြင်ဖော်ကိုရွေးတဲ့အခါ ကိုယ်နဲ့အတွဲညီမယ့် အဖော်မွန်ကို ရွေးမိစေဖို့ အလေးထားဂရုစိုက်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် အခြေအနေက တကယ့်ကို ဆိုးဆိုးရွားရွား ဖြစ်နေပြီဆိုရင်တော့ ဘုရားသခင်ဆီမှာ ဆုတောင်းဖို့နဲ့ ဘုရားသခင်ရဲ့ ထိန်းကျောင်းစောင့်ရှောက်မှုကို ခံယူဖို့ လင်မယားနှစ်ယောက် ခဏတစ်ဖြုတ်ခွဲခွာနေနိုင်တာပဲ။ ဒါပေမဲ့ အဲဒီလိုခွဲခွာနေပြီး အဖော်သစ်ကိုမရှာပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



◆ လင်မယားကွာရှင်းပြတ်စဲမှုကို တားဆီးဖို့အတွက် လင်မယားနှစ်ယောက်စလုံး အတူတွဲပြီး နေ့စဉ်နေ့တိုင်း ဘုရားသခင်ဆီမှာ ဝတ်ပြုဆုတောင်းမယ်ဆိုရင် မမှားနိုင်ပါဘူး။

*အိမ်ထောင်ပြုတာဟာ လူသားမျိုးနွယ်အတွက် ဘုရားသခင်က ချီးမြှင့်တော်မူတဲ့ ကောင်းချီးမင်္ဂလာပဲ၊ ဒီတော့ အိမ်ထောင်သုခကိုခံစားပြီး သားသမီးတွေ ပွားစည်းစေပါ၊ ခိုင်မြဲတဲ့ ချစ်ခြင်းမေတ္တာလမ်းကြောင်းကို လျှောက်ပါ၊ အမုန်းလမ်းကြောင်းကို မလျှောက်ပါနဲ့၊*

■

## အရက်သေစာသောက်စားခြင်း

မင်းတို့ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ အပြင်ထွက်ပြီး သောက်စား ပျော်ပါးတဲ့အခါ သူတို့တိုက်တဲ့အရက်ကို နှစ်ခွက်ထက်ပို မသောက်ဘဲ နေတာဟာ လိမ္မာယဉ်ကျေးတဲ့အပြုအမူ ဖြစ်တယ်။ တကယ်လို့ နှစ်ခွက်ထက်ပိုသောက်ဖို့ လိုအပ်လာရင် နောက်ထပ်သောက်တဲ့ အရက်ဖိုးကို ကိုယ့်ဘာသာကိုယ် ပေးပါ။ မော်တော်ကားမောင်းနိုင်တယ်လို့ တရားဝင်ခွင့်ပြုထားတဲ့ ယမကာပမာဏက ဘီယာနှစ်ခွက်နော်။ အဲ့ဒီထက်ပိုသောက်ထားမိရင် ကားမမောင်းမိဖို့ သတိထားပါ။ တဒင်္ဂပျော်ရွှင်မှုဟာ တစ်သက်လုံးကြေကွဲစရာ ဖြစ်သွားနိုင်တယ်။ အိမ်ပြန်ဖို့ အငှားကားစီးပါ။ မူးနေတဲ့အပေါင်းအသင်းတွေက ကားမောင်းပြီး လိုက်ပို့ပေးတာကိုလည်း ခွင့်မပြုနဲ့။ အမူးသမားမောင်းတဲ့မော်တော်ကားတွေနဲ့ လိုက်မိတဲ့ ခရီးသည် အတော်များများဟာ ခုဆို သူတို့ရဲ့အုတ်ဂူတွေထဲမှာ အိပ်စက်အနားယူနေကြပြီလေ။

မိတ်ဆုံစားသောက်ပွဲတွေမှာ လူတွေရဲ့အကျင့်စရိုက်ကို အကဲခတ်မှန်းလို့ ရနိုင်တယ်။ ယမကာဖိုးကို ဘယ်သူကပေးချေနေတယ်ဆိုတာ အမှုမထားဘဲ ကိုယ်သောက်နိုင်သလောက် နင်းကန်သောက်တတ်တဲ့လူတွေရှိတယ်ကွဲ့။ သူတို့ဟာ မိတ်ဆွေအပေါင်းအသင်းတွေရဲ့စေတနာနဲ့ လောကဝတ်ပြုမှုကို အခွင့်အရေးယူတတ်တဲ့ လူတွေပေါ့။ ဒီတော့ အဲဒီလူမျိုးတွေကို သတိထား၊ အဲဒီလူမျိုးတွေနဲ့တွဲဖက်ပြီး စီးပွားရေးမလုပ်မိအောင် ဆင်ခြင်ပါ။

ဟောဒီမှာ စိတ်ဝင်စားစရာကောင်းတဲ့ အချက်ကလေးတချို့ ဖော်ပြထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



- အလျှုရှင်အများစုဟာ သူတို့ရဲ့ချေ့သည်တွေကို ပိုပြီးသောက်စေချင်တယ်။ ဒီတော့ နှစ်ခွက်သောက်ပြီးလို့ နောက်ထပ်လည်း သောက်ရဦးမယ်၊ အရက်ဖိုးပေးခွင့်လည်းမပြုဆိုရင် ယမကာကို ကိုယ့်ဘာသာသွားယူခွင့်ပြုဖို့ အလှုရှင်ကို ချိုသာယဉ်ကျေးစွာပြောပါ။ မင်းတို့ရဲ့ယဉ်ကျေးဖွယ်ရာမှုကို သူ တလေးတစားအသိမှတ်ပြုပါလိမ့်မယ်။ အဲဒီလိုပြုမူတဲ့လူဟာ မင်းတစ်ယောက်တည်းပဲ ရှိကောင်းရှိနိုင်တယ်။
- ဘရန်ဒီဆိုရင် ဖြည်းဖြည်းချင်းအရသာခံပြီး သောက်ရတယ်။ ယမကာကို မြန်နိုင်သမျှအမြန်ဆုံး လည်ချောင်းထဲလောင်းထည့်တဲ့ တရုတ်သောက်နည်းဟာ မှားတယ်။ ငွေဖြုန်းတီးရာရောက်တယ်။
- အသားနီ (သိုး၊ အမဲ စတဲ့အသားဟင်းလျာ)ကို စားနေရင် ဝိုင်အနီကိုသောက်ပါ။ အသားဖြူ (ကြက်၊ ဘဲ စတဲ့အသားဟင်းလျာနဲ့ ပင်လယ်အစားအစာ)ကို စားနေရင် ဝိုင်အဖြူကိုသောက်ပါ။
- ယမကာအနည်းကျဉ်းသောက်တာ ကိုယ်ခန္ဓာအတွက် သင့်လျော်ကောင်းမွန်တယ်။ အဲဒီလိုသောက်တာကို သမ္မာကျမ်းစာကတောင်အားပေးထောက်ခံတယ်။
- သင့်တင့်လျောက်ပတ်စွာ ယမကာသောက်သုံးတာဟာ ကောင်းပါတယ်။ ဒါပေမဲ့ အရက်သေစာ အလွန်အကျွံသောက်စားမှုကြောင့်ဖြစ်ပေါ်ခဲ့ရတဲ့ ဘေးဒုက္ခတွေအကြောင်း သမိုင်းစဉ်တစ်လျှောက်မှာတခမ်းတနား ရှိလေရဲ့။ အရက်ရဲ့ကျေးကျွန် ခေါင်းဆောင်တွေကြောင့်စီးပွားရေး လုပ်ငန်းတွေနဲ့ အစိုးရအဖွဲ့အစည်းတွေ ပြိုလဲပျက်စီးခဲ့ရတယ်။ ဘယ်အလုပ်မဆို အစွန်းရောက်အောင် လုပ်ရင် မကောင်းဘူး။ မင်းတို့ရဲ့ ဘွားအေကြီးဆို အသက် ၉၆ နှစ်ထိ အသက်ရှင်နေထိုင်သွားတယ်။ ဖေဖေတို့ဟာ ဆင်းရဲနွမ်းပါးပေမယ့် သူက ညစဉ်ညတိုင်းအိပ်ရာ မဝင်ခင် ဖန်ခွက်ကလေးတစ်ခွက်နဲ့ ဆေးဖက်ဝင် ဝိုင်အချိုသောက်လေ့ ရှိတယ်။ အသက် ၉၀ ရောက်တာတောင် သူ့မျက်လုံးတွေ



အမြင်ကြည်နေတုန်းပဲ။ သူဟာ အပ်ပေါက်လည်း ထိုးနိုင်တယ်၊ အပ်လည်းချုပ်နိုင်တယ်။

**ယမကာကောင်းကောင်းကို သောက်သုံးပါ၊ အလွန်အကျွံမသောက်ရင် ပျော်ရွှင်ကြည်နူးစရာကောင်းပါတယ်၊**

■

www.burmeseclassic.com

www.burmeseclassic.com

## ပျော်မွေ့စွာ အလုပ်လုပ်ခြင်း

ဒီကမ္ဘာလောကကြီးမှာ နှစ်သက်ပျော်မွေ့စွာ အလုပ်လုပ်တာထက် ပို ကောင်းတာ ဘာမှမရှိဘူး။ တို့တစ်တွေအနေနဲ့ အလုပ်လုပ်တာကို လှပတဲ့ အတွေ့အကြုံတစ်ခုအဖြစ် ဖန်တီးလို့ရတယ်။

လွန်ခဲ့တဲ့ နှစ်အတော်ကြာကြာတုန်းက 'စင်ကာပူရေကူးကလပ်' မှာ အမှုထမ်းနေတဲ့ စားပွဲထိုးမယ်တစ်ဦးဟာ ဘာဖြစ်လို့များ ငိုမဲ့မဲ့ မျက်နှာကြီးနဲ့ ဖြစ်နေပါလိမ့်လို့ ဖေဖေ အံ့သြတကြီးဖြစ်လေ့ရှိခဲ့တယ်။ ဒီသူငယ်မ ပြုံးတာ ရယ်တာကို ဖေဖေ တစ်ခါမှ မတွေ့ခဲ့ဖူးဘူး။ အဲဒီနောက် မကြာခင်မှာပဲ စိတ်လှုပ်ရှားစရာကောင်းလောက်တဲ့ ပြောင်းလဲမှုတစ်ရပ် ဖြစ်လာတယ်။ သူဟာ အချိုသာဆုံး အပြုံးကလေးနဲ့ တည်ခင်းဧည့်ခံလာတယ်။ အဲဒီလို ကောင်းမွန်ပြီး အပြုသဘောပါတဲ့ပြောင်းလဲမှုမျိုး ဖြစ်ပေါ်လာအောင် တစ်ခုခုတော့ ဖြစ်ပျက်ခဲ့ရမယ်လေ။ နောက်မှ သိရတာက သူဟာ ယဉ်ကျေးဖွယ်ရာ နေထိုင်ဆက်ဆံရေးသင်တန်း တက်ခဲ့ပြီး လာရောက်စားသုံးသူတွေကို ဘယ်လို နှစ်သက်ပျော်မွေ့စွာ ဆက်ဆံဧည့်ခံရမယ့်အကြောင်း လေ့လာသင်ယူခဲ့တယ်ဆိုပဲ။ သူပြုံးလိုက်တဲ့အခါ လူတွေကို ပျော်ရွှင်ချမ်းမြေ့မှုပေးနိုင်တယ်ဆိုတာကို သူမသိခဲ့ဘူးလေ။ ခုတော့ သူတည်ခင်းဧည့်ခံတဲ့ အစားအစာက ပိုပြီးတော့တောင် အရသာရှိလာသဗျာ့။ သူဟာ သူ့အလုပ်ကို တကယ်ပဲ နှစ်သက်ပျော်မွေ့စွာ လုပ်လာတယ်။ ပြီးတော့ အလုပ်လုပ်နေရတဲ့ အချိန်တိုင်းကိုလည်း နှစ်သက်မြတ်နိုးလာတယ်။ ဒီတော့ သူ့ကို ကြီးကြပ်ရေးမှူးအဖြစ် နေ့ချင်းညချင်း ရာထူးတက်ပေးလိုက်တာအပေါ် ဘယ်သူမှ အံ့သြတကြီး ဖြစ်မနေတော့ဘူးပေါ့ကွယ်။



***အတွေးအတွက်အာဟာရ***

- တို့များရဲ့ အလုပ်ခွင်ကို လှလှပပပြင်ဆင်လိုက်ရင် ပျော်မွေ့စရာကောင်းတဲ့ နေရာဌာနတစ်ခု ဖြစ်လာနိုင်မလား။ ဆေးရောင်လှလှကလေး သုတ်ထားမလား။ ပန်းမန်တွေနဲ့ မွှမ်းမံမလား။
- တို့တစ်တွေဟာ ပင်ကိုသဘာဝကိုက သပ်သပ်ရပ်ရပ်နေတတ်သူတွေလား။ ကိုယ်ပိုင်စာကြည့်ခန်းတို့၊ ရုံးခန်းတို့မှာရှိတဲ့ စားပွဲပေါ်မှာ သန့်ရှင်းနေရမယ်။ မလိုအပ်တဲ့ စာရွက်စာတမ်းတွေ မရှိရဘူး။
- တို့များရဲ့ လက်ရေးလက်သားကကော။ တို့များရဲ့လက်ရေးကို လူတွေအဖတ်ရခက်နေသလား။ အဲဒီလိုဖြစ်နေတယ်ဆိုရင် သေသေသပ်သပ်ရေးဖို့ အားထုတ်ကြိုးပမ်းရတော့မယ်။ မင်းတို့ရဲ့ လက်ရေးလက်သားကို လူတွေ စိတ်ချမ်းချမ်းသာသာနဲ့ဖတ်ပါစေ။ ခုဆို ဖေဖေလည်း ကိုယ့်လက်ရေးကိုယ် ကောင်းသထက်ကောင်းအောင် ကြိုးစားပြုပြင်နေတယ်။
- မင်းတို့ရဲ့ အလုပ်ပတ်ဝန်းကျင်ကော။ မင်းတို့ရဲ့ ပတ်ဝန်းကျင်အခြေအနေ အသက်ဝင်စိုပြည်နေအောင် မင်းတို့က ရွေ့ဆောင်ရွေ့ရွက်ပြုကြရမယ်။ မနက်ပိုင်းဆိုရင် လူတိုင်းကို စတင်နှုတ်ဆက်သူဟာ မင်းတို့ဖြစ်ပါစေ။ မင်းတို့ရဲ့အသံဟာ ကြင်နာမှုနဲ့နွေးထွေးနေပါစေ။ ရုံးခန်းထဲမှာ အလင်းရောင်ဖြာဝေအောင် စတင်ထွန်းညှိပေးမဲ့ မီးပွားကလေးဖြစ်နေပါစေ။ တကယ်လို့ အလုပ်တွေပြီးပြတ်အောင် အချိန်ပိုလုပ်ရမယ်ဆိုရင်လည်း ပျော်ပျော်ရွှင်ရွှင်လုပ်ပါ။ အဲဒီအတွက် ဆုလာဘ်ကို ခံစားကြရမှာပါ။ အဲဒီဆုလာဘ်ကတော့ ပျော်ရွှင်မှုရယ်၊ အများနဲ့ အဆင်ပြေမှုရယ်ပဲပေါ့။ မင်းတို့မှာ မိတ်ဆွေကောင်းတွေနဲ့ ပျော်ရွှင်မှုတွေ အများကြီး ရလာလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



◆ ဘာပဲလုပ်လုပ်၊ ပထမတစ်ခါလုပ်ခဲ့တာထက် ပိုကောင်းအောင်ကြိုးစားလုပ်ပါ။ တို့တစ်တွေအတွက် စိန်ခေါ်မှုတွေ လိုအပ်တယ်လေ။ တို့တစ်တွေရဲ့ အတ္တစိတ်ကို မြှင့်တင်ပေးဖို့ လိုအပ်တယ်။ ကိုယ်လက်လှုမ်းမီနိုင်တဲ့ မြင့်မြင့်မားမားရည်မှန်းချက်တွေ ချမှတ်ပါ။ မင်းတို့ဟာ ထာဝစဉ်အောင်နိုင်သူတွေ ဖြစ်နေဖို့ လူဖြစ်လာကြတာ။ ရိုကျိုးနှိမ့်ချစွာ နေထိုင်ကျင့်ကြံပြီး ဖြည်းဖြည်းမှန်မှန်ရလာတဲ့ အောင်မြင်ထမြောက်မှုတွေထဲမှာ အံ့မခန်းစရာပျော်ရွှင်မှုတွေ ရှိနေတယ် သားတို့ရေ။

**မင်းတို့ရဲ့အလုပ်ကို နှစ်သက်ပျော်မွေ့စွာလုပ်ပါ။ အရာရာတိုင်း (မင်းတို့ရဲ့အတွေးတွေ၊ မင်းတို့ရဲ့အသံ၊ မင်းတို့ရဲ့ရုံးခန်း မင်းတို့ရဲ့ မော်တော်ကား၊ မင်းတို့ရဲ့လက်ရေး၊ မင်းတို့ရဲ့ပေါင်းသင်း ဆက်ဆံရေး . . .) ကိုအလှဆင်ပါ။ ပြီးတော့ အဲဒီလိုပြုမူကျင့်ကြံဖို့ တို့မှာအချိန်အကန့်အသတ်ရှိနေတယ် ဆိုတာ သိနားလည်ထားပါ။**

■

## မနာလိုစိတ်

မင်းတို့တစ်တွေ လူတွေနဲ့အတူအလုပ်လုပ်ကြရတဲ့အခါကျ မင်းတို့ကို တမင်သက်သက် လိုက်ပြီးဒုက္ခပေးနေတဲ့လူ တစ်ယောက်ယောက်ကို မလွဲမသွေ တွေ့ရကြုံရလိမ့်မယ်။ ဖေဖေ့ဘဝဇာတ်ကြောင်းကို ပြန်လှန်သုံးသပ်ကြည့်တော့ ဖေဖေ့ ခေါင်းဆောင်မှုအရည်အချင်းကို လေးစားအားကျတဲ့ လူတွေဟာ ဖေဖေ့ကို ဆန့်ကျင်တိုက်ခိုက်လာကြတာ တွေ့ရတယ်။ ဒီ အကြောင်း တွေးကြည့်ရတာ စိတ်ဝင်စားစရာပဲ။

ဖေဖေဦးဆောင်ရတဲ့ အစည်းအဝေးတွေမှာ ဖေဖေ့ကို စိတ်ဆိုးအောင် အစဉ်တစိုက် အနှောင့်အယှက်ပေးလာတဲ့ မိတ်ဆွေတစ်ဦးကို ဘာဖြစ်လို့ အဲဒီလိုလုပ်နေသလဲဆိုတာ ဖေဖေကပဲစပြီး မေးကြည့်ခဲ့ဖူးတယ်။ သူပြောပြတာက ဖေဖေ့ဦးဆောင်မှုစွမ်းရည်ကို သူမနာလိုဘူးတဲ့။ ဒီတော့ တခြားလူတွေရဲ့ အတိုအထောင်လုပ်မှုနောက်ကိုလိုက်မိပြီး သူ့ရင်ထဲက စိတ်ဆိုးစိတ်မိုက်က သူ့ကိုအနိုင်ယူလွှမ်းမိုးသွားတာပါပဲတဲ့။ ပြန်တွေးကြည့်တော့ လူအတော်များများဟာ တခြားလူတွေအပေါ် မနာလိုစိတ် မွေးတတ်ကြတာ တွေ့ရတယ်။

ဆော်လမွန်ဘုရင်ကြီးက ဉာဏ်ပညာကြီးမားစွာရေးသားခဲ့တာကတော့ 'လူသားတွေဟာ မနာလိုစိတ်နဲ့ ရှင်သန်ကြီးထွားလာကြတယ်' တဲ့။ အိမ်နီးချင်းတစ်ဦးက သူ့အိမ်ကို ပြန်လည်ပြင်ဆင်မွမ်းမံမယ်၊ ဒါမှမဟုတ် ဖြိုချပြီး တည်ဆောက်မယ်ဆိုတာနဲ့ မကြာမတင်ကာလအတွင်း တခြားအိမ်နီးချင်းတွေကလည်း သူ့လိုလိုက်လုပ်ကြတာ မင်းတို့တွေ့ရလိမ့်မယ်။ တစ်ယောက်ယောက်က မော်တော်ကားအသစ်တစ်စီးဝယ်လိုက်တာနဲ့

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင်အတွင်း တခြားတစ်ယောက်ကလည်း ကားအသစ် လိုက်ဝယ်တော့တာပဲ။ တို့တစ်တွေဟာ တို့အိမ်နီးချင်းတွေမှာရှိသမျှကို အမြဲတမ်းလိုက်ပြီး မနာလို ဖြစ်နေတတ်ကြတာကလား။

'မနာလိုစိတ်' ဆိုတာ လူ့စရိုက်၊ လူ့သဘာဝရဲ့ ကင်ဆာရောဂါတစ်မျိုးပဲ ဆိုတာ မင်းတို့ အသိအမှတ်ပြုရမှာပဲ။ စစ်မှန်တဲ့ ရိုကျိုးနှိမ့်ချမှုနဲ့ ရင့်ကျက်တဲ့ စိတ်ထားရှိသူတွေကတော့ တခြားလူတွေအပေါ် မနာလိုဝန်တိုမှု မရှိကြဘူး။ လောကမှာ ချမ်းသာသူတွေက ပိုပြီးချမ်းသာချင်ပြီး ဆင်းရဲသူတွေက ပိုပြီး မဆင်းရဲချင်ကြဘူး။ ဒီတော့ ဆင်းရဲသူတွေက ချမ်းသာသူတွေကို မနာလိုဖြစ် ကြတာပေါ့။ ဘာပဲဖြစ်ဖြစ် သူတို့နှစ်ဦးစလုံးဟာ သူတို့ရဲ့ ချမ်းသာကြွယ်ဝမှုတွေ၊ ဒါမှမဟုတ် ဆင်းရဲမွဲတေမှုတွေကို သူတို့နဲ့အတူ တစ်ပါတည်း ယူမသွားနိုင်ဘဲ သေလွန်သွားကြရမှာပါပဲ။

ဖေဖေ့မှာ အောက်ဖော်ပြပါ အကြံပြုချက်ကလေးတွေ ရှိနေတယ်။

❖ မင်းတို့မှာရှိတာနဲ့ ရောင့်ရဲတင်းတိမ်တတ်အောင် လေ့ကျင့်ပါ။ 'ရောင့်ရဲတင်းတိမ်ခြင်းဟာ ကြီးမားတဲ့ အကျိုးအမြတ်' လို့ ဆိုရိုးရှိခဲ့တယ်လေ။

❖ မင်းတို့မှာ လှပတဲ့နှလုံးသား ရှိမယ်၊ ကြင်နာတဲ့နှလုံးသား ရှိမယ်၊ ပြီးတော့ တခြားလူတွေကိုကူညီချင်တဲ့စိတ်ထား ရှိမယ်ဆိုရင် မင်းတို့ရင်ထဲမှာ မနာလိုစိတ်ခိုဝင်ဖို့ မလွယ်ဘူးဆိုတာ ဖေဖေ တွေ့ရတယ်။ မင်းတို့ ဘယ်သူနဲ့ပဲတွေ့တွေ့၊ တွေ့တဲ့လူတိုင်းနဲ့ မျှဝေခံစားဖို့ မင်းတို့ ပါးစပ်ဖျားမှာ မင်္ဂလာရှိတဲ့စကားကလေးတွေ၊ အံ့ဩဝမ်းသာစရာ စကားကလေးတွေ အမြဲတမ်းရှိနေပါစေ။ အဲဒီလို ပြုမူကျင့်ကြံတဲ့ အတွက် သမ္မာကျမ်းစာပါ ကြင်နာမှုနဲ့ ကောင်းမြတ်မှုကို လူအားလုံးဆီ ရောက်အောင် ဖြန့်ဝေရေးမှာ မင်းတို့ တစ်တပ်တစ်အား ကူညီရာ ရောက်တာပေါ့။

❖ မင်းတို့ရဲ့ မိတ်ဆွေတွေက ကောက်ကာငင်ကာ မင်းတို့ကို ကျော်ခိုင်းဆန့်ကျင်ကြပြီဆိုရင် သူတို့ကို စိတ်မဆိုးပါနဲ့။ သူတို့ကိုကရုဏာ



သက်လိုက်ပါ။ သူတို့အတွက် ဆုတောင်းမေတ္တာပို့သပါ။ လူတွေရဲ့ ချို့ယွင်းချက်တွေကို ခွင့်လွှတ်တတ်တာဟာ ဘဝရဲ့ ကြီးမြတ်တဲ့ဂုဏ်သတ္တိတွေထဲက ဂုဏ်သတ္တိတစ်ခုပေါ့ကွယ်။

❖ တချို့လူတွေဟာ ခေါင်းဆောင်မှုအပိုင်းကို ရယူချင်ကြတယ်။ သူတို့ဟာ အဲဒီနေရာမျိုးကိုရဖို့ ဆိုရင် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် လှုပ်ရှားဆောင်ရွက်ကြတယ်။ မင်းတို့ကို အသည်းအသန်လိုလားနေတဲ့ အနေအထားမျိုး မဟုတ်ရင် အဖွဲ့အစည်းတစ်ခုရဲ့ ထိပ်တန်းရာထူးမျိုးကို ရအောင် မကြံဆောင်သင့်ဘူး။ အောက်ခြေမှာနေပြီး လူတွေကို အကျိုးပြုရတာ ပိုပြီးကောင်းပါတယ်။ ထိပ်တန်းရာထူးတွေရထားတဲ့ ခေါင်းဆောင်အတော်များများဟာ သူတို့ထက် ပိုပြီး စွမ်းဆောင်နိုင်တဲ့လူတွေကို နေရာဖယ်ပေးဖို့ ငြင်းဆန်တတ်ကြတယ်။ မင်းတို့ ထိပ်တန်းကို ရောက်သွားရင် သင့်တင့်လျောက်ပတ်တဲ့ အချိန်မှာ မင်းတို့ရာထူးကို လွှဲပြောင်းပေးနိုင်အောင် လူတော်လူကောင်းလက်ထောက်တွေကို လေ့ကျင့်ပျိုးထောင်ပေးဖို့ မမေ့ပါနဲ့။ မင်းတို့ရဲ့တာဝန်က မင်းတို့ထက် သာတဲ့လူတွေပေါ် ပေါက်လာအောင် လေ့ကျင့်မွေးထုတ်ပေးဖို့ပဲ။ အဲဒီတော့ မနာလိုစိတ်က မင်းတို့ကို မနှောင့်ယှက်နိုင်တော့ဘူးပေါ့။

❖ ဒီကမ္ဘာကြီးက လှပတဲ့ကမ္ဘာကြီးပါ။ ဒါပေမဲ့ ဒီကမ္ဘာကြီး ပိုပြီးလှပလာအောင် မင်းတို့က တစ်တပ်တစ်အား ပါဝင်ကြိုးစားကြရမယ်။ မင်းတို့ရဲ့ စံနမူနာပြ လုပ်ရပ်ကောင်းတွေကို ပြသတဲ့နည်းနဲ့ တခြားလူတွေ လိုက်လုပ်ချင်လာပါစေ။ ရိုကျိုးနှိမ့်ချစွာ ကျင့်ကြံနေထိုင်တဲ့နည်းဟာ ငြိမ်းချမ်းမှုနဲ့ ပျော်ရွှင်မှုကို ရစေဖို့ အသေချာဆုံးနည်းလမ်းပဲဆိုတာ မမေ့ပါနဲ့။ မနာလိုစိတ်က ဒုက္ခကိုသာဖြစ်ပေါ်စေပါတယ်။

**မနာလိုစိတ်ဆိုတာ ကောင်းမြတ်မှုကို အရည်ပျော်စေပြီး 'ဆိုးသွမ်းမှု' အဖြစ် အသွင်ပြောင်းပစ်စေတဲ့ ဝရဲမီးပဲ၊**

■

www.burmeseclassic.com

www.burmeseclassic.com

## လေ့ကျင့်ခန်း

လေ့ကျင့်ခန်းက မင်းတို့ရဲ့ နှလုံးနဲ့ ကိုယ်ခန္ဓာအတွက် အကျိုးရှိစေတယ်။ တကယ်လို့ မင်းတို့ လေ့ကျင့်ခန်းအစီအစဉ်တစ်ခုအတိုင်း ပုံမှန်လိုက်နာလေ့ကျင့်မယ်ဆိုရင် အကျိုးကျေးဇူးတွေ မှတ်မှတ်ရရ ဖြစ်ထွန်းလာတာ တွေ့ရလိမ့်မယ်။

- ◈ မင်းတို့ရဲ့စိတ်တွေ ပိုပြီး ကြည်လင်လာမယ်။ စဉ်းစားတွေးခေါ်မှု ပိုပြီး ထက်မြက်လာမယ်။ မင်းတို့ရဲ့ ဦးနှောက်ထဲကို အောက်ဆီဂျင်ဓာတ် ပိုဝင်ပြီး မင်းတို့ ပိုပြီးထက်မြက်သန်စွမ်းလာလိမ့်မယ်။
- ◈ နေလို့ထိုင်လို့ ပိုကောင်းပြီး လန်းလန်းဆန်းဆန်းနဲ့ ပိုကြည့်ကောင်းလာမယ်။ လူများစုဟာ ကျန်းမာသန်စွမ်းပုံပေါက်တဲ့ လူတွေနဲ့သာ ပေါင်းသင်းဆက်ဆံချင်ကြတယ်ဆိုတာ မင်းတို့ တွေ့လာလိမ့်မယ်။ လူများစုဟာ ကျန်းမာရေးချို့တဲ့ပုံပေါက်နေတဲ့လူတွေနဲ့ တွေ့ရင် သူတို့အတွက် စိတ်မကောင်းဖြစ်ပြီး စိတ်မသက်မသာဖြစ်တတ်ကြတယ်။
- ◈ မင်းတို့ရဲ့ကိုယ်ခန္ဓာ ပိုပြီး သန်စွမ်းလာတော့ ဖျားနာမှုကို မြန်မြန်တိုက်ဖျက်နိုင်တာပေ့ါ။ ပြီးတော့ စားကောင်း၊ သောက်ကောင်း ဖြစ်လာမယ်။
- ◈ မင်းတို့ အသက်ရှည်ရှည်နေသင့်တယ်။ ကျန်းမာသန်စွမ်းတဲ့ လူတစ်ယောက်ဟာ ပုံမှန်အားဖြင့် သူ့ရဲ့ ခေတ်ပြိုင်အပေါင်းအသင်း အများအပြားထက် ပိုပြီး အသက်ရှည်တတ်ပါတယ်။ မင်းတို့အနေနဲ့ မင်းတို့ရဲ့ မြေးတွေ မြစ်တွေနဲ့ ဆော့ကစားရတဲ့ ပျော်ရွှင်မှုမျိုးကို ခံစားချင်လိမ့်မယ်လို့ ဖေဖေ ယုံကြည်တာပေ့ါ။



- ◈ မင်းတို့ အောင်မြင်မှုကို ပျော်ရွှင်ခံစားကြလိမ့်မယ်။ အောင်မြင်မှုဆိုတာ အဲဒီအောင်မြင်မှုကို ပျော်ပျော်ရွှင်ရွှင်ခံစားနိုင်လောက်အောင် ကျန်းမာရေးကောင်းမှ ကောင်းတာကွဲ့။ လူအတော်များများဟာ သူတို့ရဲ့ စီးပွားရေးအရအောင်မြင်မှုတွေကို ဆေးကုစရိတ်အတွက် သုံးစွဲပစ်ကြရတယ်လေ။

မနက်ပိုင်း၊ ဒါမှမဟုတ် ညနေပိုင်း၊ ဒါမှမဟုတ် အိမ်က အပြေးလေ့ကျင့်စက်ပေါ်မှာပဲ ဖြည်းဖြည်းမှန်မှန် အပြေးလေ့ကျင့်ပါ။ လက်ထောက်မှောက် လေ့ကျင့်ခန်းကို အနည်းဆုံး အကြိမ် ၂၀ နေ့စဉ်ပြုလုပ်ပါ။ လူသားမျိုးနွယ် အတွက် အကောင်းဆုံးလေ့ကျင့်ခန်းကတော့ ရေကူးတာပဲ။ ရေထုက မင်းတို့ ရဲ့ ကိုယ်ခန္ဓာကို နှိပ်နယ်ပေးတယ်လေ။

လေ့ကျင့်ခန်းမလုပ်ဘဲ နေ့တစ်နေ့ကို ဘယ်တော့မှ မဝင်ပါနဲ့၊ တစ်နေ့တစ်ရက်တိုင်းဟာ အဆိုးနဲ့ အကောင်း ဖြစ်ရပ်တွေကို ခေါ်ဆောင်လာမှာဆိုတော့ မင်းတို့ ပိုပြီး ကောင်းကောင်းအသက်ရှူ၊ စားသောက်၊ တွေးတော၊ စကားပြောပြီး စိတ်ကြည်ကြည်လင်လင်နဲ့ အဲဒီပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းနိုင်အောင် လေ့ကျင့်ခန်းကို မြူးပျော်စွာလုပ်ပါ၊ နှစ်ပေါင်းများစွာ မပျက်မကွက် လေ့ကျင့်ခန်းလုပ်လာတဲ့အခါ အစစအရာရာ အလိုအလျောက် အဆင်ပြေလာလိမ့်မယ်၊ ဒါကြောင့် နေသာသာ၊ မိုးရွာရွာ၊ ပျော်ချင်ပျော်၊ ဝမ်းနည်းချင်နည်း နေ့စဉ်နေ့တိုင်း လေ့ကျင့်ခန်း မပျက်မကွက် လုပ်ပါ။

■

www.burmeseclassic.com

www.burmeseclassic.com

# စိတ်တူသဘောတူ မိတ်ဆွေစု

သံကို သံက သွေးပေးတယ်။ အဲဒီလိုပဲ လူတစ်ဦးကို တခြားလူတစ်ဦးက သွေးပေးတယ်။ စိတ်တူ ဝါသနာတူသူတွေဟာ အုပ်စုကလေးဖွဲ့ပြီး ပုံမှန်တွေ့ဆုံသင့်တယ်။ သမိုင်းကြောင်းဆိုင်ရာ ပေါက်မြောက်အောင်မြင်မှုအတော်များများဟာ ဒီပုံဒီနည်းနဲ့ ဖြစ်ပေါ်ခဲ့တယ်။ နိုင်ငံရေးပါတီ အတော်များများလည်း ထိုနည်းလည်းကောင်း ပေါ်ပေါက်လာတာပါပဲ။

ရည်မှန်းချက်တူသူ၊ ခံယူချက်သဘောထားတူသူတွေ စုထားတဲ့ အမြှုတေအဖွဲ့ကလေးနဲ့ စတင်ပါ။ စရိုက်သဘာဝချင်း မတူဘူးလို့ သံသယဝင်လောက်တဲ့လူမျိုး ဆိုရင် မင်းတို့အုပ်စုမှာ ဝင်ခွင့်မပြုပါနဲ့။ အဖွဲ့ထဲမှာ ပါဝင်သူတိုင်းဟာ ရည်မှန်းချက်မြင့်မားရမယ်၊ အောင်မြင်ချင်စိတ်ပြင်းပြရမယ်၊ စံနမူနာပြ ဂုဏ်သတ္တိတွေနဲ့ ခေါင်းဆောင်ကောင်းတွေ ဖြစ်ချင်ရမယ်။ စံနမူနာပြဂုဏ်သတ္တိတွေဆိုတာကတော့ ရုပ်ပိုင်းကောစိတ်ပိုင်းပါ ကြံ့ခိုင်တောင့်တင်းတာ၊ ယဉ်ကျေးဖွယ်ရာရှိတာ၊ သက်ကြီးရွယ်အိုတွေကို ရိုသေကိုင်းရှိုင်းတာ၊ တိုင်းပြည်နဲ့လူမျိုးအပေါ် သစ္စာစောင့်သိတာ၊ ဖြောင့်မတ်မှန်ကန်တာနဲ့ အလုပ်ကို အားကြိုးမာန်တက်လုပ်ဖို့ အသင့်ဖြစ်နေတာတို့ပါပဲ။

ဖေဖေဆိုရင် မိတ်ဆွေတစ်ဦးအိမ်မှာပြုလုပ်တဲ့ ကလာပ်စည်းဆွေးနွေးပွဲကလေးကို ပုံမှန်တက်လေ့ရှိခဲ့တယ်။ သူက ဖေဖေ့ရွှေနေလေ။ မိတ်ဆွေအဖြစ် ပေါင်းခဲ့တာလည်း ၂၄ နှစ်ရှိပြီ။ သူ့ကလာပ်စည်းကလေးမှာ စီးပွားရေးသမားတွေ၊ ဆရာဝန်တွေ၊ အငြိမ်းစားဝန်ထမ်းတွေ၊ အိုးအိမ်ကိုယ်စားလှယ်တွေ၊ ရုံးဝန်ထမ်းတွေနဲ့ သူနာပြုတွေ ပါဝင်တယ်။ ဒီအဖွဲ့ကလေးက အလေးထားဦးစားပေးတာကတော့ စိတ်ပိုင်းဆိုင်ရာ ငြိမ်းအေး



ချမ်းသာမှုပါပဲ။ ဒီအဖွဲ့ကလေးရဲ့အလှက ဘာလဲဆိုတော့ သူတို့ရဲ့ဆွေးနွေးပွဲကို တက်ရောက်ရတိုင်း ဖေဖေဟာ ပြန်လည်နုပျိုပြီး ငယ်မူငယ်သွေးတွေ ကြွတက်လာတာပါပဲ။ တခြားလူတွေလည်း ဖေဖေ့လိုပဲ ခံစားကြရမှာ သေချာပါတယ်။ ဒီအဖွဲ့ကလေးဟာ စိတ်စွမ်းအားနဲ့ ငြိမ်းချမ်းမှု သိုလှောင်ကန်တစ်ခုနဲ့တူတယ်။ ဒီကန်ထဲက စိတ်စွမ်းအားနဲ့ ငြိမ်းချမ်းမှုတွေကို တို့များခပ်ယူပြီး ကိုယ့်ကိုယ်ကိုယ်ပြန်လည်အားဖြည့်နိုင်တာပေါ့။

ဖေဖေ ၁၆ နှစ်သားလောက်တုန်းက စင်ကာပူမှာ ခရစ်ယာန်ဘာသာဝင် ကလာပ်စည်းကလေးတွေ ဖွဲ့စည်းရေးမှာ တက်တက်ကြွကြွပါဝင်ခဲ့တာပေါ့။ နောက်တော့ အဲဒီကလာပ်စည်းကလေး တချို့က ကြီးထွားလာတယ်။ ဖေဖေက ခရစ်ယာန်ဘာသာဝင်များ လက်စွဲစာစောင်တွေလည်း ရေးခဲ့တယ်။ အဲဒီစာစောင်တွေကို အိန္ဒိယဘာသာ၊ တရုတ်ဘာသာတွေနဲ့ ဘာသာပြန်ခဲ့ကြတယ်။ အိန္ဒိယ၊ ဟောင်ကောင်နဲ့ စင်ကာပူ အဖွဲ့အစည်းတချို့က ဖေဖေရေးတဲ့ လက်စွဲစာစောင်တွေကို ပြန်ပြီးပုံနှိပ်ထုတ်ဝေခွင့်ပြုဖို့ ခွင့်တောင်းကြတယ်။ ဖေဖေကလည်း ဝမ်းမြောက်ဝမ်းသာခွင့်ပြုခဲ့တာပေါ့။ ဖေဖေ့အတွေ့အကြုံနဲ့ ဗဟုသုတကို မျှဝေပေးချင်လို့ သဘောတူခဲ့တာလေ။ အဲဒီလို သဘောတူခွင့်ပြုရာမှာ ဖေဖေ တစ်ကိုယ်တော်ကျော်ကြားလိုတဲ့ ဆန္ဒကြောင့်မဟုတ်သလို ဖေဖေ့ငွေအိတ်ဖောင်းလာစေချင်တဲ့ ဆန္ဒကြောင့်လည်း မဟုတ်ပေဘူး။ အနည်းဆုံး တစ်ပတ်တစ်ကြိမ်တွေ့ဆုံပါ။ လူတိုင်းလူတိုင်းဟာ လွန်ခဲ့တဲ့ သီတင်းပတ်အတွင်း သူတို့ဖြစ်ပျက်ကြုံတွေ့ခဲ့ရတဲ့ အကျိုးပြုဖြစ်ရပ် ကောင်းတွေကို ပြန်ပြောပြဖို့ အသင့်ဖြစ်နေရမယ်။ ဖြစ်နိုင်ခြေရှိတဲ့ အဖြေတွေကို ရှာဖွေ ရယူလိုတဲ့ မျှော်လင့်ချက်နဲ့ သူတို့ရဲ့ အခက်အခဲပြဿနာ တွေကိုလည်း တင်ပြကြရမယ်။ မျှဝေခံစားတာဟာ တင်းမာမှုကို လျော့ပါး စေပြီး စာနာထောက်ထားမှုနဲ့ ကျွမ်းဝင်ရင်းနှီးမှုကို ဖြစ်ပေါ်စေပါတယ်။ အဖွဲ့ကလေးဟာ ဘယ်အချိန်၊ ဘယ်နေရာမှာမဆို တွေ့ဆုံနိုင်တယ်။ ကောင်းတာကတော့ နေအိမ်တစ်အိမ်ပဲပေါ့။ နေအိမ်မှာဆိုတော့ ယမကာ၊ အိမ်သာ၊ အစားအစာနဲ့ တယ်လီဖုန်း စတာတွေ အသုံးပြုဖို့ အဆင်ပြေတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲစရာဖြစ်ရပ်ဆိုးတစ်ခုအကြောင်းကို ဖေဖေ ခုထိ မတွေးဘဲ မနေနိုင်ဘူး။ ဖေဖေ့မိတ်ဆွေကောင်းတစ်ဦးဟာ လွန်ခဲ့တဲ့ နှစ် ၂၀ လောက်က အိမ်ရာတည်ဆောက်ရေးဘုတ်အဖွဲ့ပိုင် တိုက်တစ်တိုက်ရဲ့ အပေါ်ထပ်ကနေ ခုန်ချခဲ့တယ်။ သူ့ရဲ့ဦးခေါင်းတစ်ခုလုံး ကြေမွသွားတယ်။ သူက ဒိုင်ဗင်သမား တစ်ဦးလို ဦးစိုက်ပြီးကျသွားတာကိုး။ သူဟာ အလားအလာကောင်းတဲ့ စီးပွားရေးသမားတစ်ယောက်ပါ။ နောက်မှသိရတာက သူ့ခမျာ အိမ်တာဝန်၊ အလုပ်တာဝန်တွေပိပြီး စိတ်သောကရောက်ခဲ့ရဆိုပဲ။ သူ့ပြဿနာတွေကို မျှဝေခံစားပြီး ဝိုင်းဝန်းဖြေရှင်းပေးနိုင်မဲ့ အဖွဲ့ကောင်းတစ်ဖွဲ့နဲ့သာ သူ ဆက်သွယ်ထားခဲ့ရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ ဖေဖေတွေးမိတယ်။ သူမသေခင်ကလေးကဆို သူဟာ သူ့ဘာသာသူ ငြိမ်ကုပ်နေခဲ့တယ်။ သူ စကားပြောတဲ့ လူလည်း အတော့်ကို နည်းတယ်။ သေခြင်းတရားဟာ ဘဝရဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ဖြေရှင်းပေးတဲ့ အဖြေမဟုတ် ဘူး။ တကယ်တမ်းကျတော့ သူ့မှာ ကလေးတွေကျန်ခဲ့တယ်လေ။ အဲဒီမှာ မမှန်သလိုလိုနဲ့ မှန်ကန်နေတဲ့အချက်တစ်ချက် ရှိတယ်။ အဲဒါကတော့ သူ အဲဒီလိုအဖြစ်ဆိုးနဲ့သေခဲ့ရတဲ့ အဓိကအကြောင်းရင်းဟာ သူ့မိန်းမကြောင့် ဆိုတဲ့အချက်ပဲ။ ကိုယ့်ချို့ယွင်းချက်ကို သိမြင်နောင်တရသွားတဲ့ သူ့မိန်းမဟာ နှစ်စဉ် နှစ်တိုင်း သတင်းစာထဲမှာ သတိရလွမ်းဆွတ်ခြင်း ကြော်ငြာတွေ ထည့်နေတယ်လေ။

တကယ်လို့ ဒီလူမှာ သူ့အပေါ် နားလည်မှုအပြည့်၊ စာနာမှုအပြည့်နဲ့ ဝိုင်းဝန်းစောင့်ရှောက်မဲ့ အမာခံအုပ်စုကလေးသာ ရှိရင် ဒီလူ ဒီအဖြစ်ဆိုးမျိုး ကို ရှောင်ရှားနိုင်မှာပဲလို့ ဖေဖေ တစ်ယောက်ချင်းအနေနဲ့ ယုံကြည်မိတယ်။ ကိုယ့်ကိုယ်ကိုယ်သတ်သေတာဆိုတာ စိတ်လိုက်မာန်ပါ ဆုံးဖြတ်ချက်မျိုး ဖြစ်တာ များပါတယ်။ လူတွေသေချင်ကြတာ ဘာဖြစ်လို့လဲဆိုတော့ ဘဝဟာ အနှစ်မပါအကာပြဲ့ပြဲ့ ဖြစ်နေပြီး ဘဝဦးတည်ချက် မရှိလို့ပါပဲ။

ဒါကြောင့် တစ်ယောက်ကိုတစ်ယောက် ကူညီဖေးမနိုင်အောင် ဝါသနာတူမိတ်ဆွေစုကလေးတွေ ဖွဲ့ထားပါ။ ဒီလိုအဖွဲ့ကလေးတွေ



ရှိနေတဲ့အတွက် တို့ရဲ့ဘဝတွေ ပိုပြီး ကောင်းသထက်ကောင်းအောင်၊ ပျော်သထက်ပျော်အောင်၊ ပြီးတော့ ပိုပြီးအောင်မြင်သထက်အောင်မြင် အောင် လုပ်လို့ရတယ်။ ဒီလိုလုပ် လို့ရလာရင် ဖြစ်ပေါ်လာနိုင်တဲ့ ဆင်းရဲ ဒုက္ခတွေကိုလည်း တားဆီးကာကွယ် နိုင်မယ်လေ။

■

www.burmeseclassic.com

www.burmeseclassic.com

## ဖော်ရွေမှု

ဖေဖေ့ရဲ့ပြိုင်ကားအိုကြီးဟာ မြို့လယ်ကောင်က ကားရပ်ကွင်းထဲမှာ သောင်တင်ပြီး ညဥ့်သိပ်ထားခဲ့ရတယ်။ မနက်ကျတော့ စက်ပြင်ဆရာတစ်ဦးကိုခေါ်ပြီး မြို့ထဲကိုသွားရတာပေါ့။ စက်ပြင်ဆရာက တယ်ပြီးဖော်ဖော်ရွေရွေရှိပုံမရဘူး။ သူ့မျက်နှာကြီးကြည့်ရတာ ခြောက်သယောင်းပြီးတွန့်လိမ်နေတဲ့ သဘော်သီးကြီးလိုပဲ။ စက်ရုပ်လူသားကြီးနဲ့တူတဲ့ ဒီ 'ရုယ်စရာငနဲ' နဲ့တော့ ပြဿနာပဲလို့ ဖေဖေ တွေးလာမိတယ်။

ဒါနဲ့ ဖေဖေ့ကားရှိရာမြို့ထဲကို ကားမောင်းလာတုန်း သူ့ကို စကားပြောကြည့်တယ်။ သူကအနိမ့်အမြင့်မရှိတဲ့ အသံသေကြီးနဲ့ ပြန်ဖြေတယ်။ ဟုတ်ပါတယ်၊ ဒီလူဟာ ဘယ်လိုမှ ရင်းနှီးနှီးဖော်ဖော်ရွေရွေ မရှိတဲ့လူပဲ။ "ဒီလူနဲ့စကားဆက်မပြောတာ ကောင်းလိမ့်မယ်" လို့လည်း ကိုယ့်ကိုယ်ကိုယ်ပြောမိတယ်။ သူက ပေါက်ကွဲတော့မဲ့ဆဲဆဲ မီးတောင်ကြီးတစ်တောင်လိုပဲကိုး။ တစ်ချိန်တည်းမှာပဲ လူတစ်ယောက်ကို ဒီလောက်မြန်မြန်ဆန်ဆန်ကြီး အကဲဖြတ်တာ မမှန်သေးပါဘူးလို့လည်း သဘောပေါက်မိတယ်။ ဒါနဲ့ သူ့ကို နောက်တစ်ကြိမ် စကားပြောကြည့်ပြန်တယ်။ ဒါပေမဲ့ ဒီတစ်ခါတော့ 'ဟိုကီယင်' ဘာသာစကားနဲ့ ပြောလိုက်တယ်။ လက်စသတ်တော့ ဒီဘာသာစကားက သူပြောတဲ့သာသာစကား ဖြစ်နေတာကိုး။

ဖေဖေ့မှာ သားနှစ်ယောက်ရှိတဲ့အကြောင်း ဖေဖေကပြောပြတယ်။ နောက်ပြီး ဖေဖေတို့ဟာ ဆင်းရဲကြောင်း၊ ညီလေးတွေရဲ့ကျောင်းစရိတ်ရအောင် ၁၆ နှစ်သားလောက်ကတည်းက အလုပ်လုပ်ခဲ့ရကြောင်းလည်း ပြောပြတယ်။ ချက်ချင်းလက်ငင်းဆိုသလိုပဲ သူဟာ လိုလိုချင်ချင် ပြုံးပြုံး



ရွှင်ရွှင်နဲ့ တုံ့ပြန် ပြောဆိုလာတယ်။ သူနဲ့ဖေဖေက ကျောထောက်နောက်ခံ အနေအထားချင်းတူတယ်လေ။ သူလည်း မလေးရှားမှာ ဆင်းဆင်းရဲရဲ ကြီးပြင်းခဲ့ရတာကိုး။

ကားရပ်ကွင်းကိုရောက်တော့ သူကဖေဖေ့ကားရဲ့ ချို့ယွင်းချက်ကို ပြင် ပေးတယ်။ ဒါ့ပြင် တခြားပြင်ဆင်စရာ တို့တို့တိတိကလေးတွေလည်း 'ကိုင်' ပေးသေးတယ်။ ဖေဖေ့ကိုကားနဲ့မောင်းခေါ်လာပြီး ကားကိုပြင်ပေးတဲ့အတွက် ဘယ်လောက်ပေးရမလဲလို့ ဖေဖေက မေးတယ်။ သူက စင်ကာပူဒေါ်လာ ၁၅ ဒေါ်လာပေးပါ တဲ့။ ဖေဖေတုန်လှုပ်သွားတာပေါ့။ ဖေဖေက ပြင်ဆင်စရိတ် ဒေါ်လာ ၇၀ ကျမယ်လို့မှန်းထားကြောင်း၊ ဒါကြောင့် ၁၅ ဒေါ်လာထက် ပိုပြီးယူပါလို့ပြောတယ်။ သူက ပိုပေးတဲ့ငွေကို လုံးဝမယူဘူးလို့ အပြတ်ငြင်းတယ်။ သူက ဖေဖေနဲ့ မိတ်ဆွေပဲဖြစ်ချင်ပါတယ်တဲ့။ တကယ်တော့ စင်ကာပူဒေါ်လာ ၁၅ ဒေါ်လာဆိုတာ ဓာတ်ဆီဖိုးပဲရှိတယ်။ သူ့ရဲ့ ဝန်ဆောင်မှုနဲ့ အချိန်အတွက်က အခမဲ့ပေါ့။ ဖော်ရွေမှုက အကျိုးပေးပါတယ်။

ဖိလစ်ပိုင်နိုင်ငံက 'ပင်နာတူဘို' မီးတောင် ပေါက်ကွဲတော့ လေထဲမှာ ပြာတွေလွင့်ပျံပြီး 'ယူနိုက်တက်လေကြောင်းကုမ္ပဏီ' က လေယာဉ်တစ်စီး စက်ချို့ယွင်းသွားတယ်။ ဒါကြောင့် ၁၉၉၁ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့မှာ ဟောင်ကောင်ကိုပျံသန်းမယ့် ခရီးစဉ် ဖျက်သိမ်းလိုက်ရတယ်။ ခရီးသည်တွေအားလုံးကို အိမ်ပြန်ပို့ပေးတယ်။ ဒါမှမဟုတ် ဟိုတယ်တွေကိုပို့ပေးတယ်။ ဖေဖေက တရုတ်ပြည်ကိုသွားဖို့ ဟောင်ကောင်ကတစ်ဆင့် လေယာဉ်ပြောင်းစီးရမှာဆိုတော့ ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေတော့တာပေါ့။ လေကြောင်းကုမ္ပဏီက ဟိုတယ်နဲ့ခရီးသွားအစီအစဉ်တွေ အကုန်လုံးလုပ်ပြီးနေပြီ။ စရိတ်စကတွေလည်း ပေးချေထားပြီးပြီ။ ဖေဖေက ဌာနခွဲမန်နေဂျာကိုချဉ်းကပ်ပြီး အကူအညီတောင်းတယ်။ ဒါပေမဲ့ သူ့ခမျာ မကျေမနပ်နဲ့ စိတ်တိုနေတဲ့ ခရီးသည်တွေက ဝိုင်းပြီးပြောနေတဲ့ တောင်းဆိုချက်တွေကို လက်မလည်အောင် ဖြေရှင်းနေရရှာတယ်။ ဒါနဲ့ သူတို့မှာ အရန်လေယာဉ်

www.burmeseclassic.com

www.burmeseclassic.com



တစ်စီးလောက်တော့ရှိမှာပဲ ဆိုတဲ့မျှော်လင့်ချက်နဲ့ အဲဒီနားမှာ တစ်နာရီလောက် မတ်တတ်ရပ်ပြီး စောင့်နေမိတယ်။ ဖေဖေ့လက်မှတ်က အခမဲ့စီးခွင့်လက်မှတ်။ လက်မှတ်သက်တမ်းသတ်မှတ်ချက် မရှိဘူး။ ဦးစားပေးခြင်းပေးရင် တခြားခရီးသည်တွေကို ဦးစားပေးမှာပဲ။ ဖေဖေ့အတွက် အခွင့်အလမ်းနည်းပါးတာသိထားတော့ သူ့ကို ရိုးရိုးကလေးပဲအကူအညီတောင်းမိတယ်။ ဖေဖေတည်းမယ့်ဟိုတယ်ကို အကြောင်းကြားပေးဖို့နဲ့ ဖေဖေ အချိန်မီရောက်မလာနိုင်ကြောင်း ဟောင်ကောင်က ခရီးသွားအေဂျင်စီကို လှမ်းပြီးသတင်းပို့ပေးဖို့ပေါ့ငလေ။

ဖေဖေ့ကိုယ်စား သူဆက်သွယ်ပေးရမယ့် တယ်လီဖုန်းနံပါတ်တွေယူလာပြီး သူ့ကောင်တာရှေ့လည်းရောက်ရော သူက အံ့အားသင့်စရာစကား တစ်ခွန်းပြောတယ်လေ။ သူ့နောက်ကိုလိုက်ခဲ့ပါတဲ့။ ဒါနဲ့ "ဘယ်လိုလဲ" လို့ ဖေဖေကမေးတယ်။ ဒီတော့ သူကပြောတယ်၊ ဖေဖေအရမ်းကံကောင်းတယ်တဲ့။ 'စင်ကာပူလေကြောင်းကုမ္ပဏီ'က ဟောင်ကောင်ကို ထွက်မယ့်လေယာဉ်ပေါ်မှာ ဒုတိယတန်းကစီးနင်းလိုက်ပါနိုင်အောင် စင်ကာပူဒေါ်လာ ၁,၄၀၀ အကုန်အကျခံဖို့ 'ယူနိုက်တက်လေကြောင်းကုမ္ပဏီ' က သဘောတူလိုက်ပါသတဲ့ဗျား။

စောစောတုန်းက ဖေဖေကသူ့ကို တခြားလူတွေလို ပြစ်တင်မောင်းမဲတာတွေ မလုပ်ခဲ့ဘူး။ ရိုးရိုးကလေးပဲ အသနားခံခဲ့တာ။ သူ့ရဲ့ ကျပ်တည်းတဲ့ အနေအထားကို ဖေဖေသဘောပေါက်နားလည်တယ်။ ဒါကြောင့် ကူညီနိုင်မယ်ဆိုရင် တတ်စွမ်းသလောက်ကူညီပါလို့ပဲ ဖေဖေကပြောခဲ့တာကိုး။ ကဲ. . . ခုတော့ သူတတ်စွမ်းသလောက်ကူညီလိုက်ပြီလေ။ ဖော်ရွေမှုဟာ တကယ့်ကို အကျိုးပေးပါတယ်။ ကြည့်လေ ဘယ်လောက်အကျိုးထူးပေးသလဲဆို ဖေဖေအခမဲ့ စီးခွင့်ပြုတဲ့ တတိယတန်းလက်မှတ်ကနေ ငွေပေးစီးရတဲ့ ဒုတိယတန်း လက်မှတ်အဖြစ် တိုးမြှင့်သတ်မှတ်ပေးတာခံလိုက်ရတယ်လေ။



မင်းတို့ပြောတဲ့ စကားလုံးတွေဟာ မင်းတို့ရင်ထဲက လာတဲ့ စကားလုံးတွေ ဖြစ်ပါစေ။ လူတွေကို စကားပြောတဲ့အခါ သူတို့ရဲ့ မျက်လုံးတွေကို ကြည့်ပြီးပြောပါ။ ချီးမွမ်းစရာအကြောင်းအရာကောင်းကလေးတွေ ရှာဖွေပါ။ စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းအရာအပြင် ရယ်မော ရွှင်ပြုံးရမယ့် အကြောင်းအရာကလေးတွေပါ ညှပ်ပြီး ပြောပါ။ နှစ်လိုဖွယ် ကောင်းမှုဆိုတဲ့ ရေမွှေးနဲ့ဖျန်းဆွတ်ပေးပါ။ ဒီကမ္ဘာလောကကြီးမှာ အတော်များများဟာ ဒုက္ခရောက်နေပြီး သူတို့မှာ အပေါင်းအသင်းမိတ်ဆွေနည်းပါးတယ်ဆိုတာ သဘောပေါက်ထားပါ။ အတွင်းကျိတ်ရည်ရွယ်ချက်တွေမထားဘဲ မိတ်ဆွေတစ်ဦးအဖြစ် ရိုးရိုးသားသားခံယူပါ။ အဲဒါဆို ကောင်းခြင်းမင်္ဂလာနဲ့ ပြည့်စုံတဲ့ဖြစ်ရပ်ပေါင်းများစွာ မင်းတို့အတွက် ဖြစ်ပေါ်လာလိမ့်မယ်။ ပြီးတော့ မင်းတို့အတွက် ဆုလာဘ်အဖြစ် ကူညီစောင့်ရှောက်ဖော်ရတဲ့ မိတ်ဆွေကောင်း မြောက်မြားစွာ ရရှိလာလိမ့်မယ်။

မင်းတို့ကိုယ်မင်းတို့အပြင် မင်းတို့ရဲ့ မိသားစုကိုပါ ဖော်ဖော်ရွေရွေရှိဖို့ကိုလည်း မမေ့ပါနဲ့။

■

www.burmeseclassic.com

www.burmeseclassic.com

## မိတ်ဆွေများ

မင်းတို့အသက်အရွယ်တွေ ကြီးရင့်လာတာနဲ့အမျှ မင်းတို့သိကျွမ်းတဲ့ လူတွေလည်း များသထက်များလာလိမ့်မယ်။ တချို့က မင်းတို့ရဲ့ မိတ်ဆွေတွေ ဖြစ်လာလိမ့်မယ်။ တချို့က ပျော်ရွှင်မှုနဲ့ ကြည်နူးမှုကို ဆောင်ကြဉ်းလာလိမ့်မယ်။ တချို့ကတော့ ဒုက္ခပေးလိမ့်မယ်။ တချို့ကတော့ မင်းတို့ဆီမှာ ကပ်ခြောင်စားသူတွေဖြစ်လိမ့်မယ်။ အဲ တချို့ကျတော့ မင်းတို့ရဲ့ညီထက် ပိုပြီး ရင်းနှီးကျွမ်းဝင်သူတွေဖြစ်လာလိမ့်မယ်။

*အတွေးအတွက်အာဟာရ*

- သူတို့က ပြောကြတယ်၊ "လိုအပ်ချိန်မှာ မိတ်ဆွေပီသသူတွေသာ မိတ်ဆွေစစ်" တဲ့။ မင်းတို့ ဒုက္ခရောက်နေတဲ့အခါ မင်းတို့ရဲ့ မိတ်ဆွေစစ် မိတ်ဆွေမှန်က အမြတ်ထုတ်ဖို့ရည်ရွယ်ချက် လုံးဝမထားဘဲ မင်းတို့ဆီကို အသော့ပြေးလာပြီး ကူညီလိမ့်မယ်။
- မင်းတို့လူမှုရေးအရ မိတ်ဆုံစားပွဲတွေဘာတွေသွားရင် စေတနာကို ဂရုမစိုက်ဘဲ မနေပါနဲ့။ မင်းတို့ရဲ့ အပေါင်းအသင်းတွေဟာ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးလူတွေ ဖြစ်ချင်ဖြစ်နေပါစေ၊ သူတို့ကို တုံ့ပြန် 'ဒကာခံ' တဲ့အကျင့် လုပ်ပါ။ သူတို့ရဲ့ ခင်မင်မှုကို တန်ဖိုးထားကြောင်း မင်းတို့ဘက်က ပြသခွင့် ရှိတယ်လေ။ ဒါဟာ အပေါင်းအသင်း စိတ်ဓာတ်ကို ပြသတဲ့ အပြုအမူပဲ။ အတ္တကြီးတဲ့လုပ်ရပ် မဟုတ်ဘူး။



- အဆင်ပြေချောမွေ့နေတဲ့ ချစ်ကြည်ရင်းနှီးမှုအတော်များများဟာ ဘာမဟုတ်တဲ့ အထင်အမြင်လွဲမှုကလေးတွေကြောင့် ပျက်စီးသွားတတ်တယ်။ မင်းတို့ရဲ့ မိတ်ဆွေကို သံသယအကျိုးခံစားခွင့်ပေးပါ။ ဘယ်လိုအထင်အမြင်လွဲမှုမျိုးကိုမဆို မြန်မြန်ဆန်ဆန် ရှင်းပစ်ပါ။ မိတ်ဆွေကောင်းဆိုတာ ရခဲတယ်။ မင်းတို့ မိတ်ဆွေရဲ့ ချို့ယွင်းချက်တွေကို လျစ်လျူရှုခွင့်လွှတ်တာဟာ မင်းတို့ရဲ့ အထူးအခွင့်အရေးပါပဲ။
- မင်းတို့မိတ်ဆွေတွေရဲ့ မွေးနေ့တွေကို မှတ်ထားပါ။ မွေးနေ့မနက်မှာ မင်းတို့က အရင်လှမ်းဆက်သွယ်ပြီး လှိုက်လှဲဝမ်းသာဆုတောင်းမေတ္တာပို့သပါ။
- စိတ်အင်အားတွေ နိုးကြွစေမယ့်စာအုပ်မျိုး ဖတ်မိရင် အပေါင်းအသင်းတွေကို လက်ဆင့်ကမ်းပြီး ဖတ်ခိုင်းပါ။ ဒီကမ္ဘာရှိ လူတိုင်းဟာ စိတ်ဓာတ်တက်ကြွလာအောင် အားပေးဖို့ လိုအပ်တဲ့လူချည်းပါပဲ။
- မီးတုတ်အဖြစ် ဆောင်ရွက်ပါ။ မင်းတို့မိတ်ဆွေတွေရဲ့ စိတ်ဓာတ်တွေကို မီးတို့ပေးပါ။ သူတို့ မြူးထူးတက်ကြွလာပြီး ကောင်းတဲ့လုပ်ရပ်တွေမှာ ထူးချွန်ပြောင်မြောက်လာအောင် လှုံ့ဆော်ပေးပါ။
- ပညာရေးဆိုတာ စဉ်ဆက်မပြတ်လုပ်နေရတဲ့လုပ်ငန်းစဉ် ဖြစ်တယ်။ ပညာရေးကို ရပ်တန့်စေနိုင်တာ သေခြင်းတရားပဲရှိတယ်။ ဒီတော့ စိတ်ဝင်စားစရာကောင်းတဲ့သင်တန်းတွေ တက်ဖို့ အချင်းချင်း အားပေးတိုက်တွန်းပါ။
- အခွင့်သာမယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက်ညှိပြီး အားလပ်ရက်တွေကို အတူယူပါ။ ပျော်စရာအချိန်တွေကို အတူတကွ မြတ်မြတ်နိုးနိုး ခံစားပါ။ ဘဝဆိုတာ ကြွေလွယ်ပျက်လွယ်ရှိလွန်းတယ်။ ဘယ်သူ အရင်သေမယ်ဆိုတာ မပြောနိုင်ဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေစစ် မိတ်ဆွေမှန်တွေနဲ့ ပေါင်းသင်းပါ၊ လူ့လောကကြီးမှာ အကန့်အသတ်နဲ့ နေထိုင်ခွင့်ရတဲ့ အချိန်ကလေးကို တန်ဖိုးထား မြတ်နိုးပြီး ကောင်းသထက်ကောင်းအောင်၊ ပျော်သထက်ပျော်တဲ့ ဘဝမျိုးတွေ ရအောင် အချင်းချင်း လှုံ့ဆော်အားပေးပါ၊

■

## ကျောက်မျက်ရတနာများ

ကျောက်မျက်ရတနာတွေက ဖေဖေရဲ့ သိလိုစိတ်ကို အမြဲနှိုးဆွပေးနေတယ်။ ကျောက်မျက်ရတနာ စီခြယ်ထားတဲ့ လက်စွပ်တွေ၊ ဆွဲကြိုးတွေ ဝတ်ဆင်ထားသူတွေကို မင်းတို့ မကြာမကြာ တွေ့ဖူးမှာပေါ့။ ချမ်းသာတဲ့ လူတွေက ပိုကြီးပြီး ပိုအရည်အသွေးကောင်းတဲ့ ကျောက်တွေကို ဝတ်ဆင်ကြတယ်။ ယောကျ်ားတွေထက် မိန်းမတွေက ပိုပြီး ဝတ်ကြတယ်။ ယောကျ်ားတွေလည်း သူတို့ရဲ့ အင်္ကျီလက်ကြယ်သီး၊ လည်စည်းပင်၊ ခါးပတ်၊ လက်ပတ်ကြိုးနဲ့ လက်စွပ်တွေမှာ ကျောက်မျက်ရတနာတွေ မြှုပ်ပြီး ဝတ်ဆင်ကြတာ မင်းတို့တွေ့မှာပါ။ ဒီတော့ကွယ်. . . ကျောက်မျက်ရတနာတွေအကြောင်း သိထားဖို့လိုမယ်လို့ မင်းတို့ထင်ကြသလား။

အဲဒီကျောက်တွေအကြောင်းရေးထားတဲ့ စာအုပ်တွေ မင်းတို့ ဖတ်လို့ရတယ်။ ကျောက်မျက်ရတနာတွေက ကြာရှည်ခံတယ်။ ဒီကျောက်တွေက လူအတော်များများကို ချမ်းသာကြွယ်ဝသွားအောင် ပြုလုပ်ပေးခဲ့တယ်။ ဖေဖေ ထိုင်းနိုင်ငံမှာရှိတုန်းက အမေရိကနဲ့ စင်ကာပူက မိတ်ဆွေတွေကို ပြန်ရောင်းဖို့ ကျောက်အချောထည်တွေ ဝယ်ရင်းနဲ့ တအံ့တဩသိလာရတဲ့ အချက်ကတော့ ကျောက်မျက်ရတနာတွေပေါ်မှာရတဲ့ အမြတ်နှုန်းဟာ ဘူးပြီးတဲ့ အချိန်ကနေပြီး အချောထည်ဖြစ်တဲ့အချိန်မှာ ၂၁ ဆရှိသတဲ့။ နည်းနည်းနောနော အမြတ်နှုန်းလား။ အမြတ်များများရဖို့သေချာတဲ့ နီလာလို၊ ပတ္တမြားလို ကျောက်တွေဆို ဒီ့ထက်တောင် အဆပေါင်းများစွာ တက်လိမ့်ဦးမယ်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲ။ အရိုးအရှင်းဆုံးအဖြေကတော့ အဲဒီလိုကျောက်မျက်တွေက ရှားပါးတယ်။ ပြီးတော့ ရှားသထက် ရှားရှားလာလို့ပဲ။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ ၂၃ နှစ်လောက်က ဖေဖေ့မိတ်ဆွေတစ်ယောက်ဟာ ပီနန်က အစိမ်းရောင်ကျောက်တစ်လုံးကို စင်ကာပူဒေါ်လာ ခုနစ်ရာနဲ့ ဝယ်ခဲ့တယ်။ အဲဒီကျောက်ကို စင်ကာပူကို ယူလာပြီး 'တန်ဂျင်ပဟိုဈေးကြီး' က ကျောက်ကုန်သည်တစ်ဦးကို ပြန်ရောင်းတာ စင်ကာပူဒေါ်လာ ၁၄,၀၀၀ ရတယ်လေ။ အဲဒီကျောက်က အရည်အသွေးကောင်းတဲ့ 'မြ' ဖြစ်နေတာကိုး။ အံ့ဩစရာကောင်းတာက ဒီကနေ့အထိ ကျောက်မျက်ရတနာလက်လီ အရောင်းဆိုင်တွေက လူအတော်များများဟာ သူတို့ရောင်းတဲ့ ကျောက်မျက်တွေအကြောင်း ကောင်းကောင်းမသိကြတာပဲ။ သူတို့ဟာ အရောင်းအဝယ် သမားသက်သက်တွေပဲ။ လက်ကားသမားတွေဆီက ဝယ်မယ်၊ ပြီးတော့ အမြတ်တင်ပြီး ပြန်ရောင်းမယ်။ ဒါပဲ။ ဒီတော့ ကျောက်မျက်တွေကို မဝယ်ခင် ကျောက် အကြောင်းသိအောင် လေ့လာသင်ယူပါ။ ဝယ်ပြီဆိုရင်လည်း နာမည်ရပြီးသား ကျောက်ကုန်သည်တွေဆီကပဲ ဝယ်ပါ။

ကျောက်မျက်တွေနဲ့ ပတ်သက်လို့ နောက်ထပ် စိတ်ဝင်စားစရာ အချက်တစ်ချက်ကတော့ အဲဒီကျောက်တွေထွက်တဲ့ မူလနိုင်ငံတွေကိုက ထူးခြားလှပ နေတတ်တာပဲ။ နာမည်တပ်ပြီး ပြောရရင် မြန်မာ၊ ထိုင်း၊ သီရိလင်္ကာ၊ ရုရှနဲ့ ကမ္ဘောဒီးယားတို့ပေါ့။ မင်းတို့ အဲဒီနိုင်ငံတွေကို သွားရောက်လည်ပတ် ခွင့်ကြုံရင် သူတို့ရဲ့ ကျောက်တွင်းတွေအထိ သွားပြီး သူတို့လုပ်ပုံကိုင်ပုံတွေကို ကြည့်ရှုလေ့လာသင့်တယ်။ ကျောက်မျက်ရတနာ တွေ စုဆောင်းတာကို ဝါသနာလုပ်ငန်းအဖြစ်လုပ်ပါ။ ဒီကျောက်မျက် ကလေးတွေဟာ ပျော်စရာ တစ်မျိုးဖြစ်သလို အရောင်အသွေးလှပဝင်းလက် တဲ့ ရင်းနှီးမြှုပ်နှံမှုတွေလည်း ဖြစ်တယ်။



ကမ္ဘာပေါ်မှာ ကျောက်မျက်ရတနာတွေ ပေါများတယ်၊ ဒါပေမဲ့ ကျောက်ကောင်းတွေရှားတယ်၊ ကြည်စင်ပြီး တောက်ပတဲ့ အရောင်နဲ့ ကျောက်တွေက အပြစ်အနာအဆာမကင်းတဲ့ ကျောက်တွေထက် ပိုကောင်းတယ်၊ ဒီတော့ ဝါသနာလုပ်ငန်းအနေနဲ့ ၊ ဒါမှမဟုတ် ရင်းနှီးမြှုပ်နှံမှုအနေနဲ့ ကျောက်မျက်ရတနာတွေကို စုဆောင်းပါ။ အဲဒီလို စုဆောင်းရင်း ကိုယ့်ကိုယ်တို့လည်း စရိုက်သဘာဝအရ ရှားပါးတဲ့ ကျောက်မျက်တွေ ဖြစ်အောင် အားထုတ်ကြပါစို့၊ ရှားပါးကောင်းမွန်တဲ့စရိုက်သဘာဝ ဆိုတာကတော့ သန့်စင်ခြင်း၊ ရိုကျိုးနှိမ့်ချပြီး အားမာန်အပြည့်ရှိခြင်း၊ ပျော်ရွှင်ကြည်နူးမှုကို ပြန့်ဝေပေးခြင်းနဲ့ တက်ကြွဖျတ်လတ်စွာနေထိုင်ခြင်း တို့ပါပဲ။

■

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## လက်ဆောင်များ

အောင်မြင်မှုကို ရယူခံစားနိုင်ဖို့ ရှေးရိုးနည်းနာဖြစ်တဲ့ ပေးကမ်းခြင်းကို လေ့ကျင့်ပါ။ အောင်မြင်တဲ့ စီးပွားရေးသမားအားလုံးဟာ ပေးကမ်းခြင်း အတတ်ပညာကို တစ်ဖက်ကမ်းခပ်ကျွမ်းကျင်သူတွေဖြစ်တယ်။

မင်းတို့ကို 'တကယ့်လူ' တစ်ယောက်အကြောင်း ပြောပြရဦးမယ်။ သူ ဟာ တကယ် "ပေးကမ်းတဲ့လူ" ပေါ့။ သူ့ဘဝအစပိုင်းက ဆင်းရဲနွမ်းပါးပါတယ်။ မကြာသေးခင်ကဆို သူဟာ ငွေကြေးအကျပ်အတည်းတွေနဲ့ ကြုံခဲ့ရတယ်။ ဒါပေမဲ့ သူရဲ့ကြီးမြတ်မှုကြောင့် လူအတော်များများက သူ့ကို ဝိုင်းပြီး ကူခဲ့ကြတယ်။ ဒီလို ထူးထူးခြားခြားအောင်မြင်တဲ့ဘဝကို တိုးတက်သွားပုံနဲ့ အဲဒီအောင်မြင်မှုကို ဆက်ထိန်းထားနိုင်ပုံတွေကတော့ မင်းတို့ကို ပြန်ပြောပြရလောက်တဲ့ အကြောင်းအရာတွေပေါ့။ ကဲ. . . သူ့ဘဝရဲ့ကနဦးပိုင်းဖြစ်ရပ်တစ်ခုကို ဖေဖေပြောပြမယ်။

သူ ဆယ်ကျော်သက်အရွယ်၊ သူ့ဦးလေးရဲ့အလုပ်မှာ ဝင်လုပ်နေတုန်း အင်ဒိုနီးရှားလူမျိုးတစ်ဦးနဲ့ တွေ့ဆုံရတော့ သူက မိတ်ဆွေဖွဲ့လိုက်တယ်။ သူက အဲတော့ကို စိတ်ကောင်းစေတနာကောင်းရှိတဲ့လူကိုး။ လူတွေကို ကူညီတဲ့ နေရာမှာ သူတတ်နိုင်တာထက်ကို ပိုပြီး ကူညီတတ်တဲ့လူ။ အဲဒီလိုဖြစ်တဲ့အတွက် သူဟာ သူ့ဦးလေးပိုင်တဲ့ အသေးသုံးငွေထဲက စင်ကာပူဒေါ်လာ ငါးရာကို ယူလိုက်ရတဲ့အထိ ဖြစ်သွားတယ်။ အဲဒီခေတ်တုန်းက စင်ကာပူ ဒေါ်လာ ငါးထောင်ဆိုတာ နည်းနည်းနောနောငွေ မဟုတ်ဘူး။ အဲဒီငွေနဲ့ဝယ်ရင် ခေါက်ဆွဲကြော်ပွဲပေါင်း ငါးထောင်



ရနိုင်တယ်လေ။ ဒေါ်လာ ငါးရာလျော့နေတာ သူ့ဦးလေးသိသွားတော့ သူ့ခမျာ အရိုက်အပုတ်ခံခဲ့ရတယ်။ အဲဒီခေတ်က အမှားတစ်ခုလုပ်မိရင် ပါးရိုက်ပြီး အဆုံးမခံရတာ ထုံးစံပဲ။ ဘာပဲဖြစ်ဖြစ်လေ သူကူညီဖေးမလိုက်တဲ့ အင်ဒိုနီးရှားလူကြီးလူကောင်းဟာ 'ပတာမီနာ' ဆိုတဲ့ အင်ဒိုနီးရှားနိုင်ငံပိုင်ရေနံကုမ္ပဏီရဲ့ အကြီးအကဲဖြစ်လာတယ်။ နောက်ပိုင်းကျတော့ အဲဒီလူကြီးလူကောင်းက 'ပေးကမ်းကူညီသူ' ကို စီးပွားရေး လုပ်ငန်းကြီးတစ်ခုပုံအပ်ပြီး ဆုချခဲ့တယ်လေ။

ပေးကမ်းခြင်းမှာ 'မှော်' ပါတယ်။

***အကြံပေးချက်များ***

❖ လက်ဆောင်တွေဟာ ဈေးကြီးပေးဝယ်ရတဲ့ ပစ္စည်းတွေ ဖြစ်ဖို့ မလိုဘူး။ ဒါပေမဲ့ 'စဉ်းစဉ်းစားစား' ပေးတဲ့ပစ္စည်းတွေ ဖြစ်သင့်တယ်။ ဖေဖေ့မိတ်ဆွေဟာ ဂေါက်သီးရိုက်တဲ့လူ ဆိုရင် ဂေါက်သီးရိုက်ကစားနည်းနဲ့ ပတ်သက်တဲ့ လက်ဆောင်မျိုးကို ဖေဖေ ဝယ်ပေးမှာပဲ။

❖ ဘယ်တော့မဆို လက်ဆောင်ပေးဖို့ အကြောင်းပြချက်ကောင်းကောင်းကို ရှာပါ။ မွေးနေ့တွေ၊ နှစ်ပတ်လည်နေ့တွေ၊ နှစ်သစ်ကူးနေ့၊ ခရစ္စမတ်နေ့နဲ့ မင်္ဂလာဆောင်တွေဟာ လက်ဆောင်ပေးဖို့ အကောင်းဆုံးအခါသမယတွေပေါ့။

❖ မင်းတို့ ပန်းချီကားတွေကို စိတ်ဝင်စားရင် နိုင်ငံခြားရောက်တဲ့အခါ မင်းတို့ တတ်နိုင်တဲ့ဈေးတွေ မေးပြီး ဝယ်ပါ။ ပြီးတော့ အဲဒီပန်းချီကားတွေကို ဘောင်အကောင်းစားတွေနဲ့ ကွပ်ပါ။ အဲဒီပန်းချီ ကားတွေကို ထူးခြားတဲ့အခါ သမယမျိုးတွေမှာ ပေးလို့ ရတာပေါ့။ မင်းတို့ကို တစ်သက်လုံးသတိရနေပါလိမ့်မယ်။

www.burmeseclassic.com



- ခရီးထွက်ပြီဆိုရင် စင်ကာပူနိုင်ငံရဲ့ အမှတ်တရ ပစ္စည်းကလေးတွေ သယ်ဆောင်သွားပါ။ မင်းတို့အပေါ် ဧည့်ဝတ်ကျေသူတွေကို ပေးဖို့ အခါအခွင့်တွေ ကြုံလာလိမ့်မယ်။ ဒီလိုလုပ်တဲ့အတွက် မင်းတို့ဟာ စာနာ ထောက်ထားတတ်သူဖြစ်ကြောင်း ပြသပြီးသားဖြစ်သွားမယ်။
- ဖေဖေဆိုရင် ဖေဖေ့အလုပ်ရှင်တွေကို ဆွစ်ဇာလန်လုပ် 'ဗစ်တိုရီနော့' ဓားတွေ ပေးတယ်။ အဲဒီဓားတွေက အရည်အသွေးသိပ်ကောင်းတယ်။ ကြာရှည်ခံတယ်။ ပြီးတော့ ဘက်စုံသုံးလို့ရတဲ့ လက်ဆောင်တွေလေ။ ဒီလိုလက်ဆောင်မျိုးတွေကို လူတွေ အမြတ်တနိုး သဘောကျနှစ်ခြိုက်ကြတယ်။ လူအတော်များများဟာ လက်ပတ်နာရီတို့၊ မော်တော်ကားတို့၊ အဝတ်အစားတို့ဆိုရင် နှမြောတွန့်တိုတာမရှိဘဲ ငွေကုန်ကြေးကျခံပြီး ဝယ်လေ့ရှိတယ်။ ဒါပေမဲ့ တကယ်တမ်း အသုံးဝင်တဲ့ ဓားကို ဝယ်ရမယ်လည်းဆိုရော၊ ဈေးအပေါဆုံးဓားကို ဝယ်လေ့ရှိကြတယ်။ ဖေဖေက သူတို့ကို အကောင်းဆုံးဓား ပေးတယ်လေ။

**လက်ဆောင်တစ်ခုက လက်ဆောင်ပေးသူကို လမ်းဖွင့်ပေးတယ်၊ ပြီးတော့ ကြီးမြတ်ခြင်းရဲ့ ရှေ့မှောက်ကို ရောက်အောင် ကြိုဆိုခေါ်ဆောင်သွားတယ်၊**

■

## ဂေါက်သီးရိုက်ကစားခြင်း

ဒီကစားနည်းဟာ မထော်မနမ်းကစားနည်းတစ်ခုလို့ ဖေဖေထင်ခဲ့တယ်။ အဖြူရောင်ဘောလုံးကလေးတစ်လုံးကို တွင်းထဲဝင်တဲ့အထိ ရိုက်နေရတဲ့ အလုပ်ဟာ ရယ်စရာကောင်းနေသလိုပဲ။ ကလေးဘဝတုန်းကဆို ဖေဖေဟာ စင်ကာပူကျွန်း ကျေးလက်ကလပ်နားကနေပြီး မနက်စောစော စီးစီးဖြတ်သွားရလေ့ရှိတယ်။ အဲဒီမှာ ဂေါက်သီးတွေကို သံတုတ်တစ်ချောင်းနဲ့ ရိုက်ရိုက်နေတာ ဖေဖေ တွေ့ရတာပေါ့။ ရူးကြောင်ကြောင်ဖြစ်နေပြီလို့ ဖေဖေ တကယ်ပဲ တွေးခဲ့မိတယ်။ ပြီးတော့ ဂေါက်သီးရိုက်ကစားနည်းဟာ လွယ်လွယ်ကလေး ဖြစ်ရမယ်လို့လည်း တွေးခဲ့တယ်။ ကြည့်ရတာ လွယ်သလို ရှိနေတာကိုး။

ဖေဖေမှားခဲ့တယ်။ နောင်တရလောက်အောင် လုံးဝဥဿုံမှားခဲ့တယ်။

ခုတော့ ဖေဖေဟာ စိတ်အားထက်သန်စွာကစားတဲ့ ဂေါက်သီးကစားသမား ဖြစ်နေပြီ။ အချိန်သာရလို့ကတော့ ဖေဖေ နေ့တိုင်းဂေါက်သီးရိုက်မှာပဲ။ ကမ္ဘာတစ်လွှားမှာရှိတဲ့ ဂေါက်ရိုက်ကွင်းတွေမှာကို လျှောက်ကစားပစ်ချင်တာ။ ဂေါက်ရိုက်ကွင်းတွေမှာ ကမ္ဘာပေါ်မှာ နှစ်လိုဖွယ်ရာအကောင်းဆုံး လူတချို့ကိုလည်း တွေ့ရတယ်ကွဲ့။ ကံမကောင်းအကြောင်းမလှချင်တဲ့အခါ ဂေါက်ကွင်းထဲမှာ အောက်တန်းအကျဆုံး လူတွေကိုလည်း တွေ့ရကြုံရတက်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



### မှတ်သားစရာများ

- ဂေါက်သီးကစားသမားတစ်ယောက်ရဲ့ အကျင့်စာရိတ္တကို ဂေါက်ကွင်းထဲမှာ လွယ်လွယ်ကလေးအကဲခတ်လို့ ရတယ်။ ဂေါက်သီးကစားသမားကောင်းတစ်ဦးဟာ ဘယ်တော့မှ မလိမ်ဘူး။ မညာဘူး။ သူရိုက်လိုက်တဲ့ ဘောလုံးကလေး တလွဲရောက်သွားလို့လည်း ဆဲဆိုရေရွတ်တာမပြုဘူး။ လူကြီးလူကောင်းဆန်တဲ့ ဂေါက်သမားကောင်းတစ်ယောက်ဟာ သူသွားနေရာ လမ်းကြောင်းက ဖဲခွာပြီး မင်းတို့ရဲ့ ပျောက်နေတဲ့ ဘောလုံးကို ဝိုင်းကူရှာပေးတယ်။ မင်းတို့ရဲ့ဘောလုံး ပျောက်သွား ပါစေဆိုတဲ့စိတ်မျိုး မထားဘူး။ သူဟာ သူ့အမှားတွေကို ပြန်ပြီး ရယ်မောတတ်တယ်။ ဒေါသထွက်ခဲတယ်။
- ၁၈ ကျင်းပွဲတစ်ပွဲကို အစအဆုံးကစားဖို့ လေးနာရီလောက်အချိန်ယူရတယ်။ ဒီအထဲမှာ ခဏနားချိန်တို့၊ ယမကာသောက်သုံးချိန်တို့ မပါသေးဘူး။ မင်းတို့ ဘယ်လိုကိစ္စမျိုးကိုမဆို ပြောဖို့ဆိုဖို့ အခွင့်အလမ်းတွေ အများကြီးရတယ်။ မင်းတို့ပြောတဲ့ကိစ္စဟာ စီးပွားရေးကိစ္စဖြစ်နေလည်း မင်းတို့နှစ်ဦးကြားမှာ ရှိနေတဲ့ ကွာဟချက်တွေ၊ အဖုအထစ်တွေကို ဂေါက်သီးရိုက်ရင်း ချောမောပြေပြစ်အောင်လုပ်လို့ရတယ်။ အောင်မြင်ဖြစ်ထွန်းသွားတဲ့ စီးပွားရေးကိစ္စ အတော်များများဟာ ဂေါက်ကွင်းတွေထဲမှာ ပြောဆိုလုပ်ကိုင်သွားတာပဲ။ ဒါကြောင့် ဒီကစားနည်းဟာ အရမ်းအရေးကြီးတဲ့ ကစားနည်းတစ်ရပ်ပဲ။ အဲဒါကြောင့် တော်တဲ့တတ်တဲ့ အစိုးရအဖွဲ့တွေက သူတို့ရဲ့ ဝန်ကြီးတွေကို ဂေါက်သီးရိုက်ကစားဖို့ အတင်းတိုက်တွန်းတာပေါ့။ တချို့အစိုးရတွေဆို သူတို့ဝန်ကြီးတွေကို ဂေါက်သီးမရိုက်မနေရဆိုပြီး အတင်းရိုက်ခိုင်းတာတောင် ရှိတယ်ကွဲ့။
- ဂေါက်ကွင်းတွေထဲမှာ ခင်မင်မှုတွေ ခိုင်မာမြဲမြံသွားတယ်။ အကျင့်စရိုက်တွေကို အလွယ်တကူအကဲဖမ်းလို့ရနိုင်တယ်။ မင်းတို့ကစားတဲ့ပွဲက မင်းတို့ရဲ့ ရိုးသားမှုနဲ့ ဖြောင့်မတ်မှုကို ထင်ဟပ်နေစေလိမ့်မယ်။ မမြင်ကွယ်ရာရောက်နေချိန်မှာ မင်းတို့ လိမ်လို့ညာလို့ရတဲ့ အခွင့်အလမ်းတွေ အများကြီးရတယ်။ စစ်မှန်ပြီး ပေါင်းသင်းထိုက်တဲ့ မိတ်ဆွေတစ်ဦးဟာ သူ့ရဲ့ ရမှတ်တွေကို အမြဲတမ်း အမှန်အတိုင်း ကြေညာတယ်။ သူ့ရဲ့ အမှားတွေကိုလည်း ထည့်သွင်းကြေညာလေ့ရှိတယ်။
- ဂေါက်ကွင်းတစ်နံတစ်လျားကို ခြောက်ကီလိုမီတာကနေ ခုနစ်ကီလိုမီတာလောက်အထိ အသွားအပြန်လမ်းလျှောက်ရတာ ကျန်းမာရေးနဲ့ ညီညွတ်လှတယ်။ ဂေါက်သီးဘောလုံးကလေးတွေကို တစ်နာရီ ၁၆၀ ကီလိုမီတာ အမြန်နှုန်းနဲ့ သွားအောင် ရိုက်နိုင်ဖို့ဆိုတာ ခွန်အားကောကျွမ်းကျင်မှုပါ ရှိဖို့လိုတယ်ကွယ့်။ ဒါကြောင့် ဂေါက်သီးကစားသမားအများစုဟာ ကျန်းမာပြီး လန်းဆန်းနေတတ်ကြတာပေါ့။ ကဲ... ဒီတော့ ဂေါက်သီးရိုက်ကစားနည်းဟာ ကျန်းမာရေးအတွက် ကောင်းမွန်တဲ့ လေ့ကျင့်ခန်းတစ်မျိုး မဟုတ်ဘူးလို့ ဘယ်သူပြောမလဲ။
- တကယ်တော့ ဂေါက်သီးရိုက်ကစားနည်းဟာ တစ်ဖက်ကမ်းခပ်ကျွမ်းကျင်ဖို့ ခက်ခဲတဲ့ ကစားနည်းပဲ။ မင်းတို့စိတ်ရှည်ဖို့နဲ့ ဇွဲကောင်းဖို့ အများကြီး လိုတယ်။ ဒီကစားနည်းကို ကျွမ်းကျင်လိမ္မာသွားပြီဆိုတဲ့ အခါကျတော့လည်း မင်းတို့ကို အသိအမှတ်ပြုချီးကျူးလာကြလိမ့်မယ်။ ဂေါက်ရိုက်ပြိုင်ပွဲတွေမှာ အနိုင်ရတာ၊ မင်းတို့ရဲ့ အကျောပေးရိုက်ချက်တွေတိုးမလာဘဲ လျော့သွားတာတွေဟာ အလွန်ကြည်နူးစရာကောင်းတဲ့ ခံစားချက်တွေပေါ့ကွယ်။

ဂေါက်သီးရိုက်စားနည်းကို အသက်အရွယ်ကြီးရင့်တဲ့အထိ ပတ်ပတ်နပ်နပ်ကစားပါ၊ ပျော်ရွှင်ကြည်နူးမှုကို ရယူပါ။

■



www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာရေး

ကျန်းမာရေးမကောင်းရင် ဘာကိုပဲလုပ်လုပ် ကျေနပ်အားရအောင် စွမ်းဆောင်ဖို့ ခက်တယ်။ ကျန်းမာရေးကောင်းတဲ့ လူတစ်ဦးဟာ ကျန်းမာရေး မကောင်းတဲ့လူတွေထက် ပိုပြီး ထက်ထက်မြက်မြက်စဉ်းစားတွေးခေါ်နိုင်တယ်။ ပိုပြီး သက်တမ်းရှည်ရှည်နေရတယ်။

ဆေးလိပ်သောက်တာဟာ ခန္ဓာကိုယ်ကိုပျက်စီးစေတယ် ဆိုတာ အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ အတိအကျပြောနိုင်ကြပါပြီ။ ဒါကြောင့် ဖေဖေ့အပေါင်းအသင်းမိတ်ဆွေတွေ ဆေးလိပ်သောက်တာကို စွန့်လွှတ်ဖို့ ဖေဖေ နှားချဖျောင်းဖျခဲ့တာ ခုဆို နှစ်ပေါင်းတော်တော်ကြာနေပြီ။ အဲဒီ အချိန်က စပြီး မိတ်ဆွေတချို့ကို စည်းရုံးအောင်မြင်ခဲ့ပါရဲ့။ ဒီကြားထဲမှာ ကင်ဆာရောဂါနဲ့ ကွယ်လွန်သွားတဲ့ မိတ်ဆွေကောင်းတစ်ယောက်တော့ ဆုံးရှုံးလိုက်ရတယ်။ ဆေးလိပ်သမားနောက်တစ်ဦးကတော့ အဆုတ်ကင်ဆာ ဒုတိယဆင့်ကိုရောက်နေပြီဆိုတာ မကြာခင်ကပဲ အတည်ပြုချက်ရခဲ့တယ်။ သူက ဆေးလိပ်ဖြတ်ဖို့ ခုမှ ဆုံးဖြတ်လိုက်တယ်လေ။ ဒါပေမဲ့ အချိန်ကတော့ အတော်ကလေး နှောင်းနေပြီပေါ့။ မင်းတို့လည်း ကျန်းကျန်းမာမာနေထိုင်ချင်ကြရင် ဆေးလိပ်မသောက်ပါနဲ့။

မကြာသေးခင်က ဖေဖေဟာ အသက်ရှူကျပ်ပြီး ရင်ထဲမှာ အောင့်အောင့် နေတယ်။ ဒါနဲ့ သွားပြီးဆေးစစ်ကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဖေဖေ့သွေးထဲမှာ ကိုလက်စထရောဓာတ်များနေတာက လွဲပြီး ဘာရောဂါမှ မရှိပါဘူးလို့ ဆရာဝန်က ထောက်ခံတယ်။ ပြီးတော့ အစားအသောက် ဆင်ခြင်ဖို့ ညွှန်ကြားလိုက်တယ်။ ဖေဖေလည်း အဲဒီကတည်းကစပြီး



အစားအသောက် ဆင်ခြင်ခဲ့တယ်။ ခုဆို အတော်ကြီးနေလို့ ထိုင်လို့ကောင်းနေပြီး ကိုယ်အလေးချိန်လည်း ကျသွားပြီလေ။ ခုဆို အသီးအရွက်တွေ ပိုစားတယ်၊ ကယ်လ်စီယံဓာတ်ပါတဲ့ယမကာတွေဖြစ်တဲ့ နွားနို့တို့၊ ပဲတို့ကို ပိုသောက်တယ်။ အဲဒါ တကယ်အလုပ်ဖြစ်တယ်။ လူလည်း ပိုပြီး တက်တက်ကြွကြွရွှင်ရွှင်လန်းလန်း ဖြစ်လာတယ်။ ဖေဖေ့မျက်စိထဲမှာ မြင်ရတွေ့ရသရွေ့အရာရာတိုင်းဟာ ပိုပြီး တောက်ပနေသလို ထင်တယ်။ ကုန်ကုန် ပြောရရင် လမ်းလျှောက်ရတာတောင် ခါတိုင်းထက်ပိုပြီး ပေါ့ပါးသွက်လက်လာတယ်။

အသက်အရွယ်က ၄၆ နှစ်ရောက်လာပြီဆိုတော့ ကျန်းကျန်းမာမာနဲ့ အသက်ရှင်နေထိုင်ခွင့်ရတာကိုပဲ ဝမ်းသာကျေးဇူးတင်နေရတယ်။ ဘာပဲဖြစ်ဖြစ် ဖေဖေလည်း အသက်ရှည်ရှည်နေချင်တာပဲ။ ဒါပေမဲ့ ကမ္ဘာပေါ်မှာ ဆက်လက်နေထိုင်ခွင့်ရတဲ့ အချိန်တွေကို ပျော်ပျော်ရွှင်ရွှင် နေထိုင်ခံစားနိုင်ဖို့ ကျန်းမာရေးကောင်းမှဖြစ်မယ်။ ကျန်းမာရေးကို ငွေကြေးနဲ့ဝယ်ယူလို့ မရနိုင်ဘူး။ ကျန်းမာရေးကောင်းဖို့ဆိုတာ ကျန်းမာရေးကောင်းအောင်လုပ်မှ ရတာ။

လူသားမျိုးနွယ်အတွက် ရေလိုအပ်တယ်ဆိုတာ ရှေးပဝေသဏီကတည်းက သိရှိလက်ခံခဲ့တဲ့ အချက်တစ်ချက်ပဲ။ ရာသီဥတုပူပြင်းတဲ့ နိုင်ငံတွေအတွက် ရေခဲသေတ္တာဆိုတာ ပေါ်ထွန်းလာပြီး ရေခဲရေကို ထုတ်လုပ်အသုံးပြုလာတာ ခုနောက်ပိုင်းခေတ်တွေကျမှပါ။ ရှေးခေတ် ပညာရှိတွေ အားလုံး အကြံပေးခဲ့တာကတော့ တို့တစ်တွေရေကျက်အေး၊ ဒါမှမဟုတ် ရေနွေးကိုပဲ သောက်သုံးသင့်တယ်တဲ့။ အဲဒီနည်းက ကိုယ်ခန္ဓာကို အနွေးဓာတ် ဆောင်ကြဉ်းပေးတယ်။ ပွက်ပွက်ဆူပြီးသား ရေက ပိုလို့တောင် အန္တရာယ်ကင်းသေးတယ်။ ဘာလို့ဆို ရေထဲမှာပါဝင်တဲ့ ဗက်တီးရီးယားပိုးတွေနဲ့ ဗိုင်းရပ်ပိုးတွေဟာ အပူရှိန်ကြောင့် သေကျေပျက်စီးကုန်ကြလို့ပဲ။ မင်းတို့ ရေအေးအေးကိုသောက်မယ်ဆိုရင် အဲဒီရေအေးအေးကို ပတ်ဝန်းကျင်ရဲ့ အပူရှိန်နဲ့ ညီညွတ်တဲ့ ရေနွေးနွေး ဖြစ်လာအောင်လုပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စုပ်ယူဖို့အတွက် ကိုယ်ခန္ဓာက အပိုအားထုတ်မှုကို ပြုလုပ်ရတယ်။ ဒီတော့ ရေကျက်အေး၊ ဒါမှမဟုတ် ရေနွေးကို သောက်ပါ။ ဖြစ်နိုင်ရင် ရေခဲရေ သောက်တာကို ရှောင်ကြဉ်ပါ။

လွန်ခဲ့တဲ့နှစ်အတော်ကြာကြာတုန်းက ဖေဖေဟာ ဘကြီးတစ်ယောက်နဲ့ မိတ်ဆက်ပေးတာခံခဲ့ရတယ်။ အဲဒီဘကြီးကြည့်ရတာ အသက် ၅၀ လောက် ရှိပုံပဲ။ တကယ်ကတော့ သူဟာ အသက် ၈၀ ရှိနေပြီတဲ့။ ဖေဖေသူနဲ့ စကားစမြည်ပြောကြည့်ဖို့ အခွင့်အရေးရခဲ့တယ်။ သူက ဖေဖေ့ကို ဘာပြောပြသလဲဆိုတော့ "ငါက နေ့စဉ်နေ့တိုင်း မိုင်ပေါင်းများစွာ လမ်းလျှောက်တာကွ။ ငါ တစ်နေ့လုံးလမ်းလျှောက်နေနိုင်တယ်။ ရေငတ်တဲ့အခါ ရိုးရိုးရေကိုပဲ သောက်တယ်လေ။ ငါ လမ်းလျှောက်တဲ့အကျင့်ကို စပြီး လုပ်ကတည်းက ဆယ်စုနှစ်ပေါင်းများစွာ နေထိုင်မကောင်း မဖြစ်တော့ဘူး။ လမ်းလျှောက်ရင်းနဲ့ သဘာဝရှုမျှော်ခင်းရဲ့ အလှအပကို ခံစားတယ်။ လေကောင်းကောင်း ရှူရတဲ့ အရသာကို ခံစားတယ်။ ချွေးကလေးတစိုစိုရှိတယ်။ ငါ့ရဲ့ကိုယ်အလေးချိန် တက်မလာဘူး။ ငါဟာ ငါ့မိတ်ဆွေပေါင်းမြောက်မြားစွာထက် ပိုပြီး အသက်ရှည်ရှည်နေရတယ်လေကွာ" တဲ့။

ဖေဖေသူနဲ့ဆုံတွေ့ခွင့်ရခဲ့တာ ဖေဖေ့ဦးလေးရဲ့ အသုဘရှုအခမ်းအနားမှာ။ ဖေဖေ့ဦးလေးက သူ့ထက်အများကြီးအသက်ငယ်တာပေါ့။ သူ့ကိုယ်ခန္ဓာက လူငယ်ကလေးတစ်ယောက်ရဲ့ ကိုယ်ခန္ဓာလိုပဲ။ သူလမ်းလျှောက်တဲ့အခါ ကြွကြွရွရွရှိလှတယ်။ အားတက်သရောစကားပြောတတ်ပြီး သူ့မျက်လုံးတွေက အရောင်တောက်နေတယ်။ တို့တစ်တွေ သူ့ဆီက အတုယူစရာတွေ အများကြီးရှိတယ်။ အဲ . . . သူက အဲဒီတုန်းကတည်းက အသက် ၈၀ ရှိနေပြီ ဖြစ်တဲ့ အဘိုးကြီးနော်။

■

# အားလပ်ရက်များ

အားလပ်ရက်များဆိုတာ ကိုယ်နဲ့စိတ်ကို 'လုံးလုံးလျားလျား' အနားယူ အားလပ်ခွင့်ပေးနိုင်အောင် သတ်မှတ်ပေးတဲ့နေ့ရက်တွေကို ဆိုလိုတာ ဖြစ်မယ်ကွဲ့။ ဒီတော့ တို့များအနေနဲ့ ကျန်းကျန်းမာမာ စိတ်လက်ပေါ့ပါးစွာနဲ့ အားလပ်ရက်တွေယူဖို့ဆိုတာ အလွန်သင့်မြတ်လျော်ကန်တဲ့ လုပ်ရပ်တစ်ခုပေါ့ကွယ်။

တို့တစ်တွေဟာ စက်ယန္တရားတွေမဟုတ်ဘူးဆိုတာ တို့အားလုံး သိထားပြီးသား။ စက်ယန္တရားတွေတောင် ချို့ယွင်းပျက်စီးတတ်ကြတယ်လေ။ ဒီစက်ယန္တရားတွေကို အချိန်မှန်ပြုပြင်ထိန်းသိမ်းပေးဖို့နဲ့ အနားပေးဖို့ လိုအပ်တယ်။ တစ်ခုသေချာတာက တို့တစ်တွေဟာ စက်ယန္တရားတွေထက် ပိုပြီး နုနယ်တယ်။ ပိုပြီး ကြေလွယ်ပျက်လွယ်တယ်။ ဒီတော့ တို့များ အနေနဲ့ အားလပ်ရက်တွေ ယူဖို့ လိုအပ်တယ်ဆိုတာ မြေကြီးလက်ပုတ်မလွဲပေါ့။ မင်းတို့ကိုယ်မင်းတို့ ပြန်လည်လတ်ဆတ်လာအောင် လုပ်ဖို့လိုတယ်။ မင်းတို့သဘာဝတရားကို ရှုမြင်ဖို့နဲ့ ထိတွေ့ကြည့်ဖို့ လိုလိမ့်မယ်။ မင်းတို့ လတ်ဆတ်အေးမြတဲ့ တောင်ပေါ်လေ၊ ဒါမှမဟုတ် ပင်လယ်လေကို ရှူဖို့ ရှိုက်ဖို့ လိုလိမ့်မယ်။ ဖေဖေတော့ အောက်ပါအချက်တွေကို စဉ်းစားမိတယ်ပေါ့။

- မနီးမဝေးတစ်နေရာရာကို ကုန်းလမ်းကသွားပါ။ ကိုယ့်ကားကိုယ်မောင်းသွားပါ။ ဘာဖြစ်လို့လဲဆိုတော့ သွားရေးလာရေး အဆင်ပြေတော့ မင်းတို့ စိတ်ကြိုက်သွားလာလို့ ရတယ်လေ။ မဟုတ်ရင် မင်းတို့

www.burmeseclassic.com

www.burmeseclassic.com



အငှားကားမောင်းတဲ့ လူကို အားကိုးနေရမယ်။ ဒါမှမဟုတ် မင်းတို့ရဲ့ အပေါင်းအသင်းတွေကို အကူအညီတောင်းနေရမယ်။ ကိုယ့်ကား ကိုယ်မောင်းလာတယ်ဆိုတော့ အန္တရာယ်ကင်းဘေးကင်းရှိတယ်ဆိုတာ ကိုယ့်ဘာသာသိနေတာပေါ့။

❖ ဘယ်တော့မဆို ဒေသဆိုင်ရာအစားအစာတွေကို စားသောက်အရသာ ခံပါ။ ယဉ်ကျေးမှုတွေ ကွာခြားတဲ့အတွက် ဟင်းအစပ်အဟပ်နဲ့ ချက်ပြုတ်ပြင်ဆင်ပုံတို့လည်း ကွာခြားတယ်။ သူတို့ရဲ့ ဟင်းလျာတွေဟာ ခံတွင်းအတွေ့ဆုံးဟင်းလျာတွေ ဖြစ်နေတာလည်း ဖေဖေကြုံခဲ့ရတယ်။ ရံဖန်ရံခါဆိုသလို သူတို့ရဲ့ ဟင်းအစပ်အဟပ်တွေ၊ ဟင်းထဲမှာ ထည့်တဲ့ပစ္စည်းအမည်တွေကို ဖေဖေ မေးမြန်းစပ်စုကြည့်တယ်။ အိမ်ပြန်ရောက်တဲ့အခါ သူတို့ချက်တဲ့ ဟင်းမျိုးကို တုပြီး ချက်စားကြည့်တယ်လေ။

❖ မင်းတို့ ဟိုတယ်တွေမှာတည်းခိုနေတဲ့အခါ မင်းတို့ရဲ့ နိုင်ငံကူးလက်မှတ်နဲ့ ငွေသားတွေကို ဟိုတယ်ရဲ့ အာမခံသေတ္တာထဲမှာ ထည့်ဖြစ်အောင် ထည့်ထားပါ။ တစ်နေ့တာ အသုံးစရိတ်အတွက် လုံလောက်မယ့် ငွေကိုပဲ ထုတ်ယူလာပါ။ မဟုတ်ရင် မင်းတို့ဝယ်သမျှ ပစ္စည်းတိုင်းကို ကြွေးဝယ်ကတ်ပြားနဲ့ ပေးချေချင်စိတ် ပေါက်လာလိမ့်မယ်။

❖ ဖေဖေ့မိတ်ဆွေအတော်များများဟာ သူတို့ရဲ့ ရေကူးဘောင်းဘီတွေ ယူသွားဖို့ မေ့လျော့လေ့ရှိတယ်။ ဒီတော့ ခရီးတစ်ခေါက်ထွက်တိုင်း လမ်းခရီးမှာ ရေကူးဘောင်းဘီအသစ်တစ်ထည်ဝယ်ရင်းနဲ့ အိမ်မှာ ရေကူးဘောင်းဘီတွေ အများကြီးဖြစ်နေတာ ဖေဖေတွေ့ဖူးတယ်။ ရေကူးဘောင်းဘီဆိုတာ လေးလံတဲ့ပစ္စည်းမှ မဟုတ်ပဲ။ ဒီတော့ ခရီးထွက်တိုင်း တစ်ထည်၊ နှစ်ထည် ယူသွားဖြစ်အောင် သတိထားပါ။ ရေကူးတာဆိုတာ လူသားမျိုးနွယ်အတွက် အကောင်းဆုံးကိုယ်လက်



လှုပ်ရှားမှုပဲ။ မင်းတို့ ကိုယ်ခန္ဓာရဲ့ အစိတ်အပိုင်းတိုင်းဟာ 'ရေထုရဲ့ နှိပ်နယ်ပေးခြင်း' ကို အခမဲ့ခံစားရယူနိုင်တယ်လေ။

❖ ဓာတ်ပုံကောင်းကောင်းကလေးတွေရိုက်ယူပါ။ ကုန်လွန်သွားတဲ့ တစ်နေ့တာတိုင်းက တို့များရဲ့ သချိုင်းဆီကို နီးသထက်နီးအောင် ဆွဲခေါ်သွားနေတာကလား။ အချိန်ကို ဝယ်ယူလို့ မရနိုင်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ်၊ ဖြစ်ရပ်တိုင်းကို ကင်မရာကနေတစ်ဆင့် မှတ်တမ်းတင်ထားလို့ရတယ်။ အသုံးရလွယ်ကူအောင် အလိုအလျောက် ချိန်သားကိုက် ကင်မရာမျိုးကို ယူသွားပါ။ ဒီဓာတ်ပုံတွေကို နောင်တစ်ချိန်မှာ မင်းတို့ရဲ့ မြေးတွေ၊ မြစ်တွေက ကြည့်ပြီး နှစ်သက်ကြည်နူးကြမှာပါ။

❖ ကိုယ့်ကိုယ်ကိုယ်စောင့်ရှောက်ဖို့ ခရီးသွားအာမခံစာချုပ်ဝယ်ပါ။ ဖေဖေဆိုရင် အမေရိကကိုသွားမယ့်ခရီးစဉ်အတွက် ခရီးသွားအာမခံစာချုပ်ဝယ်ထားတယ်။ ဖေဖေစိုးရိမ်တာက အခန့်မသင့်လို့ ဆေးရုံတက်ရမှာကိုပဲ။ နိုင်ငံရပ်ခြားမှာ ဆေးကုသစရိတ်က တနင့်တပိုးကြီးလေ။ ဒီတော့ ကိုယ့်ကိုယ်ကိုယ်စောင့်ရှောက်ဖို့ အမြဲတမ်း ဆင်ခြင်သတိထားပါ။ လွန်ခဲ့တဲ့လထဲတုန်းက တရုတ်ပြည်မှာ မတော်တဆမှုဖြစ်ခဲ့တဲ့ သူနာပြုတွေကို လေယာဉ်ပျံနဲ့ စင်ကာပူပြန်ပို့ပေးခဲ့တယ်။ ကံကောင်းထောက်မစွာပဲ သူတို့ရဲ့ လေယာဉ်စီးခထဲမှာ ခရီးသွား အာမခံပါဝင်ပြီးသား ဖြစ်နေတယ်။ အဲဒီအထဲမှာ ဆေးကုသစရိတ်လည်း အကျုံးဝင်တယ်လေ။ ဆေးဝါးကုသစရိတ်က ကြီးမှကြီး မဟုတ်လား။

❖ ခရီးသွားနေတုန်းမှာ တန်ဖိုးကြီးတဲ့ လက်ဝတ်ရတနာတွေ မဝတ်ဆင်ပါနဲ့။ 'လုယက်တိုက်ခိုက်သူတို့ကို မြှူဆွယ်ခြင်းဟာ အကုသိုလ်အမှုတစ်ခုကို ကျူးလွန်ခြင်းဖြစ်တယ်' ဆိုတဲ့ ရှေးဟောင်းအဆိုအမိန့်ကနေ ဆင်ခြင်တုံတရား ကို ထုတ်နုတ်ယူပါ။ ရိုးရိုးနဲ့ယဉ်ယဉ်ကလေး ဝတ်စားဆင်ယင်ပါ။ လုယက် တိုက်ခိုက်သူတွေ မျက်စိကျအောင် မဆွဲဆောင်ပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ရဲ့ ဒုက္ခတွေကို အိမ်နဲ့ရုံးထဲမှာ သော့ခတ်ထားခဲ့ပြီး အားလပ်ရက် တစ်ရက်ယူပြီး အနားယူလိုက်ပါ။

မင်းတို့ရဲ့ ကိုယ်နဲ့စိတ်ကို ပြန်လည်အားဖြည့်ပြီး ဘဝရဲ့ စိန်ခေါ်ချက် အသစ်တွေကို ရင်ဆိုင်ဖို့ အသင့်ဖြစ်နေတဲ့ ကမ္ဘာ့အပျော်ရွှင်ဆုံး လူသားတစ်ယောက် ဖြစ်ပါစေ၊ ခေတ္တခဏအနားယူပြီး စိတ်ပြေကိုယ်လျော့ နေပစ်လိုက်ပါ။

■

## ရိုကျိုးနှိမ့်ချခြင်း

လူတွေမှာ မျက်စိတွေရှိတယ်။ နားတွေရှိတယ်။ သူတို့ဟာမောက်မာသူနဲ့ နှိမ့်ချသူကို လွယ်လွယ်ကလေးခွဲခြားသိမြင်နိုင်တယ်။ တချို့လူတွေဟာ ဘယ်လောက်ထိ မောက်မာရိုင်းပျတယ်၊ အဲဒီလိုမောက်မာရိုင်းပျရတာကိုပဲ အရသာတွေ့နေကြတယ် ဆိုတာကို မကြာမကြာတွေ့ရတော့ ဖေဖေ အတော့်ကို အံ့ဩတကြီးဖြစ်ရတယ်။ အဲဒီလူတွေပဲ ပြဿနာတွေတက်ပြီး ဒုက္ခရောက်တာ တွေ၊ တချို့ဆို ထောင်ထဲတောင်ဝင်သွားရတာတွေလည်း ဖေဖေ ကိုယ်တွေ့ မျက်မြင်တွေ့ခဲ့ရပါရဲ့။ တကယ်တော့ သူတို့ကမာကျောတယ်ဆိုရင် သူတို့ထက် မာကျောတဲ့ လူ တစ်ယောက် ရှိနေစမြဲပါပဲ။

ဒီတော့ ရိုကျိုးနှိမ့်ချပါ။ တို့များဟာ ဒီကမ္ဘာလောကကြီးမှာ အချိန်တိုတို ကလေးပဲနေဖို့ လူဖြစ်လာကြရတာပါ။ ဒီတော့ မောက်မာဝင့်ကြွားနေဖို့ မလို ဘူး။ မောက်မာဝင့်ကြွားသူတွေကို ခေါင်းထဲထည့်မနေနဲ့။ သူတို့ဟာ သူတို့ ရသင့်ရထိုက်တဲ့ ဆုလာဘ်တွေကို ရကြလိမ့်မယ်။

မလေးရှားဘုရင်ရဲ့ သူကောင်းပြုခံရတဲ့ ဖေဖေ့မိတ်ဆွေတစ်ယောက်ရဲ့ ရိုကျိုးနှိမ့်ချမှုဟာဖြင့် ဖေဖေ့ရင်ထဲမှာ တသိမ့်သိမ့် ဖြစ်လောက်အောင် ခံစားခဲ့ရတယ်။ သူ့ရုံးခန်းကို ဖေဖေ ပထမဦးဆုံးအကြိမ်ရောက်သွားတော့ ယမကာ တစ်ခွက်ကို လက်နှစ်ဖက်နဲ့ ကမ်းပေးပြီး ဧည့်ဝတ်ပြုတယ်။ ဒါဟာ အရိုကျိုးဆုံး အနှိမ့်ချဆုံးအပြုအမူပေါ့။ သူက သူ့မိတ်ဆွေအားလုံးကို တော်ဝင်မိသားစုဝင်တွေလို ဆက်ဆံတတ်တယ်။ ကုန်ပစ္စည်းအရောင်းသမားတွေ သူ့ဆီဝင်တွေ့ရင်တောင် သူက အဲဒီအတိုင်း ဆက်ဆံတတ်တာကလား။ ဘုရင်မင်းမြတ်ကို သူဂါရဝပြုပုံအတိုင်း သူ့မိတ်ဆွေတွေကိုလည်း ဂါရ

www.burmeseclassic.com



ပြတ်တတ်တဲ့လူပေါ့။ အဲဒါဟာ ဒီလူ အောင်မြင်သူဖြစ်လာဖို့ တကယ့်ကို အရည်အသွေးမီသူဖြစ်ကြောင်း သက်သေထူနေတဲ့ အမှတ်အသားပဲ။ အလုပ်အကျွေးပြုတယ်ဆိုတာ သူ့အတွက် ကြီးမြတ်တဲ့ ဂုဏ်ယူမှုကြီးတစ်ရပ်ပဲ။

အဲဒီလို လူစားမျိုး၊ ပြီးတော့ မင်းတို့အပေါ် အခွင့်အရေးယူမယ့် လူတွေ လည်းရှိမှာပဲ။ တချို့က ငွေကြေးအကူအညီတောင်းကြလိမ့်မယ်။ သူတို့ရဲ့ လိုအပ်ချက်ဟာ တကယ်ပဲအရေးကြီးပြီး အမှန်အကန်လည်း ဖြစ်နေရင်၊ ပြီးတော့ မင်းတို့ကလည်း တတ်နိုင်တဲ့အနေအထားရှိနေရင် ကူညီနိုင်ပါတယ်။ ဒါပေမဲ့ မင်းတို့ဘယ်သူ့အတွက်မှ ကြားဝင်အာမခံချက် မပေးရဘူး။ အဲဒါကို သမ္မာကျမ်းစာမှာလည်း တားမြစ်ထားတယ်။ မင်းတို့ ငွေရေးကြေးရေးနဲ့ ပတ်သက်ပြီး လက်လွယ်သူလို့ နာမည်မကြီးစေရဘူး။ ချမ်းသာကြွယ်ဝတာဟာ မင်းတို့အနေအထားကိုခင်းကျင်းပြသထားတဲ့ မှန်ဗီရို မဖြစ်သင့်ဘူး။ လူတွေမှာ ငွေကြေးလိုအပ်ချက်တွေရှိနေရင်၊ သူတို့ကလည်း ပြန်ဆပ်နိုင်တဲ့ အနေအထားမျိုး ရှိနေတာမှန်ရင် သူတို့ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်တဲ့ ငွေကြေးအဖွဲ့အစည်းတွေ အမြဲတမ်းအဆင့်သင့်ရှိနေတာပဲ။

ရိုကျိုးနှိမ့်ချပြီး အကြင်နာတရားရှိတဲ့လူ ဘယ်သူမဆို ဘေးရန်နည်းတတ်ပါတယ်။ ကောင်းတာကိုသာလုပ်၊ မင်းတို့အတွက် မကောင်းတာဖြစ်လာမှာကို စိုးရိမ်စရာမလိုဘူး။ အဲဒီအခါ မင်းတို့ဘဝဟာ ပျော်ရွှင်မှု ကြည်နူးမှုတွေ လွှမ်းခြုံပြီး ထွန်းလင်းတောက်ပလာလိမ့်မယ်။ ရိုကျိုးနှိမ့်ချပြီး အကြင်နာတရားရှိသူတွေသာ ခိုင်မြဲတဲ့ အောင်မြင်မှုကို ရနိုင်တယ်ဆိုတာ သတိရနေပါ။ မောက်မာဝင့်ကြွားသူတွေကတော့ ပြုတ်ကျမှာပဲ။ ကျပြီဆိုရင်လည်း အကျနာလိမ့်မယ်။



ရိုကျိုးနှိမ့်ချမှုက အပင်၊ အကြင်နာတရားက အပွင့်၊ ဒီအပင်နဲ့ ဒီအပွင့်ဟာ ထာဝစဉ်လန်းဆန်း ဝေစည်နေပြီး မျိုးစေ့တွေချပေးလိမ့်မယ်၊ ဆိုလိုတာကတော့ ဒီအပင်မျိုးနဲ့ ဒီအပွင့်မျိုးတွေ အများကြီး ပွားစည်းလာဦးမယ် ဆိုတဲ့ သဘောပေါ့၊ ခက်ထန်ကြမ်းတမ်းတဲ့ ကမ္ဘာလောကကြီးထဲမှာ ရှင်သန်ရပ်တည် နိုင်ဖို့အတွက် ဒီနည်းပဲရှိတယ် မဟုတ်လား။

■

www.burmeseclassic.com

www.burmeseclassic.com

## တစ်ကိုယ်ရေသန့်ရှင်းရေး

တို့ရဲ့ခန္ဓာကိုယ်တွေက ချွေးထွက်တယ်။ အထူးသဖြင့် စိုထိုင်းဆများပြီး ပူပြင်းတဲ့ တို့ရဲ့ ပတ်ဝန်းကျင်တွေမှာပေါ့။ တို့ရဲ့ဆံပင်တွေနဲ့ အဝတ်အစားတွေကို ဖုန်တွေ၊ ညစ်ညမ်းစေတဲ့ အရာတွေက လာပြီးကပ်ကြတယ်။ ဒါကြောင့် တို့တစ်တွေ မနက်တိုင်းနဲ့ အိပ်ရာမဝင်ခင် ညတိုင်း ရေမိုးချိုးသန့်စင်ကြရမယ်။

မနက်မိုးလင်းတာနဲ့ ပထမဆုံးလုပ်ရမှာက ရေချိုးရင်း မင်းတို့ရဲ့ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးကို နှိပ်နယ်ပေးဖို့ပဲ။ ရေအေးအေးနဲ့ ရေချိုးဖို့ကြိုးစားပါ။ ဖေဖေ့မိတ်ဆွေအနည်းငယ်ဆိုရင် အရွယ်တင်ပြီး အဖျားအနာမရှိသလောက်ပဲ။ သူတို့ရဲ့ အဓိကလျှို့ဝှက်ချက်က ရေအေးအေးနဲ့ ရေချိုးတာပဲလို့ ဖေဖေ့ကို ပြောပြကြတယ်။ မိတ်ဆွေတစ်ယောက်ကတော့ ဒီအခြေခံသဘောတရားကို အစွန်းရောက်အောင် အသုံးချခဲ့တယ်။ သူက မနက်တိုင်းပင်လယ်ထဲမှာ ရေကူးတယ်။ ဆောင်းတွင်းတောင်မရှောင်ခဲ့ဘူး။ ဒီလူ တစ်ခါမှ နာမကျန်းမဖြစ်ခဲ့ဘူး။ ဒီလူဟာ ဒီနည်းကို ဟောင်ကောင်မှာ ခုထိကျင့်ကြံနေတုန်းပဲဟေ့။

ရေကိုအားပါးတရချိုးပြီးရင် မင်းတို့ကိုယ်ကို ယောကျ်ားဆန်တဲ့ ရေမွှေး နံ့ကလေးနဲ့ သင်းထုံနေပါစေ။ အနံ့အသက်ဆိုးတဲ့လူကို ဘယ်သူမှ မနှစ်မြို့ဘူး။ ဒီတော့ ကိုယ်သင်းနံ့ကလေးမွှေးပျံ့ပြီး လန်းဆန်းနေပါစေ။

မနက်တိုင်း၊ ညတိုင်း သွားတိုက်ပြီး မင်းတို့ရဲ့သွားတွေ ပျက်စီးယိုယွင်းတာကို ကာကွယ်ပါ။ မင်းတို့ ပြုံးလိုက်တဲ့အခါ မင်းတို့ရဲ့ ဖြူဖွေးလှပတဲ့သွားတွေကို ပြသပြီး ဂုဏ်ယူပါ။ အလေးမထား ဂရုမစိုက်ဘဲနေခဲ့တဲ့အတွက်



နောင်တစ်ချိန်မှာ သွားတွေကို ပြုပြင်ဖို့ အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းဖြစ်ရမယ်လေ။ ဘာဖြစ်လို့ အဲဒီလို ဘက်စုံ အကျိုးမဲ့ကိစ္စမျိုး အဖြစ်ခံမလဲ။

ရေချိုးကန်ထဲမှာ စိမ်နေရတဲ့ အရသာကို တစ်ခါတလေခံစားကြည့်ပါ။ အပူအအေးမျှတတဲ့နိုင်ငံရဲ့ ဆောင်းတွင်းကာလမှာ ရေချိုးကန်ထဲ ရေစိမ်တော့မယ်ဆိုရင်တော့ အလွန်အရသာရှိလှတဲ့ အငွေ့ထောင်းထောင်းထ ရေငွေ့ထဲမှာ စိမ်ပြီး ဇိမ်ခံဖြစ်အောင် သတိထားပါ။ ရေနွေးထဲမှာ အမွှေးနံ့သာ၊ ဒါမှမဟုတ် ယူကလစ်ဆီကလေး ထည့်ပေးပါ။ အဲဒီလို တဝကြီးရေစိမ်ပြီးတဲ့အခါ မင်းတို့ရဲ့ အဆုတ်တွေထဲကို အေးမြတဲ့လေတွေ ဝင်လာလိမ့်မယ်။ အဲဒီအခါ မင်းတို့ 'လွတ်လပ်ပေါ့ပါး' တဲ့ ခံစားချက်မျိုးကို ခံစားရလိမ့်မယ်။ အဲဒီလို ရေစိမ်ရတာ လန်းလန်းဆန်းဆန်းဖြစ်လာပြီး စည်းစိမ်အရှိဆုံးပဲ။ နောက်ပြီး အားခွန်ဗလတွေ ပြည့်ဖြိုးလာတယ်။ မင်းတို့ခံစားကြည့်သင့်တယ်။

**လောကမှာ နေထိုင်ကျင်လည်ရတဲ့ အရသာကို ခံစားလိုသူတွေအဖို့ ရေချိုးတာဟာ မလုပ်မဖြစ်လုပ်ရမယ့် အလုပ်ပဲ၊ ပြီးတော့ ရေချိုးသန့်စင်ထားတာဟာ သူတို့ကိုယ်သူတို့ လူတော တိုးနိုင်အောင်အားထုတ်ထားတဲ့ ချစ်မြတ်နိုးစရာကောင်းသူတွေ ဖြစ်ကြောင်း ပြသတဲ့ အမှတ်လက္ခဏာပဲ၊ ဒီတော့ နေ့စဉ် မနက်တိုင်း၊ ညတိုင်း ရေချိုးသန့်စင်ပါ။**

■

www.burmeseclassic.com

www.burmeseclassic.com

# သြဇာလွှမ်းမိုးမှု

တစ်ခါတလေတော့လည်း ဖေဖေ့ငယ်ဘဝက အပေါင်းအသင်းတွေဟာ ပိုပြီး ဉာဏ်အမြော်အမြင်ရှိခဲ့ရင် ကောင်းသားလို့ ဆန္ဒဖြစ်ပေါ်မိပါရဲ့။ အဲဒီလိုသာဖြစ်ခဲ့ရင် ဖေဖေ့ပိုက်ဆံတွေကို အိမ်ရာတွေနဲ့ လက်ရွေးစင်မြေတွေဝယ်ပြီး ရင်းနှီးမြှုပ်နှံခဲ့မှာပေါ့။ အဲဒီလိုသာဖြစ်ခဲ့ရင် ဖေဖေ့ပိုက်ဆံတွေကို ပိုပြီး အကျိုးအမြတ်ရှိလာအောင် ရွေးသင့်ရွေးထိုက်တဲ့ လုပ်ငန်းတွေကို ရွေးပြီး မြှုပ်နှံခဲ့မှာပေါ့။

ထင်ရှားကျော်ကြားတဲ့ ဆော်လမွန်ဘုရင်ကြီးက မိန့်ဆိုခဲ့တယ်။ **'ပညာရှိနဲ့ ပေါင်းသင်းသူဟာ ပညာရှိလာမယ်။ ဒါပေမဲ့ မိုက်မဲသူတွေကို အဖော်ပြုတဲ့ လူကတော့ ဘေးအန္တရာယ်နဲ့ တွေ့ရမယ်'** တဲ့။

မင်းတို့ကို ကြေကွဲစရာကောင်းတဲ့ ဖြစ်ရပ်မှန်ဘဝဇာတ်လမ်းတစ်ပုဒ် ပြောပြမယ်။ ဒီအဖြစ်အပျက်ဟာ ခုထိတိုင် ဖေဖေ့ရင်ထဲမှာ လှုပ်လှုပ်ခတ်ခတ် ဖြစ်နေတုန်းပဲ။ သူဟာ ဖေဖေနေခဲ့တဲ့ ကျောင်း (ဗိတိုရိယအလယ်တန်းကျောင်း)က ငယ်ငယ်ရွယ်ရွယ်နဲ့ ရေ့ရေးအလားအလာသိပ်ကောင်းတဲ့ ဆယ်ကျော်သက်ရွယ် လူငယ်ကလေးတစ်ယောက်ပေါ့။ သူ့ကို ဖေဖေက ကျောင်းရဲ့ ခရစ်ယာန်ဘာသာအသင်းနဲ့ မိတ်ဆက်ပေးခဲ့တယ်။ သူဟာ သူ့အတန်းထဲမှာ ပထမရတယ်။ ပြီးတော့ အားကစားပြိုင်ပွဲတွေမှာလည်း ပထမပဲ။ ဒါတင်မက သူတက်တဲ့ဘုရားကျောင်းရဲ့ တနင်္ဂနွေသင်တန်းမှာလည်း အထူးချွန်ဆုံး ကျောင်းသားဖြစ်နေပြန်တယ်။ ဒီလို စာသင်သားအဖြစ်နဲ့ကော အားကစားသမားအဖြစ်နဲ့ပါ တစ်ပြိုင်တည်း ထူးချွန်အောင်မြင်ဖို့ဆိုတာ အလွန့်အလွန် ရှာမှရှားတဲ့စွမ်းရည်မျိုး မဟုတ်လား။



ဒါတင်ဘယ်ဟုတ်ဦးမလဲ။ သူဟာ အင်္ဂလန်မှာသွားပြီး ပညာသင်ဖို့ 'ရှိုလ်ပညာသင်စရိတ်' ကိုလည်း ရလိုက်သေးသဗျ။ အင်းလေ . . . ဒါတွေက လွန်ခဲ့တဲ့ ၂၅ နှစ်တုန်းက ဖြစ်ခဲ့တာတွေပါ။ စာသင်ကျောင်းနဲ့ ဘုရားကျောင်းက သူ့မိတ်ဆွေတွေ အားလုံးဟာ အသက်မွေးဝမ်းကျောင်းပညာတစ်ရပ် တတ်မြောက်ပြီး အောင်မြင်ဝင့်ကြွားစွာပြန်လာမယ့် သူ့ကို စိတ်ဝင်တစား စောင့်မျှော်နေကြတာပေါ့။

တစ်နေ့တော့ ကျောင်းဆရာမတစ်ဦးဖြစ်တဲ့ သူ့အစ်မက ဖေဖေ့ကို ပြောတယ်။ သူ့ဆီကို တစ်ခေါက်လောက် သွားလည်ပါဦးတဲ့။ သူက သူ့အစ်မအိမ်မှာပဲနေတာကိုး။ ဖေဖေသူ့အခန်းတံခါးကို ခေါက်လိုက်တော့ ဆံပင်ရှည်ရှည်နဲ့ ပိန်ပိန်ခြောက်ခြောက်လူတစ်ယောက် ထွက်လာတယ်။ မျက်လုံးတွေက ရီဝေဝေနဲ့။ သူ့ကြည့်ရတာ တောမှီရသေ့တစ်ပါးလိုလို၊ မှော်ဆရာတစ်ဦးလိုလို၊ ခန့်ချောချောတဲ့ လူငယ်အဖြစ်ကနေ အဘိုးကြီးရုပ် ပေါက်နေတဲ့ ဟစ်ပီဘဝကို ပြောင်းသွားတဲ့လူ။ ဒီလူဟာ သူမှသူပဲပေါ့။

ဖေဖေ မထင်မှတ်နိုင်လောက်အောင် တုန်လှုပ်ချောက်ချားသွားတယ်။ သူ့အခန်းထဲမှာ တခြားလူတွေရှိသေးတယ်။ အားလုံးသူ့လိုလူတွေချည်းပဲ။ သူတို့အားလုံးဆေးစွဲနေကြပြီလေ။ သူ့ရဲ့ အနာဂတ်ဘဝဟာလည်း ကျိုးပျက် ကြေမွသွားပြီပေါ့။ ခုလောလောဆယ် သူဘယ်ရောက်နေသလဲဆိုတာ ဖေဖေ မသိဘူး။ တစ်ခုသေချာတာကတော့ သူဟာ မိုက်မဲဆိုးသွမ်းတဲ့ အပေါင်းအသင်းတွေရဲ့ လွဲမှားတဲ့ သြဇာလွှမ်းမိုးမှုကို ခံခဲ့ရတာပဲပေါ့။

မင်းတို့အနေနဲ့ ဖြောင့်မတ်မှန်ကန်တဲ့ အပေါင်းအသင်းတွေကို ရွေးချယ် ပေါင်းသင်းတတ်အောင် အားထုတ်ကြရမယ်။ ဆေးစွဲနေသူမှန်သရွေ့ကို ရှောင်ကွင်းပါ။ လူချွန်လူကောင်းဖြစ်ရေးအတွက် အချင်းချင်း အားပေးတတ်သူ၊ ကူညီတတ်သူမျိုးတွေကိုသာ အပေါင်းအသင်းအဖြစ် လက်ခံပါ။ မင်းတို့က ဦးဆောင်မှုအပိုင်းကို ယူပြီး မင်းတို့ သူငယ်ချင်းတွေအပေါ် သြဇာ ကြီးလာအောင်လုပ်လို့လည်း ရတာပဲ။ ကောင်းမှုတွေလုပ်ဖို့ အစဉ်အမြဲ အားထုတ်တဲ့ နည်းကို သုံးပြီး မကောင်းမှုကျူးလွန်တာကို ရှောင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မကောင်းတဲ့ အပေါင်းအဖော်တွေက ဘေးဒုက္ခကို ခေါ်ဆောင်လာလိမ့်မယ်။ အကျဉ်းထောင်တွေကို သွားကြည့်ပါ။ မသူတော်တွေရဲ့ ဩဇာလွှမ်းမိုးမှုကို ခံခဲ့ရတဲ့အတွက် အဲဒီနေရာတွေကို ရောက်နေကြရတဲ့ လူရည်မွန်ကလေးတွေ အများကြီးတွေ့ရလိမ့်မယ်။ မိတ်ကောင်းဆွေကောင်းတွေ ရဖို့အတွက် သင့်မြတ်လျော်ကန်တဲ့ လူအများဆုံစည်းရာနေရာတွေကို သွားပါ။ ဘုရားကျောင်းတွေ၊ လူမှုရေးအသင်းအဖွဲ့တွေဟာ သင့်မြတ်လျော်ကန်တဲ့ လူအများဆုံစည်းရာ ကွင်းတွေပေါ့။ အဲဒီအသိုင်းအဝိုင်းထဲကို ရောက်သွားရင် သူတို့ရဲ့ ဥပဒေဘောင်အတွင်းက လှုပ်ရှားဆောင်ရွက်မှုတွေကို မင်းတို့လည်း ပါဝင်ဆောင်ရွက်ဖို့ အခွင့်အလမ်းတွေ ပေးလိမ့်မယ်။

မိဘတွေဟာ သူတို့ရဲ့ သားသမီးတွေအတွက် ကျောင်းကောင်းကောင်းတွေကို တကူးတကလိုက်ရှာကြတာ ဘာကြောင့်လဲ၊ မင်းတို့ သိကြရဲ့လား။ သူတို့ရဲ့ သားသမီးတွေကို တတ်နိုင်သမျှ အကောင်းဆုံး ဩဇာလွှမ်းမိုးမှုတွေ ခံစားရရှိစေချင်လို့ပေါ့ကွယ်။

**စကားလုံးတွေ၊ အသံတွေ၊ ဖက်ရှင်တွေ၊ အိမ်နီးချင်းရဲ့ ဓနဥစ္စာတွေ၊ တို့များရဲ့ကျန်းမာရေး စတာတွေက တို့များအပေါ် ဩဇာလွှမ်းမိုးနေတယ်၊ ဘဝတစ်ခု ပိုပြီးကောင်းအောင်လုပ်ဖို့၊ အဲဒီဘဝကို ပျော်ရွှင်ခံစားဖို့အတွက် အဲဒီ ဩဇာလွှမ်းမိုးမှုဆိုတဲ့ တွန်းအားတစ်ရပ်ရှိမှ ဖြစ်မယ်ဆိုတာလည်း တို့များ သိနေတယ်၊ ဒီတော့ သာယာချမ်းမြေ့တဲ့ဘဝကို သေချာပေါက်ရရှိဖို့ ကောင်းမွန်တဲ့ ဩဇာလွှမ်းမိုးမှုတွေသာ လိုလားပြီး မိုက်မှားတဲ့ ဩဇာလွှမ်းမိုးမှုတွေကို ပစ်ပယ်နိုင်အောင် တို့ကိုယ်တို့ ပြင်ဆင်ထားကြရမယ်၊**

■

## အမျိုးကောင်းသမီးများ

အင်ဒိုနီးရှားတက္ကသိုလ်က ပါမောက္ခနာဇရုဒင်ရှမ်ဆူဒင်က ဖေဖေ့ကို ပြောတယ်။ အမျိုးသမီးတွေနဲ့ ပတ်သက်တဲ့ ဆောင်းပါးတွေလည်း ခုထက်မက ပိုပြီး များများရေးပါတဲ့။ ဘာလို့လဲဆိုတော့ မင်းတို့မှာ သမီးတွေ မွေးကောင်း မွေးလာမယ်။ ပြီးတော့ အမျိုးသမီးမိတ်ဆွေတွေရှိမှာပဲ။ ဒီတော့ ဖေဖေ့ပြောဆို ဆုံးမချက်တွေကို ဖတ်ရပြီး သူတို့လည်း အကျိုးရှိအောင် လို့ပါတဲ့။

ယောကျ်ားနဲ့ မိန်းမကို ဘဝအဖော်မွန်တွေအဖြစ် ဘုရားသခင်က ဖန်ဆင်းထားတယ်။ လောကမှာ တစ်ကိုယ်ရေတစ်ကာယဘဝနဲ့ နေထိုင်ဖို့ ကြိုးစားမယ်ဆိုရင် အခက်အခဲတွေ့နိုင်တယ်။ တခြားတစ်ဖက်က ကြည့်ရင်တော့ အတွဲညီတဲ့အဖော်မျိုးကို ရရင် ပျော်ရွှင်ကြည်နူးမှုနဲ့ ကျေနပ်နှစ်သိမ့်မှုကို အကြီးအကျယ်ရယူခံစားနိုင်တယ်။

ဒီကမ္ဘာလောကကြီးမှာ မိန်းမသားတွေ ပါဝင်ဆောင်ရွက်ရတဲ့ အခန်းကဏ္ဍက ကြီးမားလှပါတယ်။ သူတို့ဟာ ကလေးသူငယ်တွေကို စံနမူနာပြ ခေါင်းဆောင်တွေဖြစ်လာအောင် ပြုစုပျိုးထောင်နိုင်ကြတယ်။ သူတို့ရဲ့ ယောကျ်ားတွေ သူတို့ဘာသာသူတို့ တက်လှမ်းနိုင်စွမ်းမရှိတဲ့ အမြင့်တွေကို တက်လှမ်းရောက်ရှိနိုင်အောင် လှုံ့ဆော်ပေးနိုင်စွမ်းရှိကြတယ်။ သူတို့ဟာ အိမ်ထောင်စုထဲမှာ ငြိမ်းချမ်းမှုနဲ့ ပျော်ရွှင်မှုရအောင် ဆောင်ကြဉ်းပေးနိုင်တယ်။ တကယ်တော့ သူတို့ဟာ မိသားစုတစ်စုထဲမှာ အရေးပါအရာရောက်ဆုံးလူတွေပဲ။ ဘီးတစ်ဘီးရဲ့ 'စပုတ်တိုင်' ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူတို့အနေနဲ့ အဆင်သင့်ဖြစ်နေဖို့နဲ့ တည်တည်ငြိမ်ငြိမ် ရှိနေဖို့ လိုတယ်။ ပြီးတော့ စာဖတ်ဖို့နဲ့ အချိန်ကိုတန်ဖိုးရှိရှိအသုံးချတတ်ဖို့ လည်းလိုတယ်။ ဆိုလိုတာကတော့ စံနမူနာအတင်ထိုက်ဆုံးမယား ဖြစ်လာ အောင်၊ စံနမူနာအတင်ထိုက်ဆုံးမိခင် ဖြစ်လာအောင် ဘယ်လိုကျင့်ကြံ နေထိုင်ရမလဲဆိုတာကို နှီးနှောဖလှယ်ပွဲတွေ၊ စာအုပ်တွေ၊ မိတ်ဆွေတွေဆီက ရှာဖွေ ဖော်ထုတ်လေ့လာဖို့ပါပဲ။

လူသားတွေဟာ သဘာဝအလျောက် လှပတဲ့ အရာတွေကို စုံမက် မြတ်နိုးကြတယ်။ ပြီးတော့ ပိုင်ဆိုင်လိုစိတ်ရှိကြတယ်။ ဒါကြောင့် ပိုက်ဆံရှိတဲ့ လူအများစုဟာ မိန်းမလှလေးတွေကို 'သိမ်းပိုက်' ဖို့ ကြိုးစားကြတာ မင်းတို့ တွေ့ရလိမ့်မယ်။ ဒါကြောင့်လည်း မိန်းမလှကလေးတွေကို အဖော်ပြုချင်တဲ့ ယောကျ်ားတွေဟာ ညဥ့်ကလပ်တွေမှာ ခြေချင်းလိမ်နေတာပေါ့။ ဘယ်လိုပဲ ဖြစ်ဖြစ် မိန်းမတွေဟာ ဝတ်ပုံစားပုံ၊ နေပုံထိုင်ပုံ မတတ်ရင် ယောကျ်ားတွေ ကို မြူဆွယ်ဖြားယောင်းရာ ရောက်သွားနိုင်တယ်။ ဒါကြောင့် အဝတ်အစား ကို ယဉ်ယဉ်ကျေးကျေးနဲ့ လုံလုံခြုံခြုံမဝတ်တတ်တဲ့ မိန်းမတွေကို သတိထားပါ။

ဖေဖေ့ဘဝရဲ့ စောစောပိုင်းကာလတွေဖြစ်တဲ့ ကျောင်းနေစဉ်နဲ့ အလုပ်လုပ်နေစဉ်ကဆို ဖေဖေဟာ ခရစ်ယာန်အသင်းအဖွဲ့တွေမှာ အတော့် ကို တက်တက်ကြွကြွလှုပ်ရှားခဲ့တယ်။ အဲဒီလုပ်ငန်းစဉ်ထဲမှာ ဆောင်ရွက်မှု အမျိုးမျိုးကို ကြီးကြပ်ကွပ်ကဲဖို့ ကော်မတီတွေဖွဲ့စည်းတာလည်း ပါတယ်။ ကော်မီတီအဖွဲ့ဝင်အတော်များများဟာ သိပ်တော်ပြီး အများအကျိုးဆောင် စိတ်အပြည့်အဝရှိတဲ့ မိန်းကလေးတွေ ဖြစ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ်လေ သူတို့အထဲက တချို့ဟာ ဖေဖေ့ကို သဘောကျနှစ်သက်လာကြတာ ရှောင်လွှဲ မရတဲ့ကိစ္စ ဖြစ်သွားတယ်။ ဒါပေမဲ့ သူတို့အထဲက ဘယ်သူမှ သူတို့ရဲ့ မေတ္တာကို ထုတ်ဖော်မပြဝံ့ကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့နဲ့ တွေ့တိုင်း ဆုံတိုင်း ဖေဖေက ကိုယ်ကျင့်သိက္ခာနဲ့ ပတ်သက်တာတွေချည်း ဟောပြော နေတာကိုး။ ဖေဖေ အိမ်ထောင်ပြုလိုက်တော့မှ သူတို့အထဲက ခုနစ်ယောက် ဟာ ထင်ရှားကျော်ကြားတဲ့ ဘုန်းတော်ကြီးတစ်ပါးဆီမှာ သွားပြီး ဖေဖေ့



အပေါ် သူတို့ မေတ္တာသက်ဝင်ချစ်ခင်ခဲ့ကြောင်း ဖွင့်ဟဝန်ခံခဲ့ကြတယ်။ ဖေဖေ ဒီလောက် မြန်မြန်ဆန်ဆန်ကြီး အိမ်ထောင်ပြုသွားလိမ့်မယ်လို့ သူတို့ ထင်မှတ် မထားကြဘူးလေ။

ဒီအကြောင်းတွေ ဖေဖေပြန်ပြောပြနေတာက အရှုံးအမှုးချစ်မိတာ ဆိုတာ ဘဝမှာ ရှောင်လွှဲလို့မရတဲ့ကိစ္စတစ်ခု ဆိုတာ မင်းတို့ နားလည်သဘော ပေါက်ထားစေချင်လို့ပဲ။ မင်းတို့ရဲ့ သမီး၊ ဒါမှမဟုတ် မိန်းကလေးမိတ်ဆွေ တစ်ဦးဦးက သူတို့ရဲ့ ချစ်ရေးချစ်ရာနဲ့ ပတ်သက်ပြီး နည်းပေးလမ်းပြလုပ်ဖို့ အကူအညီတောင်းလာရင် အောက်မှာ ဖော်ပြထားတဲ့ ဘုရားဝတ်ပြု ဆုတောင်းစာကလေးကို သင်ပေးလိုက်ပါ။

"အို . . . အတတဘုရားသခင်၊ သူ့အား ဖြစ်နိုင်သမျှ အတော်ဆုံးနဲ့ အသင့်မြတ်ဆုံး ခင်ပွန်းတစ်ယောက် ပေးသနားတော်မူပါ။ တကယ်လို့ တပည့်တော်မဟာ သင့်မြတ်လျော်ကန်သူဖြစ်မယ်ဆိုရင် တပည့်တော်မ ကို သူ့ဇနီးဖြစ်ခွင့်ပြုပါ။ တပည့်တော်မဟာ သူနဲ့ သင့်မြတ်လျော်ကန်သူ မဟုတ်ခဲ့ရင် တပည့်တော်မ ထက် သာသူအတွက် တပည့်တော်မ နောက်ဆုတ် ပေးနိုင်အောင် ကူညီစောင်မတော်မူပါဘုရား"

သမီးတို့ရဲ့ မိသားစုသာယာဝပြောရေးဆိုတာ သမီးတို့ရဲ့ ဘဝပေးတာဝန်ပဲ၊ အဲဒီလို သာယာဝပြော လာအောင် သန့်ရှင်းကြည်လင်တဲ့ စမ်းချောင်းကလေး နေ့စဉ်နဲ့အမျှ အစဉ်တစိုက်နဲ့ သစ္စာရှိစွာ စီးဆင်း နေသလို သမီးတို့ရဲ့ မေတ္တာတရားနဲ့ ချိုသာမှုကို မိသားစုအတွင်း စီးဆင်းနေပါစေ၊

■

www.burmeseclassic.com

www.burmeseclassic.com



## ဘာသာစကားများ

ဖေဖေ အမေရိကပြည်ထောင်စု၊ လော့စ်အိန်ဂျလိစ်မြို့မှာ ရောက်နေတဲ့ ၁၉၇၈ ခုနှစ်ထဲက တစ်မနက်ခင်းမှာ ရုပ်မြင်သံကြားအစီအစဉ်တစ်ခုကို ကြည့်ရတယ်။ အဲဒီအစီအစဉ်ကတော့ စာမတတ်ခြင်းအကြောင်းပဲ။ သူတို့ အဆိုအရ အမေရိကန်ပြည်ထောင်စုက အထက်တန်းကျောင်းထွက်တွေထဲမှာ ရာခိုင်နှုန်းအများစုဟာ အင်္ဂလိပ်စာကို စနစ်တကျမရေးတတ်ကြဘူးတဲ့။ ဒီအကြောင်းကြားရတော့ ဖေဖေအတော်တုန်လှုပ်သွားတယ်။ ပြီးတော့ အမေရိကကို ပထမဆုံးအကြိမ် ရောက်ဖူးတာဆိုတော့ ဒီဝန်ခံချက်မျိုးကြားရတာ စိတ်ကသိကအောက်ဖြစ်စရာပေါ့။

၁၉၉၃ ခုနှစ်၊ ဩဂုတ်လထုတ် 'ရီးဒါးစ်ဒိုင်ဂျက်' မဂ္ဂဇင်းထဲမှာ ဖတ်လိုက်ရတာက အထက်တန်းကျောင်းဒီပလိုမာလက်မှတ်ကိုင်ထားတဲ့ အမေရိကန်ကလေးတွေဟာ သာမန်စုံစမ်းရေးပုံစံကလေးကိုတောင် မဖြည့်တတ်ဘူးတဲ့ဗျား။

အင်္ဂလန်နိုင်ငံကို အခေါက်ခေါက်အခါခါရောက်သွားတော့ ဖေဖေ့မှာ ထပ်ကာထပ်ကာ တုန်လှုပ်ရပြန်ရော။ အင်္ဂလိပ်လူမျိုးတချို့ကလည်း အင်္ဂလိပ်စကားကို မှန်အောင် မပြောတတ်ကြဘူးတဲ့။ အင်္ဂလန်မှာလည်း စာမတတ်သူတွေ ရှိနေပါသတဲ့။ ကဲ၊ စဉ်းစားကြည့်စမ်း။ အင်္ဂလိပ်ဘာသာစကားဆိုတာ အဲဒီနိုင်ငံက ဖြစ်ပေါ်လာတာ မဟုတ်လား။

၁၉၈၁ ခုနှစ်တုန်းက ဖေဖေတရုတ်ပြည်ကို ရောက်ခဲ့တယ်။ ပြည်နယ်အသီးသီးက လူတွေဟာ သူတို့ရဲ့ ကိုယ်ပိုင်ဘာသာစကားကိုပဲ ပြောကြတာတွေ့ရတယ်။ တရုတ်စာကိုလည်း သူတို့ရဲ့ ကိုယ်ပိုင်စာကိုပဲ ဖတ်ကြတယ်လေ။ ဖြစ်ပေါ်လာတဲ့ အဖြေက သူတို့ရဲ့ နိုင်ငံသုံးဘာသာစကားဖြစ်တဲ့ မန်ဒရင်ဘာသာစကားကို စနစ်တကျမပြောတတ်ကြတာပဲပေါ့။

နိုင်ငံခြားဘာသာစကားတစ်မျိုးကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ခြင်းဟာ မင်းတို့နဲ့ သာရည်ဆိုတာ အထူးပြောစရာမလိုဘူး။ လူတွေက မင်းတို့ကို လေးစားကြလိမ့်မယ်။ မင်းတို့ အနည်းဆုံး နိုင်ငံခြားဘာသာ စကားနှစ်မျိုးကို ကျွမ်းကျင်တတ်မြောက်ကြရမယ်။ နိုင်ငံတကာစီးပွားရေး လုပ်ငန်းတွေလုပ်မယ်ဆိုရင်တော့ အင်္ဂလိပ်ဘာသာစကားက အရေးအကြီးဆုံးပေါ့။ တခြား ဘာသာစကားနှစ်မျိုးကတော့ မလေးနဲ့ ဂျပန်ပဲ။ ရေရှည်မှာ မန်ဒရင်စကားဟာ မတတ်မဖြစ်တတ်ရမယ့်စကားဖြစ်လာလိမ့်မယ်။ ခုလောလောဆယ်မှာ မင်းတို့ ဒီစကားကို ပြောနိုင်ဆိုနိုင်နေပြီ။ ဒါပေမဲ့ တရုတ် လူမျိုးစုနွယ်တစ်ယောက် အနေနဲ့ မန်ဒရင်ဘာသာစကားကို ထူးထူးချွန်ချွန် တတ်မြောက်သင့်တယ်။ ဒီဘာသာစကားဟာ ဝေဆာတယ်။ ကမ္ဘာ့လူဦးရေရဲ့ ၃၀ ရာခိုင်နှုန်းလောက်က ဒီဘာသာစကားကို သုံးစွဲနေကြတယ်။

မော်စီတုန်းနဲ့ ချူအင်လိုင်းတို့ရဲ့ စကားပြန်ကို ဖေဖေ ဆုံဖူးတယ်။ သူဟာ တရုတ်ပြည်ရဲ့ တခြားထိပ်တန်းခေါင်းဆောင်တွေရဲ့ စကားပြန်အဖြစ်လည်း ဆောင်ရွက်ဖူးတယ်။ သူက ဘာသာစကားခုနစ်မျိုးကို ကျွမ်းကျွမ်းကျင်ကျင် ရေးနိုင်ဖတ်နိုင်တယ်။ အဲဒီဘာသာစကားတွေကတော့ မြန်မာ၊ ထိုင်း၊ ပြင်သစ်၊ ကမ္ဘောဒီးယား၊ ဂျပန်၊ အင်္ဂလိပ်နဲ့ ထုံးစံအတိုင်း တရုတ်ပေါ့ကွယ်။ ဖေဖေ့များ သူ့လိုတတ်လိုက်ချင်စမ်းပါဘိ။ ဘာသာစကားသုံးမျိုးလောက်တတ်ရင်ပဲ ပျော်လှပါပြီ။

မင်းတို့ ရွေးချယ်တဲ့ ဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင်တတ်အောင် သင်ယူဖို့ဆိုတာ ဘယ်တော့မှ အချိန်နှောင်းသွားပြီရယ်လို့ မရှိဘူး။ မင်းတို့ အချိန်ပိုင်းသင်တန်းတွေ တက်နိုင်တယ်။ ဒါမှမဟုတ် ကက်ဆက်ခွေ၊ ဗီဒီ ဓာတ်ပြားတွေနဲ့လည်း လေ့လာသင်ယူနိုင်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ ဖေဖေတို့သာ ဘာသာစကားတွေ ခုထက်ပိုပြီး များများစားစားနဲ့ ရေရေလည်လည်ပြောတတ်မယ်ဆိုရင် ယဉ်ကျေးမှုမလေ့စရိုက်အမျိုးမျိုးကို ခုထက်ပိုပြီး သိရှိနားလည်လာနိုင်လိမ့်မယ်။ အဲဒါဆိုရင် ဒီကမ္ဘာလောကကြီးဟာ ပိုပြီး နေပျော်တဲ့ နေရာဌာနကြီး ဖြစ်လာမှာပဲ။ ကမ္ဘာတစ်ဝန်းလုံးမှာ ဘာသာစကားပေါင်း သုံးထောင်ကျော်ရှိတယ်။ တကယ့်ကိုရင်သပ်အံ့ဩစရာ ကောင်းလောက်တဲ့ ဟင်းခတ်အမွှေးအကြိုင်တွေပဲ။ တကယ်တော့ အမျိုးမျိုးအဖုံဖုံ အမည်စုံခြင်းဆိုတာ ဘဝရဲ့ ရသာစုံဟင်းခတ်အမွှေးအကြိုင်တွေပဲပေါ့ကွယ်။

တို့များဟာ ပါးစပ်တွေနဲ့ စကားလုံးတွေ ဖန်တီးကြတယ်၊ အဲဒီစကားလုံးတွေက တို့များရဲ့ အတွေးတွေကိုပြောပြတယ်၊ လိုအပ်ချက်နဲ့ ခံစားချက်တွေကိုဖော်ပြတယ်၊ အဲဒါတွေကိုပဲ တို့ရဲ့ လက်တွေနဲ့ စာရေးပြကြတယ်၊ ပါးစပ်၊ ဒါမှမဟုတ် လက်တွေမရှိလည်း ခြေချောင်းကလေးတွေ၊ ဒါမှမဟုတ် လက်မောင်းတွေက တစ်ဆင့် ဖော်ပြနိုင်သေးတာပဲ၊ ဒါပေမဲ့ဆက်သွယ်ရေးလမ်းကြောင်းအဖြစ် အမြဲတမ်းတည်ရှိနေမှာကတော့ ဘာသာစကားပဲဖြစ်တယ်၊ ဘာသာစကားရယ်လို့ မရှိရင် ကမ္ဘာလောကကြီးထဲမှာတစ်ယောက်နဲ့ တစ်ယောက် လိုဝိပတ်လည်အောင်နားလည်သဘောပေါက်နိုင်ကြမှာ မဟုတ်ဘူး။ ဒါ့ပြင်ကမ္ဘာသုံးဘာသာစကားဆိုတာရှိသေးတယ်၊ အဲဒါကတော့ အင်္ဂလိပ်စကားပဲ၊ အဲဒီဘာသာစကားကိုမင်းတို့ တတ်မြောက်ကျွမ်းကျင်မှုဖြစ်မယ်၊

■

## ရယ်မောခြင်း

လွန်ခဲ့တဲ့ နှစ်ပေါင်းအတော်ကြာကြာတုန်းက ညခုနစ်နာရီလောက်ဖေဖေအိမ်ပြန်ရောက်တော့ အမျိုးသမီးတစ်ယောက်က ဖေဖေ့ဆီကို မနက်ကတည်းက အကြိမ်ကြိမ်ဖုန်းဆက်နေတယ်လို့ ပြောကြတယ်။ အင်း၊ ကြည့်ရတာ အရေးကြီးနေပုံပဲ။ ဖေဖေ့ထင်ကြေးမှန်ပါတယ်။ ဖေဖေအိမ်ပြန်ရောက်ပြီး မိနစ်ပိုင်းအတွင်းမှာပဲ တယ်လီဖုန်းဝင်လာပြန်တယ်။

ဒီအမျိုးသမီးက ဖေဖေ့အမှုထမ်းဟောင်းတစ်ဦးရဲ့ ရည်းစားလေ။ သူဟာ ဖေဖေ့ကို ဖေဖေ့ရုံးခန်းမှာ တစ်ကြိမ်ပဲတွေ့ဖူးတာ။ ခုသူကပြောတယ်။ သူ့ကို အမြန်ဆုံးလာတွေ့ပါတဲ့။ မဟုတ်ရင် သူနေတဲ့ တိုက်အပေါ်ထပ်ကနေခုန်ချတော့မယ်တဲ့။ အမိပ္ပာယ်က သူ့ကိုယ်သူသတ်သေတော့မယ်ဆိုတဲ့သဘော။

ဖေဖေကြက်သေသေသွားတယ်။ ရာဇသံက ပြင်းထန်လှချည်လား။ ဒီကိစ္စက သေရေး-ရှင်ရေးကိစ္စကြီးပဲ။ ဖေဖေ ကမန်းကတန်းပဲ သူ့လိပ်စာကိုမေးရတယ်။ ပြီးတော့ ဖေဖေ့ ပြိုင်ကားကလေးနဲ့ အသားကုန်ပြေးရတယ်။ သူ ပြောတဲ့နေရာမှာပဲ သူ့ကို တွေ့ပါတယ်။ သူက ဖေဖေ့ကားထဲဝင်ထိုင်ပြီးတာနဲ့ ချုံးပွဲချငိုတော့တာပဲ။ သူ့ရဲ့ မျက်ရည်မိုးကြီးဟာ နှစ်နာရီကျော်ကြာတာတောင် သဲကြီးမဲကြီးရွာလို့မဆုံးသေးဘူး။ အဲဒီအတောအတွင်းမှာဖေဖေလည်း ကားလျှောက်မောင်းနေတာ စင်ကာပူနိုင်ငံရဲ့ နယ်မြေတစ်ဝက်ကျော်ကျော် ခရီးပေါက်နေပြီ။ နောက်ဆုံး ‘ အောချတ်လမ်း’ လည်းရောက်ရော ဖေဖေယမကာတစ်ခွက်လောက် သောက်ချင်နေပြီလို့ သူ့ကို ပြောလိုက်တယ်။ နေရာဌာနကိုလည်း ‘စင်ကျူရီပန်းခြံက ရှယ်ရတန်ဟိုတယ်’ (ခု အင်နာဟိုတယ်လို့ နာမည်ပြောင်းထားတယ်) ကို ရွေးလိုက်တယ်။ သူ့ကိုဖေဖေနဲ့ အတူ လိုက်သောက်ဖို့လည်း ဖိတ်ခေါ်တယ်။ သူက လိုက်မယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်။ ဒါပေမဲ့ ဟိုတယ်ထဲမှာ မငိုရဘူးလို့ ဖေဖေက စည်းကမ်းချက်ထုတ်တယ်။ သူက သဘောတူတယ်လေ။

ဖေဖေက လူထူထပ်တဲ့နေရာမှာ ရွေးပြီးထိုင်တယ်။ ပြီးတော့ ဖေဖေ့ဘဝ ဖြစ်စဉ်ထဲက ရယ်စရာမောစရာဖြစ်ရပ်တွေကို ပြောတော့တာပဲ။ မင်းတို့ သိတဲ့အတိုင်း ဖေဖေက ဟာသပြောတတ်တဲ့လူလေ။ တဖြည်းဖြည်းနဲ့ ဖေဖေ့ ဟာသစကားတွေကို သူတုံ့ပြန်လာတယ်။ ရယ်မောလာတယ်။ တစ်နာရီ လောက်ကြာတော့ သူ့ကို အိမ်ပြန်ပို့ပေးလိုက်တယ်။ သူက ပြောတယ်လေ။ **"ဦး ပြောတဲ့ ဟာသတွေကို ကျွန်မရယ်မောပြီး နောက်ပိုင်း စိတ်သက်သာရာ ရပြီး အရမ်းပေါ့ပါးသွားတယ်။ ကျွန်မမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ အတွေး တွေ မရှိတော့ဘူးလေ။ ဦးကို အရမ်းကျေးဇူးတင်ပါတယ်"** တဲ့ဗျား။

ရယ်မောခြင်းဟာ အံ့ဖွယ်ဆေးတစ်ပါးကွဲ့။ အပေါ်က ဇာတ်လမ်းမှာဆိုရင် ရယ်မောခြင်းဟာ နတ်ဆေးတစ်ဖုံပဲမဟုတ်လား။ ဒါနဲ့ စကားမစပ် ပြောရဦးမယ်။ အဲဒီအမျိုးသမီးဟာ အိမ်ထောင်ရက်သားကျပြီး ချစ်စရာကလေးနှစ်ယောက်ရထားပြီလေ။ သူက သူ့ခင်ပွန်းကိုတောင် ဖေဖေ့ရုံးခန်းကိုခေါ်လာပြီး ဖေဖေနဲ့ မိတ်ဆက်ပေးခဲ့တယ်။ သူ့အသက်ကို ကယ်လိုက်ဖွယ်ရာရှိတဲ့ ဖေဖေ့အကူအညီမဖြစ်စလောက်ကလေးကို သူမမေ့နိုင်ပုံမရဘူး။ သူ အကူအညီ လိုအပ်နေချိန်မှာ ဖေဖေက အသင့်ရှိနေတယ်လေ။ သူ့ကို ကုသဖို့ ဖေဖေ့မှာ ရယ်မောခြင်းဆိုတဲ့ဆေးတစ်ဖုံ ရှိနေတယ်။

ဟာသရုပ်ရှင်ကောင်းကောင်းတချို့ကို သွားကြည့်ပါ။ ကျယ်ကျယ် လောင်လောင် အသံထွက်ပြီး ရယ်မောပစ်။ မင်းတို့ အနီးအနားက လူတွေကို အမှုမထားနဲ့။ မင်းတို့ရဲ့ ရယ်မောခြင်းဟာ ကူးစက်ပျံ့နှံ့သွားလိမ့်မယ်။ မင်းတို့ဟာ မီးပြတိုက် ဖြစ်လာလိမ့်မယ်။ မင်းတို့ဟာ လျှပ်စစ်ဓာတ်စီးနေတဲ့ ဝိုင်ယာကြိုး ဖြစ်လာလိမ့်မယ်။

ပြုံးခြင်းဟာ ရယ်ခြင်းရဲ့ရှေ့ပြေး ဖြစ်တယ်၊
ရယ်ခြင်းဟာ ပျော်ရွှင်မှုရဲ့ရှေ့ပြေး ဖြစ်တယ်၊

■

# တရားထိုင်ခြင်း

တရားထိုင်တာဆိုတဲ့ ကျင့်စဉ်ထဲမှာ လူတွေမသိနားမလည် နိုင်လောက်တဲ့လျှို့ဝှက်ဆန်းကြယ်မှုမျိုး ဘာမှမရှိဘူး။ လက်တွေ့တရားထိုင်နေသူတွေက ပြောလိမ့်မယ်။ ဒီကျင့်စဉ်ထဲမှာ စိတ်တန်ခိုးဆိုတာရှိနေတယ်လို့။ စနစ်တကျ မှန်မှန်ကန်ကန်လေ့ကျင့်မယ်ဆိုရင် တရားထိုင်တာက မင်းတို့ကို တည်ငြိမ် အေးချမ်းမှုနဲ့ အတွေးအမြင်ကြည်လင်မှုတွေ ဆောင်ကြဉ်းပေးလိမ့်မယ်။

လွန်ခဲ့တဲ့ နှစ်ဆယ့်ခြောက်နှစ်တုန်းက ဖေဖေ့ညီအငယ်ဆုံး 'တော်မီ' ကို တရားထိုင်တာအကြောင်းရှင်းပြခဲ့တယ်။ တရားထိုင်တယ်ဆိုတာ အင်္ဂလိပ်လို MEDITATE လို့ခေါ်တယ်။ မင်းတို့တစ်တွေ သဘောပေါက်လွယ်အောင် ရှင်းပြရရင် အဲဒီအင်္ဂလိပ်စာလုံးကို သုံးပိုင်းခွဲလို့ရတယ်။

MEDITATE = ME + DICTATE + ATE

ဒီတော့ ME ဆိုတာ ' မိမိ'၊ DICTATE ဆိုတာ 'နှုတ်တိုက်ရွတ်တာ'၊ ATE ဆိုတာကတော့ ' စားပစ်တာ' ပေါ့။

## မိမိ

မိမိကိုယ်တိုင်တရားထိုင်မှ ရတယ်။ မိမိကိုယ်စား တခြားလူက ဝင်ပြီး ထိုင်ပေးလို့ မရဘူး။ တရားထိုင်တဲ့အတွက် အကျိုးခံစားရမှာက 'မိမိ'သာ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



### နှုတ်တိုက်ရွတ်ဆိုခြင်း

ဖေဖေကတော့ နှုတ်တိုက်ရွတ်ဆိုတာကို ဓမ္မလင်္ကာတစ်ပုဒ်နဲ့ စတင်လေ့ ရှိတယ်။ တစ်ခါတလေ စိတ်အားထက်သန်မှုဖြစ်စေတဲ့ အဆိုအမိန့်ကောင်းကောင်းတစ်ခုကိုရွတ်ဆိုတယ်။ အဲဒီလင်္ကာ၊ ဒါမှမဟုတ် စာကို အကြိမ်ပေါင်း ရာဂဏန်းအနည်းငယ်ထိ နှုလုံးသွင်းရွတ်ဆိုပြီး ခေါင်းထဲစွဲနေအောင် အေးအေးချမ်းချမ်းနဲ့ ဖြည်းဖြည်းချင်း မှတ်သားတယ်။ အဲဒီလိုလုပ်ဖို့ ၁၅ မိနစ်လောက် အချိန်ပေးရတယ်။ အဲဒီနောက်မှာတော့ ရွတ်ဆိုခဲ့တဲ့လင်္ကာ တစ်ပုဒ်လုံးကို စာရွက်ပေါ်မှာရေးချတယ်။ စကားလုံးတစ်လုံးချင်း-သတ်ပုံသတ်ညွှန်း၊ အဖြတ်အတောက်၊ အထားအသို၊ အမှတ်အသားကစ တိကျမှန်ကန်အောင်ရေးတယ်။ ကျောင်းတုန်းက သတ်ပုံလေ့ကျင့်ခန်း လုပ်ရသလိုပေါ့။ တစ်ခါတလေကျတော့ စိတ်ထဲမှာ 'စကားလုံးအခုန်အပျံတွေ' လုပ်ကြည့်တယ်။ အဲဒီလင်္ကာထဲမှာ 'တစ်ချောင်းပုဒ်' ဘယ်နှခုပါသလဲ။ 'ဘကုန်း' ဘယ်နှလုံး ပါသလဲ၊ 'နှင့်' ဘယ်နှလုံး ပါသလဲ စသဖြင့်ပေါ့။ အဲဒီလိုလုပ်တာဟာ ဖေဖေ့စိတ်ကို ရှေ့နဲ့နောက် လွန်းထိုးသွားနေစေတယ်။ ကြာလာတဲ့အခါ စကားလုံးတွေကို စိတ်မျက်စိထဲမှာ ကွင်းကွင်းကွက်ကွက် မြင်လာတော့တယ်။ အဲဒီလို လေ့ကျင့်ပြီးတဲ့အခါ စိတ်ထဲမှာ ကြည်လင်ပေ့ါပါးတဲ့ ခံစားချက်မျိုးခံစားရတယ်။ ရေက အညစ်အကြေးတွေကို ဆေးကြောသန့်စင်ပစ်လိုက်သလိုပဲ။ နှုတ်တိုက်ရွတ်ဆိုတဲ့ လေ့ကျင့်ခန်းက စိတ်ကို သန့်စင်သွားအောင် ပြုလုပ်ပေးတယ်။ ဒီလေ့ကျင့်ခန်းက စိတ်အညစ်အကြေးတွေကို ဖယ်ရှင်းပစ်တယ်။

### စားပစ်ခြင်း

တို့တစ်တွေဟာ အစားတစ်လုတ်ကို တစ်ခါတည်း မျိုချပစ်ခဲ့တယ်။ အစားတစ်လုတ်ကို ဝါးတယ်၊ ကစီရည်နဲ့ သွားတွေကို သူတို့အလုပ် သူတို့လုပ်ဖို့ ခွင့်ပြုတယ်။ တို့က ကောင်းမွန်တဲ့ အရသာကို ခံစားကြတယ်။ အဲဒီနောက်မှာတော့ အစာခြေဖျက်တဲ့ လုပ်ငန်းစဉ်ကို စတယ်။



တရားထိုင်တယ်ဆိုတာ အစာစားတာနဲ့ အတူတူပဲ။ ဒီကိစ္စကို ဖြည်းဖြည်းမှန်မှန်လုပ်ရတယ်။ တို့များ ရွတ်ဆိုခဲ့တဲ့ လင်္ကာကိုပဲ စိတ်ထဲမှာ အထပ်ထပ်အခါခါ စီးဝင်ပျံ့နှံ့ပါစေ။ နောက်ဆုံးပိတ်ရလဒ်ကတော့ ပိုမိုကြည်လင်ပြီး ပိုမို ထက်မြက်တဲ့ စိတ်ကို ရလာတာပဲ။ မင်းတို့ရွေးချယ်တဲ့ လင်္ကာပေါ်မှာ မူတည်ပြီး မင်းတို့ရဲ့ စိတ်အားထက်သန်မှုတွေ ကြီးမားပြင်းထန်လာလိမ့်မယ်။

တရားထိုင်တာဟာ စိတ်ကို ကြည်လင်လန်းဆန်းစေတဲ့ ကျင့်စဉ်တစ်ခုပဲ။ ဒီကျင့်စဉ်ကို မင်းတို့ ဘယ်နေရာ၊ ဘယ်အချိန်မှာမဆို ကျင့်ကြံလို့ရတယ်။ ဖေဖေက လေယာဉ်စီးနေချိန်မျိုး၊ ဒါမှမဟုတ် မော်တော်ကားပေါ်မှာ အကြာကြီးထိုင်လိုက်သွားရတဲ့ အခါမျိုးမှာ ကျင့်တတ်တယ်။ အကောင်းဆုံးကတော့ မနက်စောစော၊ တိတ်ဆိတ်ငြိမ်သက်တဲ့ နေရာမျိုးပဲ။ နှုတ်တိုက်ရွတ်ဆိုဖို့ အကြောင်းအရာတွေကိုတော့ ဖေဖေက ဓမ္မဟောင်းကျမ်းစာအုပ်တွေနဲ့ ဆော်လမွန်ဘုရင်ကြီးရဲ့ သမ္မာကျမ်းစာတွေထဲက ထုတ်နုတ်ယူတယ်။

**တရားထိုင်တဲ့အတွက် သာယာမှုနဲ့ ငြိမ်းအေးမှုကို မလွဲမသွေရတယ်၊ ဒီကျင့်စဉ်ဟာ ကိုယ်နဲ့ စိတ်အတွက် ကောင်းမွန်တဲ့ အားဆေးတစ်ဖုံပဲ၊ ဒီအားဆေးက ကြည်လင်ငြိမ်း သတ္တိရှိစွာ အသက်ရှင်နေထိုင်ဖို့ စိတ်စွမ်းအင်ကို သွတ်သွင်းပေးတယ်၊**

■

www.burmeseclassic.com

www.burmeseclassic.com

## ပိုက်ဆံ

အမြော်အမြင်ရှိတဲ့လူတွေဟာ အရေးပေါ်ကိစ္စတွေနဲ့ အနာဂတ်မျိုးဆက်တွေအတွက် ပိုက်ဆံကိုစုဆောင်းကြတယ်။ ဆော်လမွန်ဘုရင်ကြီးမိန့်မြွက်ခဲ့တာက 'ပိုက်ဆံကို နည်းနည်းချင်းနည်းနည်းချင်းစုဆောင်းသူသည် ကြီးပွားချမ်းသာရာ၏' တဲ့။ ဒီ ရှေးဟောင်းဉာဏ်အမြော်အမြင်ကြီးမှုကို ခုထိတိုင်လိုက်နာကျင့်ကြံလို့ ရနေသေးတယ်။

မင်းတို့ရဲ့ လစဉ်စုစုပေါင်းဝင်ငွေထဲက ၁၀ ရာခိုင်နှုန်းကို ပုံမှန်စုဆောင်းပါ။ ဒီအလေ့အကျင့်က မင်းတို့ရဲ့ ဘဏ်လက်ကျန်ငွေ အမြဲတောင့်တင်းနေစေဖို့ အာမခံချက်ပေးလိမ့်မယ်။ ချမ်းသာကြွယ်ဝတဲ့လူအတော်များများဟာ ဒီနည်းကိုကျင့်သုံးတယ်။ ပိုပိုလျှံလျှံရှိတဲ့အခါမျိုးမှာ ဒီ့ထက်မြင့်တဲ့ရာခိုင်နှုန်း နဲ့ စုဆောင်းပါ။

- ❖ မင်းတို့မှာ စုဆောင်းငွေ အတော်အတန်ရလာတဲ့အခါ ဒီပိုက်ဆံကို တိုးပွားအောင်လုပ်ဖို့ လိုလာမယ်။ အောက်ပါအချက်တွေကို မှတ်သားထားပါ။
- ❖ အရဲကိုးရတဲ့လုပ်ငန်းတွေထဲမှာ မရင်းနှီးမမြှုပ်နှံပါနဲ့။ ဖြည်းဖြည်းမှန်မှန်နဲ့ ခိုင်မာတဲ့အဖွဲ့အစည်းတွေကို ရွေးချယ်ပါ။ အကျိုးအမြတ်က ရင်ဖိုရလောက်အောင် မများဘူး။ ဒါပေမဲ့ မင်းတို့ရဲ့ပိုက်ဆံ လုံခြုံစိတ်ချရတယ်။ ပြန်အမ်းငွေရဖို့ အာမခံချက်ရှိတယ်။
- ❖ အိပ်မက်ဆန်တဲ့စိတ်ကူးတွေထဲ၊ ဒါမှမဟုတ် နေ့ချင်းညချင်းသူဌေးဖြစ်နည်းတွေနောက်ကို မလိုက်ပါနဲ့။ တစ်ချိန်မဟုတ်တစ်ချိန် မင်းတို့ရဲ့လောဘ



စိတ်က အကျနာမှုကို ဖြစ်ပေါ်စေလိမ့်မယ်။ ဘယ်တော့မှ 'ဖြတ်လမ်းက သူဌေးဖြစ်နည်း' တွေကို မယုံစားပါနဲ့၊ မင်းတို့ မီးလောင်ပြာကျသွားလိမ့်မယ်။

- ❖ စတော့ဈေးကွက်ဟာ ငွေရှာနည်းတစ်နည်းပဲ၊ ဈေးကျတုန်းဝယ်၊ ဈေးတက်ရင်ရောင်း၊ အဲဒါဟာ အလေးအမြတ်ထားထိုက်တဲ့မူဝါဒပဲ။ စတော့တွေကို ဘယ်သူမှမလိုချင်တဲ့ အချိန်၊ ပြီးတော့ရပိုင်ခွင့်တန်ဖိုးထက်ဈေးနိမ့်နေတဲ့ အချိန်မျိုးမှာမှ ဝယ်ပါ။ ဒီတန်ဖိုးဟာပြန်တက်မှာပဲ။ တစ်ခုတော့ ရှိတယ်။ ငွေချေးပြီး မဝယ်ပါနဲ့။ မင်းတို့မှာ တောင့်ခံနိုင်တဲ့အင်အားရှိရမယ်။ ဝယ်ပြီး ထိန်းထား။ ငွေကြေးမြှုပ်နှံသူတွေထဲက ၂ ရာခိုင်နှုန်းပဲ မြတ်ကြတယ်။ ကျန်တဲ့ လူတွေက ရှုံးမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ခန့်မှန်းတွက်ချက်သူတွေ မို့လို့ပဲ။
- ❖ အိမ်ရာနဲ့ မြေကို ဝယ်ပါ။ ဘိုးဘွားပိုင်မြေအမျိုးအစားကိုရွေးဝယ်ပါ။ ဒါမှမဟုတ် အနည်းဆုံး မျိုးဆက်သုံးဆက်လောက်အာမခံချက်ရှိတဲ့ နှစ်ရှည်မြေငှားဂရန်ရှိတဲ့ မြေအမျိုးအစားကို ဝယ်ပါ။ တစ်ကမ္ဘာလုံးမှာ လူဦးရေတိုးပွားနေတယ်။ လူတိုင်း နေထိုင်ဖို့ အိမ်ရာ လိုအပ်တယ်။ အိမ်ရာဆောက်ဖို့ မြေလိုတယ်။
- ❖ မင်းတို့ရဲ့သားသမီးမြေးမြစ်တွေရဲ့ ရပ်တည်နေထိုင်နိုင်ရေးနဲ့ ပညာကောင်းကောင်းတတ်မြောက်ရေးတို့အတွက် ပြင်ဆင်စုဆောင်းထားပါ။ လူတော်လူကောင်းတစ်ယောက်ဟာ မျိုးဆက်သုံးဆက်စာလောက် ကြိုတင်ပြင်ဆင်ထားတတ်တယ်။

မင်းတို့ရဲ့ ပိုက်ဆံတွေ ဆပွားလာတာကို ကြည့်ရတာ မြူးထူးစရာကောင်းလှတယ်။ ပိုက်ဆံဆိုတာ ကောင်းတယ်။ ဒါပေမဲ့ ပိုက်ဆံကို ပိုင်ဆိုင်လိုစိတ်နဲ့ ချစ်တာကတော့ ဆိုးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံကအစွမ်းထက်တယ်၊ အရေးကြီးတယ်၊ ဖြီးတော့ နည်းမှန်လမ်းမှန်နဲ့ ရှာဖွေရယူသင့်တဲ့ အရာဖြစ်တယ်၊ ဆင်းရဲမွဲတေရတာကတော့ ဆိုးရွားတယ်၊ လူတစ်ဦးကို လုပ်ချင်တာတွေ မလုပ်နိုင်အောင် ချုပ်ထားတယ်၊ မိသားစုပြဿနာတွေ ဖြစ်ပေါ်စေတယ်၊ ဒီတော့ ပိုက်ဆံကို အစဉ်တစိုက်နဲ့ လုံခြုံစိတ်ချရစွာ များပြားလာအောင်၊ ဆပွားလာအောင် အားထုတ်ပါ။

■

# ဂီတ

တို့တစ်တွေဟာ အသံမျိုးစုံကို နေ့စဉ်နေ့တိုင်း ကြားနေကြရတယ်။ တချို့အသံတွေက နားဝင်ချိုပြီး တချို့အသံတွေကတော့ တယ်ပြီး နားဝင်မချိုလှဘူး။ အသံတွေက ဂီတသံတွေဖြစ်လာနိုင်တယ်။ ဟိုး ရှေးရှေး ပဝေသဏီကတည်းက ဂီတဟာ လူသားမျိုးနွယ်ရဲ့ဝိညာဉ် ဖြစ်ခဲ့တယ်။

တိရစ္ဆာန်လောကမှာတောင် ဂီတသံကို ဖန်တီးထုတ်လုပ်ကြတယ်နော်။ မှတ်မိနေသေးတယ်။ ထိုင်းနိုင်ငံမှာ ရှိတဲ့ 'ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ထိန်း သိမ်းစောင့်ရှောက်ရေးအဖွဲ့' ရဲ့ ဥက္ကဋ္ဌအိမ်ကို ဖေဖေ ရောက်သွားတော့ သူက ဖေဖေ့ကို သူလက်သပ်မွေးထားတဲ့ မျောက်ကလေးတစ်ကောင်ကို လိုက်ပြတယ်။ အဲဒီမျောက်ကလေး သီချင်းဆိုတာက တကယ့်အော်ပရာပြဇာတ်ထဲက အဆိုတော်တစ်ယောက်ကျနေတာပဲဟေ့။ သူသီချင်းဆိုသံကြားရတော့ ဖေဖေဖြင့် အံ့ဩလိုက်တာ ပြောမနေနဲ့။

ဖေဖေ့ညီဝမ်းကွဲတစ်ယောက်က ဆိုင်တစ်ဆိုင်က ကြက်တူရွေးတစ်ကောင် ဝယ်လာတယ်။ အဲဒီကြက်တူရွေးကလေးဆီက ဂီတသံကို ကြားရတာ ယုံချင်စရာတောင် မကောင်းဘူး။ ဒီကောင်လေးက တိရစ္ဆာန်အသံတွေကိုလည်း လိုက်တုပြီးဆိုနိုင်တယ်လေ။ ဖေဖေ တို့မှာ ရင်သပ်ရှုမောပေါ့ကွယ်။

မြို့နေလူတန်းစားတွေ ခံစားနေရတဲ့ စိတ်ဖိစီးမှုတွေကို ဂီတက ဖြေဖျောက်ပေးနိုင်တာကိုလည်း ဖေဖေ မစဉ်းစားဘဲမနေနိုင်ဘူး။ ကာရာအိုကေဆိုင်တွေကို ကြည့်လေ။ အဲဒီဆိုင်တွေမှာ တေးသံရှင်ပေါင်းစုံကို သီဆိုခွင့်ပြုထားတာဆိုတော့ သူတို့ဟာ မူလတေးသွားနဲ့ ကိုက်ကိုက် မကိုက်ကိုက်၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့အသံတွေ ပြာချင်ပြာ နှမ်းချင်နှမ်း ဆိုကြတာပဲလေ။ ဆေးလိပ်သောက်ခွင့် မပြုတဲ့ ကာရာအိုကေခန်းမတွေရှိရင် ပိုတောင်ကောင်းဦးမယ်လို့ ဖေဖေထင်တယ်ကွယ်။

ဂန္ထဝင်တေးဂီတဟာ မှတ်ဉာဏ်ပိုကောင်းလာအောင် အထောက်အကူ ပြုတယ်လို့ ဟန်ဂေရီက သုတေသီတွေက အခိုင်အမာပြောတယ်။ တခြား တစ်ဖက်ကတော့ ကျယ်လောင်တဲ့ 'ရော့ခ်' အမျိုးအစားဂီတသံက အပင်တွေ ကို သေစေနိုင်တယ်၊ လူသားတွေရဲ့ စိတ်ကိုလည်း တစ်နည်းတစ်ဖုံ ဒုက္ခပေး နိုင်တယ်လို့ သူတို့က အထောက်အထားအခိုင်အမာပြခဲ့ကြတယ်။ မင်းတို့ ဂီတပညာကို လေ့လာဆည်းပူးကြမယ်ဆိုရင် ဂန္ထဝင်ဂီတကို သင်ယူသင့်တယ်။

၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့က ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်နဲ့ ဖေဖေ့ရုံးခန်းအသစ်နားက 'ချန်ဂီပွိုင့် ဟော့ကာစင်တာ' မှာ ညဥ့်နက်စာ အတူစားကြတယ်။ ဒီလူက အရမ်းသိမ်မွေ့ပြီး စကားပြောညင်သာတဲ့လူ။ သူ့ဆီမှာ စင်ကာပူဒေါ်လာ တစ်သောင်းကျော်တန်တဲ့ ကက်ဆက်တစ်လုံးရှိတယ်ဆိုတာ သိရတော့ ဖေဖေအံ့ဩကြည်နူးသွားမိတယ်။ သူက ဂန္ထဝင်ဂီတကို မြတ်နိုးတဲ့လူ။ သူက ပြောတယ်။ သူ့စက်ကို ဖွင့်ထားရင် သံစုံတီးဝိုင်းကြီး ရှေ့မှာ ကိုယ်တိုင်ကိုယ်ကျထိုင်ပြီး နားထောင်နေရသလို တူရိယာပစ္စည်း အမျိုးမျိုးရဲ့ နက်နဲမှုကို ခွဲခွဲခြားခြား နားဆင်လို့ရတယ်တဲ့။ သူ အဲဒီလိုပြောပြနေတဲ့ အချိန်မှာ ဖေဖေလေ. . . သူ့အိမ်ကို လိုက်သွားပြီး သူ့စက်ကြီး နဲ့ နားထောင်ကြည့်ချင်လိုက်တာ ပြောမနေနဲ့။ မင်းတို့ရဲ့ ဧည့်ခန်းထဲမှာ သက်သောင့်သက်သာကလေးထိုင်၊ တိတ်ဆိတ်ငြိမ်သက်ခြင်းနဲ့ ငြိမ်းအေးခြင်းတို့ ဝိုင်းရံထားတဲ့ အလယ်မှာ သံစုံတီးဝိုင်းကြီးရဲ့ ဂီတသံကို နားဆင် ကဲ . . . ဘယ်လောက်အရသာရှိလိုက်မလဲ။

မင်းတို့ ပင်လယ်ရပ်ခြားတိုင်းတစ်ပါးကို ခရီးထွက်ဖြစ်တိုင်း တေးသံသွင်းဆိုင်တစ်ဆိုင်ကို သွားပြီး သူတို့ရဲ့ ဒေသထွက် သီချင်းခွေတွေ ဝယ်ပါ။ တေးဖွဲ့သီကုံးမှုရဲ့နောက်ကွယ်မှာရှိတဲ့ သမိုင်းကြောင်းကို နားလည်သဘောပေါက်အောင် အားထုတ်ပါ။ စူးစမ်းလေ့လာလိုစိတ် ပြင်းပြပါ။ မင်းတို့ကျေးဇူးတင်လောက်စရာ တစ်ခုခုတော့ အမြဲရှိနေမှာပါ။

ဖေဖေက ဘာတူရိယာပစ္စည်းမှ မတီးတတ် မမှုတ်တတ်ဘူး။ ဒီတော့ ဆေးလိပ်သောက်သူ အနည်းဆုံးတွေ့ရတဲ့ ကာရာအိုကေခန်းမတွေကို ရွေးပြီး သီချင်းသွားဆိုတာပဲ။ လူအတော်များများဟာ အဲဒီနေရာတွေကို သွားရတာ ပျော်ရွှင်မြူးထူးကြကြောင်း တွေ့ရတယ်ကွဲ့။ တချို့ဆိုရင် သူတို့ရဲ့ အသံတွေက အောက်ကလိအာသံကြီးတွေ ဖြစ်နေပေမယ့်လည်း သီချင်းဆိုရဲတဲ့သတ္တိတွေ ရှိကြတယ်ဖော့။ ဒီလိုဆိုလိုက်တဲ့အတွက် စိတ်တင်းမှုတွေ ပြေလျော့သွားတယ်။ တစ်နေ့နေ့မှာတော့ မင်းတို့လည်း ဆေးလိပ်သောက်ခွင့် မပြုတဲ့ ကာရာအိုကေခန်းမကောင်းကောင်းတစ်ခု ဖွင့်ချင်စိတ်ပေါက်ချင်ပေါက်လာမှာပေ့ါ။

**ဂီတကို ခံစားပါ။ ဂီတကို ဖန်တီးပါ။ ဂီတက မင်းတို့နှလုံးသားကို နူးညံ့ပျော့ပျောင်းစေတဲ့အရာ ဖြစ်ပါစေ၊ ဂီတက ကောင်းကျိုးဖြစ်ထွန်းစေပြီး နှစ်လိုဖွယ်ကောင်းတဲ့အရာ ဖြစ်ပါစေ၊ ဂီတက ပျော်ရွှင်မှုနဲ့ ကြည်နူးဖွယ်အမှတ်တရ ဖြစ်ရပ်တွေကို သယ်ဆောင်လာတဲ့အရာ ဖြစ်ပါစေ၊ ဂီတက စစ်မှန်ပြီး ဆင်းရဲဒုက္ခကင်းဝေးတဲ့ ငြိမ်းချမ်းမှုနဲ့ ကမ္ဘာလောကကြီးကို ပေါင်းစည်းပေးတဲ့အရာ ဖြစ်ပါစေ၊**

■



www.burmeseclassic.com

www.burmeseclassic.com

## သဘာဝတရား

တို့တစ်တွေမှာ အာရုံငါးပါးစလုံး အကောင်းပကတိအတိုင်း ရှိနေတာကို သိရတာ ဘယ်လောက်ကြည်နူးနှစ်သိမ့်စရာကောင်းလိုက်သလဲ။ ဒီအာရုံငါးပါးကို ခံစားဖို့နဲ့ အသုံးချဖို့ တို့တစ်တွေကို ဘုရားသခင်က ပေးသနားထားတာလေ။ ဒီကမ္ဘာကြီးပေါ်မှာ အာရုံငါးပါးအနက် အာရုံတချို့တစ်ဝက်ပဲ ကောင်းတဲ့လူတွေ အများကြီးရှိတယ်ဆိုတာ မင်းတို့ သိမှာပါ။

လွန်ခဲ့တဲ့ သောကြာနေ့က 'မရင်းပရိတ်ဟော့ကာစင်တာ'မှာ ဆွံ့အနားမကြားလူငယ်ကလေး ငါးယောက် သူတို့အချင်းချင်း 'စကားပြော' နေကြတာတွေ့ရတော့ ဖေဖေ အံ့ဩတကြီးဖြစ်ခဲ့ရတယ်။ သူတို့ရဲ့ လက်ဟန်ခြေဟန်တွေနဲ့ အသံမထွက်ဘဲ ပါးစပ်လှုပ်ပြတာတွေ ကြည့်ရတာ အတော်ကြည်နူးစရာကောင်းတာကလား။ သူတို့ အသံမထွက်ဘဲ ရယ်မောနေကြတာ မင်းတို့တွေ့ရမယ်။ သူတို့ရဲ့ မျက်နှာအမူအရာတွေက တို့များရဲ့ မျက်နှာအမူအရာတွေထက် ပိုပြီးကောင်း၊ ပိုပြီးထိရောက်တယ်ကွဲ့။ သူတို့ အတူတကွ အဲဒီလိုပြောဆိုဆက်ဆံနေကြရတာကို ပျော်ရွှင်ကြည်နူးနေကြပုံပဲ။

ပန်းပွင့်ကလေးတွေကို ကြည့်ပါ။ အရောင်အသွေး အရွယ်အစား၊ ပုံသဏ္ဌာန်အမျိုးမျိုးအစုံစုံပဲ။ တချို့က စိတ်လှုပ်ရှားတက်ကြွစေတဲ့ ရနံ့တွေ ထုတ်လွှတ်ပေးတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ပန်းချီဆရာတွေ အားလုံးပေါင်းပြီး ဖန်တီးထုတ်လုပ်လည်း အဲဒီပန်းကလေးတွေလို အနုပညာမြောက်တဲ့ လက်ရာမျိုး ထွက်ပေါ်လာမှာ မဟုတ်ဘူး။

ငါးကလေးတွေကို ကြည့်ပါ။ တောက်ပပြီး ချစ်စရာအရောင်အသွေးတွေနဲ့။ သဘာဝတရားရဲ့ လက်ရာတွေချည်းပဲ။ ဘယ်လောက်ရင်ခုန်



လှိုက်မော စရာကောင်းလိုက်သလဲနော်။

သဘာဝတရားက ချားရဟတ်လို ပတ်လည်လှည့် အလုပ်လုပ်တယ်။ ပန်းပွင့်တွေက နောက်ထပ်အပင်သစ်တွေ ပေါက်ပွားလာအောင် မျိုးစေ့တွေ ချပေးနိုင်ဖို့ နွမ်းကြွေပေးရတယ်။ သူတို့က ဘဝရဲ့ အခြေခံသဘောတရားကို လိုက်နာ နာခံတယ်။ သူတို့ရှင်သန်ဖို့ ရေ၊ လေ၊ အလင်းရောင်နဲ့ အာဟာရ လိုအပ်တယ်။ တို့တစ်တွေလည်း သူတို့နဲ့ အတူတူပါပဲ။

မင်းတို့အိမ်မှာ အပင်တွေ ကြိုးစားစိုက်ပါ။ လူအများကတော့ အပွင့်ပွင့်တဲ့ အပင်တွေကို နှစ်သက်ကြတယ်။ အိမ်မှာ ဟင်းသီးဟင်းရွက်ပင်တွေ စိုက်ပျိုးကြပါ။ တို့ရဲ့ ခေတ်သစ်လူ့အဖွဲ့အစည်းဟာ အိမ်မှာ စိုက်ပျိုးတဲ့ အစားအစာတွေကို စားဖို့ လိုအပ်တယ်။

ငါးတွေ မွေးဖို့ ကြိုးစားပါ။ သူတို့ကလေးတွေ ပေါက်ပွားပြီး ဆော့ကစားကြတာကို ကြည့်ပါ။ သူတို့တစ်တွေက မင်းတို့နဲ့ ရန်မဖြစ်ဘူး။ သူတို့ကို အစာကျွေးတဲ့အခါ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြသတဲ့အနေနဲ့ ရေထဲမှာ ကွေ့ပတ်ကူးခတ်နေကြတာ။ မင်းတို့တွေ့နိုင်တယ်။ သူတို့ကလေးတွေကို မွေးမြူရင်း၊ အစာကျွေးရင်း၊ သူတို့ မြူးပျော်တာကို ကြည့်ရင်း မင်းတို့ဟာ ပိုပြီးတော်၊ ပိုပြီးကောင်းတဲ့ လူတွေ ဖြစ်လာလိမ့်မယ်။ သဘာဝတရားကို အခမဲ့ရနိုင်တယ်။ မင်းတို့ ပတ်လည်မှာ သဘာဝတရားရှိနေတယ်။ နောက်တစ်ခါ မင်းတို့ ဘယ်နေရာကိုပဲ လမ်းလျှောက်လျှောက် သစ်ပင်တွေကို အမျိုးအစား ခွဲကြည့်ဖို့ ကြိုးစားပါ။ သူတို့ရဲ့ အရွက်တွေကို ကိုင်ကြည့်ပါ။ ပန်းတွေနဲ့ ပန်းပင်တွေကိုလည်း ခွဲခြားကြည့်ပါ။ ဘဝက မင်းတို့ကို အတွေးသစ်၊ အမြင်သစ် တစ်ခုဖော်ဆောင်ပေးလိမ့်မယ်။ မင်းတို့အသက်ရှည်ရှည် နေချင်လာမယ်။ အသစ်အဆန်းတစ်ခုခုဆိုတာ အမြဲတမ်းရှိနေတယ်။ ကမ္ဘာရဲ့ တစ်ထောင့်ထောင့် တစ်နေရာရာမှာ လူတွေက ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့နဲ့ စိတ်ဆင်းရဲစရာအတွေးတွေကို တွေးနေကြချိန်မှာ မင်းတို့က သဘာဝတရားရဲ့ အလှအပတွေအကြောင်း စဉ်းစားနေကြမယ်။ အဲဒါက မင်းတို့ကို ကောင်းကျိုးပဲ ပေးနိုင်တယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ဟာ သဘာဝရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်တယ်၊ သဘာဝတရားကို အခမဲ့ ရနိုင်တယ်၊ နောက်ပြီး မင်းတို့နှစ်ခုစလုံးဟာ တစ်ခုတည်းဖြစ်ပြီး ဒီနှစ်ခုကို ခွဲပစ်လို့ မရနိုင်ဘူး။

■

## သပ်ရပ်မှု

တစ်ညနေမှာ စာရွက်စာတမ်းတွေ အမြဲတမ်း တောင်ပုံရာပုံ ဖြစ်နေတဲ့ ဖေဖေ့စားပွဲကို ရှင်းမယ်ဆိုပြီး ရုံးခန်းထဲ ထိုင်နေမိတယ်။ အသုံးမလိုတော့တဲ့ စာရွက်စာတမ်းအဟောင်းတွေကို ဖြိုတဲ့ အနေနဲ့ 'ဖက်စ်' ရိုက်စရာရှိတာတွေ ရိုက်၊ မှတ်စုရေးစရာရှိတာရေးရင်း ကိုယ့်အခန်းကိုယ် ပြန်ပြီး စီစဉ်နေရာချ နေရတာကို ကြည်နူးလာတယ်။

ရှုပ်ပွနေတဲ့ စားပွဲဟာ ချက်ချင်းလက်ငင်း သပ်သပ်ရပ်ရပ် ဖြစ်ပြီး ဆွဲဆောင်မှု အပြည့် ရှိလာတယ်။ ရုံးခန်းဟာ အရောင်ထွက်လာတယ်။ ဩော် သပ်ရပ်မှုမှာ အသက်ရှိပါကလား။ ဖေဖေဟာ အောင်ပွဲခံလိုက်ရသလို စိတ်ထဲမှာ ခံစားရတယ်။ တယ်ပြီး ရွှင်လန်းတက်ကြွစရာကောင်းတာကလား။

တကယ်ပဲ၊ သပ်ရပ်မှုက ရှုပ်ထွေးနေတဲ့ စိတ်တွေကို ရှင်းပေးတယ်။ ပိရိမှုကတော့ ရှုပ်ထွေးနေတဲ့ နှလုံးသားတွေကို ရှင်းပေးလိမ့်မယ်။ ဖေဖေ နှစ်ပေါင်း ၃၀ လုံးလုံး လခစားအလုပ်နဲ့ စီးပွားရေးအလုပ်တွေ လုပ်ခဲ့တယ်။ ဖေဖေ့စားပွဲပေါ်မှာ စာရွက်စာတမ်းတွေ ရှင်းလင်းနေရင် ဖေဖေ့ စိတ်အခြေအနေကောင်းနေလို့ပဲ။ အဲဒီလိုမှမဟုတ်ရင်တော့ ဖေဖေ ကိုယ့်အခြေအနေကိုယ် လေးလေးနက်နက်ပြန်ပြီးဝေဖန်သုံးသပ်ဖို့ လိုနေပြီ ဆိုတဲ့သဘောပဲ။ သပ်ရပ်မှုဟာ စိတ်ကြည်လင်မှုကို တိုင်းတာတဲ့ ကိုက်တံပါပဲ။

သပ်ရပ်မှုဟာ စည်းကမ်းတစ်ခုပဲ။ သပ်ရပ်မှုကို လေ့ကျင့်ယူလို့ရတယ်။ သပ်ရပ်မှုကို မင်းတို့ရဲ့ နေအိမ်က စသင့်တယ်။ ပြီးတော့ မင်းတို့ပိုင်သမျှ၊ မင်းတို့ကိုင်သမျှ ပစ္စည်းပစ္စယအားလုံးကို သပ်သပ်ရပ်ရပ် ထားသိုသိမ်းဆည်းကြရမယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ အပြင်ထွက်ပြီး စားသောက်တဲ့အခါ တခြားလူတွေ စားသောက်ပြီးသွားတဲ့ ပန်းကန်တွေကို သတိထားကြည့်ကြပါ။ သပ်ရပ်တဲ့ လူတစ်ယောက်ဟာ သူ့ပန်းကန်ထဲမှာ စနစ်တကျနဲ့ သပ်သပ်ရပ်ရပ် စားထားတာ တွေ့ရလိမ့်မယ်။ သူ မစားချင်တဲ့ အစားအစာတွေကို ပန်းကန်ရဲ့ တစ်ဖက်ခြမ်းမှာ သပ်သပ်ရပ်ရပ် စုဖယ်ထားတာမျိုးပေါ့ကွယ်။ ပိပိရိရိမရှိတဲ့ လူတစ်ယောက်ရဲ့ ပန်းကန်ထဲမှာတော့ စားကြွင်းစားကျန်တွေ၊ ထမင်းလုံးတွေ ခနရာအနှံ့ ပြန့်ကျဲနေတာ တွေ့ရလိမ့်မယ်။ သူတို့ပန်းကန်ကို မြင်ရတာ ဘစ်ပြင်လုံး ဝက်ခြံပေါက်နေတဲ့ မျက်နှာတစ်ခုကို မြင်ရသလိုပါပဲ။

သပ်ရပ်မှုဟာ အကျင့်စရိုက်တစ်မျိုး ဖြစ်လာနိုင်တယ်။ သိပ်ကောင်းတဲ့ အကျင့်စရိုက်ပေါ့။

ဖျားတာ၊ နာတာနဲ့ စိတ်နေစိတ်ထားညှိုးမှိုင်းတာတို့ ဖြစ်ပေါ်စေတဲ့ အဖျက်အမှောင့်တွေကို သပ်ရပ်မှုက ဖယ်ရှင်းပစ်တယ်၊ နောက်ပြီး သပ်ရပ်မှုဟာ ဘဝ ပျော်ရွှင်မှုမျက်နှာစာအားလုံးအတွက် အထောက်အကူပြု အကျင့်စရိုက်တစ်ခုပဲ၊ ဘဝပျော်ရွှင်မှုမျက်နှာစာတွေ ဆိုတာကတော့ ဝါသနာအလုပ်တွေကစပြီး နေအိမ်၊ အကျင့်စရိုက်၊ အသက်မွေးဝမ်းကျောင်းအလုပ်၊ အိမ်ထောင်ရေးအထိ အကျုံးဝင်တာပေါ့၊ ဒါ့ပြင် သေဆုံးတာတောင်ပါသေးတယ်၊ မင်းတို့သေဆုံးတဲ့အခါ မင်းတို့ ချစ်မြတ်နိုးသူတွေအတွက် အထောက်အပံ့၊ ချစ်ခြင်းမေတ္တာနဲ့ စည်းစိမ်ဥစ္စာတွေ ထားရစ်ခဲ့မယ်၊ ဒီလိုလုပ်တဲ့အတွက် မင်းတို့ကိုယ်မင်းတို့ သပ်ရပ်မှု၊ ပျူငှာမှုတွေနဲ့ ဘဝကို ပျော်ပျော်ကြီး နေထိုင်သွားတဲ့ စံနမူနာပြ ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း ပြသနိုင်လိမ့်မယ်၊

■

## တည်မြဲခြင်း

တို့တစ်တွေ တစ်နှစ်ထက်တစ်နှစ် အသက်အရွယ်တွေ ကြီးရင့်လာတာနဲ့ အမျှ တို့ရဲ့ အပေါင်းအသင်းမိတ်ဆွေတွေကိုလည်း တစ်ယောက်ပြီး တစ်ယောက် ဆုံးရှုံးကြရလိမ့်မယ်။ တချို့က သေဆုံးကုန်မယ်။ တချို့က ရေကြည်ရာမြက်နုရာကို ထွက်ခွာသွားကုန်မယ်။ ကိုယ်နဲ့အတူ တစ်မြေတည်း တစ်ရေတည်းမှာ ရှိနေသေးတဲ့ လူတွေကလည်း ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်ပြီး ကိုယ်နဲ့ အဆက်အသွယ် မလုပ်နိုင်ကြဘူး။ တကယ်တော့ အရာရာတိုင်းဟာ ယာယီသဘောချည်းပါပဲကွယ်။ တို့တစ်တွေရဲ့ ဘဝတွေတောင် ယာယီပဲ မဟုတ်လား။

မင်းတို့ရဲ့ မေမေနဲ့ ဖေဖေလည်း အနှေးနဲ့အမြန် သေဆုံးကြမှာပဲ။ မင်းတို့ရဲ့ အဘိုးတွေ၊ အဘွားတွေလည်း ဒီအတိုင်းပဲပေါ့။ ဘယ်တော့လဲ ဆိုတာပဲ ရှိတယ်။ တကယ်တော့ ဘဝဆိုတာ တိုတောင်းလှပါတယ်ကွယ်။

မင်းတို့ရဲ့ အဘိုးအဘွား၊ အမိအဘလို သက်ကြီးရွယ်အိုတွေဆိုတာ ဂရုတစိုက်နဲ့ လိုက်လျောပျူငှာမှုကလေးတွေကို လိုလားနှစ်သက်တတ်ကြတယ်ကွဲ့။ ဖေဖေတို့ သေဆုံးသွားရင် မင်းတို့ပြုစုချင်ပါတယ်။ ယုယချင်ပါတယ် ဆိုလို့လည်း မရတော့ဘူးလေ။ ဒီတော့ မင်းတို့ရဲ့ အဘိုးတွေ၊ အဘွားတွေ မင်းတို့နဲ့အတူ သက်ရှိထင်ရှားရှိနေချိန်မှာ သူတို့ရဲ့ မွေးနေ့တွေကို သတိတရ ရှိနေပါ။ သူတို့ကို လက်ဆောင်တစ်ခုခုဝယ်ပေးပါ။ သူတို့ကိုခေါ်ပြီး စားကောင်းသောက်ဖွယ်တွေ ကျွေးမွေးပါ။ သူတို့ရဲ့ ကျန်းမာရေးအတွက် မင်းတို့ စွမ်းစွမ်းတမံ ကူညီရာရောက်ပါလိမ့်မယ်။ မင်းတို့ တိုင်းတစ်ပါးကို ရောက်နေချိန်မျိုးမှာ သူတို့ ပျော်ရွှင်ကြည်နူးအောင် စာတိုကလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



စောင်ဖြစ်ဖြစ် ရေးပို့ပါ။ သူတို့သာ မရှိခဲ့ရင် မင်းတို့လည်း ဒီကမ္ဘာလောကကြီးထဲ ရောက်လာစရာ အကြောင်း မရှိဘူးလေ။

ပန်းတွေဟာ ပွင့်တယ်။ ပြီးတော့ ကြွေတယ်။ အလှအပနဲ့ နုပျိုခြင်းဟာလည်း ဒီအတိုင်းပဲ။ ဒါကြောင့် မင်းတို့ရဲ့ ခွန်အားနဲ့ စိတ်အားထက်သန်မှုကို မင်းတို့ရဲ့ မိသားစုနဲ့ တခြားလူတွေ ကောင်းကျိုးအတွက် အင်ပြည့်အားပြည့် အသုံးချကြရမယ်။

လောကမှာ ဘယ်အရာမှ မတည်မြဲဘူး။ ဒါကြောင့် လောကမှာ အသက်ရှင်နေထိုင်ခွင့်ရတဲ့ အခိုက်အတန့်ကလေးတိုင်းကို ပျော်ရွှင်စွာနေထိုင်ပါ။ တစ်လောလေးတုန်းကပဲ ဂျကာတာမြို့က ဖေဖေ့မိတ်ဆွေ တစ်ဦးရဲ့ ဇနီးဟာ ကျန်းမာဝဖြိုးတဲ့ သားကလေးကို မွေးဖွားခဲ့တယ်။ ဒါပေမဲ့ မိခင်ခမျာမှာတော့ အသက်ရှင်ဖို့ အခွင့်အလမ်း ၅ ရာခိုင်နှုန်းပဲ ရှိသတဲ့ကွယ်။ မိသားစုဝင်အားလုံး သူ့ခုတင်နံဘေးမှာဝိုင်းနေကြပြီ။ ဘုရားသခင်သာ သူ့ကို ကယ်တင်နိုင်မှာမို့ အားလုံးကပဲ ဘုရားသခင်ဆီမှာ ဝိုင်းဝန်းဆုတောင်းနေကြလေရဲ့။ သူ့ကိုကယ်ဆယ်ဖို့ အကောင်းဆုံးဆိုတဲ့ သမားတော်တွေကို ခေါ်ကြတယ်။ ဒါပေမဲ့ သမားတော်အားလုံးက လက်လျှော့ထားကြပြီလေ။ ဘဝဆိုတာ ဘယ်လောက်ကြွေလွယ်ပျက်လွယ်လိုက်သလဲ။ တို့တစ်တွေ အသက်ရှင်နေထိုင်ခွင့်ရနေတာကို မုဒိတာပွားတတ်ကြရမယ်။ အသက် ရှည်ရှည် နေခွင့်ရအောင်လည်း ကြိုးစားအားထုတ်လို့ရနိုင်တယ်။

စေတနာသဒ္ဓါတရားထက်သန်ပါ။ အဲဒါဟာ အစွမ်းထက်တဲ့ဆေးတစ်လက်ပဲ။ မင်းတို့သေတဲ့အခါ မင်းတို့ရဲ့ ပိုက်ဆံတွေကို ယူသွားလို့မရဘူး။ ဒါကြောင့် လိုအပ်သူတွေကို ကူညီထောက်ပံ့ပြီး သဒ္ဓါတရားထက်သန်သူအဖြစ်ခံယူပါ။ မင်းတို့လှူဒါန်းပေးကမ်းလိုက်တဲ့ငွေကို ကောင်းကောင်းမွန်မွန် မှန်မှန်ကန်ကန် သုံးသလား၊ မသုံးဘူးလားဆိုတာ စုံစမ်းထောက်လှမ်းဖို့ လောက်တော့ မင်းတို့လိမ္မာပါးနပ်ရမှာပေါ့။ မင်းတို့ရဲ့သားသမီးတွေ၊ မြေးမြစ်တွေအပေါ် ရက်ရောမှုရှိရမယ်။



"လူတော်လူကောင်းတစ်ယောက်ဟာ သူ့မိသားစုအတွက် မျိုးဆက်သုံး ဆက်စာလောက်ပြင်ဆင်စုဆောင်းထားရမယ် " ဆိုတဲ့ ဆိုရိုးတစ်ရပ် ရှိတယ်လေ။

မင်းတို့ကိုယ်မင်းတို့ ကောင်းမွန်မှန်ကန်တဲ့ ဝါသနာအလုပ်တွေနဲ့ မအား မလပ်ဖြစ်နေပါစေ။ တို့များရဲ့ ဆင်းရဲဒုက္ခတွေကို မေ့ပျောက်နိုင်စွမ်းရှိဖို့ ကိုယ့်ကိုယ်ကိုယ် မအားမလပ်လောက်အောင် အလုပ်လုပ်နေတာဟာ ဘုရား သခင်ရဲ့ဆန္ဒ ဖြစ်တယ်လို့ ဆော်လမွန်ဘုရင်ကြီးက မိန့်မြွက်ခဲ့တယ်။ လုပ်ငန်းကိုင်ငန်းနဲ့ ဝါသနာအလုပ်တွေထဲမှာ နှစ်မြုပ်ထားတာဟာ ပူပန်သောကအပေါင်းကို ပျောက်ကင်းစေတာအမှန်ပဲ။ တို့တစ်တွေ ကိုယ့်အလုပ်ကိုယ် နှစ်သက်ကြည်နူးလာပြီဆိုတာနဲ့ ဘဝဟာ နေပျော်စရာကောင်းလာတော့တာပဲ။

လောကမှာ ဘယ်အရာမှမတည်မြဲဘူး၊ ဒါပေမဲ့ တို့များရဲ့ ခဏတာနေထိုင်ခွင့်ကလေးကို အဓိပ္ပာယ်ရှိရှိနဲ့ ကျေနပ်နှစ်သိမ့်မှုရှိတဲ့ဘဝမျိုးဖြစ်အောင် ဖန်တီးလို့ရတယ်၊ ပြီးတော့ အကောင်းတကာ့ အကောင်းဆုံးတွေသာ ဖြစ်ပေါ်စေပြီး သက်တမ်းရှည်ရှည်နေနိုင်ရေးအတွက် တို့များရဲ့စိတ်ဓာတ်နဲ့ ခန္ဓာကိုယ်ကို ပြုပြင်ထိန်းကျောင်းလို့ရတယ်၊ အဲဒါတွေကို သိမြင်သဘောပေါက်ခြင်းထဲမှာ အလှတရားရှိလေရဲ့၊

■

www.burmeseclassic.com

www.burmeseclassic.com

## ဓာတ်ပုံရိုက်ခြင်း

ဖေဖေ့အဘိုးရဲ့မျက်နှာကို ပီပီပြင်ပြင်မြင်ဖူးချင်လိုက်တာ အရမ်းပဲ။ ဖေဖေလက်လှမ်းမီသလောက်ကတော့ ဟောင်းနွမ်းမှုန်ဝါးနေတဲ့ ဓာတ်ပုံကလေးတစ်ပုံပဲရှိတယ်။ ဖေဖေကျောင်းသားဘဝတုန်းက ဓာတ်ပုံတွေကိုလည်း ကြည့်ချင်မြင်ချင်လိုက်တာ ပြောမနေနဲ့။ ဒါပေမဲ့ အဲဒီတုန်းက ဖေဖေတို့က နွမ်းပါးခဲ့တယ်လေ။ ကင်မရာတစ်လုံးဝယ်နိုင်လောက်အောင် မတတ်နိုင်ခဲ့ဘူး။ အသက် ၁၅ နှစ်ထဲရောက်မှ ဓာတ်ပုံပညာနဲ့ တစ်နည်းတစ်ဖုံပတ်သက်နိုင်လာတယ်။ ဒါတောင်အဲဒီတုန်းက အဖြူအမည်းဓာတ်ပုံတွေပဲရှိသေးတာ။ နောင်အတော်ကြီးကြာမှ ရောင်စုံဓာတ်ပုံပညာ ခေတ်စားလာပြီးဖေဖေလိုသာမန်လူတွေ သုံးနိုင်လောက်အောင် ပေါများလာတာ။

ကင်မရာကောင်းကောင်းတစ်လုံးကို ကျွမ်းကျွမ်းကျင်ကျင်ရိုက်တတ်အောင် သင်ယူလေ့လာပါ။ မင်းတို့ရိုက်ပြီးကူးယူထားတဲ့ဓာတ်ပုံတွေဟာ နောင်တစ်ချိန်မှာ တန်ဖိုးရှိလာလိမ့်မယ်။ မင်းတို့ရဲ့ မြေးတွေမြစ်တွေက မင်းတို့ဘယ်လိုပုံပန်းသဏ္ဌာန်ရှိလဲဆိုတာ သိချင်ကြမှာ သေချာပေါက်ပေါ့။ မင်းတို့ရဲ့ငယ်ဘဝအကြောင်း မင်းတို့ ပြန်ပြီးစားမြုံ့ပြန်ချင်မှာလည်း အသေအချာပေါ့။ ဖေဖေဆို နုပျိုငယ်ရွယ်စဉ်တုန်းက ရိုက်ထားတဲ့ ဓာတ်ပုံတွေ နည်းပါးလွန်းလို့ စိတ်မကောင်းဖြစ်နေရတယ်။

မင်းတို့ရိုက်ထားတဲ့ ဓာတ်ပုံတွေကို နှိုင်းယှဉ်အကဲဖြတ်တဲ့ စနစ်တစ်ခုကို ခုကတည်းက ချမှတ်ထားသင့်တယ်။ မဟုတ်ရင် မင်းတို့ဆီမှာ ဓာတ်ပုံတွေ တစ်ပုံတစ်ပင်ကြီး သောင်တင်နေလိမ့်မယ်။ နောက်ဆုံး အဲဒါတွေကို ကြည့်ပြီး မင်းတို့ စိတ်ပျက်လက်ပျက်တောင် ဖြစ်လာနိုင်တယ်။



ကင်မရာ ကိုင်ပြီး ဓာတ်ပုံပညာနဲ့ စီးပွားရှာနေတဲ့လူ အတော်များများဟာ ဓာတ်ပုံ အရိုက်မခံချင်ကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အလုပ်ထဲမှာ နေ့စဉ်နဲ့အမျှ ဓာတ်ပုံတွေချည်း မြင်တွေ့နေကြရလို့ပဲ။ ဒီတော့ ဒီဝါသနာအလုပ် အကောင်း စားကလေးကို လေ့လာလိုက်စားပါ။ အရသာခံပါ။ ဒါပေမဲ့ သင့်တင့် လျောက်ပတ်ရုံလောက် လိုက်စားပေါ့ကွယ်။

မင်းတို့ရဲ့ ဓာတ်ပုံပညာစွမ်းရည် တိုးတက်မြင့်မားလာအောင် ဓာတ်ပုံအသင်းတွေကို ဝင်လို့ ရတာပဲ။ သူတို့ဆီမှာ နှီးနှောဖလှယ်ပွဲတွေရှိတယ်။ အပြင်ထွက်ဓာတ်ပုံရိုက်တဲ့ အစီအစဉ်တွေရှိတယ်။ သူတို့ဆီမှာ အသင်းဝင်အဖြစ် သမ္မာရင့်ဓာတ်ပုံပညာရှင်တွေရှိတယ်။ ဖေဖေထင်ပါတယ်။ သင့်တင့်လျောက်ပတ်တဲ့အချိန်မှာ မင်းတို့ ပြိုင်ပွဲတွေ ဝင်ပြိုင်ချင်လာမှာပါ။ ဒီဝါသနာအလုပ်ဟာ အားထုတ်ရကျိုးနပ်ပြီး ပျော်ရွှင်မှု၊ စိတ်ကျေနပ်မှု ရမှာ သေချာပါတယ်။

တိတိကျကျပြောရမယ်ဆိုရင် ခု ဖေဖေ့ရုံးခန်းထဲမှာ အလုပ်လုပ်နေတုန်းမှာပဲ ဖေဖေ့ရုံးခန်းအပြင်ဘက်မှာ ရှိတဲ့ 'ကွန်တက်ကလပ်' က အစည်း အဝေးလုပ်နေတယ်။ အချိန်က ည ၁၀း၆၅ ရှိနေပြီး ခုလေးပဲ အစည်းအဝေး ပြီးသွားတယ်။ အစည်းအဝေးတက်တဲ့လူ အရေအတွက်က ၃၀ ဝန်းကျင်လောက်ရှိမယ်။ သူတို့က ဆလိုက်ပုံတွေ ထိုးပြတယ်။ ဓာတ်ပုံတွေပြတယ်။ ရေနွေးကြမ်းသောက်ရင်း သူတို့ရဲ့ ဖော်ထုတ်တွေ့ရှိချက်တွေကို နှီးနှောဖလှယ်ကြတယ်။ နိုင်ငံရပ်ခြားခရီးစဉ်တွေက ပြန်လာသူတွေကလည်း သူတို့ရဲ့ လက်ရာတွေကို ပြသကြတယ်။ သူတို့ဟာ ညီရင်းအစ်ကိုစိတ်ဓာတ် မွေးမြူပြီး တရင်းတနှီး ဆက်ဆံကြတယ်။ အချိန်ရမယ်ဆိုရင် အဲဒီအသင်းအဖွဲ့မျိုးမှာ ပါဝင်ရတာ အတော်ကောင်းလိမ့်မယ်။

ဒီတော့ကွယ် . . . မင်းတို့ရဲ့ ဘဝကို အချိန်အခါအလိုက် ဓာတ်ပုံတွေနဲ့ မှတ်တမ်းတင်ထားပါ။ အဲဒီလို လုပ်တဲ့အတွက် မင်းတို့ နောင်တမရစေရဘူး။ ကင်မရာကောင်းကောင်းတစ်လုံးဝယ်ပြီး ရင်းနှီးမြှုပ်နှံလိုက်ပါ။

■

www.burmeseclassic.com

www.burmeseclassic.com

## ဖြစ်နိုင်ခြေစဉ်းစားတွေးခေါ်ခြင်း

*ဖြစ်နိုင်ခြေစဉ်းစားသူရဲ့ အယူဝါဒ*

*တောင်တစ်လုံးနဲ့ တွေ့တဲ့အခါ ငါ အလျှော့မပေးဘူး။*
*တောင်ပေါ်ရောက်တဲ့ထိ တစိုက်မတ်မတ် ငါတက်လှမ်းမယ်၊*
*ပြီးတော့ တောင်ကြားလမ်းကို ရှာမယ်။ တောင်အောက်ဥမင်*
*လိုဏ်ခေါင်းကိုရှာမယ်၊ ဒါမှမဟုတ် တောင်ပေါ်မှာပဲနေမယ်။*
*ပြီးမှ ဘုရားသခင်ရဲ့ ကူညီစောင်မမှုနဲ့*
*အဲဒီတောင်ကြီးကို ရွှေတွင်းအဖြစ်ပြောင်းလဲပစ်မယ်။*

ဘယ်လောက်လှလိုက်တဲ့ စကားလုံးလေးတွေလဲ။ ဟုတ်လည်း ဟုတ်ပါတယ်။ လူအတော်များများဟာ သူတို့ရဲ့ တောင်တွေကို ရွှေတွင်း၊ စိန်တွင်းတွေအဖြစ် ပြောင်းလဲပစ်လိုက်ကြပြီလေ။ ဖေဖေ့မှာ ပြောပြစရာ ဖြစ်ရပ်မှန် ဘဝ ဇာတ်လမ်းတစ်ပုဒ်ရှိတယ်ကွဲ့။ သူကတော့ လူမွဲအဖြစ် ခံယူရလုနီးပါးဖြစ်သွားတဲ့ ထိုင်းလူမျိုး စီးပွားရေးသမားတစ်ယောက်ပေါ့။ သူဟာ ကုန်းကောက်စရာမရှိလောက်အောင် မွဲပြာကျသွားပြီးတဲ့နောက်ပိုင်း အသက်ရှင်ရပ်တည်နေနိုင်ရေးအတွက်တောင် အသည်းအသန် အားထုတ်နေရတယ်။ ဒါပေမဲ့ ဘဝကို လက်မြှောက်အရှုံးမပေးဘဲ ဆက်ပြီး တိုက်ပွဲဝင်ရင် ကံအလှည့်ကလေးတော့ သင့်လာဦးမှာပဲလို့ သူက ယုံကြည်မှု အပြည့်အဝရှိတယ်။

အဲဒီအချိန်မှာ ထိုင်ဝမ်က ဓာတ်သတ္တုပညာရှင်ပါမောက္ခတစ်ယောက် အလည်အပတ်ရောက်နေတယ်။ ဒါနဲ့ ထိုင်းလူမျိုးက သူ့အိမ်နောက်ဘက်မှာရှိတဲ့မြေတွေဟာ ထူးထူးခြားခြား တစ်မျိုးဖြစ်နေကြောင်း ပါမောက္ခနဲ့



တွေ့ဆုံပြီး ပြောပြတိုင်ပင်ကြည့်တယ်။ သေသေချာချာ စစ်ဆေးကြည့်တော့ အရည်အသွေး အရမ်းကောင်းတဲ့ 'ဖယ်စပါ' ကျောက်တွေ ဖြစ်နေတာ တွေ့ရသတဲ့။ ထိုင်ဝမ်လူမျိုး ပါမောက္ခက ဒီကျောက်တွေ ထိုင်ဝမ်ကို ပို့တဲ့အခါ သူ့ကို ပို့ကုန်ကိုယ်စားလှယ်အဖြစ် ခန့်အပ်ပါလို့ ချက်ချင်းလက်ငင်း မေတ္တာရပ်ခံတော့သတဲ့။ ခုတော့ ထိုင်းလူမျိုးဟာ တစ်လကို အကြမ်းဖျင်း အမေရိကန်ဒေါ်လာ သုံးသိန်းခွဲလောက် ရနေတယ်လို့ ဖေဖေသိရတယ်။ ဒီလူဟာ လူမွဲဘဝရောက်လုနီးနီးအခြေဆိုက်ခဲ့လို့သာ သူ့အိမ်နောက်ဘက်က မြေကြီးတွေကို စစ်ဆေးကြည့်ဖို့ ဖြစ်လာတာပေါ့။ သူ့ရဲ့ ကြံ့ခိုင်တဲ့စိတ်ဓာတ်က သူ့ဘဝကို ကယ်တင်လိုက်တာပါပဲ။ သူ့ရဲ့ စည်းစိမ်ဥစ္စာတွေကို သူ ခံစား ထိုက်ပါတယ်။ ခုတော့ သူသွားလေရာကို လက်နက်ကိုင်သက်တော်စောင့်တွေ ခေါ်သွားရတဲ့အဆင့်ရောက်နေပြီလေ။

လူတိုင်းလူတိုင်းဟာ ဖြစ်နိုင်ခြေစဉ်းစားတွေးခေါ်ရှင်ဖြစ်နိုင်တယ်။ တို့တစ်တွေ 'မဖြစ်နိုင်ဘူး' (IMPOSSIBLE) ဆိုတဲ့ စကားလုံးကို I - M - POSSIBLE လို့ ခွဲခြားပစ်လိုက်ပါ။ ဆိုလိုတာကတော့ I am possible (ငါလုပ်ရင်ဖြစ်နိုင်တယ်) ပေါ့။

လွန်ခဲ့တဲ့လအနည်းငယ်လောက်က ဖေဖေဟာ အင်ဒိုနီးရှားနိုင်ငံက တောင်ပေါ်စခန်းတွေကို တက်လိုက်ဆင်းလိုက်လုပ်နေခဲ့တယ်။ ဖေဖေက တောင်တွေကို ဖြတ်ဖောက်ထားတဲ့ လမ်းတွေကို အရမ်းစိတ်ဝင်စားတယ်။ ဒီလို တောင်ဖြတ်လမ်းတွေ ဖောက်ဖို့ဆိုတာ ငွေကြေးကော လုပ်အားပါ အရမ်းသုံးစွဲရတာကလား။ ပြည့်စုံကောင်းမွန်တဲ့လမ်းတွေ ဖောက်လုပ်ပြီးစီးဖို့ဆိုတာ နှစ်နဲ့ ချီပြီး ကြာတယ်။ ပြီးတော့ ဒါဟာ သဘာဝတရားအပေါ် လူတွေရဲ့ အောင်နိုင်မှုတစ်ရပ်ပဲ။ ရုပ်ပိုင်းဆိုင်ရာ တောင်ကြီးတွေကိုလည်း ဖြတ်ဖောက်နိုင်စွမ်းရှိရမှာပေါ့။ တို့တစ်တွေ သန္နိဋ္ဌာန်ပြတ်ရင် လုပ်ဆောင်နိုင်စွမ်းရှိတယ်။

မင်းတို့ရဲ့ စိတ်ဓာတ်ကို မင်းတို့ ပြုစုပျိုးထောင်ရမယ်။ စဉ်းစားတွေးခေါ်တဲ့အခါ အပြုသဘောဆောင်တဲ့ စဉ်းစားတွေးခေါ်မှုမျိုး ပြုလုပ်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



အပျက်သဘောဆောင် အတွေးတွေကို ရှောင်ကြဉ်ရမယ်။ ဘုရားသခင်က ပြဿနာတွေ ဖြစ်ပေါ်ခွင့်ပြုထားတယ်။ အဲဒီလို ပြဿနာတွေ ဖြစ်ပေါ်လာတာဟာ တို့ကို ကူညီဖို့ပဲဖြစ်တယ်။ တို့ကို ဖျက်ဆီးဖို့ မဟုတ်ဘူး။ ပြဿနာအားလုံးကို ကျော်လွှားကြရမှာပဲ။ တို့တစ်တွေဘာပဲလုပ်လုပ် ဆင်းရဲပင်ပန်းမှုတော့ ရှိမှာပဲဆိုတာ သဘောပေါက်နားလည်ထားကြရမယ်။ ဒီတော့ တို့က အဲဒီ ဆင်းရဲပင်ပန်းမှုကို ကြိုဆိုရမယ်။ ပြီးတော့ ဖိစီးမှုကို သာယာမှုအဖြစ် ပြောင်းလဲပစ်ရမယ်။

*စိတ်ဆိုတာ စွမ်းအားရှင်ပဲ၊ စိတ်ကို တို့များ အလေးထားဂရုစိုက်ကြရမယ်၊ ဘာကြောင့်လဲဆိုတော့ အာသာဆန္ဒတွေကစပြီး ချစ်ခြင်းမေတ္တာ၊ ငွေရှာမှု၊ ဒါမှမဟုတ် ငွေသုံးမှုထိ အကျိုးဝင်တဲ့ တို့ရဲ့ လုပ်ဆောင်မှု အားလုံးကို စိတ်ကထိန်းကွပ်ပေးနေလို့ပဲ၊ 'မဖြစ်နိုင်ဘူး' လို့ အမည်နာမတပ်ထားတာမှန်သမျှကို အောင်မြင်ကျော်လွှားနိုင်အောင် ဘုရားသခင်ရဲ့ ဩဝါဒအတိုင်း လိုက်နာကျင့်ကြံပါ၊ ဒီတော့ တို့တစ်တွေ သာယာမှုကို ဖိစီးမှုအဖြစ် မဟုတ်ဘဲ ဖိစီးမှုကို သာယာမှုအဖြစ် ပြောင်းလဲပစ်ကြပါစို့၊*

■

## မိန်းမလှ /အိမ်ထောင်ပြုခြင်း

ဖေဖေ့မေမေက ဖေဖေ့ကို ပြောပြခဲ့ဖူးတယ်။ '**မိန်းမလှတစ်ယောက်နဲ့ အိမ်ထောင်ပြုဖို့ မကြိုးစားပါနဲ့။ သူဟာ အတိတ်က၊ ဒါမှမဟုတ် ပစ္စုပ္ပန်မှာ၊ ဒါမှမဟုတ် အနာဂတ်ကာလမှာ တစ်စုံတစ်ဦးရဲ့မယား ဖြစ်သွားနိုင်တယ်**' တဲ့။

မင်းတို့ရဲ့အဘွား ပြောခဲ့တဲ့ အထက်ပါစကားဟာ ဉာဏ်အမြော်အမြင်နဲ့ ပြည့်စုံတဲ့ စကားပဲ။ သူ့ရဲ့ တွေးခေါ်မြော်မြင်မှုက အမှန်တကယ်ဖြစ်လာတယ်ဆိုတာကို မင်းတို့ရဲ့ သူငယ်ချင်းတွေထဲမှာ တွေ့ရလိမ့်မယ်။ အေး၊ မင်းတို့အတွက်တော့ မဖြစ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲပေါ့။

အလှအပဆိုတာ ယာယီသဘောကို ဆောင်တယ်။ ပန်းတွေဟာ ထာဝစဉ်ပွင့်လန်းမနေကြဘူး။ သူတို့ဟာ နွမ်းရမှာပဲ၊ ကြွေရမှာပဲ။ ဂရုတစိုက်ပြုစုစောင့်ရှောက်မှုက နှစ်လိုဖွယ်ကောင်းခြင်းနဲ့ သက်တမ်းရှည်ခြင်းကို မြှင့်တင်ပေးနိုင်တယ်။ ဒါပေမဲ့ ကြာရှည်ကြာမြင့်တော့ မရဘူး။

မှတ်ထားပါ . . . မိန်းမတစ်ယောက်က ယောကျာ်းတစ်ယောက်ကို 'ဖြစ်' အောင်လည်း လုပ်နိုင်တယ်။ 'ပျက်' အောင်လည်း လုပ်နိုင်တယ်။ မင်းတို့ မယားကောင်းမယားမြတ်တစ်ဦးကို လိုလားတယ်ဆိုရင် ရှေးပညာရှိတွေရဲ့ အဆုံးအမတွေကို ရှာဖွေဖတ်ရှုလေ့လာပါ။ အဲဒီအဆုံးအမတွေထဲမှာ မယားကောင်း မယားမြတ်တစ်ဦးရဲ့ ရှိသင့်ရှိထိုက်တဲ့ ဂုဏ်အင်္ဂါလက္ခဏာတွေ ဖော်ပြထားလေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ ဘဝအဖော်မွန်ကို ရှာဖွေရွေးချယ်တဲ့အခါ အောက်ပါအချက်တွေကို ထည့်သွင်းစဉ်းစားပါ။

- ❖ စကား အော်ကြီးဟစ်ကျယ်မပြောတတ်သူကို ရှာဖွေပါ။
- ❖ အချက်အပြုတ်ကျွမ်းကျင်တာဟာ အရေးကြီးတဲ့ ဂုဏ်အင်္ဂါရပ်တစ်ခုပဲ။ တချို့က အသက်ကြီးမှ အချက်အပြုတ်သင်ကြတယ်။ မင်းတို့ရဲ့ ဟိုဘက်-ဒီဘက် တော်တဲ့ ဘွားအေတွေဆို အချက်အပြုတ်သိပ်ကောင်းသူတွေပေါ့။ ဒါတောင် သူတို့ဟာ အရွယ်နှောင်းမှ ချက်တတ် ပြုတ်တတ်ကြတာနော်။ တိတိကျကျပြောရရင် ဒုတိယကမ္ဘာစစ်ကြီးပြီးမှပေါ့။ အချက်အပြုတ်ကောင်းလာရေးအတွက် လျှို့ဝှက်ချက်ကတော့ သင်ယူလေ့လာချင်စိတ်ရှိဖို့ပါပဲ။
- ❖ မထော်မနမ်းအဝတ်အစားတွေ ဝတ်ဆင်တတ်သူကို အိမ်ထောင်ဖက်အဖြစ်မရွေးပါနဲ့။ သူ့ရဲ့ ဝတ်စားဆင်ယင်ပုံက သူ့ရဲ့ အတွေးအခေါ်ကို ထင်ဟပ်ဖော်ပြနေလို့ပဲ။ သူ့ရဲ့ အဝတ်အစားလော်လီမှုက ဂုဏ်သရေညှိုးနွမ်းစေရာကနေ-ကိုယ်ကျင့်တရားပျက်ပြားမှုအထိ ဖြစ်ပေါ်စေပြီး မင်းတို့ရဲ့ အနာဂတ်ဘဝ ဆုံးရှုံးပျက်စီးမှုကို ခံစားကြရလိမ့်မယ်။ အဲဒီလို မိန်းမမျိုး တွေ့ရင်တော့ လွတ်အောင်သာပြေးပေတော့ သားတို့ရေ။
- ❖ သူဟာ သားတွေသမီးတွေကို စိတ်ရင်းမှန်နဲ့ ချစ်တတ်ရမယ်။ သားသမီးတွေ ပွားစည်းစေပါ။ ဒါဟာ ဘုရားသခင်ရဲ့ အလိုတော်ပဲ။
- ❖ ချစ်ခြင်းမေတ္တာတည်တဲ့ခိုင်မြဲမှုဟာ ခွင့်လွှတ်နိုင်စွမ်းရှိခြင်းပေါ်မှာ မူတည်တယ်။ သူမှာ ခွင့်လွှတ်စိတ်ဆိုတဲ့ ဂုဏ်အင်္ဂါရပ် ရှိရဲ့လားဆိုတာကြည့်ပါ။
- ❖ မင်းတို့နဲ့ ဉာဏ်ရည်ဉာဏ်သွေး အမီလိုက်နိုင်သူကို ရှာပါ။ မဟုတ်ရင် 'ကြက်နဲ့ ဘဲ' ဆက်သွယ်ရေးမျိုးဖြစ်ပြီး တစ်ယောက်နဲ့ တစ်ယောက် အထင်အမြင်လွဲမှုတွေ မလွဲမသွေ ပေါ်ပေါက်လာမယ်။ နောက်ဆုံး တွဲကြကွာကြ ဖြစ်ဖို့တောင် အလားအလာများသွားနိုင်တယ်။



- ❖ ဘုရားသခင်ကို ချစ်ကြောက်ရိုသေတတ်သူ ရှာပါ။ အဲဒါဆိုရင် မင်းတို့ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်ရချိန်မှာ မင်းတို့ကို ကူညီအားပေးမယ့် လူတစ်ယောက် မင်းတို့နံဘေးမှာ ရှိနေလိမ့်မယ်။ နောက်ပြီး သူဟာ ဆိုးတူကောင်းဘက်၊ ဆင်းရဲအတူ ချမ်းသာအတူ ဝေမျှခံစားတဲ့ ဘဝခရီးဖော် ဖြစ်လာမယ်။ သူဟာ မင်းတို့ကို ကျောခိုင်းစွန့်ခွာသွားလိမ့်မယ်မဟုတ်ဘူး။
- ❖ အိမ်ထောင်ပြုတယ်ဆိုတာ တစ်သက်တာ တာဝန်ယူမှုတစ်ရပ်ပဲ။ အိမ်ထောင်ပြုတာကို မဆင်မခြင် အလျင်စလိုမပြုလုပ်ပါနဲ့။ 'မိန်းမတစ်ယောက်ကို လေးနှစ်လေးမိုးလုံးလုံး သမီးရည်းစားဘဝနဲ့ လေ့လာခဲ့တာမဟုတ်ရင် မင်းတို့ ဘယ်တော့မှ အဲဒီမိန်းမအကြောင်းကို ကောင်းကောင်းသိမှာ မဟုတ်ဘူး' ဆိုတဲ့ ဆိုရိုးစကား ရှိလေရဲ့။

■

www.burmeseclassic.com

www.burmeseclassic.com

## အချိန်တိကျခြင်း

တွေ့ဆုံဖို့ အချိန်သတ်မှတ်ချိန်းဆိုထားတဲ့ဆီကို နောက်ကျပြီး ရောက်သွားတဲ့လူ ဘယ်သူပဲဖြစ်ဖြစ် ပြည့်စုံလုံလောက်တဲ့ အကြောင်းပြချက် မရှိရင် အဲဒီလူကို ရိုင်းတယ်၊ တာဝန်မဲ့တယ်လို့ သတ်မှတ်ရမယ်။ ချိန်းဆိုချက် တွေဆီကို နောက်ကျပြီးမှရောက်လေ့ရှိတဲ့ အကျင့် ပါနေသူတစ်ဦးဟာ သူလုပ်သမျှတိုင်းမှာ ဆုံးရှုံးတဲ့အကျင့် ပါနေမှာပဲ။ သူဟာ လေးစားမှုရဲ့ အဓိပ္ပာယ်ကို နားမလည်တဲ့လူလေ။

အောက်ပါအချက်တွေကို လိုက်နာကျင့်ကြံပါ။

❖ လမ်းခရီးပိတ်ဆို့မှုအတွက် နာရီအနည်းငယ်၊ ဒါမှမဟုတ် အနည်းဆုံး နာရီဝက်လောက် ကြိုတင်ပြင်ဆင်မှုပြုလုပ်ထားပါ။ တစ်ခါတလေမှာ ကြိုတွက်လို့မရတဲ့ ပတ်ဝန်းကျင်အနေအထားတွေကြောင့် နောက်ကျရ တတ်တယ်။ ဥပမာ - ဘာသာရေးဆိုင်ရာစီတန်းလှည့်လည်ပွဲတွေ၊ ယာဉ်တိုက်မှုတွေ၊ မိုးကြီးနေတာ၊ ရေလျှံနေတာ၊ ပင်လယ်ရပ်ခြားက ဝင်လာတဲ့ အရေးတကြီးတယ်လီဖုန်းဆက်မှုတွေ၊ မော်တော်ကားပျက် နေတာတွေပေါ့။ တကယ်လို့အဲဒီလိုဖြစ်လာရင် တစ်ဖက်လူဆီကို ချက်ချင်းဖုန်းဆက်ပြီး နောက်ကျမယ့်အကြောင်း အကြောင်းကြားပါ။ နောက်ကျမှရောက်လာရင်ကော ဖြစ်မလားဆိုတာ မေးပါ။ တကယ်လို့ မဖြစ်ဘူးဆိုရင် သူ့ဘက်ကအဆင်ပြေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်ကို ထပ်ချိန်းပါ။ မင်းတို့ရဲ့ သိတတ်မှုကို သူတို့ တန်ဖိုးထား လေးစားပါလိမ့် မယ်။



❖ ဖေဖေက နာရီဝက်လောက်ကြိုပြီးပြင်ဆင်လေ့ရှိသူဆိုတော့ ချိန်းထား တဲ့ဆီကိုစောပြီးရောက်ဖို့ အလားအလာ သိပ်များတယ်။ အဲဒီတော့ လန်းလန်းဆန်းဆန်းဖြစ်အောင်လုပ်ဖို့နဲ့ စိတ်ပြေကိုယ်လျော့ အနားယူဖို့ အချိန်ရတာပေါ့။ အဲဒီတော့ တွေ့ဆုံဆွေးနွေးဖို့ ဖေဖေဟာ ကိုယ်ရော စိတ်ပါ လန်းလန်းဆန်းဆန်းရှိနေတာပေါ့။

❖ မလွှဲသာလို့ နောက်ကျနေပြီဆိုရင်လည်း အသည်းအသန်တောင်းပန် ပါ။ လိုအပ်မယ်ထင်ရင် ကိုယ့်ကြောင့် သူ ကသိကအောက်ဖြစ်ရတာကို တောင်းပန်ကြောင်း အစည်းအဝေးအပြီးမှာ စာကလေးတစ်စောင် ရေးပေးပါ။ မင်းတို့ရဲ့ လူ့ယဉ်ကျေးကျင့်ဝတ်ကို သူတို့မှတ်ထားလိမ့်မယ်။ ဒီလိုပြုကျင့်တာ မင်းတို့တစ်ယောက်ပဲ ဖြစ်ကောင်းဖြစ်နေနိုင်တယ်။

❖ ရုံးခန်းနဲ့ပတ်သက်တဲ့လက်ဆောင်ကလေးတွေ ယူသွားပါ။ အဲဒါကလေး တွေဟာ ထိရောက်တဲ့အမျက်ဖြေဆေးကလေးတွေပါပဲ။ ဒီလုပ်ရပ် ကလေးက မင်းတို့ဟာ သိတတ်ကြောင်းပြသရာလည်းရောက်တယ်။

**အချိန်တိကျတာဟာ လူနဲ့တိရစ္ဆာန်ကို ခွဲခြားတဲ့ အမှတ်အသားပဲ၊ ဘယ်ချိန်းဆိုချက်မျိုးကိုမဆို ဘယ်တော့မှ နောက်ကျမသွားပါနဲ့၊ မဟုတ်ရင် ယဉ်ကျေးတဲ့ အပြုအမူ၊ ဒါမှမဟုတ် သိတတ်မှန် ကျင့်ထုံးကို တန်ဖိုးမထားတတ်တဲ့ လူ့အပယ်ခံ အုပ်စုထဲ ပါဝင်သွားလိမ့်မယ်၊ အဲဒီအခါ မင်းတို့ အောင်မြင်မှုမှာ နောက်ကျပြီး သချိုင်းကို စောသွား ရလိမ့်မယ်၊**

■

www.burmeseclassic.com

www.burmeseclassic.com

## စာဖတ်ခြင်း

စာအုပ်တွေသာ မရှိရင် ဘဝကို အနှစ်သာရရှိအောင် ဘယ်လို နေထိုင်ရပါ့မလဲဆိုတာ ဖေဖေမစဉ်းစားတတ်လောက်အောင်ပဲ။ ဖေဖေကတော့ စာအုပ်တွေဖတ်ပြီး အားမာန်တွေ့ရတယ်။ ရွှင်လန်းတက်ကြွမှု တွေ့ရတယ်။ တကယ်တော့ စာဖတ်နိုင်စွမ်းရှိနေတာကိုက ကောင်းချီးမင်္ဂလာ တစ်ပါးပါပဲ။

ဒါတောင် တချို့လူတွေဟာ စာဖတ်ရတာကို မုန်းတီးစက်ဆုပ်ကြတာ ဖေဖေတွေ့ရတယ်။ ဒါ့ပြင် ရုပ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်တွေကြောင့် စာမဖတ်နိုင်တဲ့ လူတွေကိုလည်း မြင်ရတွေ့ရတယ်။ မျက်စိမမြင်တဲ့အတွက် စကားလုံးတွေကို ကိုယ်စားပြုတဲ့ အစက်ကလေးတွေကို လက်ချောင်းတွေနဲ့ စမ်းကြည့်၊ ခံစားကြည့်ပြီး စာဖတ်ရတဲ့ လူတွေ သန်းပေါင်းများစွာ ရှိကြောင်းကိုလည်း ဖေဖေသိရတယ်။

မင်းတို့မှာ စာဖတ်နိုင်တဲ့ မျက်လုံးတွေ ရှိနေတယ်။ ဒါဟာ ကြီးမြတ်တဲ့ မင်္ဂလာတစ်ပါးပေါ့။ ဒါကြောင့် ဒီလုပ်ဆောင်နိုင်စွမ်းကို အကျိုးရှိအောင် အသုံးချကြရမယ်။ တစ်ခုတော့ ရှိတာပေါ့။ မင်းတို့ဖတ်မယ့် အကြောင်းအရာတွေကိုတော့ ရွေးချယ်ရမှာပဲ။ ဒီတော့ ဘဝတိုးတက်ရေးကို အထောက်အကူပြုမယ့် စာတွေ ရွေးဖတ်ပါ။ အရာရာတိုင်းမှာ အကျိုးပြုအခြေခံသဘောတရားနဲ့ အကျိုးမဲ့ အခြေခံသဘောတရားဆိုတာ ရှိနေတာချည်းပဲ။ ရွေးချယ်မှုကတော့ မင်းတို့အပေါ်မှာပဲ မူတည်နေတယ်။ ဖတ်ပြီးရင် စိတ်ဓာတ်တက်ကြွလာမဲ့ စာအုပ်မျိုး၊ အားမာန်တွေတက်လာမယ့် စာအုပ်မျိုးတွေသာ ရွေးဖတ်သင့်တယ်။ အဲဒီလိုစာအုပ်မျိုးတွေ ဖတ်ရတဲ့အခါ မင်းတို့ ခုထက်ပိုပြီး



ပြည့်စုံကောင်းမွန်တဲ့ ဘဝမျိုးနဲ့ နေထိုင်ချင်လာလိမ့်မယ်။ ပြီးတော့ တခြားလူတွေကိုလည်း အဲဒီလို လုပ်ချင်လာအောင် ကူညီချင်စိတ် ပေါက်လာလိမ့်မယ်။

*အကြံပေးချက်များ*

- သဘောထားကျယ်ကျယ်ပြန့်ပြန့်ထားပါ။ စာအမျိုးအစားမရွေးဘဲ ဖတ်ပါ။ သာမန်အသိဉာဏ်ကိုသုံးပြီး စာရေးဆရာရဲ့ ရည်ရွယ်ချက်ကို စိစစ်သတ်မှတ်ပါ။ လိုအပ်ရင် အချက်အလက်တွေ မှန်မမှန် စစ်ဆေးကြည့်ပါ။ အရေးကြီးတာကို ရွေးချယ်သတ်မှတ်ပါ။ အဲဒီလိုလုပ်ရင်းနဲ့ မင်းတို့ရဲ့ ဝေဖန်ပိုင်းခြားမှု စွမ်းရည် တိုးတက်ကောင်းမွန်လာလိမ့်မယ်။
- စာအုပ်တွေရော၊ မဂ္ဂဇင်းတွေပါ ဖတ်ပါ။ အပြောင်းအလဲကို ခံစားပါ။ 'အပြောင်းအလဲဆိုတာ ဘဝရဲ့ ဟင်းခတ်အမွှေးအကြိုင်ပဲ' လို့ ပြောကြတယ်လေ။ အဲဒီလို စာမျိုးစုံ ဖတ်တော့ သိပ်လေးနက်တဲ့ အကြောင်းအရာတွေချည်း ဖတ်ရလို့ ငြီးငွေ့လာတာမျိုးကို ရှောင်ရှားနိုင်တာပေါ့။
- ဒေသထုတ်သတင်းစာတွေကို အမြဲဖတ်ပြီး ဘာတွေဖြစ်ပျက်နေတယ်ဆိုတာ သိအောင်လုပ်ပါ။ မင်းတို့ အသိအမြင်ကျယ်နေရမယ်။
- မှတ်သားထားရလောက်အောင် လှပတဲ့ ဝါကျကလေးတွေများ ဖတ်မိရင် မင်းတို့ရဲ့ မှတ်စုစာအုပ်ထဲမှာ ကူးရေးထားလိုက်ပါ။ ဒါမှ ပြန်ကြည့်ဖို့၊ ဒါမှမဟုတ် နောင်တစ်ချိန်ချိန်မှာ အသုံးပြုဖို့ အလွယ်တကူရှာလို့ရမယ်။ တတ်နိုင်ရင် အဲဒီစာကြောင်းကို အလွတ်ကျက်ထားပါ။ ဒါဟာ မင်းတို့ရဲ့ ဦးနှောက်အတွက် ကောင်းမွန်တဲ့ လေ့ကျင့်ခန်းတစ်မျိုးပဲ။ ဒီလို လေ့ကျင့်ပေးတဲ့အတွက် မင်းတို့ မှတ်ဉာဏ်ပိုကောင်းလာမယ်။

စာဖတ်တာဟာ စဉ်ဆက်မပြတ်ပြုလုပ်နေရမယ့် ပညာရေးတစ်ရပ်ပဲ။ ဒီပညာရေးကို တစ်သက်တာလုံး ပြုလုပ်နေရမယ်။ စာတွေထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



အတွေးသစ်၊ အမြင်သစ်တွေ၊ ဖော်ထုတ်တွေ့ရှိချက် အသစ်တွေ အမြဲရှိနေတယ်။ တို့တစ်တွေအနေနဲ့ သန်း ထောင်ပေါင်းများစွာသော ကြယ်တာရာတွေ ရှိနေတဲ့ ဒီစကြဝဠာကြီးရဲ့ ဂြိုဟ်တချို့ကို ခုထက်နက်နက်နဲနဲ လေ့လာကြရဦးမယ်။ ဒီဂြိုဟ်တွေရဲ့ လျှို့ဝှက်ဆန်းကြယ်မှုတွေကို သိအောင် အားထုတ်ကြရဦးမယ်။ စာဖတ်တဲ့အလုပ်နဲ့ အချိန်ကို တန်ဖိုးရှိရှိသုံးပြီး ဒီကမ္ဘာကြီးပေါ်မှာ နေထိုင်အသက်ရှင်ရတာ ဘယ်လောက် ရွှင်လန်းတက်ကြွစရာ ကောင်းသလဲ။ ဖေဖေကတော့ မအိပ်မီ အမြဲတမ်းစာဖတ်တယ်။ ခရီးသွားတဲ့အခါ စာအုပ်ကောင်းတစ်အုပ်ယူသွားတယ်။ အချိန်ကလေး နည်းနည်းရတယ် ဆိုတာနဲ့ စာသာဖတ်။ အိမ်သာထဲမှာ စာဖတ်တာလည်း အတန်အသင့် ကောင်းတဲ့ အလေ့အကျင့်တစ်ခုပဲ။

**တချို့လူတွေက စာဖတ်ချင်တယ်၊ ဒါပေမဲ့ မဖတ်နိုင်ကြဘူး။ တချို့လူတွေက စာဖတ်နိုင်တယ်၊ ဒါပေမဲ့ စာအုပ်တွေမရှိကြဘူး။ တချို့လူတွေမှာ စာအုပ်တွေရှိတယ်၊ ဒါပေမဲ့ စာမဖတ်ချင်ကြဘူး။ မင်းတို့က စာဖတ်နိုင်တယ်၊ ပြီးတော့ စာအုပ်တွေ ရှိတယ်၊ ဒီတော့ မင်းတို့ စာဖတ်နိုင်စွမ်းရှိတုန်းမှာ စာဖတ်ခြင်းနဲ့ ပျော်မွေ့သင့်တယ်၊**

■

## ဘာသာတရားများ

ကမ္ဘာတစ်ဝန်းလုံးမှာ ဘာသာရေးဆိုင်ရာအကြမ်းဖက်မှုတွေ အကြောင်း တို့တစ်တွေ နေ့စဉ်နေ့တိုင်းနီးပါး ဖတ်ရှုနေကြရတယ်။ တစ်လောကတည်းသား လူသားတွေဟာ ဘာသာရေးကိုခုတုံးလုပ်ပြီး လူသားအချင်းချင်း သတ်ဖြတ်နေကြတာ အရမ်းကြေကွဲစရာကောင်းတဲ့လုပ်ရပ်ပါပဲ။ အောက်ပါအချက်တွေ မင်းတို့ကို အသိပေးထားဖို့လိုအပ်တယ်။

- ❖ မင်းတို့ ဘာသာတရားအားလုံးကိုလေးစားကြရမယ်။ ဘာသာတရားတွေကို မဝေဖန်ပါနဲ့။ တို့ရဲ့ ခေတ်သစ်လူ့အဖွဲ့အစည်းကြီးထဲမှာ လူတွေရဲ့ နားလည်မှု လွဲမှားမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ ဒုက္ခတွေ များသင့်သလောက်များနေပြီ။ တို့ကိုယ်တို့နဲ့ တခြားလူတွေ ဒုက္ခရောက်စေမယ့် ပြဿနာတွေ ထပ်ပြီးဖန်တီးနေဖို့ မလိုတော့ပါဘူး။
- ❖ တကယ်လို့ လူတစ်ယောက်က သူဟာ ဘာသာတရားကိုင်းရှိုင်းပြီး လူတော်လူကောင်းတစ်ယောက်ဖြစ်တယ်လို့ ကြွေးကြော်လာရင် အဲဒီလူကို ကောင်းတဲ့လုပ်ရပ်တွေ၊ လူသားမျိုးနွယ်အပေါ် ချစ်မြတ်နိုးရာရောက်တဲ့ အားထုတ်မှုတွေနဲ့ သက်သေပြပါစေ။ တခြားဘာသာတရားကို ဝေဖန်အပုပ်ချသူတွေဟာ သူတို့ကိုးကွယ်တဲ့ ဘာသာတရားကို အကြည်ညိုပျက်အောင်မြှုလုပ်ရာ ရောက်တယ်။
- ❖ ဖေဖေ့မှာ ဘာသာရေးဆိုင်ရာယုံကြည်ကိုးကွယ်မှု အမျိုးမျိုးရှိတဲ့ မိတ်ဆွေကောင်းတွေရှိတယ်။ သူတို့ဟာ ရိုးသားဖြောင့်မတ်ပြီး အကြင်နာ

www.burmeseclassic.com

www.burmeseclassic.com



တရားရှိသူတွေ ဖြစ်တယ်။ သူတို့ရဲ့ အကျင့်စာရိတ္တတွေက စံနမူနာထားလောက်တယ်။ သူတို့နဲ့ ဘယ်လိုစီးပွားရေးအလုပ်မျိုးပဲ လုပ်လုပ် ယုံကြည်စိတ်ချရတယ်။ တစ်ဖက်မှာတော့ ဖေဖေသိတဲ့လူတချို့ ရှိလေရဲ့။ သူတို့က သူတို့ဟာ ဘာသာရေးစိတ်ဓာတ်ပြင်းထန်သူတွေဖြစ်ကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ကြွေးကြော်သူတွေပေါ့။ ဒါပေမဲ့ အဲဒီလူတွေပဲ ရိုးသားဖြောင့်မတ်မှုမရှိသူတွေ ဖြစ်နေတာ ဖေဖေ ကြုံခဲ့ရတယ်။

- 'မြွေတစ်ကောင်လို တတ်နိုင်သမျှ လျှို့ဝှက်သိုသိပ်ပါ။ ဒါပေမဲ့ ခိုတစ်ကောင်လို တတ်နိုင်သမျှ နူးညံ့သိမ်မွေ့ပါ' ဆိုတဲ့ အဆိုအမိန့်ကောင်းကို မှတ်ထားပါ။ ဆိုလိုရင်းကတော့ မင်းတို့ကို ဘယ်သူကမှ အရူးမလုပ်နိုင်အောင်၊ ဒါမှမဟုတ် မလှည့်စားနိုင်အောင် ထက်ထက်မြက်မြက်ရှိပါ။ အကင်းပါးပါ။ တစ်ချိန်တည်းမှာပဲ မင်းတို့ဟာ ခိုကလေးတစ်ကောင်လို အန္တရာယ်မပေးတတ်သူဖြစ်ရမယ် ဆိုတာပါပဲ။

လောကမှာ ဘာသာရေးအယူသီးသူတွေကတော့ အမြဲရှိနေမှာပဲ။ ဘာပဲဖြစ်ဖြစ် သူတို့ရဲ့ မြှုပ်နှံမှုနဲ့ အနစ်နာခံမှုတွေကို ဖေဖေလေးစားအားကျပါတယ်။ သူတို့အထဲက အတော်များများဟာ ရိုးသားကြတယ်။ သူတို့ရဲ့ အလုံးစုံမြှုပ်နှံမှုဟာ ဖေဖေတို့ကို အရှက်ရစေလောက်တယ်။ မင်းတို့ကြားဖူးကြမှာပေါ့။ ကိုယ်နေတဲ့ နေအိမ်တွေကိုတောင် ရောင်းချပြီး ရသမျှအကုန်လှူဒါန်းပစ်ခဲ့တဲ့လူ အတော်များများဟာ နောက်ဆုံးကျမှ အလိမ်ခံရမှန်း သိလိုက်ရတဲ့ အဖြစ်မျိုးတွေလေ။

'စထရိတ်တိုင်း' သတင်းစာက ၁၉၉၆ ခုနှစ်၊ အောက်တိုဘာလထဲမှာ သတင်းတစ်ပုဒ် ဖော်ပြခဲ့တယ်။ ထိုင်ဝမ်က ဘာသာရေးအယူသီးအဖွဲ့တစ်ဖွဲ့ဟာ လူပေါင်း တစ်သောင်းလောက်ဆီက ဗိုက်ဆံတွေ လိမ်ယူသွားတဲ့အကြောင်းပေါ့။ ဘာသာရေးအုပ်စုတွေက ကွပ်ကဲစီစဉ်တဲ့ လူစုလူဝေးလိုက် ကိုယ့်ကိုယ်ကိုယ်သတ်သေပွဲတွေ အကြောင်းလည်း မင်းတို့ ကြားဖူးကြမှာပါ။



ဒီတော့ အလိမ်အညာမခံရအောင် လိမ္မာပါးနပ်ကြပါ။ အကင်းပါးကြပါ။ ကောင်းမွန်မှန်ကန်တဲ့ အဖွဲ့အစည်းတစ်ခုဟာ မင်းတို့ဆီက ပိုက်ဆံထွက်လာအောင် ဖိအားပေးလိမ့်မယ်မဟုတ်ဘူး။

- ဖေဖေ့မိတ်ဆွေတွေထဲမှာ အံ့ဩချီးကျူးစရာကောင်းတဲ့ လူတွေလည်း ရှိတယ်။ သူတို့ဟာ တစ်လောကတည်းသားတွေရဲ့ လောကုတ္တရာကောင်းစားရေးကို ဆောင်ရွက်ဖို့ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်တွေကိုတောင် စွန့်လွှတ်ခဲ့ကြတယ်လေ။ မင်းတို့ရဲ့ ဦးလေးတစ်ယောက်ဆိုရင် ဘာသာရေးအသင်းအဖွဲ့တစ်ခုမှာ အချိန်ပြည့်တာဝန်ထမ်းနိုင်ရေးအတွက် တစ်နှစ်ကို စင်ကာပူဒေါ်လာ ၂၈၀,၀၀၀ ရနေတဲ့ ထိပ်တန်းဘဏ်အရာရှိ အလုပ်ကို စွန့်လွှတ်ခဲ့တယ်။ ခုဆိုရင် သူဟာ ဘဏ်မှာ အလုပ်လုပ်နေတုန်းကထက် အများကြီးပိုပြီး ပျော်ရွှင်မှုရပြီး သူ့ဘဝကို ကျေနပ်နှစ်သိမ့်သူတစ်ဦးဖြစ်နေတာ ဖေဖေတွေ့ရတယ်။ သူ လက်ရှိလုပ်ကိုင်နေတဲ့ အလုပ်ဟာ ချီးကျူးထိုက်ပြီး ဝိုင်းဝန်းထောက်ခံထိုက်တဲ့အလုပ်မျိုးပါပဲကွယ်။
- ဘာသာတရားအမျိုးမျိုးအကြောင်းကို ဖတ်ရှုလေ့လာပါ။ ပြီးတော့ သူတို့ရဲ့ ယုံကြည်ချက်တွေ အကြောင်း ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်အောင် ကြိုးစားပါ။ ဖေဖေ့အတွက်ကတော့ ဒီကမ္ဘာပေါ်မှာ တော်တည့်မှန်ကန်စွာ နေထိုင်ခြင်းဟာ နောင်တမလွန်ဘဝမှာ ကောင်းကင်ဘုံကို ရောက်ရေးအတွက် အခြေခံအုတ်မြစ်ပါပဲ။
- ဘာသာရေးအခြေခံတဲ့ ရန်ပွဲပေါင်းများစွာကို ဖေဖေမျက်မြင်ကိုယ်တွေ့ ကြုံဖူးတယ်။ ပြီးတော့ 'မင်းတို့ထက် မြင့်မြတ်တယ်' ဆိုတဲ့ သဘောထားခံယူချက်မျိုးရှိပြီး ကောင်းကင်ဘုံမှာ သူတို့အတွက် နေရာတစ်နေရာ ရှိပြီးသားလို့ ရဲရဲဝံ့ဝံ့အာမခံသူမျိုးတွေလည်း ဖေဖေကြုံဖူးတယ်။ တကယ်လို့ ကောင်းကင်ဘုံမှာ အဲဒီလူမျိုးတွေသာ အများအပြားရောက်သွားရင် ကမ္ဘာပေါ်မှာထက် ကောင်းကင်ဘုံမှာ ပိုပြီး အတိုဒုက္ခရောက်ကြမှာပဲနော်။

www.burmeseclassic.com

www.burmeseclassic.com



- ဖေဖေတို့ဟာ လူမျိုးပေါင်းစုံ နေထိုင်တဲ့ လူ့အဖွဲ့အစည်းထဲမှာ နေထိုင်နေကြရတာ။ ဒီတော့ ဘာသာရေးဆိုင်ရာ ယုံကြည်ချက်တွေလည်း မျိုးစုံ ရှိတာပေါ့။ တကယ်လို့ စိတ်ရှည်သည်းခံမှုနဲ့ အပြန်အလှန် လေးစားမှုတွေ မရှိဘူးဆိုရင် ဒီလူ့အဖွဲ့အစည်းကြီးတစ်ခုလုံး ပြိုကွဲပျက်စီးသွားနိုင်တယ်။ သွေးထွက်သံယိုမှုတွေဖြစ်ပေါ်လာနိုင်တယ်။ စီးပွားရေးမတည်ငြိမ်မှုတွေ ပေါ်ပေါက်လာနိုင်တယ်။ လူတိုင်း လူတိုင်းက တခြားသူတစ်ဦးချင်းရဲ့ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို တန်ဖိုးထားလေးစားမှု ရှိမှသာ တို့တစ်တွေ ငြိမ်းချမ်းရေးကို သေချာပေါက်ရမှာ ဖြစ်တယ်။ သမိုင်းကြောင်းဆိုင်ရာ အငြင်းပွားမှုတွေကတော့ မလွဲသာ မရှောင်သာ မြင်တွေ့ကြားသိနေရမှာပဲ။ ဒါပေမဲ့ အဲဒီအထဲမှာ ပါဝင်ငြင်းခုံသူတွေ မဖြစ်အောင် မင်းတို့ ရှောင်ရှားလို့ ရပါတယ်။
- မင်းတို့ ဘာကို ယုံကြည်သလဲဆိုတာကို မင်းတို့ရဲ့ ကောင်းမွန်မှန်ကန်တဲ့ ဘဝနဲ့ ထုတ်ဖော်ပြသပါ။

**'ကောင်းတဲ့ လုပ်ရပ်တွေမပါတဲ့ သက်ဝင်ယုံကြည်မှုဟာ အသုံးမဝင်ဘူး'** ဆိုတဲ့ စကားကို မှတ်ထားပါ။

■

## ရှိသေလေးစားမှု

မှတ်မှတ်ရရ ၁၉၉၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့ မနက် ၇း၄၅ လောက်မှာ ရုံးကစားသောက်ဆိုင်ထဲ ထိုင်ပြီး သတင်းစာဖတ်ရင်း နာရေးကြော်ငြာတစ်ခုကို တွေ့တယ်။ ပူးတွဲဖော်ပြထားတဲ့ ဓာတ်ပုံကလည်း ဖေဖေ ရင်းနှီးနေတဲ့ မျက်နှာမျိုး။ သေသေချာချာပြန်ကြည့်တော့မှ ကွယ်လွန်သူဟာ ဖေဖေနဲ့ နှစ်ပေါင်း ၂၀ လောက် သိကျွမ်းခင်မင်ခဲ့တဲ့ မိတ်ဆွေ ဖြစ်နေမှန်း သိရတော့တယ်။ အဲဒီညက သူ့ကို ဂါရဝပြုဖို့ သူ့အိမ်ကို ဖေဖေရောက်ခဲ့တယ်။

ကွယ်လွန်သူကို ဂါရဝပြုတယ်ဆိုတာ ကောင်းတဲ့ အလေ့အကျင့်တစ်မျိုးပဲ။ နောက်ပြီး ဒီအလေ့အကျင့်က သက်ရှိထင်ရှားရှိနေသူတွေကိုလည်း ရှိသေသမှုပြုဖို့ သတိရစေတာပေါ့။ လူငယ်အတော်များများဟာ သူတို့ရဲ့ မိဘတွေကို ဈာပနအခမ်းအနားကျမှပဲ ရှိသေသမှု ပြုတတ်ကြတယ်။ ဖေဖေ့ မိတ်ဆွေကောင်းတစ်ယောက်ဟာ စီးပွားရေးအဆင်မပြေရတဲ့အထဲ သူ့မိန်းမရဲ့ အတင်းအကြပ်တောင်းဆိုမှုတွေ၊ နားပူနားဆာလုပ်မှုတွေကြောင့် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားတယ်။ ပြောမယုံ ကြုံမှသိဆိုသလို သူ့မိန်းမဟာ ခုမှ သစ္စာတရားကြီးမားစွာနဲ့ နှစ်စဉ်နှစ်တိုင်း သတင်းစာထဲကနေ သူ့ယောကျ်ားကို တမ်းတဂါရဝပြုနေလေရဲ့။ တကယ်တော့ သူ့ယောကျ်ားကို သေမှ ရှိသေသမှုပြုနေတာထက် မသေမီကတည်းက ကောင်းကောင်းမွန်မွန် အလေးထားဆက်ဆံခဲ့သင့်တာပေါ့။

တို့တစ်တွေ လိုက်နာကျင့်ကြံလို့ရတဲ့ ရှိသေလေးစားမှု ပုံစံကွဲတွေလည်း ရှိသေးတယ်ကွဲ့။

www.burmeseclassic.com

www.burmeseclassic.com



- လူကစ်ယောက်စကားပြောနေရင် ကြားဖြတ်ပြီး မပြောသင့်ဘူး။ စကားပြောနေတုန်း ကြားဖြတ်အပြောခံရတာလောက် စိတ်အနှောင့်အယှက်ဖြစ်စရာကောင်းတာ မရှိဘူး။ အဲဒီလို ပြုမူတာဟာ ရိုင်းစိုင်းတာနဲ့ အလိုက်မသိတတ်တာကို ပြသရာရောက်တယ်။ မင်းတို့ရဲ့ အမြင်ကို ပြောပြဖို့ တကယ်ပဲလိုအပ်တယ်ဆိုရင် တစ်ဖက်လူရဲ့စကား ဆုံးသွားမှ ပြောခွင့်တောင်းရမယ်။ ပြောတဲ့အခါမှာလည်း လိုရင်းတိုရှင်း ပြောပါ။ ဘယ်တော့မှ ကြားဝင်မစွက်ပါနဲ့။ အဲဒီလိုလုပ်ရင် မင်းတို့ မိတ်ဆွေတစ်ဦး၊ ဒါမှမဟုတ် စီးပွားရေးအခွင့်အလမ်းတစ်ရပ်ကို တစ်သက်လုံးဆုံးရှုံးသွားနိုင်တယ်။
- မင်းတို့ စားသောက်ဝိုင်းတစ်ဝိုင်းမှာ ပါဝင်နေတဲ့အခါ အဲဒီစားသောက်ဝိုင်းထဲမှာ အသက်အကြီးဆုံး လူကြီးသူမတစ်ဦးက အစားအစာ၊ ဒါမှမဟုတ် ယမကာကို စပြီး မစားမသောက်မချင်း မင်းတို့ စားတဲ့၊ သောက်တဲ့အမူကို မပြုရဘူး။
- အစည်းအဝေးတစ်ခုမှာ မင်းတို့က သဘာပတိ မဟုတ်ရင် အရင်စပြီး စကားမပြောပါနဲ့။ ကိုယ့်အလှည့်ကျလာမှ ပြောပါ။ ကိုယ်ပြောစရာရှိတာ ပြောပြီးရင် အမြဲတမ်း 'ကျေးဇူးတင်ပါတယ်' ဆိုတဲ့ စကားကိုပြောပါ။
- ညစ်ဝတ်ကျေပွန်မှု မှန်သမျှကို အလေးထားတန်ဖိုးထားပါ။ ညစ်ခံကျွေးမွေးသူရဲ့အိမ်၊ ဒါမှမဟုတ် စားသောက်ဆိုင်က မထွက်ခွာခင် ညစ်ဝတ်ပြုသူကိုကျေးဇူးတင်ကြောင်းပြောပါ။ နောက်တစ်နေ့ကျတော့ 'ကျေးဇူးတင်ပါသည်' ဆိုတဲ့ကတ်ပြားကလေး ပို့ပေးပါ။ ဒီလိုဂရုတစိုက်ရှိတာ မင်းတို့တစ်ဦးပဲရှိကောင်းရှိနိုင်တယ်။ တခြားလူတွေကတော့ 'စေတနာ' ကိုအမှုမဲ့နေလိုက်ကြလိမ့်မယ်။
- ဘယ်သူ့အိမ်ကိုပဲသွားသွား ဘယ်တော့မှ လက်ချည်းသက်သက်မသွားပါနဲ့။ ဘယ်တော့မဆို သူတို့ရဲ့ကလေးတွေဖို့ဖြစ်ဖြစ်၊ ဒါမှမဟုတ် သူတို့အိမ်အတွက်ဖြစ်ဖြစ် လက်ဆောင်ယူသွားပါ။ စားစရာ သောက်စရာ တစ်ခုခုဆိုရင်တောင် လက်ဆောင်ကောင်းကလေးဖြစ်နိုင်တယ်။



လက်ဆောင်ပဏ္ဏာတွေက လူတွေကို ဘုရင်တွေရှေ့မှောက်ကို ရောက်တဲ့အထိ ခေါ်ဆောင်သွားတတ်တယ်လေ။

- မိတ်ဆွေအပေါင်းအသင်းတွေရဲ့ အိမ်တွေမှာ အခမ်းအနားတွေ ကျင်းပပြုလုပ်ပြီးတဲ့အခါ ဘယ်တော့မဆို သူတို့ကို ကူညီသိမ်းဆည်းရှင်းလင်းပေးဖို့ နောက်ချန်နေခဲ့ပါ။ လိုအပ်ရင် နောက်ဆုံးမှပြန်တဲ့လူဖြစ်ပါစေ။ မင်းတို့ တစ်သက်လုံးခင်မင်ရင်းနှီးသွားမယ့် မိတ်ဆွေကောင်းတစ်ဦး တိုးလာလိမ့်မယ်။
- မိတ်ဆွေတွေရဲ့မွေးနေ့တွေကို သိထား၊ မှတ်ထားပါ။ သူတို့ရဲ့မွေးနေ့မှာ တယ်လီဖုန်းဆက်ပြီး မင်္ဂလာရှိတဲ့မွေးနေ့နှုတ်ခွန်းဆက်စကား ပြောပါ။ ဒါမှမဟုတ် ကတ်ပြား၊ မွေးနေ့ကိတ်မုန့်တို့ ပို့ပေးပါ။ ဖေဖေ့လက်စွဲကျင့်ထုံးကတော့ နိုင်ငံရပ်ခြားက မိတ်ဆွေတွေဆီ လှမ်းဖုန်းဆက်ပြီး မင်္ဂလာအရှိဆုံးနဲ့ အနှစ်သာရအပြည့်ဆုံး မွေးနေ့ ဖြစ်ပါစေလို့ လှိုက်လှိုက်လှဲလှဲ ဆန္ဒပြုတာပဲ။ ဖေဖေပြောဝံ့ပါတယ်။ သူတို့ ကြည်နူးပီတိဖြစ်ကြမှာပါ။ မင်းတို့ရဲ့ စာနာတတ်တဲ့ အတွေးတွေနဲ့ တစ်စုံတစ်ဦးရဲ့ ဘဝကို ပိုပြီး အဓိပ္ပာယ်ရှိသွားပါစေ။

ရိုသေလေးစားမှုဆိုတာ မှော်ပညာပဲ၊ ဒီမှော်ပညာက ရှုလကာရည်ကို ပျားရည်အဖြစ် ပြောင်းလဲစေတယ်၊ ရန်သူတွေကို ခင်မင်တဲ့ မိတ်ဆွေတွေအဖြစ် ပြောင်းလဲစေတယ်၊ ပြီးတော့ ဘဝအရသာ ခံစားတတ်တဲ့ စွမ်းအားကို ထုတ်လုပ်ပေးတယ်၊ ဒီစွမ်းအားက တခြားလူတွေကို ပျော်ရွှင်မှုရအောင်၊ ကြည်နူးနှစ်သိမ့်မှုရအောင် ဖန်တီးပေးပြီး ဘဝရဲ့ အနှစ်သာရကို ဖော်ထုတ်ပေးတယ်၊

■

www.burmeseclassic.com

www.burmeseclassic.com

## မှတ်တမ်းစာအုပ်များ

ကြီးမြတ်တဲ့ ပုဂ္ဂိုလ်အားလုံး မှတ်တမ်းစာအုပ်တွေ ဆောင်ထားလေ့ရှိတယ်။ လူငယ်လူရွယ်ကလေးဘဝကတော့ ဖေဖေလည်း ကြီးမြတ်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ချင်ခဲ့တယ်လေ။ ဒီတော့ မှတ်တမ်းစာအုပ်တစ်အုပ်ဆောင်ထားခဲ့တယ်။ ဓာတ်ပုံတွေ၊ ကဗျာတွေနဲ့ သတင်းစာဖြတ်ပိုင်းတွေကို အဲဒီအထဲမှာ ကပ်ထားတယ်။ လတ်တလော ပေါ်ပေါက်နေတဲ့ အတွေးတွေ၊ ခံစားချက်တွေကိုလည်း ရေးမှတ်တယ်။ ခုနောက်ပိုင်းမှာတော့ စကားလုံးတွေရဲ့ နက်ရှိုင်းမှုနဲ့ နွေးထွေးမှုကို အထောက်အကူပြုစေမဲ့ အနုပညာလက်ရာမြောက်သရုပ်ဖော်ပုံတွေ၊ စိတ္တဇပန်းချီလက်ရာတွေကိုပါ ဖြတ်ညှပ်ကပ်ထားတယ်။

တို့တတွေ အချိန်နဲ့ သမိုင်းကို ဝယ်ယူလို့ မရဘူး။ ကုန်ဆုံးသွားတဲ့ တစ်နေ့တစ်ရက်တိုင်းက တို့များရဲ့ သချိုင်းနဲ့ တစ်ရက်စာပိုနီးလာပြီဆိုတာကို မှတ်တမ်းတင်နေတယ်။ ဒီတော့ ဘဝရဲ့ တန်ဖိုးရှိတဲ့ သမယကလေးတွေကို မှတ်တမ်းတင်ထားပါ။

စာရေးတာက တို့တစ်တွေရဲ့ တာဝန်သိစိတ်ကို ဖွံ့ဖြိုးစေတယ်။ အဖြစ် အပျက်တွေကို ဘယ်လိုမှတ်တမ်းတင်ရမယ်ဆိုတာ တို့တစ်တွေ သင်ယူ ဆည်းပူးကြတယ်။ ဒီလုပ်ရပ်က အသက်ရှင်နေထိုင်ခွင့်ရတာကို တို့များ တန်ဖိုးထားမြတ်နိုးကြောင်း ပြသရာရောက်တယ်။ ထူးခြားတဲ့ ဖြစ်ရပ်တွေကို မှတ်တမ်းတင်တာဟာ အရေးကြီးတယ်။ အရာရောက်တယ်။



### အတွေးအတွက်အာဟာရ

- ❖ မင်းတို့ရဲ့အတွေးအခေါ်တွေကို စာနယ်ဇင်းတွေထဲမှာရေးပါ။ ပိုကောင်းတာကတော့ သတင်းစာထဲမှာရေးတာပေါ့။ အနုပညာဈာန်ဝင်တဲ့အခါ ကဗျာတွေရေးပါ။ ဖေဖေကတော့ မိတ်ဆွေတွေရဲ့မွေးနေ့တွေမှာ သူတို့ကိုရည်စူးပြီး ကဗျာတွေရေးပြီးပို့ပေးတတ်တဲ့အကျင့် ရှိတယ်။ အဲ. . . တချို့တော့လည်း သူတို့ကွယ်လွန်မှ ရေးဖြစ်ခဲ့တာပေါ့လေ။ နိုင်ငံရပ်ခြားကိုသွားဖို့ လေယာဉ်ပေါ်ရောက်နေတဲ့အချိန်မျိုးဆိုရင် ဖေဖေတော့ ရရာစာရွက်အတိုအစကလေးတွေပေါ်မှာပဲ ရေးတယ်။ အိမ်ပြန်ရောက်မှ အဲဒီစာရွက်ကလေးကို မှတ်တမ်းစာအုပ်ထဲမှာ ကော်နဲ့ ကပ်ထားလိုက်တာပေါ့။
- ❖ မှတ်တမ်းစာအုပ်ထဲမှာ နေ့စဉ်ရေးဖြစ်အောင် ကြိုးစားပါ။ တစ်ခါတလေမှာ ရက်အနည်းငယ်၊ ဒါမှမဟုတ် လအနည်းငယ်လောက် မရေးဖြစ်ဘဲ ဖြစ်ချင်ဖြစ်သွားမယ်။ လက်မလျှော့လိုက်ပါနဲ့။ မြန်မြန်ဆန်ဆန် ပြန်ပြီး ရေးဖြစ်အောင် ရေးပါ။ မရေးဖြစ်တဲ့နေ့တွေကို နှမြောတသနေဖို့မလိုဘူး။
- ❖ ဖေဖေကတော့ ကိုယ်တစ်ယောက်တည်း ရှိနေချိန်မျိုးမှာ ရေးရတာ ပိုပြီး နှစ်ခြိုက်တယ်။ အထူးသဖြင့် နိုင်ငံရပ်ခြားက ဟိုတယ်ခန်းထဲလို နေရာမျိုးပေါ့ကွယ်။
- ❖ ခုကတည်းကစပြီး မှတ်တမ်းစာအုပ်တွေ ဆောင်ထားပါ။ နောင်တစ်ချိန်မှာ မင်းတို့ရဲ့ သားသမီးတွေ၊ မြေးမြစ်တွေက ဒီစာအုပ်တွေ ဖတ်ကြည့်ပြီး ကြည်နူးနှစ်သက်ကြမှာပါ။ မင်းတို့ အောင်မြင် ကျော်ကြားသူတွေ ဖြစ်လာရင် ဒီစာတွေကို စာအုပ်အဖြစ်နဲ့တောင် ထုတ်ဝေလို့ ရသေးတယ်။

မှတ်တမ်းစာအုပ်တစ်အုပ် ဆောင်ထားမိတဲ့အတွက် မင်းတို့ စိတ်ကြည်နူးရမှာပါ။ ကြီးမြတ်တဲ့ပုဂ္ဂိုလ်တိုင်း မှတ်တမ်းစာအုပ် ဆောင်လေ့ရှိကြတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com

# လျော့ရဲမှု

ဆော်လမွန်ဘုရင်ကြီးက မိန့်မြွက်ခဲ့တယ်။ 'ကိုယ့်အလုပ်ကိုယ် လျော့ရဲရဲ လုပ်သူတစ်ဦးဟာ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးသူနဲ့ ညီနောင်တော်စပ်တယ်' တဲ့။ အဲဒါဟာ အလွန်လေးနက်တဲ့ အဆိုအမိန့်တစ်ရပ်ပဲ။ လျော့ရဲမှုက ဖျက်ဆီးတယ်။

တာဝန်ဖိစီးမှုများပြားနေချိန်မျိုး၊ ဒါမှမဟုတ် ပျော်ရွှင်ကြည်နူးနေချိန်မျိုးတွေမှာ လျော့ရဲရဲဖြစ်သွားတတ်ကြတာ သဘာဝပဲ။ တို့တစ်တွေဟာ တို့များနှစ်သက်အားရတဲ့ ကိစ္စမျိုးတွေသာ လုပ်ဆောင်ဖို့ အားသန်ပြီး တခြား အလုပ်တွေကိုတော့ နောင်တစ်ချိန်ချိန်မှ လုပ်ဖို့ ဘေးဖယ်ထားချင်တတ်ကြတယ်။ အလုပ်အကိုင်ဖင့်နွှေးနွှေးဆိုင်းမှုဟာ တို့များရဲ့ စဉ်းစားတွေးခေါ်မှု ဖြစ်စဉ်ကို အလွဲလွဲအချော်ချော် ဖြစ်စေနိုင်ပြီး အကျိုးမဲ့ရလဒ်တွေ ဖြစ်ပေါ်စေသတဲ့နော်။ ဒီအချက်ကို သိရတာ တုန်လှုပ်ချောက်ချားစရာပေပဲ။ ဒီ အကျင့်ဟာ အဖျက်သဘောဆောင်တဲ့အကျင့်ပေါ့။

ပျက်စီးရာပျက်စီးကြောင်းကို ရှောင်ကြဉ်နိုင်အောင် တို့တစ်တွေ လျော့ရဲမှုကို ဖျောက်ဖျက်ပစ်ကြရမယ်။

- ❖ နေ့စဉ်နေ့တိုင်း 'ဆောင်ရွက်ရန်' စာရင်းတစ်ခု ဆောင်ထားပါ။ ညနေဘက်ကျတော့ အဲဒီစာရင်းကို ပြန်စစ်ကြည့်ပါ။
- ❖ အလုပ်တွေကို သီတင်းပတ်တွေ၊ လတွေနဲ့ ချိပြီး စီစဉ်နိုင်အောင် အုပ်ချုပ်မှုနေ့စဉ်မှတ်တမ်းတစ်အုပ် ဆောင်ထားပါ။
- ❖ အလုပ်လုပ်လို့ အကောင်းဆုံးအချိန်ကတော့ မနက်စောစောပိုင်းနဲ့ ညဉ့်ဦးပိုင်းပဲဖြစ်တယ်။ အောင်မြင်တဲ့လုပ်ငန်းရှင် အတော်များများဟာ



မနက် ၇ နာရီမှာ စပြီး အလုပ်လုပ်ကြတယ်။ အဲဒီအချိန်မှာ အလုပ်မလုပ်ဖြစ်သူတွေကတော့ အိပ်ရာထနောက်ကျသူတွေပဲ။ သူတို့တစ်တွေဟာ မနက်ခင်းရဲ့ လေနဲ့ နေရဲ့အလှအပနဲ့ သာယာမှုကို လက်လွတ်ဆုံးရှုံးရသူတွေပေါ့ကွယ်။

- ❖ ရှေးပညာရှိတွေရဲ့ ဆိုဆုံးမချက်တွေကို နေ့စဉ်ဖတ်ပါ။ ဖေဖေကတော့ အဲဒီစာသားတွေကို တရားထိုင်တဲ့ အခါမှာ အသုံးပြုလေ့ရှိတယ်။ အဲဒီလို တရားထိုင်ပြီးတဲ့အခါ ဖေဖေ့စိတ်တွေ လန်းဆန်းတက်ကြွလာပြီး ရင်ဆိုင်ရမယ့် တစ်နေ့တာအတွက် အားမာန်တွေပြည့်နေလေ့ရှိတယ်။
- ❖ စိတ်ဓာတ်အားမာန်တက်ကြွစေတဲ့ စာအုပ်ကောင်းတစ်အုပ်ကို နေ့စဉ်နေ့တိုင်း ဖတ်နိုင်အောင် သီးသန့်အချိန်ကန့်သတ်ထားပါ။

လောကမှာ စိတ်ကြွမ်းကိုယ်ကြွမ်းသမားတွေကသာ တို့များအပေါ် လွှမ်းခြုံနေတဲ့ ငြိမ်းချမ်းသာယာမှုကို ဖျက်ဆီးပစ်ကြတာ၊ ဒီငြိမ်းချမ်းသာယာမှုက ကျန်းမာခြင်းနဲ့ ပျော်ရွှင်ခြင်းဆိုတဲ့ မင်္ဂလာတရားတွေကို ပေးအပ်တယ်၊ ဒီအတွက် တို့တစ်တွေ စားကောင်း၊ အိပ်ကောင်းဖြစ်လာပြီး မျက်နှာမှာ သဘာဝအပြုံးနဲ့ ဝင်းပနေစေတယ်၊ ဒီတော့ တို့တစ်တွေဟာ စိတ်ကြွမ်းကိုယ်ကြွမ်းသမားတွေမဖြစ်ဘဲ နူးညံ့သိမ်မွေ့သူတွေ ဖြစ်ကြရမယ်၊ ဒီလိုဖြစ်လာစေဖို့ လျော့ရဲမှုကို ဖျောက်ဖျက်ရမယ်၊ အရာရာတိုင်းကို သိမ်သိမ်မွေ့မွေ့နဲ့ ပျော်ပျော်ပါးပါးလုပ်ကြရမယ်၊ အရာရာတိုင်းကို နိုင်နိုင်နင်းနင်းနဲ့ အကောင်းဆုံး လုပ်ဆောင်နိုင်အောင် ရှိသမျှခွန်အားကို ညှစ်ထုတ်ကြရမယ်၊

■

www.burmeseclassic.com

www.burmeseclassic.com

## ဆေးလိပ်သောက်ခြင်း

ဆေးလိပ်သောက်တာဟာ ကင်ဆာရောဂါရစေတယ်ဆိုတာ လူတိုင်း သိထားတဲ့အချက်ပဲ။ ဆေးလိပ်သောက်တာဟာ သူရဲကောင်းတို့ရဲ့ လုပ်ရပ် မဟုတ်ဘူး။

လွန်ခဲ့တဲ့ ရှစ်နှစ်လောက်က အလွန်ရင်းနှီးတဲ့ ဖေဖေ့မိတ်ဆွေတစ်ယောက် ကွယ်လွန်သွားတယ်။ သူ့ကို ဆေးလိပ်မသောက်ဖို့ ဖေဖေပြောခဲ့တာ မှတ်မိနေသေးတယ်။ သူက အင်ဒိုနီးရှားမှာ အကြီးဆုံးဖြစ်တဲ့ သင်္ဘောကုမ္ပဏီရဲ့ ဘဏ္ဍာရေးဆိုင်ရာ ညွှန်ကြားရေးမှူးပေါ့။ သူက တစ်နေ့ကို စီးကရက်သုံးဘူး သောက်တဲ့လူ။ သူ့ရဲ့ အဆုတ်ကင်ဆာက ဝမ်းဗိုက်အထိ ပြန့်ပြီး ဆီးအိမ်ကို ရောက်သွားတယ်။ တချို့လူတွေလည်း ဆေးလိပ်သောက်ကြပေမဲ့ သက်တမ်းစေ့နေသွားကြရတာပဲလို့ သူက ဆင်ခြေကန်ခဲ့တယ်လေ။ သူကွယ်လွန်ချိန်မှာ သူ့မိန်းမက ကိုယ်လေးလက်ဝန်ကြီးနဲ့ ကျန်ခဲ့တယ်။ သူဟာ သူ့ရဲ့ အထွေးဆုံးသားကလေးကိုတောင် မြင်တွေ့သွားခွင့် မရခဲ့ဘူး။ ဒီလူက လူတော်လူကောင်းတစ်ယောက်ပါ။ ဒါပေမဲ့ စောစောစီးစီးကြွေလွင့်သွားရှာတယ်။ သူကွယ်လွန်တော့ အသက် ၃၇ နှစ်ပဲ ရှိသေးတယ်။ သေဆုံးရတာရဲ့ အကြောင်းရင်းက ဆေးလိပ်သောက်မှုပဲပေါ့။

*စဉ်းစားပါ*

- ❖ ဆေးလိပ်သောက်တာက လေထုညစ်ညမ်းမှု ဖြစ်စေတယ်။ ကိုယ်ကိုယ်တိုင်ဆေးလိပ်မသောက်ဘဲ ဆေးလိပ်ငွေ့ကို တစ်ဆင့်ရှူရှိုက်ရတာက ပိုပြီးတော့တောင် ကင်ဆာရောဂါရစေနိုင်တယ်။
- ❖ ဆေးလိပ်သောက်တာက အသက်ရှူမှုကို ဒုက္ခပေးတယ်။



- ❖ မင်းတို့ရဲ့ သွားတွေကို မည်းညစ်စေတယ်။
- ❖ ဆေးလိပ်သောက်တာဟာ အဆုတ်တွေကို ညစ်ညမ်းစေပြီး ကင်ဆာရောဂါဖြစ်ဖို့ အလားအလာရှိတယ်။
- ❖ ပိုက်ဆံကုန်တယ်။
- ❖ အစိုးရအဖွဲ့ကောင်းတွေက ဆေးလိပ်သောက်တာကို အားမပေးဘူး။
- ❖ စီးကရက်တစ်လိပ်ကုန်အောင် သောက်ပြီးတိုင်း လူတစ်ယောက်ဟာ သုံးမိနစ်ပိုပြီး အသက်တိုသွားတယ်။
- ❖ စီးကရက်တစ်လိပ်ထဲမှာပါတဲ့ နစ်ကိုတင်းဓာတ်ကို လူ့ခန္ဓာကိုယ်ထဲ ထိုးသွင်းရင် အဲဒီလူ သေသွားလိမ့်မယ်။ နစ်ကိုတင်းဓာတ်ဟာ အဆိပ်တစ်မျိုးပဲ။
- ❖ စီးကရက်ငွေ့တွေဟာ ဆံပင်နဲ့ အဝတ်အစားတွေမှာ စွဲနေတယ်။ အဲဒီလိုစွဲနေတာ ကြာသွားရင် အဝတ်အစားတွေ နံနံစော်စော် ဖြစ်သွားတယ်။
- ❖ စီးကရက်သောက်တာဟာ လူမှုဆန့်ကျင်ရေးအပြုအမူပဲ။ တခြားလူတွေကို အလေးမထားဂရုမစိုက်ရာရောက်တယ်။
- ❖ ဆေးလိပ်စွဲသွားတတ်တယ်။
- ❖ ခုဆိုရင် လေယာဉ်အများစုပေါ်မှာ ဆေးလိပ်သောက်တာကို တားမြစ်နေပြီ။ ရုပ်ရှင်ရုံတွေ၊ စားသောက်ဆိုင်တွေနဲ့ အစိုးရအဆောက်အအုံတွေထဲမှာလည်း ဆေးလိပ်သောက်ခွင့် မရတော့ဘူး။

မင်းတို့ရဲ့ အပေါင်းအသင်းတွေ ဆေးလိပ်မသောက်အောင် ဖျောင်းဖျ တားမြစ်ပါ။ မင်းတို့ လူ့အသက်တွေ ကယ်ဆယ်ရာရောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးလိပ်သောက်ခြင်းဟာ ယဉ်ကျေးတဲ့အပြုအမူ မဟုတ်ဘူး၊ ဆေးလိပ်သောက်နေသူတစ်ဦးဟာ စိတ်တင်းကျပ်မှုတွေ၊ ပြဿနာတွေနဲ့ ကင်းလွတ်အောင် ကြိုးစားဖို့ လိုအပ်နေပြီဆိုတာ ပြသရာရောက်တယ်၊ ပြီးတော့ ကင်ဆာရောဂါရဲ့ ဆိုးကျိုးတွေကို လုံးဝဥဿုံ သတိမမူကြောင်း ပြသရာလည်းရောက်တယ်၊ တကယ်တော့ ကင်ဆာဆိုတာ မေတ္တာတရားနဲ့ ကင်းဝေးတဲ့ မိဘမဲ့ကလေးတွေကို လောကအလယ်မှာ ထားရစ်ခဲ့ဖို့ ဖြစ်လာစေနိုင်တဲ့ ရောဂါဆိုးကြီးမဟုတ်လား။

ဆေးလိပ်မသောက်ပါနဲ့။

■

## တောင်းပန်ပါတယ်

'တောင်းပန်ပါတယ်' ဒီစကားလုံးကလေးလေးလုံးက တန်ခိုးအာနိသင် ထူးခြားထက်မြက်လှတယ်။

အိမ်ထောင်ရေး အတော်များများဟာ ခါးသီးမုန်းတီးတဲ့ အိမ်ထောင်ရေးတွေ ဖြစ်သွားကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်ဦးနှစ်ဖက်စလုံးက တောင်း ပန်ဖို့ ငြင်းဆန်ကြလို့ပဲ။ "တောင်းပန်ပါတယ်" ဆိုတဲ့ စကားလုံးလေးလေးလုံးဟာ ပြောမထွက်လောက်အောင် ခက်ခဲတဲ့ စကားလုံးတွေ ဖြစ်နေပုံရတယ်။

တရားစွဲမှုအများစုဟာ ဒီစကားလုံးကလေး လေးလုံးကို ပြောလိုက်ရုံနဲ့ ပြေလည်ကျေအေးသွားနိုင်တယ်။ တချို့လူတွေအဖို့တော့ ဒီစကားလုံးလေးတွေဟာ ကမ္ဘာပေါ်မှာ ဈေးအကြီးဆုံး၊ အရှားပါးဆုံး စကားလုံးတွေ ဖြစ်နေ တယ်ထင်ပါရဲ့။

***အတွေးအတွက် အာဟာရ***

❖ အပေါင်းအသင်း မိတ်ဆွေ အားလုံးဟာ တမန်တော်နတ်သားကလေးတွေ မဟုတ်ဘူး။ စိတ်သဘောထားကွဲလွဲမှု၊ အထင်အမြင်လွဲမှုတွေကတော့ ရှိနေမှာပဲ။ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေ ခွာပြဲသွားကြတယ်။ ဘာကြောင့်လဲဆိုတော့ အလွန်သေးမွှားတဲ့ အထင်အမြင်လွဲမှုကလေးတွေကြောင့်ပဲ။ မင်းတို့ မိတ်ဆွေတွေရဲ့ အမှားအယွင်းကလေးတွေကို ခွင့်လွှတ်တတ်အောင် အားထုတ်ကြပါ။ တစ်ဖက်လူက မင်းတို့မှားနေတယ်လို့ အထင်အမြင်ရောက်နေရင် မင်းတို့က စပြီး တောင်းပန်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါ။ ကိုယ့်အပေါ် စော်ကားစွပ်စွဲမှု တစ်ခုကို ဖွေမယ့်လူလျစ်လျူရှုနိုင်တာဟာ ဂုဏ်သတ္တိတစ်ရပ်လို့ သတ်မှတ်ကြရမယ်။

❖ မင်းတို့ လူကိုယ်တိုင်တောင်းပန်ဖို့ အခက်အခဲဖြစ်နေတယ်ဆိုရင် စာနဲ့ ကြေးနန်းနဲ့ တောင်းပန်လို့ ရတယ်။ ပန်းစည်းပို့ပြီး တောင်းပန်လို့ ရတယ်။ ဒါမှမဟုတ် ကြားလူတစ်ယောက်ယောက်က တစ်ဆင့် တောင်းပန်လို့လည်းရတာပဲ။

❖ များသောအားဖြင့် မိဘတွေဟာ သူတို့သားသမီးတွေကို တောင်းပန်စကားပြောဖို့ ဝန်လေးတတ်ကြတယ်။ မင်းတို့ ငယ်ရွယ်စဉ်ကတည်းက ရိုကျိုးနှိမ့်ချစွာ နေထိုင်ကျင့်ကြံတတ်အောင် လေ့ကျင့်ပြီး မင်းတို့ရဲ့ မိတ်ဆွေတွေနဲ့ နောင်လာမယ့် မျိုးဆက်သစ်တွေကို စံနမူနာ ပြကြရမယ်။

❖ သည်းခံခွင့်လွှတ်စိတ်ရှိတဲ့ ခေါင်းဆောင်တစ်ဦးကို လူတွေက မော်ကြည့်ကြလိမ့်မယ်။ ရိုသေလေးစားကြလိမ့်မယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ သူ့အမှားတွေအတွက် ဝန်ချ တောင်းပန်နိုင်စွမ်းလည်းရှိရမယ်။ ဒီလိုပြုလုပ်တာဟာ အဆိုးကို မဖြစ်စေဘူး။ အကောင်းကိုပဲဖြစ်စေတယ်။ ကြမ်းတမ်းခက်မာပြီး ရှုပ်ထွေးပွေလီတဲ့ ဒီကမ္ဘာလောကကြီးထဲမှာ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ဖို့ 'တောင်းပန်ပါတယ်' ဆိုတဲ့ စကားလုံးလေးလုံးကို အပိုင်အသုံးချပါ။

မင်းတို့ကိုယ်မင်းတို့ရော တခြားလူတွေကိုပါ ခွင့်လွှတ်စိတ်မွေးပြီး ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ပါလျက်နဲ့ ဘာဖြစ်လို့ ဒိုက်ရန်ဖြစ်ပြီး အော်ဟစ်နေမှာလဲ၊ ဘာဖြစ်လို့ ငိုကြွေးပြီး စိတ်ကောက်နေမှာလဲ၊ ဘာဖြစ်လို့ သက်ပြင်းချပြီး နာကြည်းနေမှာလဲ၊

■

## ကျေးဇူးတင်ပါတယ် /ကျေးဇူးပြုပြီး

'ကျေးဇူးတင်ပါတယ်' ဆိုတဲ့ စကားနဲ့ 'ကျေးဇူးပြုပြီး' ဆိုတဲ့ စကားကို ပြောဖို့ မင်းတို့ ငွေကြေးတစ်ပြားတစ်ချပ်မှ ပေးစရာမလိုဘူး။ အကူအညီတစ်ခုခုတောင်းတဲ့အခါမျိုးမှာ မင်းတို့ရဲ့ မေတ္တာရပ်ခံချက်ကို 'ကျေးဇူးပြုပြီး' ဆိုတဲ့ နံ့သာရည်ကလေးနဲ့ မွှေးထုံနေပါစေ။ မင်းတို့ပြောတဲ့ စကားကို 'ကျေးဇူးတင်ပါတယ်' ဆိုတဲ့ စကားစုနဲ့ အဆုံးသတ်ပါ။ သူတို့ရဲ့ အားထုတ်မှုတွေကို မင်းတို့က တန်ဖိုးထား ကျေးဇူးတင်ကြောင်း သိရရင် လူတွေက မင်းတို့အတွက် အလုပ်လုပ်ပေးလာကြလိမ့်မယ်။ ဒီစကားလုံးနှစ်လုံးကို အခမဲ့ ရနိုင်တယ်။ ဒီစကားတွေကို ရိုးရိုးသားသားမှန်မှန်ကန်ကန်သုံးစွဲပါ။

ဒီစကားလုံးနှစ်လုံးစလုံးကို မင်းတို့ ပိုင်ပိုင်နိုင်နိုင်အသုံးပြုနိုင်စွမ်းရှိလာရင် ဒီကမ္ဘာကြီးဟာ ပိုပြီး နေပျော်တဲ့ နေရာဌာနကြီး ဖြစ်လာလိမ့်မယ်။ မင်းတို့ ဝန်းကျင်မှာ အထိန်းအကွပ်ကင်းသူတွေ၊ ရိုင်းစိုင်းသူတွေ အများကြီးရှိမှာပဲ။ မင်းတို့က လူတွေကို ယဉ်ကျေးဖွယ်ရာ ဆက်ဆံတဲ့အခါ သူတို့ကလည်း မင်းတို့ကို ယဉ်ကျေးဖွယ်ရာ တုံ့ပြန်ဆက်ဆံလာလိမ့်မယ်။ ဒီအကျင့်ကောင်းဟာ ကူးစက်ပျံ့နှံ့နိုင်စွမ်းရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံတဲ့ စကားလုံးတွေဟာ ကျောက်မျက်ရတနာတွေပဲ၊ ဒီစကားလုံးတွေဟာ ပြောဆိုသူရဲ့ ခမ်းနားထည်ဝါမှုနဲ့ ကြီးမြတ်မှုကို တန်ဆာဆင်ပြသနေပြီး နှစ်လိုဖွယ်ရာကောင်းတဲ့ အရောင်တွေနဲ့ လင်းလက်တောက်ပနေလိမ့်မယ်၊ ပြီးတော့ နားဆင်ရသူတွေ နားဝင်ချိုပြီး စိတ်ချမ်းမြေ့မှု ရစေလိမ့်မယ်၊ 'ကျေးဇူးတင်ပါတယ်' နဲ့ 'ကျေးဇူးပြုပြီး' ဆိုတာ လူသားမျိုးနွယ်က လျစ်လျူရှုထားတဲ့ စကားလုံးတွေပေါ့၊ ဒီစကားလုံးတွေကိုသာ မှန်ကန်စွာ သုံးစွဲတတ်ရင် မိတ်ဆွေတွေပိုပြီး ရင်းနှီးလာမယ်၊ ရုံးခန်းကနေ အိမ်အထိ၊ အိပ်ရာကနေ သချိုင်းအထိ ကျင်လည်နေထိုင်ရတာ ပိုပြီး နေသာထိုင်သာ ရှိလာလိမ့်မယ်၊

■

# ခေတ်

ခေတ်ဆိုးပြီးရင် ခေတ်ကောင်းလာတယ်။ ခေတ်ကောင်းကို ပျော်ရွှင်ခံစားနေရတဲ့အခါ တို့တစ်တွေဟာခေတ်ဆိုးကို အရမ်းမေ့လွယ်ပျောက်လွယ်ရှိတတ်ကြတယ်။ ဒီတော့အခြေအနေတွေကောင်းမွန်သာယာနေပြီဆိုရင် ခေတ်ဆိုးခေတ်ကျပ်ကြီးလာတော့မယ်ဆိုတာ နှလုံးသွင်းထားကြရမယ်။ တို့တစ်တွေအသင့်ပြင်ထားဖို့လိုအပ်တယ်လေ။

မင်းတို့ပိုက်ဆံရှိနေချိန်မှာ မိတ်ဆွေအပေါင်းအသင်းတွေ ဝိုင်းနေလိမ့်မယ်။ မင်းတို့ပိုက်ဆံမရှိချိန်မှာ မိတ်ဆွေအပေါင်းအသင်းအဖြစ် ကျန်နေသူဟာ ဘယ်သူတွေလဲလို့သိရတာ စိတ်ဝင်စားစရာသိပ်ကောင်းတယ်။ ခုချိန်မှာ ချမ်းသာကြွယ်ဝနေပြီဖြစ်တဲ့ ဖေဖေ့မိတ်ဆွေစီးပွားရေးသမားတစ်ယောက်ရဲ့ အတွင်းရေးဇာတ်လမ်းကလေးကို ပြောပြရအုံးမယ်။ သူဟာ စီးပွားရေးလုပ်ရင်း ဒေါ်လာသန်းပေါင်းများစွာဆုံးရှုံးသွားလို့ သူကိုယ်သူ အဆုံးစီရင်ချင်စိတ်ပေါက်နေတဲ့လူပေါ့။ သူပြောခဲ့တဲ့စကားတွေကို ဖတ်ကြည့်ကြပါဦး။

'ကျွန်တော် ငွေကြေးပြဿနာအကြီးအကျယ်ပေါ်နေတော့ ကျွန်တော်ကိုလာပြီးကူညီမယ့်သူ ဘယ်သူမှမရှိဘူး။ ကျွန်တော်ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့စဉ်းစားနေပြီ။ ဒီနေရာမှာမြင့်မြတ်တဲ့နှလုံးသားပိုင်ရှင် အမျိုးသမီးကြီးတစ်ယောက်အကြောင်း ကျွန်တော်ဂုဏ်ယူဝင့်ကြွားစွာ ပြောရတော့မယ်။ သူကကျွန်တော့်ယောက္ခမလေ။ သူကကျွန်တော့်ကို ဘာစည်းကမ်းချက်မှ မထားဘဲ ကူညီခဲ့တယ်။ သူသာမရှိခဲ့ရင် ကျွန်တော် ဒီနေ့ ဒီနေရာမှာ ချမ်းချမ်းသာသာဘဝနဲ့ ရှိနေမှာကိုမဟုတ်ဘူး" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ပွင့်လင်းတဲ့ ပြောဆိုချက်မျိုးဆိုတာ ကြားရခဲ့သားပဲ။ သူကဖေဖေ့ကို ဆက်ပြီးပြောခဲ့သေးတယ်။ 'ဂျင်မီ ဘယ်တော့မှ မဆင်းရဲစေနဲ့။ ခင်ဗျား ဆင်းရဲတဲ့ဘဝကို ရောက်မသွားဖို့ သေချာအောင် အဲဒီစကားကို အမှတ်ရနေမှ ဖြစ်မယ်။ ဆင်းရဲခြင်းရဲ့ နှိပ်စက်ညှဉ်းပန်းမှုက တယ်ပြီး ကြောက်စရာ လန့်စရာ ကောင်းတာကလား'

တို့ရဲ့ ဘဝတွေမှာ ပိုက်ဆံက သိပ်ပြီး အရေးကြီးတဲ့ အပိုင်းကဏ္ဍ တစ်ခုအနေနဲ့ ပါဝင်နေတယ်။ ပိုက်ဆံကြောင့် မိသားစုတွေပြိုကွဲပျက်စီး ကြရတယ်။ ဒီတော့ မင်းတို့ သမ္မာအာဇီဝအလုပ်နဲ့ ငွေရှာပြီး ရလာတဲ့ ငွေကြေး တချို့ တစ်ဝက်ကို ခေတ်ကျပ်တွေအတွက် အမြဲတမ်း စုဆောင်းထားပါ။

အောက်ပါအချက်တွေကို စဉ်းစားပါ။

- ❖ တစ်လရဲ့ စုစုပေါင်းဝင်ငွေထဲက အနည်းဆုံး ၁၀ ရာခိုင်နှုန်းကို စုဆောင်းပါ။
- ❖ စတော့ဈေးကွက်မှာ ဈေးထိုးကျပြီဆိုရင် အပြေးကလေး သွားဝယ်ပြီး အဲဒီစတော့ကို ထိန်းထားပါ။ ကျသွားတဲ့ပစ္စည်းတစ်ခုဟာ ပြန်တက်လာရမယ်။ ငွေသားနဲ့ ဝယ်ပါ။ ချေးငွေနဲ့ မဝယ်ပါနဲ့။ ဈေးကျတုန်းဝယ်။ ဈေးတက်ရင်ရောင်း၊ မင်းတို့ ကတိမ်းကပါး မဖြစ်နိုင်ဘူး။
- ❖ အိမ်ရာခြံမြေလုပ်ငန်းထဲမှာ ရင်းနှီးမြှုပ်နှံပါ။ ငွေချေးဖို့လိုအပ်မယ်ဆိုရင် လိုငွေ အနည်းဆုံးကိုပဲ ချေးပါ။ အများဆုံးကို မချေးပါနဲ့။
- ❖ အချိန်ရမယ်၊ စိတ်ဝင်စားမှုရှိမယ်ဆိုရင် အချိန်ပိုင်းအလုပ်တစ်ခုလုပ်ပါ။
- ❖ ငွေကြေးဈေးကွက်ရဲ့ နောက်ဆုံးသတင်းတွေကို မျက်ခြည်မပြတ်သိနေပါစေ။ အခိုင်မာအတောင့်တင်းဆုံး ငွေကြေးတစ်ခုဟာ အတော်ဆုံး အစိုးရနဲ့ အလုပ်အကြိုးစားဆုံး ပြည်သူလူထုတွေရှိတဲ့ နိုင်ငံထဲမှာပဲ ရှိတယ်။

ထူးခြားထင်ရှားတဲ့ စီးပွားရေးဆိုင်ရာ ဥပဒေသတစ်ခုကို နှလုံးသွင်းထားပါ။

**ခေတ်ကောင်းရဲ့ နောက်က ခေတ်ကျပ်လိုက်လာမယ်၊**
**အဲဒီခေတ်ကျပ်ကို ရင်ဆိုင်ဖို့ ပြင်ဆင်ထားပါ၊**

■

## ကိရိယာတန်ဆာပလာများ

တစ်ညနေမှာ ဖေဖေတို့ ခြံထဲက မြက်တွေကို လျှပ်စစ်မြက်ရိတ်စက်သုံးပြီး ရိတ်ဖြတ်ပစ်လိုက်တယ်။ အဲဒီလိုလည်း ရိတ်ပြီးသွားရော ပန်းခြံတစ်ခုလုံး သန့်ရှင်းသပ်ရပ်ပြီး ဖေဖေ့ရင်ထဲမှာ ကြည်နူးလိုက်တာလေ။ မြက်ခင်းပြင်တစ်ခုလုံး သပ်သပ်ရပ်ရပ်နဲ့ ချောချောမွေ့မွေ့ ဖြစ်နေပုံဟာ ရွှံ့တော၊ ညွန်တောထဲ မောင်းထားတဲ့ ဖေဖေ့မော်တော်ကားကို ရေဆေးသန့်စင်ထားပုံနဲ့ နှိုင်းယှဉ်လို့ရတယ်။ အရာဝတ္ထုတွေကို ကောင်းသထက်ကောင်းအောင် လုပ်နိုင်စွမ်းရှိတာထဲမှာ အလှတရားနဲ့ ပျော်ရွှင်မှုတို့ ကိန်းအောင်းနေတယ်။ ဒီမြက်ရိတ်စက်ကို ဘယ်လိုသုံးရမယ်၊ စက်ထဲက နိုင်လွန်ကြိုးကို ဘယ်လို အသစ်လဲရမယ်ဆိုတာ သိထားတဲ့အတွက် ဖေဖေ ဝမ်းသာကျေနပ်ရတာပေါ့။ မဟုတ်ရင် ဒီမြက်ခင်းကို ညှိဖို့ ကြေးစားမြက်ရိတ်သမားတစ်ယောက်ကို ငှားရတော့မယ်လေ။

မနေ့ကဆို ဖေဖေ့ရဲ့ ပါတိတ်အင်္ကျီအကောင်းစားက ကြယ်သီးတစ်လုံး ပြုတ်သွားတယ်။ နောက်တစ်လုံးကလည်း ပြုတ်ဖို့ တဲတဲပဲ ကျန်တော့တယ်။ ဒါနဲ့ ဖေဖေဟိုတယ်တွေက ယူလာလေ့ရှိတဲ့ အပ်ချုပ်ကိရိယာဘူးကလေးကို ယူပြီး ကြယ်သီးနှစ်လုံးကို မြန်မြန်ဆန်ဆန် တပ်လိုက်တယ်။ အင်္ကျီကို စက်ချုပ်သမားဆီ သွားအပ်နေဖို့ မလိုတော့ဘူး။ အချိန်ရော၊ ငွေရော၊ ကရိကထ များမှုရော သက်သာသွားတာပေါ့။

ကိရိယာတန်ဆာပလာတွေဟာ နေ့စဉ်လူနေမှုဘဝ ပိုပြီး အဆင်ပြေလွယ်ကူစေဖို့ ပြုလုပ်ထားကြတာ။ ဒီကိရိယာကလေးတွေကို အသုံးပြုတတ်အောင် သင်ယူလေ့လာတာဟာ အရေးကြီးတယ်။ မင်းတို့ကိရိယာတန်ဆာ

www.burmeseclassic.com

www.burmeseclassic.com



ပလာသေတ္တာတွေ အိမ်မှာ တစ်လုံး၊ ကားထဲမှာ တစ်လုံး၊ ရုံးခန်းမှာ တစ်လုံး ရှိသင့်တယ်။ ဖေဖေကတော့ အမျိုးပေါင်း ၃၀ လုပ်ဆောင်နိုင်တဲ့ 'ဗစ်တို ရီနော့' ဓားတစ်ချောင်းကို အမြဲဆောင်ထားတယ်။ အရမ်းအသုံးတည့်တဲ့ ဓားတစ်မျိုးပဲ။ ဖေဖေ့ခရီးသွားအိတ်ထဲမှာ အမည်ပေါင်းစုံလုပ်ဆောင်လို့ရတဲ့ ဓားတစ်ချောင်းလည်း ထည့်ထားတယ်။ အဲဒီဓားထဲမှာ ဖေဖေနေ့တိုင်းနီးပါး အသုံးပြုရတဲ့ သွားကြားထိုးတံတောင် ပါတယ်ကွဲ့။

ဝက်အူတွေဟာ ချောင်သွားနိုင်တယ်။ ယာဉ်တွေဟာ မမျှော်လင့်ဘဲ ပျက်တတ်တယ်။ ဖြူးစ်ကြိုးကလေးတွေ ပြတ်သွားနိုင်တယ်။ အိမ်ထောင် ပရိဘောဂတွေရဲ့ အဆက်တွေ ပြုတ်ထွက်လာနိုင်တယ်။ အသုံးတည့်မယ့် ကိရိယာတစ်ခု မင်းတို့မှာ အဆင့်သင့်ရှိနေဖို့ မြေကြီး လက်ပုတ်မလွဲ လိုအပ်မှာပဲ။ ပြန်လည်ပြင်ဆင်တဲ့ အလုပ်တစ်ခုကို လုပ်ရတာ ပျော်စရာ ကောင်းတယ်။ ကျေနပ်အားရစရာကောင်းတယ်။ ဒီအလုပ်ဟာ လေ့ကျင့် ခန်းလုပ်နည်း ပုံစံတစ်မျိုးပဲ။ ဒီအလုပ်ဟာ ရောဂါကုထုံးပုံစံတစ်မျိုးလည်း ဖြစ်နိုင်တာပဲ။

မင်းတို့ တစ်စုံတစ်ခုကို ပြန်လည်ပြင်ဆင်တဲ့အခါ ချွတ်ယွင်းချက်ကို ပြုပြင်မယ်၊ ပြီးတော့ ပြန်ပြီး အသုံးချလို့ရတဲ့ အရသာကို ခံစားမယ်၊ အဲဒီလိုပဲ နေ့စဉ်လူနေမှုဘဝမှာလည်း မှားယွင်းမှုမှန်သမျှကို ပြင်ဆင်ပြီးတော့ ဘဝအရသာကို အပြည့်အဝ ပြန်လည်ခံစားပါ။

■

## ဒုက္ခများ

လေမှာလွင့်မျောနေတဲ့ တိမ်တွေလိုပဲ။ ဒုက္ခအားလုံးဟာလည်း လွင့်ပါး သွားရမယ်။ ဒုက္ခပေးသူတွေ ကိုယ်တိုင်တောင် နောက်ဆုံးကျ လွင့်ပါးပျောက် ကွယ်သွားရမှာပဲ။

တို့တစ်တွေဟာ ဒုက္ခတွေကို ခုခံကာကွယ်နိုင်စွမ်းမရှိကြဘူး။ တို့တစ်တွေ အများစုဟာ သားကောင်တွေပဲ။ အဓိကအကြောင်းရင်းကတော့ အတ္တစိတ် ပေါ့ကွယ်။

***အတွေးအတွက်အာဟာရ***

- ❖ ဒုက္ခကို အချိန်မရွေး ကြုံဆိုရင်ဆိုင်နိုင်အောင် အသင့်ရှိနေပါစေ။ ဒုက္ခ ဆိုတာက လုံးဝမထင်မှတ်တဲ့နည်းနဲ့ ပေါက်ချလာနိုင်တယ်။ ပြဿနာ တိုင်းအတွက် အဖြေတစ်ခုရှိတယ်ဆိုတာ သိထားပါ။ ပျော့ကွက် တစ်ကွက်ကတော့ အမြဲတမ်းရှိနေတာပါပဲ။ မင်းတို့ တည်ငြိမ်မှုရှိဖို့ပဲ လိုတယ်။ လိုအပ်ရင် ဘုရားသခင်ရဲ့ စောင့်ရှောက်မှုကို ခံယူပါ။
- ❖ ဒုက္ခကြောင့် မသေသင့်ဘူး။ ဒါတောင် ဒုက္ခကြောင့် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်တဲ့ လူတွေအကြောင်း ဖေဖေတို့ ကြားနေသိနေရတယ်။ စီးပွားရေး လုပ်ငန်းနဲ့ မိန်းမရဲ့ ဖိအားပေးမှုဒုက္ခကို မခံနိုင်လို့ ဖေဖေ့ မိတ်ဆွေကောင်းတစ်ယောက် တိုက်အမြင့်ကြီးပေါ်က ခုန်ချသတ်သေ သွားတယ်လေ။ ဘယ်ဒုက္ခမျိုးမဆို ဖြေရှင်းလို့ရတယ်။ သင့်တင့် လျောက်ပတ်တဲ့ အချိန်ကို စောင့်စားရမယ်ဆိုတာကို မြန်မြန်ထက်ထက် မသင်ယူမဆည်းပူးတတ်လို့ကတော့ နောက်ဆုံးအဖြေဟာ အဖြစ်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားနိုင်တယ်။ အချိန်ကကုစားခွင့် ပေးပါ။ ဒုက္ခကို ထိပ်တိုက်ရင် မဆိုင်နိုင်ဘူးဆိုရင် ဒုက္ခကို သူ့ဘာသာသူကျော်လွန်သွားခွင့် ပေးပါ။ သူဟာ ထာဝရ တည်မြဲမနေနိုင်ဘူး။ သူ့မှာလည်း ကန့်သတ်ထားတဲ့ သက်တမ်း ရှိပါတယ်။

❖ ဒုက္ခကို ဆရာတစ်ဦးအဖြစ် လက်သင့်ခံပါ။ တကယ်လို့ တို့တစ်တွေ ဒုက္ခ ရောက်ကြရတာ အတ္တစိတ်ကြောင့်ဆိုရင် တို့စိတ်ကိုတို့ မပြုပြင် သရွေ့ကာလပတ်လုံး နောက်ထပ် ဒုက္ခတွေ တွေ့နေရမှာပဲ။ ဒါဟာ သန့်စင်ပစ်ခြင်းနဲ့ အရောင်တင်ပေးတဲ့ လုပ်ငန်းစဉ်ပဲ။ တို့တစ်တွေ ကောင်းသထက် ကောင်းလာဖို့ပဲ ရှိတယ်။

❖ ရိုကျိုးနှိမ့်ချတဲ့ လူတစ်ယောက်ကို ဒုက္ခက အလဲမထိုးနိုင်ဘူး။ ရိုကျိုးနှိမ့်ချတဲ့ လူတစ်ယောက်က ဘဝဟာ ယာယီပဲဆိုတာ သိတယ်။ ပြီးတော့ ဘယ်လိုဒုက္ခမျိုးကမှ လူတစ်ယောက်ကို အသေမသတ်နိုင်ဘူးဆိုတာကို သိတယ်။ ရိုကျိုးနှိမ့်ချတဲ့လူတစ်ယောက်က သူ့မာနကို မြိုသိပ်နိုင်တယ်။ ဒုက္ခရဲ့ အရင်းနှီးဆုံးမိတ်ဆွေနှစ်ဦးဖြစ်တဲ့ အတ္တတရားနဲ့ မာနတရားက ရိုကျိုးနှိမ့်ချသူကို ထိခိုက်အောင် မလုပ်နိုင်ဘူး။

❖ လူတွေဟာ တောရိုင်းတိရစ္ဆာန်အမျိုးမျိုးကို ယဉ်ပါးစေခဲ့တယ်။ တို့တစ်တွေဟာ တို့တစ်တွေ အကျိုးရှိရှိ အသုံးချနိုင်ရေးအတွက် ပင်လယ်၊ နေ၊ လေနဲ့ အဏုမြူတွေရဲ့ စွမ်းအင်တွေကို ထိန်းချုပ်ထုတ်ယူခဲ့ကြပြီ။ ဒီတော့ တို့တစ်တွေရဲ့ အကျိုးစီးပွားအတွက် ဒုက္ခရဲ့ စွမ်းအင်ကို ထိန်းချုပ် ထုတ်ယူကြပါစို့။

ဘဝရဲ့ အရေးပါတဲ့အလုပ်က ရိုကျိုးနှိမ့်ချမှု၊ ငြိမ်းချမ်းမှု၊ ကောင်းမြတ်မှုတွေနဲ့ ဒုက္ခကို အနိုင်ယူဖို့ပဲ၊ ဒုက္ခတွေလာတယ်၊ သူတို့ ပြန်ပြီးတော့လည်း ထွက်ခွာသွားတယ်၊

■

## နားလည်မှုရှိခြင်း

အင်ဒီယားနားပိုလ်စ်ပြည်နယ်၊ ဘန်ဒေါင်းမြို့မှာ ခြောက်ရက်တိုင်တိုင်ကျင်းပတဲ့ ဂေါက်သီးရိုက်ပြိုင်ပွဲမှာသွားပြိုင်ပြီး ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့က ဖေဖေပြန်ရောက်ခဲ့တယ်။ အဲဒီပွဲက တစ်နှစ်နှစ်ကြိမ်ကျင်းပမြဲဖြစ်တဲ့ပွဲ။ ပါဝင်ကစားသူတွေက သက်ကြီးတန်းဂေါက်သမားတွေ။

အဲဒီအုပ်စုထဲမှာ ဖေဖေက အသက်အငယ်ဆုံး။ ကဲ၊ မှန်းကြည့်ကြစမ်း။ အသက် ၄၆ နှစ် ရှိပြီဖြစ်တဲ့ ဖေဖေဟာ ဒီအုပ်စုထဲမှာ အငယ်ဆုံးဖြစ်နေတာလေ။

ဖေဖေတို့က ပေါးလား ဝါးလားနဲ့ ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့ လူတွေ။ အားလုံးဟာ အောင်မြင်နေသူတွေချည်းပဲ။ တစ်ဦးတစ်ယောက်ချင်းရဲ့ အသားတင်ပိုင်ဆိုင်ငွေဟာ အမေရိကန်ဒေါ်လာ သန်းအနည်းငယ်ကျော်တာချည်းပဲ။ အဲဒီ ပွဲမှာ ပါဝင်ကစားသူ ၁၄ ဦးရှိတယ်။ ပြိုင်ပွဲကာလကတော့ ခြောက်ရက်တည်းပဲ။ ဒါပေမဲ့ အဲဒီတိုတောင်းတဲ့ကာလကလေးဟာ အထင်အမြင်လွဲမှုတွေ ဖြစ်ပေါ်ဖို့၊ ရှုပ်ရှုပ်ရှားရှား ဒေါသထွက်လောက်တဲ့ ဖြစ်ရပ်တွေ ဖြစ်ပေါ်ဖို့ လုံလောက်တဲ့ အချိန်ကာလပဲ။ ဒါပေမဲ့ နောက်တစ်နေ့ကျတော့ မနှစ်မြို့စရာ ဖြစ်ရပ်ကို မေ့ပျောက်ပစ်လိုက်ကြပြီး ပြိုင်ပွဲကို ဆက်ပြိုင်ကြတာပဲ။ အဲဒါကလေးက ဒီပြိုင်ပွဲရဲ့ အလှပဲပေါ့ကွယ်။ တို့တစ်တွေ အကောင်းဆုံး စားသောက်ဆိုင်တွေကို ရှာဖွေစားကြည့်ကြတယ်။ အကောင်းဆုံးဂေါက်ကွင်းတွေမှာသွားကစားကြတယ်။ နောက်ပြီး နေ့စဉ်နေ့တိုင်း အင်ဒီယားနားရိုးရာနှိပ် နယ်မှုကိုခံယူကြတယ်။

ဒီအုပ်စုထဲမှာ တင်းမာမှုတွေပေါ်ပေါက်ခဲ့မှာ သေချာပေါက်ပေါ့။ ဒါပေမဲ့ အားလုံးက တည်ငြိမ်ရင့်ကျက်တဲ့ပုဂ္ဂိုလ်တွေလေ။ ချို့ယွင်းချက်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်လို လျစ်လျူရှုရမယ်၊ ဘယ်လိုခွင့်လွှတ်ရမယ်ဆိုတာ သိနေကြတယ်။ အဲဒါကြောင့် ဖေဖေတို့ အုပ်စုဟာ စုစုစည်းစည်းနဲ့ ရင်းရင်းနှီးနှီးရှိနေကြတာပေါ့။ ဒီနေရာမှာ လူသားချင်း စာနာနားလည်တတ်မှုရဲ့ အရေးပါမှုကို ဖေဖေ တွေ့မြင်ရတယ်။

ဖေဖေတို့ ဝန်းကျင်မှာ တစ်ကိုယ်ကောင်းဆန်သူတွေ ရှိမှာပဲ။ စိတ်တိုတတ်သူတွေ၊ သူတို့ဒေါသထွက်လာရင် ဘယ်သူဘာထင်ထင် ဂရုမစိုက်တဲ့ လူစားတွေ ရှိမှာပဲ။ တစ်ဖက်ကကြည့်ပြန်တော့လည်း အဲဒီ ထင်ရာစိုင်းသမားတွေဟာ ပြောခဲ့တဲ့ ချို့ယွင်းအားနည်းချက်ကလေးတွေကို ဖယ်လိုက်ရင် သဘောကောင်းမနေကောင်းတွေ ဖြစ်နေပြန်ရော။ သူတို့လည်း တခြားလူတွေလိုပဲ ဝမ်းနည်းကြေကွဲမှုတွေ ခံစားကြရမှာပဲ။ သူတို့အပေါ် တခြားလူတွေက အထင်အမြင်လွဲတာကို ခံကြရမှာပဲ။ သူတို့မှာ ရန်သူပေါင်းများစွာရှိမယ်။ အိမ်ထောင်ရေးအဆင်မပြေမှုတွေတောင် ရှိလိမ့်မယ်။ ဒါပေမဲ့ ဒီလူတွေအကြောင်း ဖေဖေက သဘောပေါက်နားလည်မှု ရှိတယ်လေ။ သူတို့ကို 'ပါးကိုက်ရင် နားပြန်ကိုက်မယ်' ဆိုတဲ့ နည်းမျိုးနဲ့ မတုံ့ပြန်ဘူး။ ဒီတော့ ဖေဖေ့မှာ မိတ်ဆွေကောင်းတွေ ပေါများတာပေါ့။

ဖေဖေတို့ ဂေါက်သမားအုပ်စုထဲက လေ့လာအကဲခတ်အား အကောင်းဆုံးလူတွေက ပြောတယ်။ ဒီအုပ်စုထဲမှာ ဖေဖေဟာ စိတ်ရှည်သည်းအခံဆုံးတစ်ယောက်ပဲတဲ့။ သူတို့က မထိတထိ ရန်စတဲ့ စကားတွေကို လျစ်လျူရှုဖို့တောင် ဖေဖေ့ကို ပြောကြတယ်။ ဒီပြိုင်ပွဲကို စည်းရုံးလှုံ့ဆော်သူက ဖေဖေပါ။ ဒီတော့ ပြဿနာပေါင်းသောင်းခြောက်ထောင်လောက် ကြုံခဲ့ရပြီးသားပါ။ ဖေဖေ့ကို စိတ်ဆိုးဒေါသထွက်စေမယ့် ပြဿနာသစ်တွေ နောက်ထပ်မလို တော့ပါဘူး။ ဖေဖေက သူတို့တစ်တွေ တစ်ယောက်ချင်းကို ကိုယ့်အစ်ကိုကြီးတွေလို ဂရုတစိုက်နဲ့ ကြင်ကြင်နာနာဖေးဖေးမမ ဆက်ဆံတယ်။ ဖေဖေ့လုပ်ဆောင်ချက်တွေကို သူတို့တန်ဖိုးထား ကျေးဇူးတင်ကြမှာ သေချာပါတယ်။ ဒီအုပ်စုထဲမှာ ပါဝင်တဲ့လူတွေက ကုလသမဂ္ဂက အတိုင်ပင်ခံအရာရှိတွေ၊ အစိုးရအဖွဲ့အစည်းတွေရဲ့ ဘုတ်အဖွဲ့ဝင်တွေ၊



ဒါရိုက်တာအဖွဲ့ဝင်တွေ၊ အသက်မွေးဝမ်းကျောင်းပညာရှင် ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ စိုက်ပျိုးရေးသမားတွေ၊ ပညာရေးလောကသားတွေနဲ့ စီးပွားရေးသမားတွေပဲ။

နောက်ခြောက်လဆိုရင် ဒီလူတွေအားလုံး ပြန်လည်ဆုံစည်းကြဦးမယ်လေ။ ဖေဖေတို့ရင်ထဲမှာ အထင်အမြင်လွဲမှုတွေကို သိမ်းဆည်းမထားကြဘူး။ လူ့အပြုအမူတွေကို ဘယ်လိုသဘောထားရမယ်၊ ဘယ်လိုနားလည်မှု ရှိရမယ်ဆိုတာ ဖေဖေတို့ သင်ယူဆည်းပူးထားကြတယ်။ ဒီ လူ့အပြုအမူတွေကြောင့် ရန်ပွဲတွေဖြစ်ပြီး ကွဲကြပြဲကြမယ့်အစား ရင်းနှီးချစ်ကြည်မှုတွေ အားကောင်း ခိုင်မာလာအောင် ဖန်တီးတတ်နေကြပြီ။

အောင်မြင်ရေးအတွက် သော့ချက်ကတော့ လူ့အပြုအမူတွေကို သဘောပေါက်နားလည်မှုရှိနေဖို့ပဲ။ ပျော်ပျော်ရွှင်ရွှင်နေထိုင်နိုင်ဖို့ စိတ်ထားတူညီသူတွေ ရှိဖို့လိုအပ်တယ်။ တို့များရဲ့ ခံစားချက်တွေကို ထိန်းသိမ်း 'ချွန်းအုပ်' ရေးမှာတို့က ရှေ့ဆောင်လမ်းပြဖြစ်ကြရမယ်။ တို့တစ်တွေ ဒေါသမထွက်လွယ်ရဘူး။ ရန်ကိုရန်ချင်း တုံ့ပြန်ချင်စိတ် မရှိရဘူး။ ဘယ်လို ပြဿနာမျိုးပဲပေါ်ပေါ် သွေးအေးသွားအောင် အချိန်ယူပါ။ အဲဒီပြဿနာကို တို့တစ်တွေရဲ့ ခံစားချက်တွေနဲ့ ခတ်ဆီလောင်းမပေးရင် သူ့ဘာသာသူ သဘာဝအလျောက် ချုပ်ငြိမ်းသွားမှာပဲ။ သဘောပေါက်နားလည်မှုရှိရေးနဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ စကားလုံးနှစ်လုံးကတော့ 'ခွင့်လွှတ်တတ်ခြင်း' နဲ့ 'မေ့မေ့ပျောက်ပျောက် နေတတ်ခြင်း' ဆိုတာပဲ။

ဖေဖေတို့အုပ်စုဟာ တဖြည်းဖြည်းကြီးထွားလာတယ်။ ဒီအဖွဲ့ကို စတင် စုစည်းခဲ့တဲ့ လွန်ခဲ့တဲ့ ဆယ်နှစ်အတွင်း အဖွဲ့ဝင်တချို့ကို ထုတ်ပယ်ခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ ရိုးသားဖြောင့်မတ်ခြင်း ကင်းမဲ့မှုနဲ့ စိတ်ကြီးဝင်မာနထောင်လွှားမှုတို့ကြောင့်ပဲ။ စင်ကာပူမှာ ထင်ရှားကျော်ကြားပြီး ရှေ့ဆောင် လမ်းပြပုဂ္ဂိုလ်ကြီးဖြစ်တဲ့ ဖေဖေတို့အဖွဲ့ ဥက္ကဋ္ဌဟာ ကရုဏာတရားအရှိဆုံးနဲ့ အကြင်နာတရားအရှိဆုံး လူသားတစ်ဦးပါ။ အဲဒီအဖွဲ့ဝင်တွေ ထုတ်ပယ်ရေးကို သူဟာ အတော်ကြီး စဉ်းစားချင့်ချိန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျန်တဲ့ အဖွဲ့ဝင် အားလုံးက ဝိုင်းဝန်းဖိအားပေးမှ ဆုံးဖြတ်ချက်ချလေ့ရှိတယ်။ ဖေဖေတို့အဖွဲ့မှာ ပါဝင်ခွင့်ရတာဟာ ကြီးမားတဲ့ ဂုဏ်သိက္ခာတစ်ရပ်ပဲ။ ဒီတော့ ဖေဖေတို့ အဖွဲ့ဝင်တွေ အချင်းချင်း အပြန်အလှန်မျှော်လင့်တာက ဂုဏ်သိက္ခာရှိရေးပါ့ပဲ။ ဒါကြောင့် ညစဉ်ညတိုင်း ဆုပေးပွဲအခမ်းအနား လုပ်တဲ့အခါ ထိုက်သင့်တဲ့ ချီးကျူးဂုဏ်ပြုစကားတွေ ပြောကြတာပေါ့။ ချီးကျူး ဂုဏ်ပြုထိုက်တာတစ်ခုခု ရှိရင် ဖေဖေတို့ အချင်းချင်း လက်ခုပ်လက်ဝါး တီးပြီး ချီးကျူးတယ်။ ဩဘာပေးတယ်။ တစ်ယောက်ကို တစ်ယောက် ဘယ်လိုကျေးဇူးတင်ရမယ်၊ အဲဒီလို ကျေးဇူးတင်ကြောင်းကို စကားလုံးတွေ၊ အပြုအမူတွေနဲ့ ဘယ်လို ထုတ်ဖော် ပြသရမယ်ဆိုတာ ဖေဖေတို့ သိနေတယ်။ ဒီသဘောထား၊ ဒီခံယူချက်တွေက ဖေဖေတို့ရဲ့ ချစ်ခင်ရင်းနှီးမှုကို ခိုင်မာမြဲမြံ စေတာပေါ့။

သဘောပေါက်နားလည်မှု ရှိပါ။ သဘောပေါက်နားလည်မှုရှိဖို့ဆိုတာက ခက်ခဲပြီး အတ္တစိတ်ကို ပယ်ရတဲ့ လုပ်ငန်းစဉ်ပဲ။ လူ့အပြုအမူတွေ၊ လူ့အကျင့်စရိုက်တွေကို ပတ်ပတ်နပ်နပ် သဘောပေါက်နားလည်နိုင်ဖို့ဆိုတာနဲ့ မင်းတို့ ဘယ်အရာကိုမဆို အောင်မြင်လွှမ်းမိုးနိုင်ပြီသာ မှတ်။ ကုန်ကုန်ပြောရရင် ကမ္ဘာကြီးကိုတောင် အောင်မြင်လွှမ်းမိုးနိုင်ရမယ်ကွာ။

■

# ရေ

တို့ကိုယ်ခန္ဓာရဲ့ ခြောက်ဆယ့်ငါးရာခိုင်နှုန်းဟာ ရေနဲ့ဖွဲ့စည်းထားတယ်။ ရေမရှိရင် လူသားတွေလည်းရှိမှာမဟုတ်ဘူး။ ရေကိုလုံလုံလောက်လောက် သောက်ပေးရင် ကျန်းမာရေးကောင်းမယ်၊ အသက်ရှည်မယ်။ တိရစ္ဆာန်တွေနဲ့ သစ်ပင်တွေတောင် ရေကိုလိုအပ်တယ်။

ဖေဖေတို့ ၁၉၇၈ ခုနှစ်တုန်းက ဝေါက်သီးရိုက်ကစားနေတုန်း မိတ်ဆွေတစ်ယောက်က အောက်ပါဇာတ်လမ်းကလေးကို ပြောပြခဲ့ဖူးတယ်ကွဲ့။

"ကျွန်တော် အဘွားကြီးတစ်ယောက်ဆီသွားဖို့ အထက်သွန်မဆင်လမ်းမှာရှိတဲ့ ဘိုးဘွားရိပ်သာကိုသွားခဲ့တယ်။ ကျွန်တော်နဲ့အတူ လိုက်လာသူက သာသနာပြု မိန်းကလေးကျောင်းတစ်ကျောင်းက ကျောင်းအုပ်ဆရာမကြီးပေါ့။ ကျွန်တော်တို့ရဲ့ရည်ရွယ်ချက်က အဘွားကြီးကျန်းကျန်းမာမာရှိဖို့နဲ့ စိတ်ပျော်ရွှင် ဖို့အားပေးစကားပြောရေးပါပဲ။ ဒါပေမဲ့ဗျို့ . . . ကျွန်တော်တို့က အားပေးရမယ်အစား ထူးခြားအံ့ဩစရာ အကောင်းဆုံး သင်ခန်းစာတစ်ခုတောင် သူ့ဆီက ပြန်ရခဲ့သေးသဗျ။

အဘွားကြီးက အသက် ၈၀ ကျော်ပြီ။ ပြီးတော့ ကာလကြာမြင့်စွာက တည်းက အဖျားအနာကင်းတဲ့ ဘဝကို ကောင်းကောင်းကြီး ခံစားနေတဲ့ သူ။ ကျွန်တော်နဲ့ လိုက်လာတဲ့ ကျောင်းအုပ်ဆရာမက အဲဒီအဘွားကြီးရဲ့ ဘပည့်ဟောင်း။ အဲ. . . ပြောမယ့်ကြုံဖူးမှသိဆိုသလိုဖြစ်ရတာက အဲဒီ ကျောင်းအုပ်ဆရာမမှာ သူဌေးတွေ ဖြစ်လေ့ဖြစ်ထရှိတဲ့ ရောဂါပေါင်းစုံ ရှိနေတာပဲ။ အထူးသဖြင့် သွေးတိုးရောဂါပေါ့ဗျာ။

ဒါနဲ့ ကျန်းမာရေးကောင်းတာရဲ့ လျှို့ဝှက်ချက်ကို မေးကြည့်တော့ အဘွားကြီးက ဒီလိုပြောပြတယ်ဗျ။ 'ငါက မနက်စောစော အိပ်ရာက

www.burmeseclassic.com

www.burmeseclassic.com



နိုးတာနဲ့ ရေတစ်ပုလင်းကုန်အောင် သောက်တယ်။ ဗိုက်ထဲမှာ ရေတွေ လှုပ်လှုပ်ခတ်ခတ်ဖြစ်နေတုန်းမှာပဲ လမ်းလျှောက်ထွက်ပြီး ခပ်သွက်သွက် လမ်းလျှောက်ပစ်တယ်။ လမ်းလျှောက်ရာကပြန်ရောက်တာနဲ့ ရေ နောက် တစ်ပုလင်းသောက်တာပဲ။ တစ်နေ့တည်းမှာ ရေ ရှစ်ပုလင်းကုန်အောင် သောက်တယ်။ ဒီရေတွေက ငါ့ကိုယ်ခန္ဓာထဲက အဆိပ်တွေကို ဆေးကြော ပစ်တာပေါ့' တဲ့။

ကျွန်တော်တို့ရဲ့ ကိုယ်ခန္ဓာဟာ ဝက်ပါလို ရှုပ်ထွေးနေတဲ့ ရေနုတ်မြောင်းတွေနဲ့ တူတယ်ဗျ။ ဒီမြောင်းတွေကို ရေလောင်းမချရင် အညစ်အကြေးနဲ့ အမှိုက်တွေ စုပုံလာမယ်။ အချိန်ကြာတော့ မြောင်းပိတ်ပြီး အနံ့အသက်ဆိုးတွေ ထွက်လာမယ်။ ရောဂါဘယတွေ ပေါက်ပွားလာမယ်။ ဒီတော့ ခင်ဗျားကိုယ်ခန္ဓာထဲကို နေ့စဉ်နေ့တိုင်း ရေလောင်းချပေးနေရင် ကိုယ်ခန္ဓာထဲမှာ သန့်ရှင်းစင်ကြယ်နေလိမ့်မယ်။ ကိုယ်ခန္ဓာထဲက ရေနုတ်မြောင်းတွေ သန့်ရှင်းစင်ကြယ်နေတဲ့အတွက် ခင်ဗျား ကျန်းမာလာမယ်လေ"

တရုတ်ပုံပြင်ထဲမှာ မှတ်တမ်းတင်ထားတာက တစ်နေ့မှာ ဧကရာဇ်ဘုရင်ကြီးက ရောဂါအမျိုးပေါင်း တစ်သောင်း ပျောက်ကင်းစေတဲ့ ဆေးတစ်ဖုံကို ညွှန်းပါလို့ နာမည်ကြီးသမားတော်တစ်ယောက်ကို မေးသတဲ့။ သမားတော်က ရေကို ဆေးညွှန်းပေးတယ်။ သမားတော်ရဲ့ဆေးညွှန်း မှန်ကန်ကြောင်း သိလာရတဲ့အခါ ဘုရင်ကြီးက သမားတော်ကို ဆုတော်လာဘ်တော်များ ချီးမြှင့်တော်မူသတဲ့။

ရေအများကြီးသောက်ပါ။ သောက်တဲ့ ရေထဲမှာ သကြား၊ ဒါမှမဟုတ် ထပ်ဖြည့်ပစ္စည်းတွေ မပါပါစေနဲ့။ သန့်ရှင်းမှုနည်းတဲ့ နေရာဒေသတွေမှာ ရေသန့်ဘူး၊ ဒါမှမဟုတ် စစ်ပြီးသားရေကို သောက်ပါ။

အသက်ရှည်ရာ အနာမဲ့ကြောင်း အာမခံချက်ရှိပြီး ကျန်းကျန်းမာမာပျော်ပျော်ရွှင်ရွှင်နဲ့ စိတ်လက် ချမ်းသာစွာ နေနိုင်ဖို့ ရေ အများကြီး သောက်ပေးပါ။

■

## ချမ်းသာကြွယ်ဝမှု

ဘန်ဒေါင်းမြို့ကို သွားပြီး ဖေဖေနဲ့ အတူ ဂေါက်ရိုက်ကစားခဲ့တဲ့ အုပ်စု အကြောင်း စောစောပိုင်းက ဖေဖေပြောခဲ့တယ်။ ဂေါက်သီးကစားသမား ၁၄ ယောက်ပါတဲ့ အဲဒီအဖွဲ့ထဲက တစ်ယောက်ချင်းစီဟာ အနည်းဆုံး အမေရိကန် ဒေါ်လာ နှစ်သန်းလောက် ချမ်းသာတယ်။ အတော်များများကတော့ အမေရိကန် ဒေါ်လာ ဆယ်သန်းမက ချမ်းသာကြတယ်။ အံ့သြစရာကောင်းတာက အချမ်းသာဆုံးလူတွေက သူတို့လောက် မချမ်းသာသူတွေထက် ပိုပြီး ရိုကျိုးနှိမ့်ချတတ်ကြတာပဲ။ သူတို့ဟာ ဘဝရဲ့ ချမ်းသာသုခတွေကို အပြည့်အဝ ခံစားနေသူတွေပေါ့။ သူတို့ဟာ ပျော်ရွှင်တယ်၊ ကျန်းမာတယ်၊ နှိမ့်ချတယ်။ ပြီးတော့ ချမ်းသာကြွယ်ဝတယ်။ ဒါကြောင့် "လူတစ်ယောက်က ချမ်းသာယောင်ဆောင်တယ်၊ ဒါပေမဲ့ သူ့မှာ ဘာမှ မရှိဘူး။ တခြားလူတစ်ယောက်က ဆင်းရဲယောင်ဆောင်တယ်။ ဒါပေမဲ့ သူ့မှာ သုံးမကုန်လောက်တဲ့စည်းစိမ်ဥစ္စာတွေ ရှိတယ်" လို့ ဆော်လမွန်ဘုရင်ကြီးက မိန့်မြွက်ခဲ့တာ မဆန်းပါဘူး။

ချမ်းသာကြွယ်ဝမှုနဲ့ ပတ်သက်တဲ့ အောက်ပါအချက်လေးချက်ကို အသေးစိတ်စဉ်းစားကြည့်ဖို့လိုတယ်။

❖ ငွေကုန်ကြေးကျများတဲ့ အဝတ်အစားတွေ ဝတ်စားဆင်ယင်ပြီး မပလွှားပါနဲ့။ ဖေဖေကလေးဘဝတုန်းက မယုံနိုင်စရာကောင်းလောက်အောင် သိခဲ့ရတဲ့ အချက်ကတော့ အိမ်နီးချင်းတွေထဲက ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေဟာ ဈေးအကြီးဆုံး ခြေအိတ်တွေ ဝယ်ဝတ်တတ်ကြတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာ အစားအစာကို မဖြစ်စလောက်ပဲ စားကြတယ်။ ဒါပေမဲ့ ဈေးအကြီးဆုံး ခြေအိတ်တွေ ဝယ်ဝတ်ဖို့တော့ ငွေစုကြတယ်လေ။ ဒီနေ့ ဆိုရင် သူတို့အထဲက ဘယ်သူမှ အောင်အောင်မြင်မြင်ဖြစ်မလာဘူး ဆိုတာ ဖေဖေစာရင်းချပြနိုင်တယ်။ သူတို့ဟာ ဘဝကို စကတည်းက လမ်းမှားနဲ့စခဲ့ကြတယ် မဟုတ်လား။

❖ ဂေါက်သီးရိုက်ကစားခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ ဖေဖေရဲ့ အကောင်းဆုံး ဂေါက်ရိုက်ပစ္စည်းတစ်စုံဟာ ဖေဖေဝယ်ခဲ့တဲ့ ဂေါက်ရိုက်ပစ္စည်းအစုံတွေထဲမှာ ဈေးအပေါဆုံးနဲ့ ဝယ်ခဲ့တဲ့ တစ်စုံပဲပေါ့။ ဂေါက်ရိုက်သမား အတော်များများဟာ ဈေးအကြီးဆုံး ဂေါက်ရိုက် ပစ္စည်းတစ်စုံစုံကို ဝယ်လေ့ ရှိကြတယ်။ အဲဒီလို ဝယ်ကြတာဟာ သူတို့ ပိုပြီး လက်စွမ်းထက်လာဖို့၊ ဒါမှမဟုတ် ပလွှားဖို့ သက်သက်ပဲဖြစ်တယ်။ ဒါပေမဲ့ ဂေါက်သီးရိုက်ကစားနည်းမှာ အဓိကကျတာက ဂေါက်ရိုက်ပစ္စည်း မဟုတ်ပဲ ဂေါက်ရိုက်သမားသာဖြစ်ကြောင်း မကြာမကြာ တွေ့ရတယ်။ ဒါကြောင့် အတော်အသင့်ကောင်းတဲ့ ဂေါက်ရိုက်ပစ္စည်းစုံကို ဈေးလျှော့ရောင်းတဲ့အချိန်မျိုးမှာ ဝယ်ပါ။ မင်းတို့အနေနဲ့ နာမည်ကြီး တံဆိပ်တပ်ထားတဲ့ပစ္စည်းတွေ ဝယ်ဖို့မလိုဘူး။ မင်းတို့သိတဲ့အတိုင်း ဂေါက်ရိုက်ပစ္စည်းစုံအများစုဟာ လိုင်စင်လျှောက်ပြီး စံချိန်စံညွှန်းမီ ထုတ်လုပ်ရောင်းချရတာမဟုတ်လား။ တကယ်လို့ မင်းတို့ အစွယ်ထုတ်ပြမှဖြစ်မယ့် အနေအထားမျိုးဆိုရင် ဈေးကြီးပေးဝယ်ရတဲ့ ပစ္စည်းနဲ့ မပြပါနဲ့။ မင်းတို့ရဲ့ လက်ရည်ကောင်းမှုနဲ့ ပြပါ။

❖ ဖေဖေ့မိတ်ဆွေတစ်ယောက် ရှိတယ်။ ဒီလူက အကောင်းဆုံး စားသောက်ဆိုင်တွေမှာ စားရမှ ဆိုတဲ့ လူစားမျိုးကွယ့်။ စီးပွားရေးအလှည့်အပြောင်းကြောင့် မွဲပြာကျလုခမန်း ဖြစ်သွားချိန်မှာ ကော်ဖီဆိုင်တွေ သွားပြီး စားသောက်တတ်ဖို့ သူ့ခမျာ အတော်ကြီး အကျင့်လုပ်ယူခဲ့ရတယ်။ နိုင်ငံခြားက ဖေဖေ့မိတ်ဆွေ အတော်များများဆိုရင် လမ်းဘေးစားသောက်ဆိုင်တွေမှာ စားရသောက်ရတာကို သိပ်သဘောကျကြတာ။ အဲဒီဆိုင်တွေက အစားအစာတွေက အရသာပိုရှိပြီး အမည်စုံစုံစားလို့ ရတယ်လို့ သူတို့က မှတ်ချက်ချကြတယ်။ ဒါကြောင့် မဖြစ်မနေမလိုအပ်ဘဲ ငွေကုန်ကြေးကျများတဲ့ စားသောက်ဆိုင်တွေ သွားပြီး ငွေဖြုန်းမှုမျိုးမလုပ်ပါနဲ့။ မင်းတို့ အချက်အပြုတ်သင်ပြီး မင်းတို့ရဲ့ ဆန်းသစ်တီထွင်တဲ့ လက်ရာတွေနဲ့ အပေါင်းအသင်းတွေကို အိမ်မှာ ဖိတ်ခေါ်ပြီး ဧည့်ခံချင်စိတ်ပေါက်ချင်ပေါက်လာလိမ့်မယ်။ အိမ်ကို ဖိတ်ပြီး ကျွေးမွေး ဧည့်ခံတဲ့ အလေ့အကျင့်ဟာ ပျောက်ကွယ်တော့မလို ဖြစ်နေပြီနော်။



❖ မင်းတို့ သိတဲ့အတိုင်း မော်တော်ကားတစ်စီး ပိုင်ဆိုင်ဖို့ ကမ္ဘာပေါ်မှာ ငွေကုန်ကြေးကျအများဆုံး တိုင်းပြည်ဟာ စင်ကာပူဖြစ်နိုင်တယ် ဆိုတာလေ။ မော်တော်ကားတွေဟာ ငွေဖြုန်းတဲ့ ပုံသေပိုင်ပစ္စည်းတွေပဲ။ ပြီးတော့ အချိန်မှန်ပြုပြင်ထိန်းသိမ်းမှု ကောင်းကောင်းလုပ်ပေးဖို့လည်း လိုသေးတယ်။ လူအတော်များများဟာ ဝင့်ဝါပလွှားချင်တာ သက်သက်ကြောင့် သူတို့ရဲ့ ချွေးနဲ့စာကလေးတွေနဲ့ တန်ဖိုးကြီးမော်တော်ကားတွေ ဝယ်ပစ်ကြတယ်။ စီးပွားရေး ကျပ်တည်းတဲ့ ကာလတွေမှာ အဲဒီကားကြီးတွေကို ငွေကြေးအဖွဲ့အစည်းတွေက ပြန်သိမ်းသွားကြတာ အဆန်းမဟုတ်တော့ဘူး။ တောက်တောက်ပြောင်ပြောင်နဲ့ တန်ဖိုးကြီးကားတစ်စီးကို မောင်းပြီး ဘဏ်မှာ ကြွေးတင်နေမဲ့အစား ကားသေးသေးလေးတစ်စီးကို မောင်းပြီး ဘဏ်မှာ ငွေတွေ အများကြီးရှိနေတာ ပိုကောင်းပါတယ်ကွယ်။

တခြားလူတွေက ချေးငွေတွေနဲ့ ဝင့်ဝါပလွှားပြီး အကြွားသန်နေချိန်မှာ မင်းတို့က ရိုးရိုးကုပ်ကုပ်ကလေး နေထိုင်ပြီး ငွေတွေ အများကြီး ဝိုက်ထားပါ။

■

www.burmeseclassic.com

www.burmeseclassic.com

## ဉာဏ်အမြော်အမြင်

ဘဝမှာ အမှားတွေ အများကြီး မမှားရအောင် ကောင်းကင်ဘုံက လာတဲ့ဉာဏ်အမြော်အမြင်မျိုးများ ရထားရင် ဘယ်လောက်ကောင်းလိုက်မလဲနော်လို့ တို့များ မကြာမကြာဆန္ဒဖြစ်မိကြတယ်နော်။ တကယ်လို့ အချိန်ကာလတွေကို နောက်ကြောင်းပြန်လှည့်ခွင့်ရမယ်ဆိုရင် တို့တစ်တွေ အဲဒီတုန်းက လုပ်ခဲ့တဲ့ အမှားတွေကို ပြန်ပြီး ပြုပြင်ချင်ကြမှာပဲ။ ဘာပဲဖြစ်ဖြစ် သတင်းကောင်း တစ်ခုတော့ ရှိတယ်ကွဲ့။ တို့တစ်တွေ အသုံးပြုနိုင်တဲ့ ကောင်းကင်ဘုံကဉာဏ်အမြော်အမြင်အကြောင်း အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခု ရှိတယ်လေ။

ကောင်းကင်ဘုံကလာတဲ့ ဉာဏ်အမြော်အမြင်မှာ ပထမဆုံး ပြည့်စုံရမှာက သန့်စင်ခြင်းပဲ။ ပြီးမှ ငြိမ်းချမ်းမှု၊ မြတ်နိုးခြင်း၊ ထောက်ထားညှာတာတတ်ခြင်း၊ ရိုသေကျိုးနွံခြင်း၊ ကရုဏာတရားပြည့်ဝခြင်းနဲ့ ရလဒ်ကောင်း၊ ဘက်မလိုက်ခြင်းနဲ့ ရိုးဖြောင့်ခြင်းတို့ပဲ ဖြစ်တယ်။ ဘယ်လောက်လှတဲ့ ခြယ်မှုန်းချက်လဲ။ အဲဒီအရည်အသွေးတွေနဲ့သာ ပြည့်ဝနေရင် ဘယ်လောက် ကောင်းလိုက်မလဲ။

### ❖ သလင်းကျောက်လို သန့်စင်ခြင်း

ဘာကြီးပဲဖြစ်နေဖြစ်နေ ညစ်ထည်းမသွားဘူး။ အကောင်းဆုံး အရည်အသွေး၊ အမြင့်မားဆုံး အရည်အသွေး၊ အသန့်စင်ဆုံး သလင်းကျောက်တွေကို 'နာဆာ' (NASA) က အာကာသထဲ လွှတ်တင်ထားတဲ့ အာကာသ ယာဉ်တွေပေါ်မှာပဲ ထုတ်လုပ်လို့ ရတယ်။ ကမ္ဘာ့မြေပြင်ပေါ်မှာ



ထုတ်လုပ်တဲ့ သလင်းကျောက်တွေက သိပ်ပြီး မသန့်စင်ဘူး။ အဲဒီလိုပဲ ကောင်းကင် ဘုံကလာတဲ့ ဉာဏ်အမြော်အမြင် အစစ်အမှန်သာ အသန့်စင်ဆုံး ဖြစ်ပြီး တို့တစ်တွေ အသုံးချဖို့ ရရှိနိုင်တယ်။

### ❖ ငြိမ်းချမ်းမှုမြတ်နိုးခြင်း

လူတွေဟာ ခိုက်ရန်ဖြစ်ပွားပြီး ဒုက္ခတွေ ဖန်တီးတတ်ကြတယ်။ ဒါဟာ သန့်စင်တဲ့ ဉာဏ်အမြော်အမြင်နဲ့ ဆန့်ကျင်ဘက်ပဲ။ မင်းတို့ရင်ထဲမှာ ငြိမ်းချမ်းမှုရှိနေပြီး အပေါင်းအသင်းမိတ်ဆွေတွေနဲ့လည်း ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်ဆက်ဆံရမယ်။ မင်းတို့ဆီက ငြိမ်း ချမ်းမှုတွေ ထုတ်လွှတ်နေရမယ်။ နီးနားဝန်းကျင်မှာ မင်းတို့ရှိနေချိန်ဆိုရင် လူတွေရဲ့ စိတ်ထဲမှာ ငြိမ်းချမ်းမှုကို ခံစားနေစေရမယ်။

### ❖ ထောက်ထားညှာတာတတ်ခြင်း

ထောက်ထားညှာတာတတ်တဲ့အပေါင်းအသင်းမိတ်ဆွေတွေရှိရတာ ဘယ်လောက် စိတ်ချမ်းသာ စရာကောင်းလိုက်သလဲနော်။ တစ်ဖက်သား နာကြည်းစေမဲ့ စကားလုံးတွေ၊ ဒါမှမဟုတ် လုပ်ဆောင်ချက်တွေကို ရှောင်ကြဉ်ပါ။ စကားလုံးတွေဟာ နှစ်ဖက်သွားရှိတဲ့ ဓားထက် ပိုပြီး အသွားထက်တယ်။ လူတွေရဲ့ ခံစားချက်တွေကို အလေးထားဂရုစိုက်တတ်လာရင် မင်းတို့ဟာ ထောက်ထားညှာတာတတ်သူ ဖြစ်လာပြီပေါ့။

### ❖ ရိုသေကျိုးနွံခြင်း

ကိုယ့်အိမ်ကနေ အစိုးရအဖွဲ့အထိ . . . နေရာတိုင်းမှာ အာဏာပိုင်တွေရှိတယ်။ တကယ်လို့ တော်တည့်မှန်ကန်တဲ့ အာဏာပိုင်တွေကို ရိုသေကျိုးနွံဖို့ တို့အားလုံးသိနားလည်နေမယ်ဆိုရင် ဒီကမ္ဘာကြီးဟာ ပိုပြီး နေပျော်စရာကောင်းတဲ့ နေရာဌာနကြီး ဖြစ်လာမှာပဲ။ မိသားစုတွေ အတွင်းမှာ တစ်ယောက်ကို တစ်ယောက် ရိုသေကျိုးနွံမှု ရှိနေရင် ရင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



မျှိုသိပ်ထားရတဲ့ စိတ်ဆင်းရဲမှုတွေကို ရှောင်ကွင်းနိုင်ကြမှာပဲ။ ရိုသေကျိုးနွံဖို့ ဆိုတာ တို့မှာ ရိုကျိုးနှိမ့်ချမှု ရှိရမယ်။

### ❖ ကရုဏာတရားပြည့်ဝခြင်းနဲ့ ရလဒ်ကောင်း

ခွင့်လွှတ်စိတ်ကို မွေးမြူ ဖြန့်ဖြူးပါ။ မင်းတို့အပေါ် အမှားပြုလုပ်ထားသူကို မေတ္တာ၊ စေတနာနဲ့ တုံ့ပြန်ပါ။ တခြားလူတွေကို ကောင်းကျိုးပြုပါ။ လက်စားမချေပါနဲ့။ လူတွေရဲ့ ချို့ယွင်းချက်တွေကို လျစ်လျူရှုနိုင်အောင် ကြိုးစားပါ။ မင်းတို့ရဲ့ နှလုံးသားနဲ့ စိတ်ဓာတ်ကို မထိခိုက်မပျက်စီးစေဘဲ ကမ္ဘာ လောကကြီးပေါ်မှာ အသက်ရှင် နေထိုင်နိုင်ရေးက ဒီနည်းတစ်နည်းပဲ ရှိတယ်။

### ❖ ဘက်မလိုက်ခြင်း

မင်းတို့ဘာပဲလုပ်လုပ် မင်းတို့ကိုယ် မင်းတို့ရော မိသားစုအပေါ်မှာပါ ဘက်လိုက်မှုကင်းရှင်းရမယ်။ အမှားက မှားတယ်၊ အမှန်က မှန်တယ်။ ဒီ အခြေခံသဘောတရားကို မင်းတို့ ရင်ထဲနဲ့ ကလေးတွေရဲ့ ရင်ထဲမှာ စိမ့်ဝင်နေပါစေ။ ဒါဆိုရင် သူတို့လေးတွေဟာ ခိုင်မာတဲ့ အခြေခံသဘောတရားတွေကို ဆုပ်ကိုင်ထားတဲ့ လူတော်လူကောင်းကလေးတွေအဖြစ် ကြီးပြင်းလာကြလိမ့်မယ်။

### ❖ ရိုးဖြောင့်ခြင်း

ရိုးဖြောင့်တဲ့ လူတစ်ယောက်ကို ကမ္ဘာကတန်ဖိုး ထားလေးစားတယ်။ ရိုးဖြောင့်တာဟာ နှလုံးသားက ထွက်ပေါ်လာတယ်။ မင်းတို့ မရိုးမဖြောင့် ဖြစ်လာအောင် တခြားလူတွေရဲ့ အတင်း အဓမ္မတိုက်တွန်းလှုံ့ဆော်မှုမျိုးကို ဘယ်တော့မှ မလိုက်လျောရဘူး။ မင်းတို့မှာ မုသားစကား မပြောဘဲ နေခွင့် ရှိတယ်။

BURMESE CLASSIC .com



ဒီ ဉာဏ်အမြော်အမြင် ရွှေတုံးရွှေခဲတွေဟာ အထက်ဘုံက ဆင်းသက် လာတာပါ။ ဒီတော့ ဒီအရည်အသွေးတွေနဲ့ ကိုက်ညီအောင် လိုက်နာဖို့ သိပ်တော့ မလွယ်လှဘူး။ မင်းတို့ ဘုရားသခင်ရဲ့ စောင့်ရှောက်မှုကို တောင်းခံရလိမ့်မယ်။ အဲဒီလို တောင်းခံမှုကိုလည်း နေ့စဉ်နေ့တိုင်း ပြုလုပ်ဖို့ လိုတယ်။ အဲဒီအခါမှာ ဘဝကို ဘယ်လိုပျော်ရွှင်ကြည်နူးစွာ နေထိုင်ရမယ်ဆိုတာ မင်းတို့ သိမြင်လာလိမ့်မယ်။ ပြီးတော့ တစ်ပြန်တစ်လှည့်အနေနဲ့ မင်းတို့ ပတ်ဝန်းကျင်မှာ ရှိနေသူတွေရဲ့ ဘဝကိုပါ သာယာချမ်းမြေ့လာအောင် ကူညီစွမ်းဆောင်နိုင်လာလိမ့်မယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## အလုပ်ကျင့်ဝတ်များ

လူတွေရဲ့ အလုပ်လုပ်ပုံ အကျင့်စရိုက်တွေကို လေ့လာအကဲခတ်ကြည့်ရုံနဲ့ အဲဒီလူတွေရဲ့ အကျင့်စာရိတ္တကို လွယ်လွယ်ကလေး သိနိုင်တယ်။ အောင်မြင်နေသူတွေ၊ အောင်မြင်လာမယ့် လူတွေဟာ သူတို့ တာဝန်ယူထားရတဲ့အလုပ်တွေကို ပြီးပြတ်အောင်လုပ်ဖို့ အချိန်ပို အားထုတ်လုပ်ကိုင်ရမှာ ဘယ်တော့မှနောက်မတွန့်တတ်ကြဘူး။

အလုပ်ကိုကြိုးစားပမ်းစားလုပ်တဲ့ လူတစ်ယောက်ကို ဘယ်သူကမှ အပြစ်ပြောလို့ မရဘူး။ မင်းတို့ အချိန်ရမယ်ဆိုရင် မင်းတို့ရဲ့လုပ်ဖော်ကိုင်ဖက်တွေကို ကူညီဖို့ အသင့်ဖြစ်နေရမယ်။ အဲဒီကျင့်ဝတ်က မင်းတို့ကို လူအားလုံးက ချစ်ခင်ရင်းနှီးလာအောင် ဖန်တီးပေးလိမ့်မယ်။ နောင်တစ်ချိန် မင်းတို့ ကိုယ်ပိုင်လုပ်ငန်းတစ်ခု ထူထောင်လာတဲ့အခါ မင်းတို့က စံနမူနာကောင်းပြပြီးသား ဖြစ်နေမယ်။ ပြီးတော့ မင်းတို့အတွက် ကြိုးစားပမ်းစားအလုပ်လုပ်ပေးတဲ့ လူတွေကိုလည်း ကျေးဇူးတင်တတ်၊ အမြတ်တနိုး တန်ဖိုးထားတတ်လာလိမ့်မယ်။ ဒီတော့ တခြားလူတွေအတွက် အလုပ်လုပ်ပေးတဲ့အခါ ကိုယ့်ကိုယ်ပိုင်စီးပွားရေးကို လုပ်သလို အားထုတ်လုပ်ကိုင်ပါ။

လူငယ်အတော်များများဟာ လခအများဆုံးနဲ့ အလုပ်ချိန် အနည်းဆုံးလုပ်ရမဲ့ အလုပ်မျိုးကို လိုက်ရှာတတ်ကြတယ်။ သူတို့ဟာ "ငါ့ဖို့၊ ငါ့ဖို့၊ ငါ့ဖို့" ဆိုတဲ့ မျိုးဆက်ပဲ။ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ အောင်မြင်ကြမှာ မဟုတ်ဘူး။ သူတို့ကို ဘယ်အလုပ်ရှင်ကမှ ကြိုက်မှာမဟုတ်ဘူး။ အနေးနဲ့အမြန် ဆိုသလို သူတို့နေရာမှာ သူတို့ထက်တော်ပြီး သူတို့ထက် အလုပ်လုပ်နိုင်စွမ်းရှိသူနဲ့ အစားထိုးခံရမှာပဲ။

BURMESE CLASSIC .com



မင်းတို့ကို တာဝန်ပေးထားတာထက် ပိုပြီးလုပ်ပါ။ မင်းတို့ရဲ့ အလုပ်ရှင်ဟာ တုံးတုံးအဆိုရင် မင်းတို့ကို သူ လက်လွှတ်ဆုံးရှုံးရမှာပဲ။ အချိန်တန်ရင် သူ့ထက်တော်တဲ့ အလုပ်ရှင်က မင်းတို့ကို ခေါ်သွားမှာပဲ။ ဘယ်နေရာကိုပဲ သွားသွား မင်းတို့ဟာ အသုံးဝင်အဖိုးတန်ပစ္စည်းတစ်ခု ဖြစ်နေမှာပဲ။ မင်းတို့ ကို အလုပ်ပေးချင်တဲ့လူတွေ ဝိုင်းဝိုင်းလည်နေမှာပေါ့။

အလုပ်ကို ကြိုးစားပမ်းစားလုပ်ပြီး ဘဝအောင်မြင်မှုရလာသူတွေအကြောင်း တခမ်းတနားရေးဖွဲ့ထားတဲ့ ဇာတ်လမ်းတွေ သမိုင်းကြောင်းမှာ အပြည့်ရှိလေရဲ့။ သူတို့ဟာ သူတို့ရဲ့ တာဝန်ဝတ္တရားတွေကို ပိုပြီး ကောင်းမွန်ပြောင်မြောက်အောင် လုပ်နိုင်ရေးအတွက် အချိန်ပိုပေးဖို့ ဝန်မလေးတဲ့ လူတွေပေါ့ကွယ်။

ဖေဖေသိကျွမ်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဆို ဘဏ်ဝန်ထမ်းအဖြစ် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်လွန်းလို့ တခြားဘဏ်အတော်များများက သူ့ကို အမြင့်ဆုံးရာထူးပေးပြီး ခန့်အပ်ဖို့ ကမ်းလှမ်းနေကြတာ ဝိုင်းဝိုင်းကို လည်လို့ပဲဟေ့။ ဒါပေမဲ့ သူက အဲဒီကမ်းလှမ်းချက်တွေကို လက်ခံမယ့်အစား သူ့ကိုယ်ပိုင် ဘဏ်တစ်ခုတည်ထောင်လိုက်တယ်။ ခုဆို သူ့ဘဏ်ဟာ ဘဏ်ခွဲပေါင်းသုံးရာဝန်းကျင်လောက်ရှိပြီး အင်ဒိုနီးရှားနိုင်ငံမှာ အထင်ရှားဆုံးနဲ့ အတိုးတက်ဆုံး ဘဏ်တစ်ခု ဖြစ်နေပြီ။ တကယ်တော့ ဒါဟာ အတော့်ကို ကြီးမားတဲ့ အောင်မြင်မှုတစ်ရပ်ပေပဲ။

ဖေဖေအလုပ်စလုပ်တော့ မနက်မိုးလင်းကနေ ညသန်းခေါင်အထိ အလုပ်လုပ်ခဲ့တယ်။ တစ်ခါတစ်ခါမှာ အစီရင်ခံစာတွေ အပြီးသတ်အချောကိုင်ဖို့ ရုံးခန်းမှာပဲ ညအိပ်ခဲ့ရတယ်။ ဒီလို အားကြိုးမာန်တက်လုပ်ခဲ့တာတွေကို ဖေဖေ့အလုပ်ရှင် သတိမှထားမိရဲ့လားလို့ ဖေဖေသံသယဝင်ခဲ့တယ်။ ဘာပဲ ဖြစ်ဖြစ်လေ။ ငွေကြေးလုပ်ငန်းအကြောင်း ချေးခါးအူမမကျန်အောင် ဖေဖေ တတ်မြောက်ကျွမ်းကျင်လာတာပေါ့။ အဲဒီကုမ္ပဏီက အလုပ်ထွက်ပြီး ကိုယ့် ကိုယ်ပိုင်ကုမ္ပဏီ တည်ထောင်တဲ့အခါ ဖေဖေ့အလုပ်ရှင်ဟောင်းဟာ ဖေဖေနဲ့ တွဲဖက်လုပ်ကိုင်သူတစ်ဦး ဖြစ်လာတယ်။ သူကပြောတယ်လေ

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့အတွက် သူ ဂုဏ်ယူပါတယ်တဲ့။ အဲဒီစကားဟာ သူ့အနေနဲ့ ဖေဖေ့ကို အမြင့်မားဆုံး ချီးကျူးထောမနာပြုဖူးတာပဲ။ ဖေဖေ သူ့ကို ကျေးဇူးတင်စကား ပြောလိုက်ပါတယ်။

မင်းတို့ရဲ့ အလုပ်ရှင်က မင်းတို့ အပေါ်စိတ်ပျက်လက်ပျက် ဖြစ်နေစေမယ့်အစား မင်းတို့အတွက် ဂုဏ်ယူဝင့်ကြွားနေပါစေ။

■

မြတ်ငြိမ်း
၃၁-၁-၉၉

BURMESE CLASSIC .com

www.burmeseclassic.com